
www.burmeseclassic.com

# မြမုဂ်သွယ်

## ချစ်ခဲ့မိသည်ရှိသော်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၇၅၇၁၁၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၅၉၈၁၁၀၈ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၁) အမှတ် ၃၁၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၃၁၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းပလင် - | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ မတ်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |


BURMESE CLASSIC

## အခန်း (၁)

ကလပ်စ်ပြီးသည်နှင့် မေခ စာအုပ်များကို သိမ်းလိုက်သည်။ ပိုက်ပိုက်သည်လည်း စာအုပ်တွေကိုသိမ်းရင်း…

"ပိုက်တို့ ကင်တင်းနဲ့သွားရအောင် ခ"

မေခ စဉ်းစားသလို တစ်ချက်ပြုပြီးမှ ခေါင်းကို ခါယမ်းလိုက်သည်။

"ဟင့်အင်း အဲဒီနေရာက လူသိပ်ရှုပ်တယ် ပိုက်၊ ကျွန်မတို့ လူရှင်းတဲ့နေရာသွားရအောင်"

သူမအပြောကြောင့် ပိုက်ပိုက် သက်ပြင်းတစ်ချက်ချလိုက်၏။

"ခကလည်းကွာ၊ ဆေးကျောင်းသူကြီးတစ်ယောက်လုံးဖြစ်ပြီး လူကြောက်နေရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မ လူကြောက်တာမဟုတ်ဘူး ပိုက်ပိုက်၊ အဲဒီ ကင်တင်းနံမှာရှိနေကြတဲ့ ယောကျ်ားတွေရဲ့ ကြည့်နေမယ့် မျက်လုံး မဆုံချင်တာ”

“ဩော် ခရယ်၊ ရှင်က သိပ်လှလို့ သူတို့ကြည့်တာပဲ ဒီလောက်တွန့်တိုမနေပါနဲ့ကွာ”

ပိုက်ပိုက်က ရိုးသားစွာပြောပေမယ့် ပိုက်ပိုက်နှင့်သူမဆို တာက ယောကျ်ားတွေအပေါ် မြင်ပုံချင်းကတော့ မတူပါ။

“ယောကျ်ားတွေဟာ မိန်းကလေးတစ်ယောက် လှရင် ကြည့်မယ်၊ ပြီးတော့ ရအောင်လိုက်မယ်၊ ရရင် အဲဒီအလှတွေအပေါ် မှာ ယစ်မူးသာယာခံစားမယ်၊ အဟောင်း အလှပျောက်သွားချိန်မှာတော့ အဲဒီမိန်းမအနားက ခွာသွားမယ်၊ တကယ်တော့ ယောကျ်ားတွေဟာ မိန်းကလေးတစ်ယောက်ရဲ့အလှကို သူတို့အတွက် ကြည့်ကြ တာ ပိုက်ပိုက်”

“ကျွန်မတော့ အဲဒီလို အကြည့်တွေကို တကယ်ရွံမုန်း တီးတယ်”

“ခရယ် မင်းရဲ့ခံယူချက်တွေက ယောကျ်ားတွေနဲ့ပတ် သက်ပြီး တစ်ဘက်စွန်းရောက်မနေဘူးလားကွာ၊ လောကမှာ မင်းပြောတဲ့ ယောကျ်ားတွေရှိသလို မိန်းကလေးတစ်ယောက်ရဲ့ အလှကို တကယ်မြတ်နိုးစင်တဲ့စိတ်ထားနဲ့ မြတ်နိုးလေးစားပြီး တစ်သက်





လုံး တန်ဖိုးထားတတ်တဲ့ ယောကျ်ားတွေလည်း အများကြီးပါ”

ဘယ်လိုပဲ ပိုက်ပိုက် ယောကျ်ားတွေဘက်မှ ကာကွယ် ပြောပေမယ့် သူမ၏ ပြင်းထန်သောစိတ်ခံစားချက်နှင့် ခံယူချက်က ယောကျ်ားတွေအားလုံးအပေါ် တစ်သဘောထားတည်းသာမြင်ပါ သည်။

“ကိုယ်ကတော့ ယောကျ်ားအားလုံးကို အတူတူပဲလို့မြင် ပါတယ်၊ ကဲပါ သူတို့အကြောင်း ဆက်ပြောမနေပါနဲ့တော့၊ ကျွန်မ တို့ သွားကြရအောင်”

ပြောပြောဆိုဆို သူမက အရင် ရှေ့ကထွက်သွားတာကြောင့် ပိုက်ပိုက်လည်း ဘာမှမပြောသာတော့ပါ။

BURMESE CLASSIC

ကလပ်စ်ထဲမှ ထွက်လာတာနှင့် ကော်ရစ်ဒါမှာ ရပ်စောင့် နေသော ကျောင်းသားတစ်ဦးက သူမနောက်မှ လိုက်လာလေသည်။

“မေခ မေခ၊ ခဏနေပါဦးဗျာ၊ ကျွန်တော် တောင်းထား တဲ့အဖြေလေး”

သူမရှေ့တည့်တည့်မှ တားဆီးရောက်လာသောလူကို မေခ သည် အေးစက်တည်ငြိမ်သော မျက်ဝန်းများနှင့် ကြည့်လိုက်လေ သည်။ ထို့နောက် တည်ငြိမ်ပြတ်သားသော လေသံဖြင့်…

“ရှင် ကျွန်မ်ရှေ့က ဖယ်ပါ”

“မဖယ်ပါရစေနဲ့ မေခ၊ ကျွန်တော်တောင်းထားတဲ့ အဖြေ



www.burmeseclassic.com

www.burmeseclassic.com



လေး သိပါရစေ''

ထိုစကားကြောင့် သူမ၏လှပသော နှုတ်ခမ်းလေးက မဲ့သွားရသည်။

''ရှင့်ကို ကျွန်မ ဘယ်နှခါပြောရမလဲ၊ ကျွန်မစိတ်ထဲမှာ ရှင်တို့လိုယောကျ်ားတွေအတွက် ဘာအဖြေမှ မရှိဘူးဆိုတာ''

သူမအပြောကြောင့် ထိုလူ မျက်နှာပျက်သွားရ၏။ ထို့နောက် သူမကို တောင်းပန်ဟန်ဖြင့်ကြည့်ကာ

''ဒီလိုတော့ မရက်စက်ပါနဲ့ဗျာ၊ ကျွန်တော် မေခဆီက အဖြေကိုရဖို့ စောင့်ခဲ့တဲ့နှစ်တွေလည်း မနည်းတော့ပါဘူးဗျာ၊ ကျွန်တော့်ကို နည်းနည်းလောက်တော့ သနားညှာတာသင့်ပါတယ်''

''ဘာရှင့်၊ ရှင့်ကို ကျွန်မက သနားညှာတာရမယ်ဟုတ်လား၊ အဟင်း ဟင်း ရှင် တော်တော်ရယ်စရာပြောတတ်တဲ့လူပဲ၊ ရှင့်ကိုယ်ရှင်လည်း ပြန်ကြည့်ပါဦးရှင်၊ ရှင့်မှာ ခြေကောင်းလက်ကောင်းနဲ့ ယောကျ်ားရင့်မာကြီးတစ်ယောက်ပါ၊ ဘာ့ကြောင့် မိန်းမတစ်ယောက်ဖြစ်တဲ့ ကျွန်မက ရှင့်လိုယောကျ်ားကြီးကို ဘာကြောင့် သနားရမှာလဲဆိုတာ''

မေခ၏ ခပ်ထေ့ထေ့ရယ်သံနှင့် အပြောကြောင့် ထိုလူ မျက်နှာငယ်သွားရသည်။

''မေခရယ်၊ ကျွန်တော့်ကို မေခ ကြိုက်သလိုလှောင်နိုင်





ပါတယ်၊ ဒါပေမယ့် မေခအပေါ် မြတ်မြတ်နိုးနိုးနဲ့ချစ်တဲ့ ကျွန်တော့် နှလုံးသားကိုတော့ မလှောင်သင့်ပါဘူးဗျာ''

''ဒီမှာ ကျွန်မကိုလာပြီး နှလုံးသားတွေ၊ အချစ်တွေ ဘာတွေလာပြောမနေနဲ့၊ ရှင်ပြောနေတဲ့ စကားတွေကို ကျွန်မဆိုးနေတဲ့ နှုတ်ခမ်းဆိုးဆေးတစ်တောင့်လောက် စိတ်မဝင်စားဘူး၊ ကဲ ရှင် ရှေ့ကဖယ်ပါ''

သူမလေသံ တင်းမာခြင်းနှင့်အတူ မျက်နှာလှလှလေးကပါ တင်းမာလာရကာ ထိုလူကို ဖယ်နိုင်းလိုက်သည်။ ပတ်ဝန်းကျင်မှ ကျောင်းသူကျောင်းသားတချို့က သူတို့ကို ကြည့်နေကြပြီဖြစ်သည်။

ထိုလူမှာ ရှက်စိတ်ကြောင့် မျက်နှာနီမြန်းလာလျက်

''မဖယ်ဘူးဗျာ၊ ဒီနေ့ မေခဆီက အဖြေမရရင် ဒီနေရာကနေ ကျွန်တော် လုံးဝမဖယ်နိုင်ဘူး''

''သြော် ရှင်က ဒီလိုလား၊ ကောင်းပြီလေ၊ မဖယ်တော့လည်း ဖယ်အောင် ဟော့ဒီလို''

''အို ခ''

ပိုက်ပိုက်ထဲမှ သတိပေးသံက နောက်ကျသွားရပေပြီ။ သူမ၏ ပြင်းထန်သော လက်ဝါး၏ရိုက်ချက်က ထိုလူထံ ရောက်ရှိသွားရပြီမဟုတ်ပါလား။

အနီးအနားရှိ လူများထံမှ 'ဟင်'ခနဲ'ဟာ'ခနဲဆိုသော



www.burmeseclassic.com

www.burmeseclassic.com



အသံတွေ ထွက်လာပေမယ့် မေခဆိုသည့် သူမကတော့ ဘာကိုမှ ဂရုမစိုက်သလို အေးစက်သောမျက်နှာဖြင့်

“အဲဒါမှတ်ထား၊ ခကိုလာနှောင့်ယှက်တဲ့ ယောကျ်ားတွေအတွက် ပထမဦးဆုံးတွေ့ရမယ့် သင်ခန်းစာဆိုတာ”

သည်နောက် ခသည် ထိုနေရာမှနေ တည်ငြိမ်စွာ တစ်လှမ်းချင်း ထွက်လာခဲ့လိုက်သည်။ ပိုက်ပိုက်သည် သူမနောက်မှ အပြေးအလွှားလိုက်လာခဲ့သည်။ နောက်မှာတော့ သူမနှင့်ပတ်သက်ပြီး ဝေဖန်တီးတိုးသံတွေ ကျန်ခဲ့လေသည်။

“ခဟာ ယောကျ်ားတွေနဲ့ပတ်သက်ပြီး အသည်းနှလုံးမပါဘူးဆိုတာ တကယ်ယုံသွားပြီ”

“အို သူကသိပ်လှတော့ ယောကျ်ားအပေါ် မာန်မာနတွေ ထားနိုင်တာပေါ့၊ ဒါဟာလည်း သူတကယ်ချစ်တဲ့ယောကျ်ား မတွေ့သေးလို့ဖြစ်မှာပါ”

“ဟုတ်ပါ့မလား၊ ခ ဆေးကျောင်းစတက်ကလည်းက သူ့အနားမှာ သူ့အချစ်ကိုလိုချင်လို့ တောင်းခံနေတဲ့ အမျိုးသားတွေ အများသား၊ ဒါပေမယ့် မေခက ဘယ်သူ့အချစ်ကိုမှ လက်မခံခဲ့တာ ဒီနေ့အထိပဲ”

“ဘာပဲဖြစ်ဖြစ် မေခဟာ ယောကျ်ားတွေနဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာကောင်းတာတော့ အမှန်ပဲ”





ပတ်ဝန်းကျင်မှ ဘယ်လိုပဲဝေဖန်ပါစေ မေခကတော့ တုန့်လှုပ်ခြင်းမရှိပါ။ သူမ၏အခင်ဆုံးသူငယ်ချင်းဖြစ်သည့် ပိုက်ပိုက်မှာသာ မနေနိုင်ဘဲ

“ခရယ် ဘယ်လိုလုပ်လိုက်တာလဲ၊ လူတွေကြားထဲမှာ ယောကျ်ားတစ်ယောက်ကို ပါးရိုက်ရတယ်လို့”

မေခသည် လှမ်းလက်စခြေလှမ်းများကို ရပ်လျက် ပိုက်ပိုက်အား ဆတ်ခနဲလှည့်ကြည့်လာပြီး

“ဒါ ကျွန်မအပြစ်မဟုတ်ဘူး ပိုက်ပိုက်၊ မိန်းကလေးတစ်ယောက်အပေါ်မှာ ငါယောကျ်ားပဲဆိုပြီး အနိုင်ယူချင်တဲ့ ယောကျ်ားတွေကို ပညာပေးတာ”

“မဟုတ်သေးပါဘူး ခရယ်၊ ဘာပဲပြောပြော ကိုယ်က မိန်းကလေးလေ သတိထားမှပေါ့၊ ကဲ မတော်လို့ ခရိုက်လိုက်တဲ့လူက လူကြားထဲ အရှက်ကွဲလို့ ခကို မကျေမနပ်ဖြစ်ပြီး တစ်စုံတစ်ရာ ပြန်ပြီးကြံစည်မယ်ဆိုရင် ခ ဘယ်လိုလုပ်မလဲ”

ပိုက်ပိုက်စကားကြောင့် မေခသည် အေးစက်စွာပြုံးလိုက်ပြီး

“ဒီအတွက် မပူပါနဲ့ ပိုက်ပိုက်၊ ကျွန်မဟာ ယောကျ်ားတွေနဲ့ပတ်သက်ပြီး အမြဲသတိရှိတဲ့သူပါ၊ အဲလို သတိရှိနေခဲ့တာလည်း ကြာပါပြီ”



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သူမမျက်ဝန်း ရီဝေမှိန်ဖျော့သွားရသည်။ ယောကျ်ားတွေနဲ့ပတ်သက်ပြီး သူမရင်ထဲမှာ နာကျင်ခါးသီးနေရသည်ကိုတော့ သူမကိုယ်သူမသာ သိပါသည်။

သည်အဖြစ်ကို ပိုက်ပိုက်သည် နားမလည်စွာကြည့်ရင်း

"ခ ခမှာ ယောကျ်ားတွေနဲ့ပတ်သက်ပြီး နာကြည်းစရာ တစ်ခုခုများ ရှိနေခဲ့လားဟင်"

ခသည် ပိုက်ပိုက်စကားကို ပြန်မဖြေဘဲ အတန်ကြာ ငြိမ်သက်နေမိ၏။ အတော်လေးကြာမှ နာကြည်းသောလေသံဖြင့်

"ကျွန်မ ဝန်ခံပါတယ် ပိုက်ပိုက်၊ ကျွန်မမှာ သူတို့နဲ့ပတ်သက်ပြီး သိပ်ကို စိတ်နာကြည်းစရာကောင်းတဲ့ ခံစားမှုတွေရှိခဲ့တယ်"

"ဒီအကြောင်းတွေကို ပိုက်ပိုက် ဘာမှမသိရပါလား ခ"

"ဟုတ်တယ် ပိုက်ပိုက်၊ ဒီအကြောင်းတွေနဲ့ပတ်သက်ပြီး ကျွန်မ ရှင့်ကိုမှမဟုတ်ဘူး၊ ဘယ်သူ့ကိုမှ မပြောပြခဲ့ပါဘူး၊ အဲဒါဟာလည်း အဲဒီအကြောင်းကို ပြန်ပြောပြရင် ကျွန်မနှလုံးသားကို ဓားသွားထက်ထက်နဲ့ ပြန်ထိုးခံရသလို ခံစားရလို့ပါ၊ အဟောင်းက အသစ်မဖြစ်ချင်တော့ဘူး ပိုက်ပိုက်ရယ်၊ ကျွန်မကို ရှင်နားလည်ပေးပါ"

ပြောရင်းက မေခအသံသည် ကြေကွဲထိခိုက်လာဟန်ဖြင့်





သူမအသံမှာ အနည်းငယ်တုန်ယင်လာရ၏။ လှပသော မျက်နှာလေးမှာလည်း ခံစားချက်ကြောင့် မှုန်မှိုင်းလာရသည်။

ပိုက်ပိုက်မှာ သူမကိုကြည့်ရင်း စိတ်မကောင်းဖြစ်လာကာ

"မင်းအတွက် စိတ်ထိခိုက်စရာတွေဖြစ်မယ်ဆိုရင် ပိုက်ပိုက် မေးမိတာ တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါနော် ခ"

"ရပါတယ် ပိုက်ပိုက်ရယ်၊ ဘာပဲဖြစ်ဖြစ် မင်းဟာ ကျွန်မရဲ့ အခင်ဆုံးသူငယ်ချင်းပါ၊ အဲဒီအတွက် တစ်နေ့ကြရင်တော့ ကျွန်မအကြောင်း ရှင်သိအောင် ပြောပြမှာပါ"

သူမ ဒီလိုဆုံးဖြတ်လိုက်ခြင်းဖြင့် ယောကျ်ားတွေနဲ့ ပတ်သက်ပြီး သူမ ဘာကြောင့် အေးစက်စိမ်းကားနေရသည်လည်း ဆိုတာ ပိုက်ပိုက်အား သိထားစေချင်၍ပဲဖြစ်သည်။

သို့သော် ခုချိန်မှာတော့ သူမအနေဖြင့် ထိုအကြောင်းနှင့် ပတ်သက်ကာ ရင်ထဲတွင် ပြောဖို့အင်အားမရှိသည်မို့ ပိုက်ပိုက် နားလည်ပါစေတော့ဟူ၍သာ ဆုတောင်းလိုက်မိသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

''ကဲ ရောက်ပြီ သော်''

ပေါ်တီကိုအောက်တွင် ကားထိုးရပ်သွားသည်နှင့် ခေတ်မင်းသည် သူ့ဘေးတွင်ရှိသည့် သော်ကိုကြည့်ကာ ပြောလိုက်၏။

သော်သည် ဆံနွယ်ညှိုညှိုလေးများကို နောက်သို့ ပဲခနဲကျအောင် ခါယမ်းလိုက်ရင်းက ကားတံခါးကိုဖွင့်ကာ

''တို့ကို ဒီနေ့အစောကြီး ပြန်ပို့ပြီးတော့ ခေတ်က ဘယ်သွားဦးမလို့လဲ''

သော့်အမေးကြောင့် ခေတ်မင်းညိုသည် နှုတ်ခမ်းစေ့ကာ ပြုံးလိုက်သည်။

''ဆေးက ရီလေးနဲ့ ချိန်းထားတယ်လေ၊ ကဲ သွားမယ်





ဒီအချိန်ဆို ရီလေး တို့ကို စောင့်နေလောက်ပြီ''

''နေဦး''

သော်မှာ ကားစက်နှိုးရန်ပြင်နေသော ခေတ်မင်းညိုလက်ကို ကိုင်ထားလိုက်သည်။ သော့်အပြုအမူကြောင့် ခေတ်မင်းညို မျက်မှောင်တွန့်ခနဲ ကြုတ်သွားရရင်းက

''ဘာကိစ္စရှိလို့လဲ သော်''

''ခေတ်ကို မေးစရာရှိလို့''

''ကျွတ် မေးစရာရှိလည်း နောက်မှမေးတော့ကွာ၊ တို့နောက်ကျရင် ရီလေး စိတ်ကောက်နေလိမ့်မယ်''

ခေတ်မင်းညိုသည် ပြောရင်းက ကားစက်ကို နှိုးလိုက်သည်။ သော်မှာ မျက်နှာလေးတင်းလျက်

''နေဦးလို့ဆို၊ ခေတ်နော် သော်သိချင်တာ မသိရဘဲနဲ့ ခေတ် ဒီကသွားဖို့မပြင်နဲ့''

''ဟ ဘလိုင်းကြီးပါလား၊ ကဲ မေးကွာ မေး၊ သော် ဘာမေးမှာလဲ ပြော''

ချောမောသော ခေတ်မင်းညိုမျက်နှာမှာ မျက်ခုံးထူထူကြီး ကြုတ်လျက် စိတ်မရှည်တော့သည့်ပုံက အထင်းသား။

''ရီလေးဆိုတာ ခေတ်ရဲ့ ဘာလဲ''

''ဒါဘာအဓိပ္ပါယ်လဲ သော်၊ သော်က တို့ကို စစ်ဆေးနေ



www.burmeseclassic.com

www.burmeseclassic.com



တာလား''

သော်ကို စူးစိုက်ကြည့်လျက် ခေတ်မင်းညိုမေးလိုက်၏။

''စစ်ဆေးသင့်ရင် စစ်ရမှာပဲ ခေတ်၊ သော် တစ်ယောက်လုံးရှိရက်နဲ့ အဲဒီရီလေးဆိုတာ ဘယ်ကပေါ်လာရတာလဲ''

ခေတ်မင်းညို ကျွတ်ခနဲ စုတ်သပ်ကာ သော်ကို စိတ်ရှုပ်ဟန်ဖြင့် ကြည့်ရင်း

''ဒီမှာ သော်၊ တို့ ရှင်းရှင်းပဲပြောမယ်၊ အဲဒီလိုမေးရအောင် မင်းနဲ့တို့က ဘာဆိုင်လို့လဲ''

''ဟင်''

သူ့အမေးကြောင့် သော်၏လှပသော မျက်နှာလေးမှာ ပျက်သွားရသည်။

''မင်းသိထားရမှာက တို့နဲ့မင်းဟာ အဲဒီလို စစ်ဆေးရမယ့် အဆင့် မဟုတ်ဘူးဆိုတာပဲ''

''ဘာ ဘာပြောလိုက်တယ် ခေတ်၊ ဒါ ဒါဆို ရှင် ဘာသဘောနဲ့ သော်ကို တွဲနေရတာလဲ''

ခေတ်မင်းညိုမှာ ပခုံးကို ဟန်ပါပါတွန့်လိုက်ရင်း

''ဒါက ခင်မင်မှုနဲ့ဆိုတာ မင်းသိဖို့ကောင်းတယ် သော်''

''ဘာပြောတယ်၊ တို့နဲ့ ဒီလောက် လူသိရှင်ကြားတွဲခဲ့ပြီးမှ ခင်မင်မှုနဲ့ဟုတ်လား၊ ကြည့်လည်းပြောပါ ခေတ်၊ အဲဒီစကားက





သော်ရဲ့သိက္ခာကို ဘယ်လောက်ထိပါးနေလဲဆိုတာ''

''နေပါဦး သော်၊ မင်းရဲ့သိက္ခာကို ထိပါးတယ်ဆိုရအောင် တို့က မင်းကို ဒီနေ့ချိန်ထိ ဘာစကားနဲ့များ စော်ကားတဲ့အပြုအမူ စကားတွေ ပြောခဲ့လို့လဲ''

''အို အခု ရှင်ပြောနေတဲ့ ခင်မင်မှုစကားတွေဆိုတာကိုက သော်ကို စော်ကားနေတာ၊ ဒီမှာ သော်ကလည်း ဘယ်ယောကျ်ားကိုမှ ခင်မင်မှုနဲ့ ဒီလောက်တရင်းတနှီး နေခဲ့တာမဟုတ်ဘူး''

''ဒါဆိုရင်တော့ ဆောရီးပဲ သော်၊ တို့ဘက်က မင်းအပေါ်မှာ ဒီနေ့အချိန်ထိ ရိုးရိုးသားသားပဲ''

''ဟင် ရှင် ရှင်''

သော် မျက်ဝန်းများ လက်ခနဲဖြစ်လျက် သူ့ကို ပါးရိုက်ဖို့ ကြိုးစားလေ၏။ သို့သော် ခေတ်မင်းညိုဆိုတာလည်း လျင်မြန်သွက်လက်သူတစ်ယောက်။ သော့်လက်ကို အမိအရ ဖျတ်ခနဲ ဆုပ်ကိုင်လိုက်ပြီး…

''ဒီလိုမလုပ်နဲ့လေ၊ ခေတ်မင်းညိုဘဝမှာ ဘယ်မိန်းကလေးတစ်ယောက်ရဲ့ စော်ကားမှုကိုမှ ခံခဲ့ရတာမဟုတ်ဘူး၊ မင်းရဲ့ ကြကွဲမှုအတွက် တခြားနည်းနဲ့ကြိုးစားပါ၊ အခုတို့ကို ပါးရိုက်ဖို့ ကြိုးစားတာဟာ မင်းရဲ့နှစ်နာမှုလျော့ကြေးပဲ၊ ကဲ ကိုယ်သွားမယ်''

ပြောပြီး ခေတ်မင်းညိုသည် ကားကို ခြံထဲမှ ခပ်ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြင်း မောင်းထွက်လာခဲ့၏။ သော်တစ်ယောက် အံကြိတ်ကျန်ခဲ့တာ အလွဲလို့ ဘာမှမတတ်နိုင်။

တကယ်တော့ သူ့ကို သော် တစ်ဘက်သတ် စိတ်ဝင်စားနေခြင်းသာဖြစ်ပါသည်။ စက်မှုတက္ကသိုလ် ကင်းတစ်ယောက်ဖြစ်သော ခေတ်မင်းညိုသည် ချမ်းသာသော မိဘနှစ်ပါး၏ တစ်ဦးတည်းသောသားလည်း ဖြစ်လေသည်။

ချောမောသော ချမ်းသာသော ပညာတတ်သော ခေတ်မင်းညိုကို စိတ်ဝင်စားသည့် မိန်းကလေးတွေက အများကြီး ဒီအထဲမှာ သော်လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။

ခေတ်မင်းညိုနှင့် မထင်မှတ်ဘဲ ခင်မင်ခဲ့ပြီးနောက် သော့် ဘဝထဲသို့ ဝင်လာလိမ့်မည်ဟု ထင်ခဲ့သမျှ ခုတော့ စိတ်ကူးမျှော် လင့်ချက်တွေ ပျက်ပြယ်ခဲ့ရပြီ။

ခေတ်မင်းညိုဆိုတာ မိန်းကလေးတွေကို အပျော်တွဲတာ ကလွဲလို့ မချစ်တတ်သည့်သူဆိုတာ ဟုတ်နေရောသလား။

ခေတ်မင်းညို ပြောခဲ့ဖူးသောစကားတော့ ရှိပါသည်။ ကိုယ်က 'အချစ်' ဆိုတဲ့အရာကို တန်ဖိုးထားတယ်။ ကိုယ် အခု မိန်းကလေးတွေနဲ့ တွဲနေပေမယ့် ဘယ်မိန်းကလေးကိုမှ ကိုယ့်ကြောင့် မနစ်နာစေရဘူး၊ ကိုယ့်မှာ ညီမမရှိပေမယ့် စာနာစိတ်တော့ရှိတယ်။ ကိုယ်တကယ်ချစ်တဲ့သူကိုမှ ကိုယ့်နှုတ်ဖျားက 'ချစ်တယ်' လို့ပြော





ယ်။

ဒါဟာ ခေတ်မင်းညို သူငယ်ချင်းများထံမှတစ်ဆင့် ကြားရသော သူ၏ ခံယူချက်နှင့် စကားများသာဖြစ်ပါသည်။

ဟင်း ...တကယ်တော့ ဒီအဖြစ်တွေဟာ သူ့ကို စိတ်ဝင်စားမိတဲ့ သော်ရဲ့ အပြစ်တွေပါပဲလေ။ သူနဲ့တွဲနေစဉ်အတွင်းမှာ သော့်အပေါ် ဘာအခွင့်အရေးမှ သူမယူခဲ့ပေ။

ဆေးမှ ရီလေးထံသို့ သွားမည်ဆိုသော ခေတ်မင်းညိုမှာ လည်း မထင်မှတ်ဘဲ သော်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားရ သမို့ ရီလေးထံသို့ မသွားဖြစ်တော့ဘဲ သူငယ်ချင်းဖြစ်သူ သူရစိုးထံ ရောက်လာခဲ့သည်။

"ဘယ်လိုလဲ ခေတ်မင်းညို၊ မျက်နှာမသာမယာနဲ့ ဘာ အလိုမကျ ဖြစ်လာရတာလဲ၊ ဘာလဲ ဒီနေ့ သော်နဲ့သွားတာ အဆင် မပြေဘူးလား"

ကားပေါ်မှဆင်းလာသော ခေတ်မင်းညိုကို အကဲခတ်ရင်း က မေးလာသော သူရစိုးစကားကို ခေတ်မင်းညို ရုတ်တရက်မဖြေ သေးဘဲ နှစ်ယောက်ထိုင် ဆိုဖာခုံတွင် ကိုယ်ကို ခပ်လျော့လျော့ ထိုင်လိုက်ရင်းက

"အလကားပါကွာ၊ မိန်းမတွေက အချစ်ကို အတော်ရှုး ရှုပ်ကြတာပဲ၊ အင်း အဲဒီထဲမှာ သော်က ပထမဦးဆုံးဖြစ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



အယ့်နှယ်ကွာ ကိုယ်က သူ့ကို သူငယ်ချင်းတစ်ယောက်အနေ
ခင်မင်ဖို့ကောင်းတဲ့ မိန်းကလေးဆိုပြီး တွဲသွားတွဲလာပြုမိတာ ဒါ
သူက သူ့ကိုကြိုက်နေတယ်ထင်တာကိုး၊ ကြောင်တယ်ကွာ''

ထိုစကားကို ခေတ်မင်းညိုသည် ခပ်ပေါ့ပေါ့ပြောနေ
မယ့် သူရစိုးအနေဖြင့် လေးနက်စွာနားထောင်ကာ ဝေဖန်လေသည်

''ဒါကတော့ သော်ကို အပြစ်ပြောလို့ မဖြစ်ဘူး ခေတ်
ညို၊ မိန်းကလေးတော်တော်များများက ယောကျ်ားတစ်ယောက်
ရင်းရင်းနှီးနှီးတွဲတယ်ဆိုတာ သူတို့ရင်မှာ မျှော်လင့်ချက်ရှိလို့တွဲ
မိန်းကလေးတစ်ယောက်ရဲ့အချစ်ဟာ နူးညံ့သိမ်မွေ့တတ်သ
မားသွားတစ်လက်လိုလည်း ထက်မြက်တတ်တယ်ဆိုတာ မေ့
လို့မရဘူး ခေတ်မင်းညို''

''ဟင်း မင်းတကယ်ချစ်တဲ့ မိန်းကလေးကို မတွေ့
လို့ ဒီစကားပြောနေတာပါ ခေတ်မင်းညို၊ တစ်နေ့ မင်းရင်
နှစ်နှစ်ကာကာချစ်လာမယ့် မိန်းကလေးကိုတွေ့ရင် ဒီစကားပြော
မင်း ပြန်ပြီးနောင်တရမှာ သေချာတယ်''

သူရစိုးစကားကြောင့် သူ ပခုံးတွန့်လိုက်၏။ ထို့နော
ပြုံးမဲ့မဲ့ဖြင့်

''ကိုယ်ကတော့ အဲလိုတွေ့ပါစေလို့ ဆုတောင်းနေ
သူရ၊ ကိုယ့်ဘဝမှာ ကိုယ်သိပ်ချစ်တဲ့ မိန်းကလေးတစ်ယော





ယောက်တော့ တွေ့ဖူးချင်တယ်''

''အေးပါ မင်း ဆုတောင်းပြည့်မှာပါ ခေတ်မင်းညို၊
ကြောင့်လဲဆိုတော့ မင်းမှာ ဝဋ်ကြွေးတွေ ပေးဆပ်စရာတွေများ
ပြီ၊ ဒီတော့ မင်းပြန်ပြီး ပေးဆပ်ရမယ့် ဝဋ်ကြွေးကလည်း ထင်
ထက်ပိုပြီး အရှိန်အဟုန်ပြင်းမှာ သေချာတယ်၊ ကဲပါလေ ဒါတွေ
ထားလိုက်တော့၊ အခု ကိုယ်တို့တစ်နေရာ အေးအေးဆေးဆေး
သွားရအောင်''

''စိတ်ရှုပ်တယ်ကွယ်၊ ကိုယ် ဘယ်မှမသွားချင်ဘူး''

''လာစမ်းပါကွာ၊ မင်းရဲ့ ရှုပ်နေတဲ့စိတ် ရှင်းသွားစေရပါ
မယ်''

ခေတ်မင်းညိုမှာ သွားဖို့ စိတ်မပါပေမယ့် သူရစိုး ဖွတ်
ဆွဲနေတာကြောင့် ပါလာခဲ့ရသည်။

အင်း ဒါဟာလည်း ဝဋ်ကြွေးတစ်ခုပါပဲလား။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဒီနေ့ ကျောင်းပိတ်ရက်မို့ မေခတစ်ယောက် ဘယ်မှမသွားဘဲ အိမ်မှာပင် စာဖတ်နေလိုက်သည်။ သူမတို့နေတာက လှူကုံထံရပ်ကွက်မို့ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်လျက်ရှိနေရသည်။

မေခဆိုတာ ချောမောလှပသည့် မိန်းကလေးတစ်ယောက်ဖြစ်သလို ငွေကြေးပြည့်စုံချမ်းသာသည့် မိဘနှစ်ပါး၏ ရင်နှစ်သည်းခြာ သမီးရတနာလည်းဖြစ်လေသည်။ သူမသည် ရုပ်ရည်လှပလွန်းသလို ဘဝလည်း လှပခဲ့ပေမယ့် မထင်မှတ် မမျှော်လင့်သောကံကြမ္မာဆိုးက သူမဘဝကို အမှောင်အတိ ကျသွားစေခဲ့ရသည်ကိုတော့ ဘယ်သူမှ သိမည်မဟုတ်။

မေခသည် ဘဝဆုတောင်းကောင်းခဲ့သူပီပီ အရွယ်ရောက်လာကတည်းက ယောကျ်ားသားတို့၏ စိတ်ဝင်စားခြင်း ခံခဲ့ရသူ





သည်း ဖြစ်သည်။

သို့သော် မေခသည် ဘယ်ယောကျ်ားတစ်ယောက်ကိုမှ စိတ်ဝင်စားခြင်းမရှိခဲ့ပါ။

ဘယ်လိုပင် စိတ်မဝင်စားဘဲရှိခဲ့ပါစေ ဘဝဝဋ်ကြွေးပါလာခြင်းတော့ ယောကျ်ားတွေနှင့် ပတ်သက်ကာ သူမဘဝမှာ အတိတ်ဆိုးဖြစ်ခဲ့ရသည်။ ထို့ကြောင့် မေခမှာ သူမခံစားချက်နှင့်သူမ ယောကျ်ားတွေအပေါ် အလိုလို နာကြည်းရွံရှာမုန်းတီးခဲ့ရသည်။

သူမကို ချစ်ရေးဆိုလာသည့် ယောကျ်ားမှန်သမျှကိုလည်း မေခ အားလုံး ခါးသီးစွာ ငြင်းဆန်ခဲ့၏။ ဒီအတွက် မေခဆိုသော မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားတွေ၏ ပါးစပ်များမှာ အချစ်မရှိသော ခံစားတတ်သည့် နှလုံးသားမရှိသည့် ယောကျ်ားမုန်းသူတစ်ယောက် ဖြစ်ခဲ့ရသည်။

အမှန်အတိုင်းပြောရလျှင် မေခသည် အတိတ်မှ နာကြည်းစရာအဖြစ်များကို အမြဲသတိရနေသူသာဖြစ်သည်။ ဒါကို ဘယ်သူတွေကရော သိမှာတဲ့လဲ။

အတွေးများဖြင့် မေခ အခန်းထဲတွင် တစ်ယောက်တည်း တိတ်ဆိတ်စွာရှိနေခိုက် သူမဖုန်းထဲသို့ သူမ မသိသည့် ဖုန်းနံပါတ်တစ်ခု ဝင်လာလေသည်။

မေခမှာ ဘယ်သူများပါလိမ့်ဆိုသော အတွေးဖြင့် ဖုန်းကို



www.burmeseclassic.com

www.burmeseclassic.com



ထောက်တိုင်လိုက်စဉ်…

"မေခလား"

တစ်ဖက်မှ ယောက်ျားအသံကြောင့် မေခ မျက်မှောင်လေး တွန့်ခဲ့ဖြစ်သွားရကာ…

"ဟုတ်ပါတယ်၊ ကျွန်မ မေခပါ"

"ဟာ ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော့်နာမည် ဇော်ထိုက် ပါ၊ မေခနဲ့ မိတ်ဆွေဖြစ် ရင်းနှီးချင်လို့ ဖုန်းဆက်တာပါ"

ဗုဒ္ဓေါရေ၊ ဘယ်လိုလူမျိုးကများ သူမဖုန်းနံပါတ်ကို ရသွား တာပါလိမ့်ဟု စိတ်ပျက်စွာ တွေးရင်း…

"ဒီမှာ ရှင်သိထားဖို့က ကျွန်မ ဘယ်လိုယောက်ျားမျိုးကို မှ မခင်တတ်ဘူးဆိုတာပဲ"

"မေခရဲ့ အဲဒီအပြောမျိုးကို ကျွန်တော်ကြိုက်တာ၊ မေခ က သိပ်လှတော့ ကျွန်တော် ရင်ခုန်မိတာ အပြစ်လားဗျာ"

"ဟင်း…ဟင်း ရှင်ပြောတဲ့စကားက တခြားရင်ခုန်တတ် တဲ့ မိန်းကလေးတွေအတွက် ချိုမြိန်တဲ့ ပန်းသီးတစ်လုံး ဖြစ်ကောင်း ဖြစ်နိုင်ပေမယ့် ကျွန်မအတွက်ကတော့ ပြင်းရှတဲ့အဆိပ်တစ်ခွက် ပါပဲ"

ပြောပြီး မေခ ဖုန်းချလိုက်သည်။ တစ်ဘက်မှ ထပ်ခေါ်ပေ မယ့် သူမ ဖုန်းမကိုင်တော့ပါ။





ယောက်ျားတွေအပေါ်မှာလည်း ပို၍ အထင်သေးစိတ်များ ဖြစ်ပေါ်လာရသည်။ အလကား ယောက်ျားတွေ၊ ပန်းလှလှမြင်ရင် ဝတ်ရည်စုပ်ယူဖို့ ချောင်းနေတဲ့ ပိတုန်းတွေလိုပဲ၊ အို သူမဘဝမှာ အမုန်းဆုံးဟာ ဒီယောက်ျားတွေကိုပါပဲ။

သည်အခိုက် ပိုက်ပိုက် ရောက်လာ၏။

"ဟော့…ခ တစ်ယောက်တည်း ဘာတွေဒေါသဖြစ်နေ တာလဲ"

ယောက်ျားတွေနှင့်ပတ်သက်ကာ ဒေါသဖြစ်နေသော မေခ မှာ ပိုက်ပိုက်လာတာနှင့် အတော်ဖြစ်သွားရသည်။

"လာကွာ ပိုက်ပိုက်၊ ဘယ်သူမှန်းမသိပါဘူးကွာ ဖုန်း ဆက်ပြီး လာကြောင်နေလို့"

"ဘာတွေကြောင်နေတာလဲ"

"အဟင်း ကျွန်မအလှကို ရင်ခုန်တဲ့အကြောင်းပေါ့ကွာ"

"မေခတို့များ ယောက်ျားတွေကို မုန်းပါတယ်ဆိုမှ ကျောင်းပိတ်ရက် အိမ်မှာနေတာတောင် အနှောင့်အယှက်ခံနေရတာ"

"အေးကွာ သူတို့တွေနဲ့ မပတ်သက်ချင်ပါဘူးဆိုမှ ဘယ်လိုအကူသိလ်အကျိုးပေးလည်း မသိပါဘူး"

"ကဲပါကွာ…စိတ်ညစ်တာတွေ ပျောက်သွားအောင် ညည်ချုပ်ဈေးသွားရအောင်၊ ပိုက် ခကို လာခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခဏစောင့်ကွာ၊ ကျွန်မ အဝတ်အစားလဲလိုက်ဦးမယ်"

မကြာလိုက်ပါ။ မေခတစ်ယောက် အဝတ်အစားလဲကာ အခန်းထဲမှ ထွက်လာသည်။

"မြန်လှချည်လား ခရဲ့"

အဖြူရောင် အပါးသား ဘလောက်လက်ရှည်ပွပွလေးနှင့် အနက်ခံပေါ် အဖြူပွင့်သေးသေးလေးများပါသော လုံချည်ကို တွဲဝတ်ထားသည့် မေခကို ကြည့်ကာ ပိုက်ပိုက် ပြောလိုက်သည်။

"မြန်မြန်ပဲလေ"

"ခကလည်းကွာ အဝတ်အစားကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် မျက်နှာကို နည်းနည်းပါးပါး ပြင်ပါဦးလား"

"တော်ပါပြီကွာ၊ လှဖို့ ဘာကြောင့်ပြင်ရမှာလဲ၊ လှရင် သူတို့အတွက် ဖြစ်သွားမှာပေါ့"

"အင်းလေ ရှင်ကတော့ မပြုပြင်လည်း သိပ်လှတဲ့သူဆိုတော့ ပြောအားရှိတာပေါ့၊ ကဲ ဒါဆိုသွားစို့"

နှစ်ယောက်သား ကားဖြင့် ထွက်လာခဲ့ကြသည်။ ဗိုလ်ချုပ်ဈေးရှေ့ရောက်တော့ မမျှော်လင့်ဘဲ သူမမေတ္တာကို တောင်းခံထားသည့် မင်းခေါင်နှင့် တွေ့ရလေသည်။

"ဟာ...တိုက်တိုက်ဆိုင်ဆိုင် တွေ့ရတာအတော်ပဲ၊





ကြုံတုန်း တစ်ခုခုလိုက်စားပါဦးလား"

"ဟင့်အင်း၊ သူများကျွေးတာ ကျွန်မ မစားတတ်ဘူး"

"အဟွန်း...သိပါတယ်ဗျာ၊ ခဟာ မာနကြီးတဲ့သူ တစ်ယောက်ဆိုတာ၊ ဒါကြောင့်လည်း ကိုယ် ခကို စွဲလမ်းနေရတာ၊ ဒါနဲ့ ခဆီ ကိုယ်တောင်းထားတဲ့ အဖြေလေး"

"ရှင်ဘာတွေပြောနေတာလဲ ကိုမင်းခေါင်၊ ရှင့်ကို ကျွန်မ မချစ်နိုင်ပါဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"

"မဟုတ်ပါဘူး ခရယ်၊ ကိုယ့်မှာ ဘာအပြစ်ရှိလို့လဲ၊ ခ မကြိုက်တာ ကိုယ်အားလုံးပြုပြင်ယူပါ့မယ်"

ထိုအပြောကြောင့် သူမ ခပ်မဲ့မဲ့လေး ပြုံးလိုက်၏။

"ရှင် တကယ်ပြင်နိုင်လို့လား"

"ဟာ ခရယ်၊ ခရဲ့အချစ်ကိုသာ ရမယ်ဆိုရင် ကိုယ် ဘာမဆိုပြင်ပါ့မယ်"

"ကောင်းပြီ၊ ရှင်တကယ်ပြောတာဆို ကျွန်မ ပြောရမှာပေါ့၊ ကျွန်မ မကြိုက်တာကတော့ ရှင့်ရဲ့ယောကျ်ားဘဝကိုပဲ"

"ဗျာ"

"လာ ပိုက် သွားစို့"

မေခ ပိုက်ပိုက်လက်ကိုဆွဲကာ ထိုနေရာမှ ထွက်လာခဲ့စဉ် မျှော်လင့်ဘဲ ယောကျ်ားတစ်ယောက်၏ ရူးရှသည့် မျက်ဝန်းများ

www.burmeseclassic.com



နှင့် အမှတ်မထင် ဆုံသွားရသည်။

ထိုသူမှာ ခေတ်မင်းညို။

ဗိုလ်ချုပ်ဈေးတွင်ရှိသည့် မာလာဆိုင်မှအပြန် မမျှော်လင့်ဘဲ သူမကို တွေ့လိုက်ရခြင်းဖြစ်သည်။

သူမ၏မျက်ဝန်းများသည် 'အရောင်တစ်မျိုး ဖြာထွက်ကာ လှပသလောက် အတော်ပင် တည်ငြိမ်အေးစက်နေရ၏။ ဒါ ဘာကြောင့်ပါလိမ့်။

သူကြည့်နေစဉ်မှာပင် သူမနှင့် ထိုအမျိုးသားတို့၏ အဖြစ်အပျက်ကို အစမှအဆုံး ခေတ်မင်းညို မြင်လိုက်ရသည်မဟုတ်ပါလား။

သူမအပြောက ပြတ်သားသလောက် 'ယောကျ်ားတစ်ယောက်အတွက်ကတော့ မာနနှင့်သိက္ခာကို ထိခိုက်ခံလိုက်ရခြင်းပင်။

သူနှင့် အကြည့်ချင်း အမှတ်မထင်ဆုံစဉ်မှာပင် သူမက သူ့ကို မျက်စောင်းပြင်းပြင်းတစ်ချက် ထိုးသွားတာကြောင့် သူ ပခုံးတစ်ချက်တွန့်လိုက်မိသည်။

ဘယ်လိုမိန်းကလေးပါလိမ့်။

ခေတ်မင်းညိုဆိုတာ မိန်းကလေးတွေရဲ့ စိတ်ဝင်စားခြင်းကို ခံခဲ့ရတဲ့ လူတစ်ယောက်။ ဒါနဲ့တောင် သူမနဲ့ကျမှ ပြောင်းပြန်ဖြစ်





ရတယ်လို့။

ဒါဟာ ခေတ်မင်းညိုကို စိန်ခေါ်လိုက်တာပဲ။

မခေတဲ့။ နာမည်က စိတ်ဝင်စားဖို့ကောင်းသလို လူကလည်း တခြားမိန်းကလေးတွေနဲ့ မတူ၊ တမူထူးခြားမှုတွေဖြင့် စိတ်ဝင်စားစရာကောင်းနေရသည်။

"ခေတ်မင်းညို ဘာကြည့်နေတာလဲ"

သူနှင့်အတူပါလာသော သူရှိုး ရောက်လာကာ မေးတော့ သူဘာမှပြန်မဖြေမိပါ။

"လာကွာ သူရ၊ မြန်မြန်လိုက်ရအောင်"

"ဟေ့...ဘယ်သူ့နောက်ကို လိုက်မှာလဲကွ"

"ကျွတ်...နောက်မှမေးကွာ၊ မျက်ခြည်ပြတ်သွားမယ်"

သူဆွဲခေါ်ရာနောက်သို့ ဘုမသိဘမသိဖြင့် သူရှိုး လိုက်ပါလာ၏။ ခေတ်မင်းညိုမှာ ဟိုဟိုဒီဒီကြည့်ရင်း...

"တောက် ဒီနားလေးတင် ဘယ်ရောက်သွားမှန်းမသိဘူးကွာ"

"ဘာလဲကွ၊ မင်းဟာကလဲ"

"မင်းကြောင့်၊ မင်းကြောင့် လွတ်သွားတာ"

"အေးပါ ဟုတ်ပါပြီ၊ လွတ်သွားတာ ဘယ်သူလဲ"

"မခေ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာ''

''ဟုတ်တယ်၊ မေခတဲ့၊ ငါတွေ့ဖူးသမျှ ဘယ်မိန်းကလေးနဲ့မှမတူအောင် စိတ်ဝင်စားဖို့ကောင်းတဲ့သူပဲ''

''ဟင် မင်းကလည်း ဟုတ်မှလုပ်ပါကွာ၊ အရင်မိန်းကလေးတွေနဲ့တုန်းကလည်း ဒီအတိုင်းပြောခဲ့ဖူးတာပဲ''

''ဟာ ခုဟာက အရင်မိန်းကလေးတွေနဲ့ မတူဘူးကွ၊ ခကို မတွေ့ရလို့ စိတ်ညစ်ရတဲ့အထဲ မင်းမေးခွန်းတွေကို ခဏရုပ်သိမ်းထားစမ်းပါကွာ''

''အိုကေ…အိုကေ''

သူရစိုး ပြောသည့်အတိုင်း ခေတ်မင်းညိုအား နောက်ထပ်ဘာမှမမေးတော့။ ခေတ်မင်းညိုမှာ မေခကို ဘယ်လိုမှ ရှာမတွေ့တော့သည့်အပြင် မျက်စိရှေ့မှာပင် ပျောက်သွားရသည့်အတွက် ခေတ်မင်းညိုရင်ထဲ မခံချိမခံသာ ဖြစ်နေရတော့သည်။

''တောက်၊ နာတယ်ကွာ၊ ဒီနားတင်ပျောက်သွားတာ''

မေခကို မျက်ခြည်ပြတ်သွားရသည့်အတွက် ခေတ်မင်းညိုမှာ လက်ဖက်ရည်ဆိုက်ထိုင်သည်အထိ မကျေမနပ်ဖြစ်နေမိသည်။

''နေပါဦးကွ၊ မင်းက အဲဒီ ခကို တကယ်စိတ်ဝင်စားသွားတာလား''

မိန်းကလေးများနှင့် ပတ်သက်လာလျှင် ဘယ်တုန်းကမှ





လေးနက်မှုမရှိခဲ့သော ခေတ်မင်းညိုကို သူရစိုး မေးလိုက်၏။

သူခေါင်းညိတ်ရင်း…

''ဟုတ်တယ် သူရ၊ ခဟာ ငါတွေ့ဖူးသမျှ မိန်းကလေးတွေနဲ့ ဘယ်လိုမှမတူအောင် စိတ်ဝင်စားမှုတွေ ပြည့်နေတယ်၊ သူဟာ ယောကျ်ားတွေနဲ့ပတ်သက်ပြီး အတော်လေး ခက်ထန်မာကျောတယ်၊ သူကြည့်ရတာ ယောကျ်ားတွေကို အတော်မုန်းနေပုံရတယ်''

''ဒါဆိုသေချာပြီ၊ အဲဒီ မေခဟာ ယောကျ်ားတွေနဲ့ပတ်သက်ပြီး အသည်းကွဲဖူးသူဖြစ်ရမယ်''

''အင်း ဒီလိုလည်းဖြစ်နိုင်တယ်၊ ဒါပေမယ့် သူမျက်ဝန်းတွေက အသည်းကွဲဖူးတဲ့ ပုံစံထက် ယောကျ်ားဆိုရင် အလိုလိုမုန်းတီးရွံရှာနေတဲ့ပုံ၊ မဆိမဆိုင် ငါ့ကိုကြည့်သွားတဲ့ သူ့အကြည့်တွေထဲ အဲဒီအဓိပ္ပာယ်တွေ အပြည့်အဝပါနေတာ တွေ့ရတယ်''

''ဒါဆို မင်း ခံလိုက်ရပြီပေါ့''

''သေချာတယ်၊ ငါ့ဘဝမှာ ဘယ်မိန်းမမှ ဒီလိုအကြည့်မျိုး မကြည့်ခဲ့ဖူးဘူး၊ သူ့နဲ့မှ ခံလိုက်ရတာ၊ ဒါ တမင်စိန်ခေါ်သွားတာပဲ မကျေနပ်ဘူးကွာ''

တကယ်ပဲ သူမ၏ ပြင်းရှသောအကြည့်ဒဏ်ကြောင့် ခေတ်မင်းညိုရင်ထဲ မကျေမနပ်ဖြစ်နေရသည်။ သူမအထင်သေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတွေထဲမှာ သူပါဝင်လိမ့်မည်မဟုတ်။ သူလိုလူက မိန်းမတစ်ယောက်ကို လွယ်လွယ်နှင့် စိတ်ဝင်စားတတ်သူမှ မဟုတ်ဘဲ။

မကျေမနပ်ဖြစ်နေသော သူ့မျက်နှာကိုကြည့်ပြီး သူရစိုးသဘောကျဟန်ဖြင့် ပြုံးလိုက်သည်။

"ခေတ်မင်းညို၊ ခေတ်မင်းညို၊ ငါပြောသလို မင်းကောင်းကောင်းဝင့်လည်တော့မယ်၊ ငါပြောခဲ့သားပဲ၊ မိန်းကလေးတွေရဲ့အချစ်ဟာ ပန်းတစ်ပွင့်လို နူးညံ့သိမ်မွေ့သလို ဓားသွားတစ်လက်လိုလည်း မာကျောတတ်တယ်ဆိုတာ ခု မင်းတွေ့တဲ့မိန်းကလေးက ဒီလိုမိန်းကလေးမျိုးပဲ ဖြစ်ရမယ်၊ အင်း အချစ်ဆိုတဲ့ခံစားချက်ကို ဖန်တီးပေးမယ့် ယောကျ်ားတွေကိုမှ နာကြည်းမုန်းတီးနေတယ်ဆိုရင် သေချာတယ် အဲဒီမိန်းကလေးဘဝဟာ အထီးကျန်ဆန်နေမယ်ဆိုတာ"

သူရစိုးစကားကို ခေတ်မင်းညို လက်မခံနိုင်ပါ။ အချစ်ဆိုတဲ့အရာဟာ လူတိုင်းရင်ထဲမှာ ရှိကြတာပဲ။ တကယ်ချစ်တဲ့လူမတွေ့သေးလို့သာ မထုတ်ဖော်ခဲ့တာဖြစ်သည်။

" သူ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတာ အချစ်မရှိလို့မဟုတ်။ တကယ်ချစ်ရမယ့်သူ မတွေ့သေး၍သာဖြစ်သည်။

"ငါတော့ လက်မခံဘူးကွာ၊ အချစ်နဲ့ပတ်သက်လာရင် မိန်းကလေးတွေက ပိုပြီးခံစားတတ်ကြတယ်၊ မေခရဲ့ အပြုအမူတွေ





ဟာ ထူးဆန်းတာတော့အမှန်ပဲ၊ ဒါပေမယ့် သူ့ကြည့်ရတာ တကယ့်အချစ်စစ်ကို မတွေ့သေးလို့ပဲ ဖြစ်ရမယ်၊ ဘာပဲဖြစ်ဖြစ် ငါတော့ မေခကို စိတ်ဝင်စားသွားတာ သေချာပြီ"

"မေခကို မင်း တကယ်ပဲ စိတ်ဝင်စားသွားတာပဲကိုး၊ ဘယ်မိန်းကလေးကိုမှ ဒီလောက် လေးလေးနက်နက် စိတ်မဝင်စားခဲ့တဲ့ ခေတ်မင်းညိုဟာ မေခကိုမှ စိတ်ဝင်စားတယ်ဆိုတော့ ကြည့်ရတာ မေခဟာ အတော့်ကို စွဲဆောင်နိုင်မယ့် မိန်းကလေးဖြစ်ရမယ်၊ ဒါပေမယ့် မင်းပြောသလို အဲဒီမေခဟာ အချစ်ကို မသိသေးတာမဟုတ်ဘဲ ယောကျ်ားတွေကို မုန်းတီးနေတာဆိုရင် မင်းဘယ်လိုလုပ်မလဲ ခေတ်မင်းညို"

လေးနက်စွာ မေးလာသည့် သူရစိုးအမေးကို သူပြုံး၍ပေ့ါပါးစွာပြောလိုက်သည်။

"အဲဒီမုန်းနေတဲ့စိတ်ကို အချစ်နဲ့ကိုယ် လဲယူရမှာပေါ့သူရ၊ အချစ်နဲ့တွေ့ရင် အမုန်းဆိုတာ အလိုလိုပျောက်ကွယ်သွားတတ်တာပဲ"

"ဟုတ်ပါပြီလေ၊ ခရဲ့ယောကျ်ားတွေအပေါ်ထားတဲ့ အမုန်းတို့ မင်းရဲ့အချစ်နဲ့ ဘယ်လိုစွဲဆောင်တိုက်ဖျက်ယူမလဲဆိုတာ ငါစောင့်ကြည့်ရသေးတာပေါ့ကွာ"

"အိုကေ...စိန်လိုက်လေ၊ ခေတ်မင်းညိုတဲ့ ဒီပွဲမှာ ငါနိုင်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်ဆိုတာ''

ရင်ကိုကော့၍ လက်မထောင်ကာ သူ့ကိုယ်သူ ယုံကြည်စွာ ပြောနေသော ခေတ်မင်းညိုကို သူရစိုး ပြုံးလျက်ကြည့်ရင်း

''အေးပါကွာ၊ မင်းပြောသလို ဒီပွဲမှာ မင်းနိုင်ပါစေ''

''စိတ်ချ၊ မိန်းမတွေနဲ့ပတ်သက်ပြီး ငါ့ဘဝမှာ ဘယ်တုန်းကမှ အရှုံးဆိုတာ မရှိခဲ့ဘူးဆိုတာ မင်းသိပါတယ်သူရ''

''ဒါပေမယ့် မေခဟာ တခြားမိန်းကလေးတွေနဲ့ မတူဘူးဆိုတာ မင်းသတိပြုရမယ် ခေတ်မင်းညို''

တွေခနဲ သူ ငြိမ်သက်သွားပြီးမှ ပခုံးတစ်ချက် တွန့်လိုက်၏။

''ဘာပဲဖြစ်ဖြစ် ငါ့အတွက်ကတော့ မိန်းကလေးအားလုံးဟာ အတူတူပါပဲကွာ''

မေခအနေဖြင့် ယောကျ်ားတွေကို ဘယ်လို နာကြည်းမုန်းတီးနေပါစေ သူနှင့်တွေ့လျှင် ထိုအမုန်းတရားတွေ ပျောက်ကွယ်သွားရမည်ဟု ခေတ်မင်းညို ယုံကြည်ပါသည်။

သို့သော် တကယ်တမ်းမှာတော့…။



## အခန်း (၄)

''အန်တီခင်…အန်တီခင်''

''ဟော သမီးဆုလဲ့ပါလား၊ လာ သမီး၊ ဘယ်ကလှည့်…တာလဲ''

ခေတ်မင်းညို၏မိခင်က ဆုလဲ့ကို အပြုံးနှင့် ဆီးကြို…ဆက်လိုက်သည်။ ဆုလဲ့၏မိဘများနှင့် ခေတ်မင်းညို၏မိဘ…တ စီးပွားဖက် ရင်းနှီးသူများဖြစ်သည်။

ထို့ကြောင့် ဆုလဲ့နှင့် ခေတ်မင်းညိုတို့မှာလည်း လူငယ်…ခင်မင်ရင်းနှီးခဲ့ကြသည်။

ဆုလဲ့ မျက်လုံးတစ်ချက်ဝေ့ကာ ခေတ်မင်းညိုကို ရှာပြီးမှ

''ဘယ်ကမှ လှည့်လာတာမဟုတ်ဘူး အန်တီခင်၊ ဒီကို…င်လာတာ၊ ဒက်ဒီ မန္တလေးက ပြန်ရောက်လို့ အန်တီတို့အတွက်

www.burmeseclassic.com



သမီးတို့ လက်ဆောင်တွေပေးနိုင်းလိုက်လို့''

ဆုလဲ့ ပြောရင်း လက်ထဲမှယူလာသော အိတ်များ[illegible] စားပွဲပေါ်တင်လိုက်သည်။

''တကူးတက သမီးရယ်၊ အားနာစရာကောင်းလို[illegible] တာ''

''အန်တီခင်ကလည်း အန်တီခင်တို့နဲ့ သမီးတို့ကြား[illegible] အားနာစရာလူတွေမှ မဟုတ်ဘဲ''

''အဟင်း...ဟင်း ဟုတ်ပါတယ်ကွယ်၊ သမီး [illegible] တကူးတက လာပို့တာကို အန်တီခင် ကျေးဇူးအများကြီးတင်[illegible] တယ်ကွယ်၊ ကဲ ရောက်တုန်း သမီး ဒီမှာထမင်းစားသွားနော်[illegible]

''မစားတော့ဘူး အန်တီခင်၊ ဒါနဲ့ ခေတ်မင်းညို[illegible] အန်တီ''

ဆုလဲ့မှာ ခေတ်မင်းညိုကို မတွေ့တာမို့ အန်တီခင်[illegible] မနေနိုင်စွာ မေးလိုက်သည်။

''သမီးအစ်ကို အပြင်သွားတယ်လေ၊ ကျောင်းပိတ်[illegible] ဆို သူက အိမ်ကပ်တယ်ကိုမရှိဘူး''

''ဆုလဲ့ဆီကို ခေတ်မင်းညို ဒီရက်ပိုင်း တစ်ခေါ[illegible] မရောက်ဘူး အန်တီ''

ဆုလဲ့မှာ သူမထံသို့ ခေတ်မင်းညို မလာသဖြင့် [illegible]





[illegible]ပ်ဖြစ်ကာ ကြုံတုန်း အန်တီခင်ကို တိုင်လိုက်သည်။

''ဟုတ်လား သမီး၊ သား ဘယ်တွေသွားနေတာပါလိမ့်၊ [illegible]မီးအစ်ကိုက သူငယ်ချင်း အပေါင်းအသင်းကို သိပ်ခင်တာ''

''ဟုတ်တော့ဟုတ်ပါတယ် အန်တီခင်၊ ခေတ်မင်းညိုက [illegible]သူငယ်ချင်းအပေါင်းအသင်းတွေဆီကို သွားတာ အကြောင်း [illegible]ဟုတ်ပေမယ့် တော်ကြာ''

စကားကို ဆုံးအောင်မပြောဘဲ ဆုလဲ့ ခေါင်းလေးငုံ့သွား[illegible]သည်။ အန်တီခင်မှာ ငယ်ရာကကြီးလာသူပီပီ သဘောပေါက် [illegible] ပြုံးလိုက်ရင်း

''ဒီအတွက်တော့ စိတ်ချပါ သမီး၊ အန်တီခင် သားကို [illegible]ိုလိုက်တယ်ဆိုပေမယ့် အိမ်ထောင်ရေးကိစ္စကိုတော့ အန်တီတို့ [illegible]ကြီးတွေအကြိုက် ဖြစ်ရမှာပါ''

''ခေတ်မင်းညို အန်တီခင့်စကားကို နားထောင်ပါ့မလား [illegible]''

''သမီးရယ်၊ သားက တခြားနေရာတွေမှာသာ ဆိုးချင် [illegible]ယ်၊ မိဘစကားကိုတော့ အမြဲနားထောင်ပါတယ်''

''ဒါဆို တော်သေးတာပေါ့ အန်တီ၊ ခုခေတ်မိန်းကလေး [illegible]တာ ခေတ်မင်းညိုလို ဥစ္စာပေါ၊ ရုပ်ချော ချမ်းသာတဲ့လူ [illegible]ယောက်ကို အပိုင်တွယ်ကပ်နေကြတာ''



www.burmeseclassic.com

www.burmeseclassic.com



"သမီး ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် သားက သတိရှိမယ်လို့ အန်တီ ယုံကြည်တယ်"

ဆုလဲ့မှာ ခေတ်မင်းညိုမိခင်စကားကြောင့် စိတ်ချမ်းသာ သွားသည်။ တကယ်တော့ ဆုလဲ့ဆိုတာ လူကြီးချင်း ခင်မင်ရင်းနှီး တာကို အကြောင်းပြုပြီး ခေတ်မင်းညိုကို တစ်ဘက်သတ် ကြိတ်ချစ်နေသူဖြစ်သည်။

"ဒါဆို သမီးပြန်တော့မယ် အန်တီ၊ ခေတ်မင်းညိုလာရ ပြောပေးပါ၊ သမီး ည ဖုန်းဆက်မယ်၊ စောင့်ပေးပါလို့ အန်တီ"

"အေး…အေး၊ အန်တီ သေချာပြောလိုက်မယ် သမီး"

ဆုလဲ့ ပြန်သွားတော့ ခေတ်မင်းညိုမိခင်မှာ စိတ်ကူးမျ နှင့် ကျန်ခဲ့သည်။ ဆုလဲ့သည် ချမ်းသာသော မိဘများ၏ သ ထွေးဖြစ်ကာ မိဘချင်းကလည်း ရင်းနှီးကျွမ်းဝင်ပြီးသားမို့ သားဖြ သူနှင့် သဘောမတူစရာ အကြောင်းမရှိ။

ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ပြန်ဖိတ်ဆိုသလို သားဖ ဆုလဲ့နှင့်သာ နီးရန် တိုက်တွန်းရမည်ဖြစ်သည်။

ဆုလဲ့ ပြန်သွားပြီး မကြာမီ ခေတ်မင်းညို ပြန်ရောက်လ ၏။

"ဟော သားက ခုမှပြန်လာတယ်၊ ဆုလဲ့လေးတော အိမ်ကို လာသွားသေးတယ်၊ ခုလေးတင် ပြန်သွားတာ၊ သား





မေးနေသေးတယ်"

ခေတ်မင်းညိုမှာ ဆုလဲ့ဆိုသောနာမည် ပါလာတာနှင့် မျက်မှောင်တွန့်သွားရသည်။

"ဒီကောင်မလေး ဘာလာရှုပ်သွားတာလဲ မေမေ"

"သားကလည်းကွယ် ဆုလဲ့ဆို ဘယ်တော့မှ အကောင်း မပြောဘူး၊ ဆုလဲ့ဒက်ဒီက မန္တလေးက ပြန်ရောက်လို့ အဲဒါ ဆုလဲ့ က မေမေတို့အတွက် လက်ဆောင်တွေလာပို့တာ၊ ဆုလဲ့လေးက လိမ္မာယဉ်ကျေးပြီး လူကြီးကို လူကြီးမှန်းသိတတ်တဲ့ သူလေးပါ တွယ်"

မိခင်ဖြစ်သူက ဆုလဲ့နှင့်ပတ်သက်ကာ ညွှန်းနေပေမယ့် ခေတ်မင်းညိုကတော့ စိတ်မဝင်စားပါ။

"အလကားပါမေမေရာ၊ အဲဒါ မေမေ့ရှေ့မှာမို့ သူ ဟန်ဆောင်သွားတာ၊ သူက သူ့ကိုယ်သူ အငယ်ဆုံးဆိုပြီး ခုထိ လူတိုင်းအပေါ် အနိုင်လိုချင်တယ်"

"ဒါကတော့သားရယ် သူ့ဘဝပေးကုသိုလ်ကံကိုက ကောင်းတာကိုးကွဲ့၊ ဆုလဲ့က ပစ္စည်းလည်းရှိ၊ ရုပ်လေးကလည်း ချောနဲ့ သူ့ကို ချွေးမတော်ချင်တဲ့သူတွေ အများသားနော်"

ခေတ်မင်းညိုက ပန်းတစ်ချက်တွန့်လိုက်ပြီး…

"အဲဒီထဲမှာ မေမေတော့ မပါလိုက်နဲ့နော်၊ သားကတော့



www.burmeseclassic.com

www.burmeseclassic.com



ဆုလဲ့ကို ညီမလေးတစ်ယောက်လိုပဲ သဘောထားတယ်၊ ဒါနဲ့ သားဗိုက်ဆာပြီ၊ ဘာချက်လဲ မေမေ”

“ချက်ထားပါတယ်၊ သားအကြိုက်တွေ ချက်ထားပါတယ်၊ ဝက်သားအချိုချက်၊ ကြက်အကြွပ်ကြော်၊ အစိမ်းကြော်နဲ့ ဆယ့်နှစ်မျိုးဟင်းချို”

“ဟာ…ပွတာပဲ၊ ဒါကြောင့် မေမေ့ကို သားကချစ်ရတာ”

“ဟဲ့…ဟဲ့ အို ဒီကလေးတော့”

ခေတ်မင်းညိုသည် မိခင်ဖြစ်သူ၏ နဖူးကို ဖျတ်ခနဲ ငုံနမ်းကာ ထမင်းစားခန်းဆီသို့ ဝင်သွားလေသည်။ သားဖြစ်သူ၏ ကလေးဆန်ဆန် အမူအရာကို ဒေါ်လတ်လတ်မှာ မိခင်တစ်ယောက်အနေနှင့် ကြည်နူးရပါသည်။

ထို့ကြောင့်လည်း သားဖြစ်သူ ဝင်သွားရာ ထမင်းစားခန်းဆီသို့ လိုက်ဝင်လာရင်း

“စားကောင်းရဲ့လား သား”

“ကောင်းတယ် မေမေ၊ မေမေ့လက်ရာ စားမလို့ သားဗိုက်ဆာနေတာတောင် အပြင်က ဘာမှမစားခဲ့ဘူး”

“တော်စမ်းပါဟယ်၊ ငချွဲလေး သိပ်ချွဲတာပဲ၊ ဪ ဒါနဲ့ သားကိုပြောရဦးမယ်၊ ဆုလဲ့က မေမေ့ကိုမှာခဲ့တယ်၊ ည





သူ သားဆီကို ဖုန်းဆက်မယ်တဲ့၊ အဲဒါ သား စောင့်နေပေးလိုက်ဦး”

“ဟာ ဒီကောင်မလေး ဒါတွေရှုပ်တာ”

“သားရယ် ဆုလဲ့က သားအပေါ် ခင်ရှာပါတယ်၊ ဘာပဲပြောပြော မိဘတွေမျက်နှာကိုထောက်ပြီး ဆုလဲ့လေးကို ခင်ခင်မင်မင် ဆက်ဆံပါကွယ်”

ချော့မော့ပြောနေသည့် မိခင်ဖြစ်သူ၏စကားကြောင့် ခေတ်မင်းညို သက်ပြင်းချလိုက်၏။ ထို့နောက် မိခင်စိတ်ချမ်းသာရန် သူ ခေါင်းညိတ်လိုက်သည်။

“ကောင်းပါပြီ မေမေ၊ သား ဆုလဲ့နဲ့ ဖုန်းပြောလိုက်ပါ့မယ်”

“အဟင်း ဟင်း ဒီလိုမှပေါ့ကွဲ့၊ မေမေ့သား လိမ္မာတယ်ဆိုတာ မေမေသိပြီးသား၊ ကဲ စား စား သား၊ မေမေ ခြံထဲဆင်းလိုက်ဦးမယ်”

မိခင်ဖြစ်သူ ထွက်သွားတာနှင့် ဆုလဲ့အကြောင်း ခေါင်းထဲက ထုတ်ပစ်လိုက်သည်။ အလကားကောင်မလေး၊ မေမေ့ကို ကပ်ချွဲပြီး ညာစားနေတာဟု သူ့စိတ်ထဲ ဆုလဲ့အား အပြစ်တင်လိုက်သည်။

သို့သော် ဆုလဲ့ဆက်လာမည့် ဖုန်းကိုတော့ ည သူစောင့်

www.burmeseclassic.com

www.burmeseclassic.com



နားထောင်ရမှာဖြစ်သည်။ ဒါကလည်း မေမေတို့ကြောင့် ဖြစ်၏။

ညရောက်တော့ ဆုလဲ့ထံမှ ဖုန်းဝင်လာလေသည်။

"ခေတ်မင်းညိုလားဟင်"

"အေး ဟုတ်တယ်၊ ပြောစမ်းပါဦး ခင်ဗျားလေးက ဘာအကြောင်းရှိလို့ ကျုပ်ကို ဖုန်းစောင့်ခိုင်းရတာလဲဆိုတာ"

ခေတ်မင်းညိုမှာ ဒီည သူငယ်ချင်းတွေနှင့် ချိန်းထားသည်ကို ဖျက်လိုက်ရသည်မို့ ဆုလဲ့အပေါ် အမြင်မကြည်လင်ပါ။ မကြည်လင်သည့်စိတ်ကြောင့် ဆုလဲ့အား ဘုတောလိုက်မိခြင်းဖြစ်သည်။

"ခေတ်မင်းညိုရယ် ဆုလဲ့က ခေတ်မင်းညိုဆီ ကိစ္စရှိမှ ဖုန်းဆက်ရမှာလားဟင်"

"အပိုတွေပြောမနေစမ်းပါနဲ့ ဆုလဲ့၊ ကဲ ဖုန်းဆက်တဲ့ အကြောင်းရင်းက ဘာလဲဆိုတာပြော"

"ခေတ်မင်းညိုနော်၊ ဆုလဲ့ဆို ခေတ်မင်းညို စိတ်ရှည်ရှည် မထားပေးဘူး၊ ဆုလဲ့ကတော့ ခေတ်မင်းညိုကို ခင်လိုက်ရတာ"

သည်လိုပြောပြန်တော့လည်း ခေတ်မင်းညိုမှာ ဆုလဲ့ အတွက် စိတ်မကောင်းဖြစ်သွားရသည်။

ထို့ကြောင့် လေသံကို ပြင်လိုက်ရင်း

"ကဲပါကွာ၊ ခင်ဗျားလေးကို ခင်လို့ ကျုပ် ခင်ဗျားလေး





ဖုန်းကို တမင် စောင့်နားထောင်ပေးနေတာပေါ့"

"ခစ် ခစ် ခစ် ဒီလိုမှပေါ့ ခေတ်မင်းညိုရဲ့၊ အခု ဆုလဲ့ ဖုန်းဆက်တာ ခေတ်မင်းညိုကို ပူဆာမလို့"

"ဟေး ဘာတွေပူဆာမှာလဲကွ၊ ကျုပ်မှာ ပိုက်ဆံမရှိဘူး နော်"

"ဟွန်း…ဒီလောက် ချမ်းသာတဲ့လူကများ ပိုက်ဆံမရှိဘူးလို့ ပြောရသေးတယ်၊ ဆုလဲ့ကလည်း ခေတ်မင်းညိုကို ဘာမှ မဝယ်ခိုင်းပါဘူးနော်၊ ကြိုပြီး ညည်းပြမနေပါနဲ့၊ ဆုလဲ့ ပူဆာမယ် ဆိုတာက မနက်ဖြန် ဆုလဲ့မွေးနေ့ပွဲတစ်ခု သွားစရာရှိတယ်၊ အဲဒါ ခေတ်မင်းညို လိုက်ပို့"

"ဟာ…မဖြစ်ဘူး ဆုလဲ့၊ ငါ မအားဘူး၊ မနက် အရေး ကြီးတဲ့ကိစ္စ ချိန်းထားတာရှိတယ်"

"ဟင် ဘယ်သူနဲ့ ချိန်းထားလို့လဲ"

ဆုလဲ့အသံမှာ ပျာပျာသလဲဖြစ်သွားရသည်။ ဒါကလည်း ခေတ်မင်းညိုနှင့် ပတ်သက်လာလျှင် ဆုလဲ့ရင်ထဲ အမြဲခံစားနေရ သည့် ခံစားမှုပင်ဖြစ်သည်။

"ဒါက ငါ့ကိစ္စပါ"

"အို…မရဘူးနော်၊ မရဘူး၊ မနက်ဖြန် ဘယ်သူနဲ့ချိန်း ထားထား ဆုလဲ့ သွားမှာကိုတော့ ခေတ်မင်းညို လိုက်ပို့ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



မပို့ရင် အန်တီကို ခုပဲဖုန်းဆက်တိုင်မယ်''

''ဟင်း…နင် တော်တော်အကြပ်ကိုင်ပါလား ဆုလဲ့၊ ကောင်းပြီလေ ညည်းက မေမေနဲ့ ခြိမ်းခြောက်လာမှတော့ ငါ့ကိစ္စကိုဖျက်ပြီး ညည်းကို လိုက်ပို့ရတော့မှာပေါ့''

''ဟေး…ဒါမှ ဆုလဲ့ရဲ့ ခေတ်မင်းညို''

ကလေးတစ်ယောက်လို ပျော်ရွှင်မြူးသွားသော ဆုလဲ့အသံကြောင့် ခေတ်မင်းညိုမှာ ပြုံးလိုက်မိ၏။

တကယ်တော့ ခေတ်မင်းညိုသည်လည်း ဆုလဲ့ကို ခင်ပါသည်။ ခင်၍လည်း ဆုလဲ့အလိုကျ ခေါင်းညိတ်လိုက်ခြင်းပင်။

● ● ●



## အခန်း (၈)

ကွန်ပျူတာသင်တန်းပြီးတာနှင့် ထွက်လာသော မေခနှင့် ပိုက်ပိုက်ကို စောင့်နေသူ အမျိုးသားတစ်ယောက်။ ဒီတစ်ခါ စောင့်နေသည့် အမျိုးသားက ပိုက်ပိုက်ကို ချစ်ရေးဆိုထားသည့်လူ။

''ဟင်…ဟိုမှာ ကိုသက်ဦးပါလား''

ပိုက်ပိုက်မှာ ကိုသက်ဦးကို တွေ့လိုက်ရတာကြောင့် စိတ်လှုပ်ရှားသွားရ၏။ မေခမှာ ကိုသက်ဦးကို အေးစက်သောမျက်ဝန်းအကြည့်များဖြင့် တစ်ချက်ကြည့်ရင်း…

''အင်း ဒီလူကလည်း ပိုက်ပိုက်ကို အသည်းအသန်ပါလား၊ ကျောင်းလည်း ကျောင်းမို့လို့၊ သင်တန်းလည်း သင်တန်းမို့လို့ပါလား''

''ဟုတ်တယ်ကွာ၊ သူ ပိုက်ဆိုက်အဖြေကို မရမချင်း



www.burmeseclassic.com

www.burmeseclassic.com



နွတ်တောင်းနေတာ၊ ပိုက်တော့ ဘယ်လိုလုပ်ရမှန်းမသိဘူး"

စိတ်ညစ်စိတ်ရှုပ်သလို ဆိုနေသော ပိုက်ပိုက်ကို မေခ တစ်ချက်ကြည့်ရင်းက

"ဒါက မင်းရင်ထဲက အချစ်ကိစ္စမို့ ကျွန်မ မတားလိုဘူး ပိုက်ပိုက်၊ နှလုံးသားကိစ္စဆိုတော့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်တာ အကောင်းဆုံးပဲ၊ ဒါပေမယ့် ယောကျ်ားတွေနဲ့ ပတ်သက်လာရင် အမြဲသတိရှိဖို့တော့လိုမယ်"

မေခမှာ ယောကျ်ားတွေအပေါ် မုန်းတီးသောစိတ်တို့ဖြင့် ပိုက်ပိုက်အား သတိပေးလိုက်သည်။

"ဒါဆို ခကရော၊ ခဘဝမှာ အချစ်ဆိုတာကို မရှာတော့ဘူးလားဟင်"

ပိုက်ပိုက်အမေးကြောင့် မေခ အေးစက်စွာ ပြုံးလိုက်မိသည်။

"ယောကျ်ားတွေရဲ့ အချစ်ဆိုတာ သူတို့အတွက်သာမို့ ကျွန်မ အချစ်ကို မယုံတော့ဘူး ပိုက်ပိုက်၊ သူတို့ရဲ့အချစ်ဆိုတာ ရုပ်ခန္ဓာ အသွေးအသားကိုချစ်တာ၊ ရှင်းရှင်းပြောရရင် ကျွန်မ ယောကျ်ားတွေရဲ့အချစ်ကို ကြောက်တယ် ပိုက်ပိုက်"

မေခစကားကြောင့် ပိုက်ပိုက် သက်ပြင်းချလိုက်သည်။

"အချစ်ဆိုတာကို ခ ဒီလိုခံယူထားရင် ခဘဝ





တစ်လျှောက်လုံး အထီးကျန်ဆန်ဆန်နဲ့ ကုန်ဆုံးသွားမှာ ခ တွေးမိရဲ့လားကွယ်"

"အထီးကျန် ခြောက်သွေ့တာဟာ ဘဝရဲ့ ဒုက္ခရာတော့ မဖြစ်နိုင်ပါဘူး၊ အချစ်ကြောင့်သာ ဘဝမှာ ဒုက္ခရာဒုက္ခချက်တွေ ထင်ကျန်ရစ်ခဲ့နိုင်တာ၊ အချစ်ကြောင့်ပဲ ဘဝတစ်ခုလုံး ပျက်စီးဆုံးရှုံးသွားနိုင်တာကို ပိုက်ပိုက် ဘယ်လိုပြောမလဲ"

"အေးလေ အချစ်ကိုကြောက်တဲ့ ရှင့်ကို ပိုက် ဘာမှ မပြောလိုတော့ပါဘူးကွယ်"

ယောကျ်ားများနှင့် ပတ်သက်လာလျှင် မေခ၏ တစ်ဘက်အစွန်းရောက် စိတ်ဓာတ်ကို သိထားသူမို့ ပိုက်ပိုက် အလျှော့ပေးလိုက်သည်။

"ပိုက်ပိုက် ပိုက်ပိုက်ကို တို့တောင်းထားတဲ့အဖြေလေ၊ အဲဒါ"

ကိုသက်ဦးက နောက်မှလိုက်လာကာ ပိုက်ပိုက်ကို အဖြေတောင်းလေ၏။ မေခမှာ ပိုက်ပိုက်ကိစ္စထဲ ဝင်မပါချင်သည်မို့ ရှေ့သို့ဆက်သွားလေသည်။

ပိုက်ပိုက်သည် ရပ်ကာကျန်ခဲ့ရင်း

"ကျွန်မ လောလောဆယ် ဒီကိစ္စတွေ မစဉ်းစားချင်သေးဘူး ကိုသက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ပိုက် ဘယ်တော့စဉ်းစားမှာလဲဟင်"

ကောင်းသော ကိုသက်ဦးက ဆက်မေးနေ၏။ တကယ်တော့ ကိုသက်ဦးသည် လူတော်လူကောင်းတစ်ယောက်ဖြစ်သည်။ ပိုက်ပိုက် ကိုသက်ဦးအချစ်ကို ငြင်းနေရခြင်းက သူမအနေနှင့် ကျောင်းမပြီးသေးခင် အချစ်ရေးကို မစဉ်းစားချင်သောကြောင့်ဖြစ်သည်။

"အဲဒီအဖြေကတော့ ခက်ပါတယ် ကိုသက်ဦး၊ ပြီးတော့ ကျွန်မအနေနဲ့ အချိန်ကန့်သတ်မထားချင်ဘူး"

"ကောင်းပါပြီ ပိုက်ပိုက်ရယ်၊ ပိုက်ပိုက် စဉ်းစားတဲ့အချိန်မှာ ကျွန်တော့်ကို မမေ့ပါနဲ့ဗျာ"

"စိတ်ချပါ ကိုသက်ဦး၊ ရှင့်ကို ကျွန်မ ဦးစားပေးစဉ်းစားမှာပါ၊ ဒါဆို ကျေနပ်ပါတော့နော်"

"ကျေနပ်ပါတယ်ဗျာ၊ ဒီစကားကြားရတာတင် ကျွန်တော်ကျေနပ်ပါတယ်၊ ပိုက်ပိုက်ကို အနှောင့်အယှက်ပေးသလိုဖြစ်ခဲ့ရင် ကျွန်တော့်ကို ခွင့်လွှတ်ပါနော်၊ ကျွန်တော် သွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့"

ကိုသက်ဦး ထွက်သွားသည်နှင့် ပိုက်ပိုက်မှာ သူမနှင့် ခပ်လှမ်းလှမ်းတွင် စောင့်နေသော မေခဆီသို့ လျှောက်လာခဲ့သည်။

မေခသည် ပိုက်ပိုက်အား အပြုံးလေးနှင့် ကြည့်ရင်း





"ဘယ်လိုလဲ အဆင်ပြေသွားပြီလား ပိုက်ပိုက်"

"ပိုက် စဉ်းစားတဲ့အခါ ကိုသက်ဦးကို ဦးစားပေးစဉ်းစားမယ်လို့ ပြောလိုက်တယ်၊ ကိုသက်ဦးက လူယဉ်ကျေးတစ်ယောက်၊ ပိုက်ပြောတာကို သူ လက်ခံသွားတယ်"

"အင်း…ဘာပဲဖြစ်ဖြစ် ယောကျ်ားတွေကို အပေါ်ယံခြင်နဲ့တော့ မဆုံးဖြတ်သင့်ဘူးလို့တော့ ကျွန်မ ထင်တယ်ပိုက်"

"ခုလိုအကြံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ပိုက်တို့ အအေးတစ်ခု မှာသောက်ရအောင်"

"သွားလေ"

မေခနှင့် ပိုက်ပိုက် အအေးဆိုင်တစ်ခုထဲသို့ ဝင်ခဲ့ကြသည်။ အအေးဆိုင်ထဲ သူမတို့ထက် အရင်ကြိုရောက်နေသူက တ်မင်းညိုနှင့် ဆုလှဲ။ ဆုလှဲသည် ခေတ်မင်းညိုကို အိမ်မှ င်းခေါ်ထုတ်လာကာ အအေးတိုက်နိုင်းခြင်းဖြစ်သည်။

"ခေတ်မင်းညို ဒီကအပြန် ဆုလှဲကို နှယ်တို့ဆီ လိုက်ပို့ဦးနော်"

"ဟာ…ဘာလုပ်မလို့လဲ၊ ကိုယ် အဲလောက်ထိ အချိန်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မင်းညိုမှာ စကားရပ်သွားလျက် ဆိုင်ထဲသို့ ဝင်လာ… သော အမျိုးသမီးနှစ်ဦးထဲမှ တစ်ဦးကို စူးစူးစိုက်စိုက် ကြည့်မိသွား… ရသည်။

မေခ။

သူ့အသိထဲ ဘယ်တော့မှ မေ့ပျောက်သွားမှာမဟုတ်သည့် နာမည်တစ်ခု။

ကြည့်စမ်း သူမနဲ့သူ ဒီမှာ တိုက်တိုက်ဆိုင်ဆိုင် လာဆုံ… ရသည်တဲ့လား။

ဆုလှဲ့မှာ ပြောလက်စစကား ရပ်သွားရသော ခေတ်မင်း… ညိုကြောင့် သူမအကြည့်များသည်လည်း ခေတ်မင်းညိုကြည့်သ… နေရာသို့ ရောက်ရှိသွားရာ…

"ဟင်"

ခေတ်မင်းညိုသည် ဆိုင်ထဲဝင်လာသော အမျိုးသမီး… နှစ်ယောက်ထဲက တစ်ယောက်ကို စူးစိုက်ကြည့်နေတာပါလား…

ဘုရားရေ…ခေတ်မင်းညိုကြည့်တဲ့ အမျိုးသမီးဟာ … တော်လှတာနှင့်အမျှ မျက်လုံးအကြည့်တွေကလည်း အေးစက်… နှင့် ခံစားမှုမဲ့နေသလိုပါပဲလား။

အလိုလိုနေရင်း ဆုလှဲ့မှာ ခေတ်မင်းညိုကြည့်နေသော… မေခကို မနာလိုဖြစ်လာရသည်။



မေခနှင့် ပိုက်ပိုက်ကတော့ ထိုအဖြစ်တွေကို ဘာမှမသိပါ။ …ဆိုင်ထဲရောက်သည်နှင့် ထောင့်ကျကျစားပွဲလွတ်တစ်ခုတွင် ဝင်ထိုင် …လိုက်စဉ် ပိုက်ပိုက်မှာ ခေတ်မင်းညိုအကြည့်များကို သတိထားမိ …သွားကာ…

"ခ…ရှင့်ကို ဟိုဘက်စားပွဲဝိုင်းက လူတစ်ယောက်က …ကြည့်နေတယ်၊ သူကြည့်တာကို ပိုက် ဆိုင်ထဲစဝင်လာကတည်းက …သတိထားမိတယ်"

"နေပါစေ ပိုက်ပိုက်၊ ဂရုစိုက်မနေနဲ့၊ ဒီလိုအကြည့်တွေက …ကျွန်မအတွက် ရိုးနေပါပြီ"

"မဟုတ်ဘူး ခ၊ ဒီလူကြည့်ရတာ တည်တည်တံ့တံ့နဲ့ …ခြားယောကျ်ားတွေ အကြည့်နဲ့မတူဘူး၊ ကြည့်ရတာ ရှင့်ကို …တော်စိတ်ဝင်စားနေတဲ့ပုံပဲ"

"သူ့ဘာသာသူ ဘာဖြစ်ဖြစ် ကျွန်မကတော့ စိတ်မဝင် …ဘူး၊ သေချာတာကတော့ အဲဒီအတွက် ကျွန်မဘဝမှာ အနှောင့် …ယှက်တစ်ခု တိုးတာပဲ"

မေခ ခေတ်မင်းညိုထံသို့ တစ်ချက်လေးမှ လှည့်မကြည့် …မှာထားသည့် အအေးကိုသာ ခပ်ဖြည်းဖြည်းသောက်နေလိုက် …သည်။

ခေတ်မင်းညိုမှာ မေခ၏ ဂရုမစိုက် ဥပေက္ခာပြုလွန်းသော



www.burmeseclassic.com

www.burmeseclassic.com



အပြုအမူကြောင့် ရင်မှာ ခံရခက်ခက်ကြီး ဖြစ်နေရတော့၏။

သေချာတယ်၊ ဒါဟာ သူ့ဘဝမှာ ပထမဦးဆုံး မိန်းမ တစ်ယောက်၏ ဂရုမစိုက်၊ ဥပေက္ခာပြုခြင်းခံရတာ။

ခေတ်မင်းညို၏ မေခအပေါ် ကျရောက်နေသော အကြည့် များကြောင့် ဆုလှဲ့သည် ခေတ်မင်းညိုအား ဆိုင်ထဲမှ ခေါ်ထုတ်လာ သည်။ ဆုလှဲ့သည် ခေတ်မင်းညို၏ စိတ်တွေကို သူမမှတ်သည် တခြားမိန်းမတစ်ယောက်ထံ အရောက်မခံနိုင်ပြီပဲလေ။

● ● ●



## အခန်း (၆)

"မေခဆိုတဲ့ မိန်းကလေးဟာ ကိုယ့်အတွက်တော့ ကယ် စိတ်ဝင်စားဖို့ကောင်းနေပြီ သူရ၊ တစ်နေ့က မမျှော်လင့်ဘဲ အအေးဆိုင်မှာတွေ့တယ်၊ ဒါပေမယ့် သူက ကိုယ့်ကို ဂရုမစိုက် နဲ့ ဥပေက္ခာပြုတယ်၊ မင်းစဉ်းစားကြည့်စမ်း သူရ၊ ခေတ်မင်းညို တဲ့ ကိုယ့်ဘဝမှာ ဘယ်မိန်းကလေးမဆို ကိုယ့်ကို တစ်ခါတွေ့ရုံ ဂရုစိုက်မှတ်မိနေကြတယ်၊ အဲဒီထဲကမှ မေခက အားလုံးနဲ့ ကျင်ဘက် ကိုယ့်ကို ဂရုမစိုက်ဟန်နဲ့ ဥပေက္ခာပြုတာတော့ ဖြစ်ရတယ်ပဲ"

ခေတ်မင်းညိုသည် မေခနှင့်ပတ်သက်ကာ ရင်မှာ မခံချိ သာဖြစ်စွာ ရင်ဖွင့်နေမိသည်။

"ဘာလဲ အဲဒီအတွက် မင်း ခံစားနေလား ခေတ်မင်းညို၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မေခကို မင်းဘက်ကသာ တစ်ဖက်သတ်သိနေတာ လည်း ထည့်စဉ်းစားဦးလေကွာ၊ မေခဘက်က မင်းကို သိတာ မဟုတ်ဘူး၊ ဒီတော့ အမှတ်တမဲ့တွေ့ခဲ့တဲ့ မိန်းကလေးတစ်ယောက် ကို မေ့လိုက်တာက မင်းအတွက် အကောင်းဆုံးပါပဲကွာ''

သူရ၏စကားကို ခေတ်မင်းညို ခေါင်းခါယမ်းလိုက်သည်။

''မမေ့နိုင်ဘူး သူရ၊ ငါ့ဘဝမှာ ပထမဦးဆုံး စိတ်ဝင်စား မိတဲ့ မိန်းကလေးဟာ သူတစ်ယောက်ပဲရှိတယ်၊ သူ ငါ့ကို ဂရုမစိုက်ရင်နေပါ၊ ဒါပေမယ့် ငါ့ကို အသိအမှတ်ပြုရင်ဘဲ ကျေနပ် ပါပြီ''

''ခေတ်မင်းညို...ခေတ်မင်းညို၊ မင်း မေခကို တကယ် ချစ်မိသွားပြီကိုး၊ ကဲပါကွာ ဒါတွေထားလိုက်တော့၊ ဒီနေ့ သံသာ့ ဘတ်ဒေးရှိတယ် မဟုတ်လား''

''မသွားဘူးကွာ''

''ဘာလဲ မင်းက မေခအကြောင်းတွေးပြီး စိတ်ကူးယဉ် မင်းသား လုပ်တော့မယ်ပေါ့လေ၊ လုပ်မနေစမ်းပါနဲ့ကွာ၊ မင်း စိတ်ကူးတွေ၊ မေခနှင့်ပတ်သက်ပြီး မခံချင်တာတွေ၊ မကျေနပ်တာ တွေကို ဘေးဖယ်ပစ်လိုက်''

သူရ ဖွတ်ခေါ်တာမို့ နောက်ဆုံး မေခနှင့်ပတ်သက်သော စိတ်မှာ တင်းကျပ်စွာ ခံစားနေရသမျှ စိတ်ပြေလက်ပျောက်ဖြစ်





ခေတ်မင်းညို သံသာ့ဘတ်ဒေးကို သူရနှင့်အတူ ပါလာခဲ့ရသည်။

သံသာ့ဘတ်ဒေးမှာ ပျော်စရာကောင်းလှပါသည်။ လူငယ် တွေချည်း လွတ်လွတ်လပ်လပ် လုပ်သည့်ပွဲမို့ ပျော်စရာလည်း ကောင်းနေရသည်။ အစက မလိုက်ချင်ပါဟု ငြင်းခဲ့သော ခေတ်မင်းညိုတစ်ယောက်ပင် လူငယ်တွေချည်း၏ပွဲမို့ ပျော်လာရ၏။

''ဟင်''

ထိုစဉ် မထင်မှတ်ဘဲ ခပ်ဖျော့ဖျော့ကျနေသော မီးအလင်း ဖြင့် ခြံထောင့်တစ်နေရာတွင် ထိုင်နေသော မီးခိုးရောင်ပိုးသားဖျော့ တော်စုံလေးဖြင့် သိပ်လှနေသော မေခကို တွေ့လိုက်ရတာကြောင့် ခေတ်မင်းညို အံ့ဩဝမ်းသာမှုတို့နှင့်အတူ ရင်ခုန်သံတွေသည်လည်း မြန်ဆန်လာရသည်။

မေခသည်လည်း သူ့ကို မြင်သွားလေ၏။ သို့သော် ခဏ သာဖြစ်၏။ မေခသည် သူမအကြည့် အေးစက်စက်များကို ခေတ်မင်းညိုထံမှ ချက်ချင်းပင် လွှဲပစ်လိုက်သည်။

''သံသာ...ခဏ''

ခေတ်မင်းညိုသည် မွေးနေ့ရှင်ဖြစ်သော သံသာကို အကူ အညီတောင်းဖို့ ဆုံးဖြတ်ကာ ခေါ်လိုက်၏။ သံသာ ရောက်လာပြီး

''ဘာလဲ ခေတ်မင်းညို၊ ဘာလိုတာရှိလို့လဲ''

''အဟွန်း...မလိုပါဘူးဗျာ၊ ဒါပေမယ့် အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



[illegible]ရှာတော့ရှိတယ်''

''ခေတ်မင်းညိုလို လူတစ်ယောက်က အကူအညီတောင်းမယ်ဆို ဘယ်သူ မကူညီဘဲနေနိုင်မှာလဲရှင်''

''အဟွန်း…ဟွန်း သံသာဆီက ခုလိုစကားကြားရတာ တင် ကျေးဇူးတင်ပါပြီဗျာ၊ တခြားမဟုတ်ဘူး သံသာ၊ ကိုယ့်ကို မိန်းကလေးတစ်ယောက်နဲ့ မိတ်ဆက်ပေးခိုင်းမလို့''

''ဘုရားရေ မိန်းကလေးတစ်ယောက်၊ ခေတ်မင်းညိုစပြီး မိတ်ဆက်ဖို့တောင်းဆိုတာ ခေတ်မင်းညိုဘဝမှာ ဒါ ပထမဦးဆုံး ထင်ပါရဲ့၊ ဒါနဲ့ ခေတ်မင်းညို မိတ်ဆက်ချင်တဲ့ မိန်းကလေးက ဘယ်သူလဲ''

''ဟိုထောင့်မှာထိုင်နေတဲ့ မီးခိုးရောင်ဝတ်စုံလေးနဲ့''

ခေတ်မင်းညိုသည် မေခထံ မေးဆတ်ပြလိုက်၏။ သံသာမှာ မျက်နှာပျက်သွားကာ…

''မဖြစ်ဘူးထင်တယ် ခေတ်မင်းညို၊ မေခက ဘယ်ယောကျ်ားမျိုးနဲ့မှ မိတ်ဆွေမဖြစ်ချင်ဘူး''

''ဒါက သူ့အပိုင်းပါကွာ၊ ဒီမှာ သံသာ၊ သံသာ့တာဝန်က ကိုယ့်ကို သူနဲ့ မိတ်ဆက်ပေးရုံပဲ၊ လုပ်ပါကွာ''

မိန်းမတစ်ယောက်နှင့် ပတ်သက်ပြီး ခေတ်မင်းညို ဒီလို အသည်းအသန်ဖြစ်တာမျိုး မမြင်ဖူးတာကြောင့် သံသာ အံ့ဩနေ





၏။ နောက်ဆုံး ခေတ်မင်းညို ဖွတ်တောင်းဆိုမှုကြောင့် မေခထံ ခေါ်ကာ မိတ်ဆက်ပေးလိုက်ရသည်။

''မေခ သူက မင်းနဲ့မိတ်ဆွေဖြစ်ချင်လို့တဲ့''

မေခမှာ မျက်တောင်ရှည်ကြီးများ ပင့်ကော့လျက် ခေတ်မင်းညိုကို အေးစက်သောမျက်ဝန်းများနှင့် ကြည့်လာလေ၏။

''ဆောရီးပဲ၊ ကျွန်မ ဘယ်ယောကျ်ားနဲ့မှ မိတ်ဆွေမဖြစ်ချင်ဘူး''

သံသာမှာ မပြောဘူးလားဟူသော အကြည့်ဖြင့် သူ့အား ကြည့်လာလေ၏။ ခေတ်မင်းညိုသည် မမှုသလို ပခုံးတစ်ချက် တွန့်လိုက်ရင်းက…

''ဒါက မေခအပိုင်းပဲလေ၊ ကျွန်တော်ကတော့ မေခကို ခင်မင်လိုက်ပြီ၊ ကျွန်တော့်နာမည် ခေတ်မင်းညို''

မေခသည် နေရာမှ ဆတ်ခနဲရပ်လိုက်ပြီး

''ဝမ်းနည်းစရာပဲ၊ ကျွန်မကတော့ ရှင့်ကို ကျွန်မနား ရစ်သူတစ်ယောက် တိုးလာတယ်လို့ပဲ သတ်မှတ်တယ်၊ ကဲ သံသာ ကျွန်မပြန်မယ်''

ပြောပြောဆိုဆို မေခသည် တကယ်ပဲထပြန်သွားတာမို့ ခေတ်မင်းညိုမှာ အားလုံးအလယ်တွင် မျက်နှာကြီးနီရဲလျက် အရှက်ရစွာ ကျန်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့ မေခနှင့် နောက်တစ်ကြိမ်ဆုံနိုင်ဖို့ ကြိုးစားရန် ဆုံးဖြတ်လိုက်သည်။

● ● ●



## အခန်း (၇)

ခေတ်မင်းညို ဆုံးဖြတ်ထားသည့်အတိုင်း မေခ သင်တန်းချိန်များကို လေ့လာထားသည်။

ထို့ကြောင့် ဒီနေ့ မေခ သင်တန်းလာတက်မည့်အချိန်ကို ခေတ်မင်းညို စောင့်နေလိုက်သည်။

မကြာပါ၊ သင်တန်းသို့ မေခ ရောက်လာလေ၏။

သင်တန်းအခန်းဝတွင် ကိုယ်ကို ခပ်မှီမှီထားလျက် သူမအလာအား စူးစိုက်ကြည့်နေသော ခေတ်မင်းညိုကြောင့် မေခမျက်နှာလေးတည်သွားရသည်။

သူ့ရှေ့မှ မျက်နှာတင်းတင်းလေးနှင့် မေခ အဖြစ်...

"ခ ခဏနေပါဦးဗျာ၊ ကျွန်တော် ခကို မနက်ကတည်းက ဒီမှာလာစောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



သူမသွားမည့်လမ်းရှေ့တွင် သူ့ကိုယ်ကြီး ပိတ်ရပ်ကာ ပြောလာသော ခေတ်မင်းညိုကို မေခသည် ဆတ်ခနဲကြည့်လိုက်ပြီး

"ဒီမှာ ရှင်နဲ့ကျွန်မ သိလည်းမသိဘူး၊ ဘာကိစ္စမှလည်း မရှိဘူး"

"ဒီလိုမပြောပါနဲ့ဗျာ၊ ကျွန်တော်နဲ့ ဆုံဖူးပါတယ်၊ ပြီးတော့ ကျွန်တော် ခရဲ့မိတ်ဆွေ"

"လာပြန်ပြီလား ဒီစကား၊ ရှင့်ကို ကျွန်မ ဘယ်တုန်းကမှ မိတ်ဆွေအဖြစ် အသိအမှတ်မပြုခဲ့ဘူးဆိုတာ"

"ဒါပေမယ့် ကျွန်တော့်ဘက်ကတော့ ခကို မိတ်ဆွေတစ်ယောက်လို သတ်မှတ်ထားတယ်၊ ဒါကြောင့် ခကို ခင်မင်ရင်းနှီးတဲ့အနေနဲ့ လာနှုတ်ဆက်တာ"

သေလိုက်။ ရှင်သေလိုက်ပါလားဆိုသည့် စကားကို မေခရင်မှာ အကြိမ်ပေါင်းထောင်သောင်းမက ပြောရင်း ခေတ်မင်းညိုကို စေ့စေ့ကြည့်မိလိုက်သည်။

သူကြည့်ရတာ တခြားယောကျာ်းတွေလို လွယ်လွယ်ကူကူ အလျှော့ပေးမည့်သူ မဟုတ်မှန်း သူ၏တည်ကြည်သော မျက်နှာ၊ ပိရိသောနှုတ်ခမ်းများကို ကြည့်တာနှင့် သူမ သိလိုက်သည်။

မေခ မျက်နှာလေး ပိုမိုအေးစက်တင်းမာသွားရပြီး...

"ရှင် အခု ကျွန်မစိတ်ကို အနှောင့်အယှက်ပေးနေတာ





မိတ်ဆွေဖြစ်ချင်တာမဟုတ်ဘူး၊ ရှင့်ရဲ့ အပြုအမူနဲ့ စကားတွေဟာ ရန်သူပါလို့ ရှင့်ကိုယ်ရှင် ဖော်ပြနေတာ"

"ဒါကတော့ ခ ဘယ်လိုထင်ထင် ခစိတ်ထဲ ကျွန်တော်ရှိနေဖို့ပဲလိုတယ်"

မေခသည် သူ့ရှေ့မှ ဆတ်ခနဲ ထွက်သွားကာ လမ်းဘေးစတိုးဆိုင်တစ်ဆိုင်မှ မီးခြစ်တစ်လုံး ဝယ်လာကာ ခေတ်မင်းညိုအား ပေးလိုက်ပြီး...

"ရော့...ရှင့်ရဲ့စကားလုံးတွေကို ဒီမီးခြစ်နဲ့ မီးရှို့ပစ်လိုက်"

ပြောပြီးတာနှင့် ခသည် ခေတ်မင်းညိုရှေ့မှ ထွက်လာခဲ့လိုက်သည်။ ခေတ်မင်းညိုမှာ မီးခြစ်လေးကို ကိုင်ရင်း...

"ခရဲ့ ဒီလက်ဆောင်ကို ကျွန်တော် ထာဝရသိမ်းထားမယ်၊ ဘာလို့လဲဆိုတော့ ဘယ်သူမှ မရဘူးတဲ့ ခရဲ့လက်ဆောင်ကို ကျွန်တော်ရလိုက်လို့ပဲ"ဟု လှမ်းပြောလိုက်သည့်တိုင် ခကတော့ ခေတ်မင်းညိုရှိရာသို့ တစ်ချက်လေးမှ လှည့်မကြည့်ပါ။

ကျောခိုင်းသွားသော မေခကိုကြည့်ပြီး ခေတ်မင်းညို တစ်ချက်ပြုံးလိုက်သည်။

သည်နောက် သူ့ကားလေးကို သူရစိုးရှိရာသို့ ဦးတည်မောင်းလာခဲ့လိုက်သည်။

သူရစိုးနှင့်တွေ့တော့ ခေတ်မင်းညို သံသာအား စုံစမ်းခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထားသော မေခအကြောင်း သိခဲ့ရလေသည်။

"မင်းတော့ မလွယ်ဘူးထင်တယ် ခေတ်မင်းညို၊ သဲသော့ဆီက ကြားရသမျှ ယောကျ်ားတွေနဲ့ပတ်သက်ပြီး သိပ်မကောင်းဘူး၊ မေခဟာ ဒီနေ့ဒီအချိန်ထိ ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားခဲ့ဖူးတဲ့ သူ့ကို ချဉ်းကပ်လာတဲ့ ယောကျ်ားအားလုံးကို မေခက အကြောင်းအမျိုးမျိုးနဲ့ ငြင်းပယ်ခဲ့တယ်တဲ့"

ခေတ်မင်းညို သူရစိုးစကားကြောင့် ပြုံးလိုက်သည်။ တစ်ဆက်တည်း သူ့အကြည့်များကလည်း ခပေးလိုက်သည့် မီးခြစ်လေးဆီ အကြည့်များ ရောက်ရှိသွားသည်။

"အဟွန်း…ဒါဆိုရင်တော့ မင်းကြားရသမျှထဲမှာ ကိုယ်ဟာ ကံအကောင်းဆုံး ယောကျ်ားပဲ၊ ဘာပြုလို့လဲသိလား ဒီမှာလေ ခက ကိုယ့်အတွက် ပေးလိုက်တဲ့လက်ဆောင်"

"ဟာ ခက မင်းကို ဒီမီးခြစ်လေး လက်ဆောင်ပေးလိုက်တယ် ဟုတ်လား"

သူရစိုးမှာ မယုံနိုင်သလို မေးတော့ သူပြုံး၍ ခေါင်းညိတ်လိုက်ပြီး…

"အဟွန်း…ဒါကို ကြည့်ခြင်းအားဖြင့် မေခဟာ ကိုယ့်ကို စိတ်ဝင်စားတယ်ဆိုတာ သိသာတာပဲ၊ ဘာပဲဖြစ်ဖြစ်ကွာ ကိုယ်ကတော့ ခရဲ့အချစ်ကို ရအောင်ယူဖို့ ဆုံးဖြတ်လိုက်ပြီ"





"ငါတော့ မလွယ်ဘူးထင်တာပဲ၊ မေခဟာ မင်းတွေ့ဘူးသမျှ မိန်းကလေးတွေနဲ့ မတူတာတော့ အမှန်ပဲ၊ တော်ကြာ မေခအမှိုက်ပုံတွေထဲမှာ လွှင့်ပစ်ခဲ့တဲ့ ယောကျ်ားတွေထဲမှာ မင်းပါနေဦးမယ် ခေတ်မင်းညို"

ခေတ်မင်းညိုမှာ သူရစိုး၏ သတိပေးစကားကို ဂရုမစိုက်ပါ။ ခေတ်မင်းညိုဆိုတာက လိုချင်တာတစ်ခုကို ရအောင်ယူတတ်သူ။

"ကိုယ် ဒါတွေကို ဂရုမစိုက်ဘူး သူရ၊ ကိုယ့်ဘဝမှာ ဘယ်အရာကိုမှ လွယ်လွယ်နဲ့ အရှုံးမပေးခဲ့ဖူးဘူး၊ ပြီးတော့ ခေတ်မင်းညိုဆိုတဲ့ ကိုယ့်ရဲ့အဘိဓာန်မှာ မရဘူးဆိုတာ မရှိစေရဘူး"

သူ ကြိမ်းဝါးလိုက်သည်။ တကယ်ပဲ မေခ၏အချစ်ကို သူရစေရမည်။ ဒီတော့မှ သူရစိုးကို ကြွားပစ်မည်ဟု စိတ်ကူးထားလိုက်သည်။

ထိုဆုံးဖြတ်ချက်ကြောင့်လည်း ခေတ်မင်းညိုသည် နောက်ရက်မှစ၍ မေခ သင်တန်းတက်ရာသို့ လာစောင့်နေသလို ကျောင်းမှာလည်း အချိန်ပြည့်ဆိုသလို ရှိနေတတ်လေသည်။

မေခကတော့ သူ့ကို ဘယ်နေရာတွေ့တွေ့ သူ့ကို တစ်ချက်မှ ဂရုမစိုက်။ လှည့်မကြည့်ဘဲ သူမ၏ မထီမဲ့မြင်ထုံး



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း အေးစက်စက်မျက်ဝန်း ဥပေက္ခာပြုမှုတွေနှင့် ရှိနေလေသည်။

တကယ်ဆို သူ့လိုလူမျိုးကို ဘယ်မိန်းကလေးမှ လျစ်လျူရှုမပြုပါ။ မေခဆိုသည့် သူမနဲ့တွေ့မှ ဂရုမစိုက်၊ အရေးမထားခြင်း ခံရသည့်အတွက် စိတ်မှာ ခံပြင်းနေမိသည်က အမှန်။

သည်နေ့တော့ မေခ ကျောင်းမှအပြန် ခေတ်မင်းညိုကား လေးသည် သူမကားနောက် ပါလာခဲ့လေသည်။

မေခမှာ ကားကို ရှေ့သို့သာ ဂရုစိုက်မောင်းနေသည့် အတွက် သူမကားနောက်တွင် ခေတ်မင်းညိုကား ပါလာသည်ကို သတိမထားမိပေ။

ခေတ်မင်းညို မောင်းလာသည့်ကားက မေခ ကားလေး နှင့် ဘေးချင်းယှဉ်လာစဉ်…

"ခ"

သူခေါ်ပေမယ့် မေခသည် သူ့ကို လှည့်မကြည့်ပါ။ သူမ ၏ ထိုအေးစက်စက် မထီမဲ့မြင်အမူအရာနှင့် လျစ်လျူရှုမှုက ခေတ်မင်းညိုကို ပို၍ အခံရခက်စေရသည်မို့ ခေတ်မင်းညို အားမလို အားမရဖြစ်လာကာ မေခကားနှင့် ဘေးချင်းပို၍တိုးကပ်လိုက်ပြီး

"မေခ"

မေခမှာ သူ ဘယ်လိုခေါ်ခေါ် ဂရုမစိုက်ပါ။ သေတော့ မှာပဲ ဒီမိန်းမ ဒီလောက်တောင် ခေါင်းမာလွန်းရသည်တဲ့လား။





ခ ကားသည် သူ့ကားအား ကျော်တက်သွား၏။

ဖြစ်ချင်တော့ ခေတ်မင်းညိုကားသည် မီးနီမိကျန်ခဲ့သည်။

ခေတ်မင်းညိုမှာ အရေးထဲ မီးနီမိနေသဖြင့် စိတ်တွေတို သည်။ မီးပွိုင့်မီးစိမ်းသွားတာနှင့် ခေတ်မင်းညိုသည် သူ့ကား ကို သူမကားနောက် အမီလိုက်လာခဲ့သည်။

ရှေ့မှသွားနေသည့် မေခကားလေးကို ခေတ်မင်းညိုကား မီခင်မှာပင် မေခကားလေးသည် လူရှင်းသည့် လမ်းဘေး နေရာတွင် ကားကို ရပ်ပစ်လိုက်သည်။

ကြည့်စမ်း မေခဟာ သူ့ကားကို ရပ်စောင့်နေတာများ ၊ ဒါဆိုရင်တော့ သူ့အတွက် အခြေအနေကောင်းပြီဖြစ်သည်။

သူ အနားရောက်တော့ မေခသည် ကားပေါ်မှဆင်းကာ င့်နေသည်ကိုတွေ့ရ၏။ သူမသည် လက်ပိုက်လျက် ကားကိုမှီ ကာ သူ့ကို အေးစက်သော မျက်ဝန်းများဖြင့် ကြည့်နေသည်။

ခေတ်မင်းညိုသည် ကားပေါ်မှ ဆင်းလိုက်ပြီး…

"ကျွန်တော်ထင်တာ မမှားဘူးဆိုရင် ခ ကျွန်တော့်ကို င့်နေတာပဲဖြစ်မယ်"

"ဟုတ်တယ်"

သူမ၏စကားသံ အေးစက်သလောက် တည်ငြိမ်လွန်းနေ ည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာဗျာ။ ခ ကျွန်တော့်ကို ခုလို အသိ အမှတ်ပြုတာ"

"ဒီမှာ ရှင့်ကိုယ်ရှင် တော်ရုံပဲ အထင်ကြီးပါ၊ ရှင့်ကို ဘယ်သူက အသိအမှတ်ပြုတယ်ပြောလို့လဲ"

"ဒါဖြင့် ခ ကျွန်တော့်ကို စောင့်နေတာ"

"ရှင့်ကို သတိပေးစရာရှိလို့"

"ဗျာ"

"ကျွန်တော့်ကို သတိပေးစရာ ဟုတ်လား"

"ဟုတ်တယ်"

"အဟွန်း...ပြောပါဦး၊ ခက ကျွန်တော့်ကို ဘာသတိ ပေးမှာလဲဆိုတာ"

ခေတ်မင်းညိုသည် နှုတ်ခမ်းအစုံကို တင်းတင်းစေ့ကာ ပြုံးလိုက်ရင်းကပြောတော့ မေခ၏မျက်နှာလှလှလေးသည် ပိုမို တင်းမာသွားရကာ...

"ရှင် ခုမှ ဘာမသိချင်ယောင်ဆောင်နေရတာလဲ၊ ရှင် ကျွန်မနောက်ကို လိုက်ပြီး ဘာအနှောင့်အယှက်ပေးနေတာလဲ"

"ဟာဗျာ...ဘယ်လိုပြောလိုက်တာလဲ၊ ကျွန်တော် ခ နောက်လိုက်တာ အနှောင့်အယှက်ပေးဖို့ မဟုတ်ပါဘူး"

"ဒါဆို ဘာရည်ရွယ်ချက်လဲ"





"ခနဲ့ ခင်မင်ရင်းနှီးချင်လို့"

"ဒီစကားတွေ ကျွန်မ မကြားချင်ဘူးဆိုတာ ရှင်သိပါ နော်၊ ဒီတော့ ရှင် ကျွန်မကို လိုက်မနှောင့်ယှက်ဖို့ သတိပေး တယ်"

မေခသည် ပြောပြီး ကားပေါ်တက်ရန် ပြင်လိုက်၏။

"နေပါဦး ခ၊ ကျွန်တော်ကတော့ ခဆီက ခင်မင်မှုကို ချင်း ခနောက်က ခုလိုလိုက်နေရဦးမှာပဲ"

"ဟင်...ရှင် ပြောလို့မရဘူးလား၊ ကောင်းပြီ ရှင် ကျွန်မ ကို ဆက်လိုက်ရင် ကျွန်မဆီက ခင်မင်မှုတော့ ရှင်မရဘူး၊ ရမယ်"

ခသည် ကားထဲက တုတ်တစ်ချောင်း ထုတ်ယူကာ ထိုက်တာမို့ ခေတ်မင်းညို မျက်နှာကြီး ပင့်ချီသွားရပြီး...

"အဟွန်း...ကိုယ့်အပေါ် သဘောကျ ခင်မင်ချင်တဲ့ ကျားတစ်ယောက်ကို တုတ်ပြပြီး ခြိမ်းခြောက်တဲ့သူဆိုလို့ ခ ယောက်ပဲ တွေ့ဖူးသေးတယ်"

"ဒါ ဘာဆန်းလဲ၊ ရှင်တို့လို ဖွတ်လုပ်ချင်တဲ့ ယောကျ်ား အတွက် ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ထားတာ၊ ရိုင်းတယ်ထင် တော့ ဆောရီးပဲ၊ ဒါပေမယ့် ရှင် ဆက်ပြီးနှောင့်ယှက်နေဦးမယ် ဆိုရင်တော့ ကျွန်မ သည်းခံမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အေးစက်ပါသည်ဆိုသော မေခ၏ မျက်လုံးတွေမှာ တကယ်ပဲ စိမ်းလဲ့နေရသည်။ ခေတ်မင်းညိုမှာ မိန်းမတစ်ယောက်၏ သွေးအေးစွာ စိမ်းကားဆက်ဆံခြင်းကို ပထမဦးဆုံးအကြိမ် ခံရသူပီပီ ရင်မှာ မချင့်မရဲနှင့် အခံရခက်နေရသည်။

''တဆိတ် ကျေးဇူးပြုပြီး ခ ကျွန်တော့်အပေါ်ကြည့်တဲ့ အကြည့်တွေကို ပြောင်းပစ်လိုက်ပါလား၊ ကျွန်တော် ခကို ခင်မင် ချင်လို့၊ ဒါကို နောင့်ယှက်တယ်ထင်ရင် ခ သဘော၊ ခ ကျွန်တော့် ကို ကြိုက်သလို အပြစ်ပေးနိုင်တယ်''

ခေတ်မင်းညို၏ ဂရုမစိုက်ဟန်ကြောင့် ခ ပို၍ဒေါသဖြစ် သွားရသည်။

ဒေါသစိတ်ကြောင့်လည်း ခေတ်မင်းညိုအား စူးစူးရဲရဲ စိုက်ကြည့်လိုက်ပြီး

''ရှင့်ရဲ့ခင်မင်မှုဆိုတာ ကျွန်မအတွက် အဆိပ်လိုပဲ ပြီးတော့ ရှင်ဟာ ကျွန်မဘဝထဲကို ဘယ်တော့မှ ဝင်လာနိုင်မှာ လည်းမဟုတ်ဘူး၊ ဒီအတွက် ကျွန်မ ဝမ်းနည်းပါတယ်''

ပြောပြီး မေခသည် ကားစက်ကိုနှိုးကာ မောင်းထွက်သွား လေသည်။

ခေတ်မင်းညိုသည် မေခ၏ကားလေးကို မျက်စိတစ်ဆုံး ကြည့်ရင်း...





''အချစ်ဆိုတာ အဆိပ်မဟုတ်ပါဘူး ခ၊ နူးညံ့သိမ်မွေ့ တွန်းတဲ့အချစ်ကို အဆိပ်တစ်ခုလို မြင်နေတဲ့ မင်းရဲ့နှလုံးသားမှာ ဘာတွေမသိနိုင်တဲ့ နှလုံးသားရဲ့ ဒဏ်ရာဒဏ်ချက်တွေ ဘယ်လိုရှိ နေတယ်ဆိုတာလည်း ကိုယ်သိချင်ပါတယ်ဗျာ''ဟု ခေတ်မင်းညို ရေရွတ်လိုက်မိပါတော့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

လပြည့်ညမို့ ကောင်းကင်ထက် ကြည်လင်ဝိုင်းစက်
သော ထိန်ထိန်သာနေသည့် လမင်းကြီးကို မေခသည် မျက်တော
မခတ်တမ်း ငေးစိုက်ကြည့်နေမိသည်။

အေးမြသောလ၏ အလင်းရောင်သည် သူမနှင့်အ
ပတ်ဝန်းကျင်တစ်ခုလုံးကို ရစ်သိုင်းလွှမ်းခြုံထားသည်မှာ ရင်
ကြည်နူးချမ်းမြေ့သာယာစရာ ဖြစ်ပေမယ့် မေခအတွက်ကတော
ထိုခံစားမှုတွေသည် သူမနှင့် ဆန့်ကျင်ဘက်တစ်ခုလို ရှိနေရသည်

ပြောရလျှင် မေခရင်ထဲ အပျော်တွေ ကြည်နူးသာယာ
တွေ ပျောက်ဆုံးခဲ့သည်မှာ ကြာခဲ့ပြီဖြစ်ပါသည်။

မှတ်မှတ်ရရပြောရလျှင် ဦးနေမင်းဆိုသည့်လူ သူမဘဝ
က ပျောက်ကွယ်သွားချိန်ကတည်းက ဖြစ်သည်။

ဦးနေမင်း။





သည်နာမည်ကို မေခသည် သတိမရချင်ပါ။

အချိန်တွေ ကြာခဲ့သည်နှင့်အမျှ သူမရင်ထဲ တမင်မေ့ထား
ခဲ့သော ဦးနေမင်းဆိုသည့် နာမည်သည် မေခနှလုံးသားဝယ် ယနေ့
ထက်တိုင် ရှိနေသေးတာကိုလည်း သူမ ဝန်ခံရမည်ဖြစ်သည်။

နာကြည်းမှု၊ ခါးသီးမှုတွေနှင့် ဘယ်လိုပင် မေ့ထားပါ
သည်ဟုဆိုဆို မေခ၏ အသည်းထောင့်တစ်နေရာတွင် ဦးနေမင်းဆို
သည့် သူကတော့ နင့်စူးရှိနေဆဲဖြစ်သည်။

မေခဆိုသော သူမသည် မချစ်တတ်ပါ။ ချစ်တတ်သည့်
နှလုံးသားလည်း မရှိပါဟု ပြောသည့်စကားများ ကြားရလျှင်
မေခသည် လောကကြီးကို ဟားတိုက်လို့သာ ရယ်ပစ်လိုက်ချင်ပါ
သည်။

အားလုံးထင်ထားတာနှင့် ဆန့်ကျင်ဘက် မေခဆိုသော
သူမသည် နှလုံးသားနုနုနှင့် သိပ်ချစ်တတ်သည်ဆိုတာ သူမကလွဲ
လို့ ဘယ်သူတွေ သိနိုင်မှာတဲ့လဲလေ။

နာကြည်းလွှမ်းမောမှုများနှင့် အတိတ်မှအရိပ်တို့က ရင်မှာ
ဆင်ဟပ်လာရတော့ မေခမှာ နှလုံးသားတစ်ခုလုံး ဆွတ်ကျင်သွားရ
သည်။

ဝေ့ခနဲတိုက်ခတ်လာသော လေပြေနှင့်အတူ ရှည်လျား
စင်းချထားသော မျက်တောင်ရှည်ကြီးများ ဝန်းရံထားသည့်
ချစ်ဝန်းအစုံမှ မျက်ရည်စများ ပါးပြင်ထက် ဆင့်ဆက်ကြွေကျလာ



www.burmeseclassic.com

www.burmeseclassic.com



ရပေမယ့် မေခသည် မျက်ရည်များကို မသုတ်မိပါ။

နုတ်ခမ်းဖူးဖူးလေးကိုသာ သွားစွယ်လေးများဖြင့် ခပ်နာနာလေး ဖိကိုက်ရင်း အချိန်ကြာမြင့်စွာ ခံစားခဲ့ရသည့် ကြေကွဲနာကျင်ဆွတ်ကျင်ရသည့် ဝေဒနာတို့ဖြင့် မျက်ဝန်းလေးအစုံကို တင်းတင်းမှိတ်ပစ်လိုက်သည်ဆိုရင်ပဲ သူမမျက်ဝန်းထဲ ပေါ်လာရသူက သူမနှလုံးသားကို အချိန်များစွာ စိုးမိုးနေရာယူခဲ့သည့် ဦးနေမင်း၏ရုပ်သွင်ပင်ဖြစ်သည်။

"ဦးနေမင်းရယ်၊ ရှင့်ကို ကျွန်မနှလုံးသားထက် ဒီနေ့ထိ သတိရနေတယ်ဆိုတာ ရှင်ကတော့ သိမှာမဟုတ်ပါဘူးလေ"

"မချစ်တတ်တဲ့ ကျွန်မကို ချစ်တတ်အောင်သင်ပေးသွားခဲ့တယ်၊ ပြီးတော့ ရှင်ပေးခဲ့တဲ့ အချစ် အမုန်း အလွမ်းတွေနဲ့ နာကြည်းခါးသီးစွာ ကျန်ရစ်ခဲ့ရတယ်၊ အဲဒီအတွက် ကျွန်မ ရှင့်ကို လုံးဝခွင့်မလွှတ်ဘူး၊ ဒါပေမယ့် ကျွန်မ ရှင့်ကို ချစ်တယ်၊ ရှင့်ကိုချစ်တဲ့ ကျွန်မအချစ်တွေက ကျွန်မထွက်သက်နဲ့အတူ ရှိနေမှာကိုတော့ ကျွန်မ မညာချင်ဘူး ဦးနေမင်းရယ်"

ဟု ရင်မှာ နင့်သည်းစွာ ခံစားရမှုတို့ကို ခပ်တိုးတိုးညည်းဆိုရင်း မေခသည် သက်မလေးကို ချလိုက်သည်နှင့် သူမ၏စိတ်အစဉ်သည်လည်း ဦးနေမင်းနှင့် ဆုံခဲ့သည့် အတိတ်မှ နေ့များဆီသို့ ပြန်လည်ရောက်ရှိသွားရတော့သည်။

● ● ●



မေခ လူမှန်းသိတတ်ချိန်ကတည်းက သူမ၏ရူးသွပ်မှုမှာ တစ်နေ့ သူမ အရွယ်ရောက်လာပါက လူအများ၏အသက်ကို ကယ်တင်မည့် ထူးချွန်ထက်မြက်သည့် ဆရာဝန်တစ်ယောက်ဖြစ်ရန်ပင်ဖြစ်သည်။

ထိုရည်ရွယ်ချက်အတိုင်းလည်း မေခသည် ငယ်စဉ်ကလေးကျောင်းနေချိန်မှစ၍ ယခု ဆယ်တန်းကျောင်းသူတစ်ယောက် ဖြစ်လာချိန်ထိ သူမသည် အတန်းတိုင်းမှာ အမြဲပထမအဆင့်ဖြင့် အောင်မြင်အောင် ကြိုးစားခဲ့သူလည်းဖြစ်သည်။

တခြားသူတွေအတွက်တော့ဖြင့် ဘယ်လို ရည်ရွယ်ချက်တွေ ရှိသည်မသိပေမယ့် မေခကတော့ သူမငယ်ငယ်ကတည်းက ရည်ရွယ်ခဲ့သည့် သူမဖြစ်ချင်သော ဆရာဝန်ဘဝကို အတူးပဲ ရူးသွပ်မက်မောခဲ့သူဖြစ်သည်။

ပညာရေးကို တစိုက်မတ်မတ် ကြိုးစားလွန်းသော မေခကို မိဘနှစ်ပါးကလည်း အားပေးပါ၏။

သမီးဖြစ်သူကို ဆရာဝန်ဖြစ်အောင်လုပ်ဟု ပြောစရာမလို



www.burmeseclassic.com

www.burmeseclassic.com



ဘဲ သူမရည်ရွယ်ချက်နှင့်သူမ ဆရာဝန်ဖြစ်အောင် ကြိုးစားနေသော မေခကိုကြည့်ပြီး မိဘနှစ်ပါးမှာ ကြည်နူးပီတိတွေနှင့် စိတ်ချမ်းသာနေလေသည်။

တစ်ဦးတည်းသောသမီးဖြစ်သည့်အပြင် ရုပ်ရည်ကလည်း မပြုမပြင်ပါဘဲနှင့် သဘာဝဆန်သော အလှများဖြင့် မှုန်ဝင်းအိစက်နေသော သမီးချောသည် ပညာရေးမှာလည်း သူမတူအောင် ထူးချွန်ထက်မြက်လွန်းသူတစ်ယောက် ဖြစ်သည်။

စာမှလွဲ၍ တခြားဘာကိုမှ စိတ်ဝင်စားခြင်းမရှိခဲ့သော မေခဘဝတွင် သူမအတွက် ချစ်ရမည့်သူဆိုလို့လည်း မိဘနှစ်ပါးသာရှိပါသည်။

မေခသည် တခြားမိန်းကလေးများလို အလှအပကိုလည်း စိတ်ဝင်စားခဲ့သူမဟုတ်။ သူမ၏အချိန်အားလုံးကို စာထဲမှာသာ နစ်မြုပ်ထားသူပီပီ ယခုလည်း မေခ ဒရိုင်ဘာဦးလေးကြီး လာကြိုသောကားဖြင့် ကျူရှင်တစ်ခုမှအပြန် တစ်နေရာ မီးပွိုင့်တစ်ခုသို့ အရောက်မှာတော့ သူမတို့ကားလေး မီးနီမိကာ ရပ်သွား၏။

"ကျွတ်…အရေးကြီးပါတယ်ဆိုမှ မီးနီက လာမိနေရသေးတယ်"

တစ်ဘက် ကျူရှင်ကို ကူးရဦးမည်မို့ လက်ကနာရီကိုကြည့်ရင်း မေခ စိတ်မရှည်သလို ညည်းကာပြောရင်း သူမအကြည့်များ





ဘေးသို့ ယှဉ်ထိုးရပ်လာသည့် ကားဆီသို့ အကြည့်များ ရောက်ရှိသွားရာ…

"ဟင်"

ငွေမှင်ရောင်တောက်နေသည့် နောက်ဆုံးပေါ် ကားလှလှလေးတစ်စီး ကားမှန်များကိုဖွင့်ထားသည်မို့ ကားမောင်းသူကို မြင်နေရသည်။

နက်မှောင်သောဆံပင်များကို ရှေ့သို့ အနည်းငယ် အုပ်စီးကာ နောက်တွင် ခပ်တိုတိုညှပ်ထားသော ဖြူသောအသားမှာ ပန်းသွေးရောင်သန်းလျက် စိမ်းမှောင်သော မျက်ခုံး၊ နှာတံချွန်ချွန်၊ နီရဲပါးလျသော ပိရိတိကျသည့် နှုတ်ခမ်းအစုံကို တင်းတင်းစေ့ကာ မျက်မှန်မည်းတပ်ထားသော တည်ကြည်ချောမောလွန်းသော လူတစ်ယောက်။

သူ့ပုံစံနှင့် သူ့မျက်နှာသည် ကြည့်၍ကောင်းလောက်အောင် ခွဲထင်မှုတွေနှင့် ရှိနေရသည်မို့ မေခသည် သတိလက်လွှတ် ငေးကြည့်မိသွားရသည်။

ထိုလူ၏အရပ်သည် အတော်မြင့်မားပုံရပါသည်။ ကိုယ်ကို မတ်မတ်ထိုင်လျက် ရှေ့သို့သာ အကြည့်များပို့ထားသည်မှာ ဘေးသို့ တစ်ချက်လေးမှပင် အကြည့်များ ရောက်ရှိမလာပါ။

မေခမှာ ထိုပုံစံကို အသည်းယားနေရသည်။ ဒီလူကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ ပတ်ဝန်းကျင်ကို စူးစမ်းမှုပြုတတ်ပုံမရသလိုပါလား။

ထိုလူ၏ အေးစက်စက်နှင့် ပတ်ဝန်းကျင်ကို လျစ်လျူရှုပုံကို မေခ အသည်းယားယားနှင့် မချင့်မရဲ ရင်မှာဖြစ်ရသည်မို့ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေသော သူ့ကို သက်ဝင်လာအောင် ဘယ်လိုလုပ်ရမည်ဆိုတာ အမြန်ပင် စဉ်းစားလျက် အကြံထုတ်လိုက်သည်။

မေခသည် သူမ၏ အပြုအမူများအတွက်လည်း သူမကိုယ့်ကိုယ်ကို ပြန်၍ အံ့သြနေရသည်။

မေခဆိုသည့် သူမဘဝတွင် ဆန့်ကျင်ဘက် ယောကျ်ားတစ်ယောက်အပေါ် တစ်ခါမှ ထိုကဲ့သို့ မလုပ်ခဲ့ဖူးပါ။ မေခဆိုတာ ယောကျ်ားများ ကင်းရှင်းလွန်းသူတစ်ယောက်။ သူမဘဝတွင် ငယ်စဉ်ကတည်းက ယခုအချိန်ထိ ယောကျ်ားဆိုလို့ ဒက်ဒီအပေါ် ရင်းရင်းနှီးနှီးသာ ရှိခဲ့သူလည်းဖြစ်ပါသည်။

ဆန့်ကျင်ဘက် မိန်းမတစ်ယောက်အနေနှင့် ယောကျ်ားများကို စိတ်ဝင်စားစရာလူရယ်လို့လည်း မေခ မမြင်ခဲ့ပါ။

မေခဘဝသည် ဖြူစင်သန့်ရှင်းမှုတို့ဖြင့် ရိုးရှင်းခဲ့ပါသည်။ ထိုသို့ဆိုပါလျက် ယခု မတုန်မလှုပ် ကျောက်ဆစ်ရုပ်နှယ် ကိုလူချောကြီးကို တွေ့လိုက်ရသည့်အခါမှာတော့ မေခစိတ်တွေ ဘယ်လိုဖြစ်သွားရသည်မသိပါ။





သူမအား ကိုလူချောကြီး သတိပြုလာစေရန် ဘာလုပ်ရမည်ကို စဉ်းစားရင်း နောက်ဆုံး ကြံရာမရဖြစ်ကာ သူမလက်ထဲတွင် အသင့်ရှိနေသည့် ချောကလက်ဘူးလေးထဲမှ တစ်ခုကို ထုတ်ယူကာ သူမနှင့် ဘေးချင်းယှဉ်ရှိနေသည့် ကားမောင်းသူနေရာတွင် ထိုင်နေသည့် သူ့ကိုယ်ပေါ်သို့ လှမ်း၍ ပစ်ပေါက်လိုက်သည်။

ရုတ်တရက်ဆိုတော့ ကိုလူချောလည်း အံ့သြသွားပုံရပါ၏။ ဒီနောက် သူမဆီသို့ မျက်မှန်မည်းမည်းအောက်မှ အနားသပ်များဖြင့် တည်ငြိမ်လေးနက်သော အကြည့်နှင့် မျက်ဝန်းအစုံက ဖျတ်ခနဲ ရောက်ရှိလာလေသည်။

မေခမှာ သူမ်အကြည့်များကို မလွှဲဘဲ ကြည့်လိုက်ရာ နှစ်ယောက်သား အကြည့်ချင်း ဆုံသွားရခိုက် အံ့သြစရာကောင်းလောက်အောင် သူမ၏ရင်ခုန်သံတွေ မြန်ဆန်သွားရသည်။

ကြည့်စမ်း…

ယောကျ်ားတန်မဲ့ ချောလိုက်တာ၊ အသားအရေကလည်း ဖြူတဲ့အပြင် ပန်းသွေးရောင်တောက်နေတာပါလား။

စက္ကန့်လေးတွေ အတော်ကြာသည်အထိ သူမတို့နှစ်ယောက် အကြည့်ချင်းဆုံသွားစဉ် တစ်ယောက်နှင့်တစ်ယောက် အကြည့်များ တော်တော်နှင့် မလွှဲမိကြ။ အတန်ကြာမှ ပထမဦးဆုံး အကြည့်များကို လွှဲသွားသူမှာ သူပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုအမူကြောင့် မေခရင်မှာ အခံရခက်သွားရသည်။ ယောကျ်ားတွေနှင့် ပတ်သက်လာလျှင် သူမဘက်ကသာ အကြည့်လွှဲခဲ့သည်ရှိခဲ့သမျှ အခုတော့ သူနှင့်ကျမှ သူမ ခံလိုက်ရသည့် အဖြစ်။

"ဟွန်း…ရှင့်ကိုယ်ရှင် သိပ်ချောတယ်ဆိုပြီး ဘဝင်မြင့်နေတာလား လူကြီးရယ်"ဟု မေခစိတ်မှာ ကြိတ်ဆိုလိုက်သည်။

ထိုစဉ် မီးပွိုင့်မှာ မီးစိမ်းသွားလေသည်။ အမှတ်မရှိသည့် မေခ၏အကြည့်များက သူ့ဆီရောက်ရှိသွားပြန်တော့ သူ့ကားသည် နေရာမှ မောင်းထွက်သွားပြီဖြစ်သည်။

သူ့ကိုတွေ့လိုက်တာ ခဏလေးဖြစ်ပေမယ့် မေခရင်ထဲမှာတော့ သူ့ပုံရိပ်သည် အချိန်အကြာကြီးကတည်းက ဝင်ရောက်နေရာယူထားသလို သူ့ရုပ်သွင်ချောချောကြီးကို မျက်ဝန်းထဲမှ ဖျောက်ဖျက်လို့မရနိုင်အောင် မြင်ယောင်လျက် သူဘယ်သူလဲ၊ ဘယ်မှာနေလဲ သိချင်သည့် အတွေးစိတ်များနှင့် ရင်မှာရှိနေရတော့သည်။

◉ ◉ ◉



## အခန်း (၉)

ယခုတလောဝယ် အတွေးများနှင့် စားမဝင် အိပ်မပျော် စာကျက်လို့မရနှင့် ရှိနေရသူက မေခဖြစ်သည်။

အချိန်ပြည့်ဆိုသလို သူမအတွေးအာရုံများကို စိုးမိုးနေရာယူထားသူက မီးပွိုင့်တွင် ဆုံခဲ့သည့် လူချောကြီးပင်ဖြစ်သည်။

ဘယ်ကမှန်းမသိ၊ ဘယ်သူမှန်းမသိ၊ ခဏတာတွေ့ခဲ့ရသည့် လူတစ်ယောက်ကို သူမအနေနှင့် ဒီလောက်ကြီး သတိရနေမှန်ကောင်းဆိုတာလည်း မေခ သူမကိုယ်သူမ သိပါသည်။

သိပေမယ့် ထိန်းချုပ်လို့မရသည်က သူမစိတ်ပင်ဖြစ်သည်။ [illegible]တ်ဝယ် အချိန်ပြည့် သတိရနေသည့် လူကြီးကို မေခ မေ့ပစ်ချင်ပါသည်။

မေ့နိုင်အောင်လည်း သူမကြိုးစားကာ စာကို ဖိကျက်ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် မရ။ မေ့ဖို့ကြိုးစားသည့်ကြားက ပိုသတိရနေသည့်အဖြစ်က အံ့သြဖို့လည်း ကောင်းနေရသည်။

မေခ သူမအဖြစ်ကိုလည်း သူမ ရှက်မိပါသည်။ မီးပွိုင့်မှာ အမှတ်မထင် ခဏလေးဆုံလိုက်တာနှင့် သူ့အပေါ် သူမ ဒီလောက်ထိ မစွဲလမ်းသင့်ပါ။

သူ့မှာ ချစ်ရမည့်ချစ်သူရည်းစား၊ ဒါမှမဟုတ် ပိုင်ဆိုင်သူ မိန်းမ ရှိမရှိဆိုတာလည်း သူမမသိ။

ခဏလေး တွေ့လိုက်ရတာနှင့် မြန်ဆန်သွားရသည့် ရင်ခုန်သံခံစားမှုများကိုလည်း အချစ်ဟု မေခ မဆိုချင်ပါ။

အချစ်ဆိုတာကိုလည်း သူမအနေနှင့် သေချာစွာမသိ။ စိတ်မှာ စွဲထင်နေသည့် သူ့ရုပ်သွင်ကိုသာ မေခ ကြိုးစားမေ့ဖျောက်ရန် ရှိတော့သည်။

သည်အဖြစ်တွေကို သူငယ်ချင်းတွေသာ သိပါက သူမကို ဘယ်လိုပြောကြမည်မသိပါ။

ဘာအကြောင်းနှင့်မှ သူမ ရည်ရွယ်ချက်တွေကို အပျက်မခံဘဲ ရည်ရွယ်ထားသည့်အတိုင်း ကြိုးစားနေသော မေခနှလုံးသားထဲ အချစ်ဆူးလေးသည် တကယ်ပင် စူးနစ်စိုက်ဝင်ခဲ့ပြီလား။

ထိုအတွေးက ဝင်လာတော့ မေခမျက်နှာလှလှလေး နီမြန်းတောက်ပသွားရသည်။ 'အချစ်' ဆန့်ကျင်ဘက် ယောကျ်ား





တစ်ယောက်၏ အချစ်ဆိုတာ မေခအတွက် စိမ်းလွန်းပါသည်။

သည့်အပြင် သူ့မှာ ချစ်သူနှင့် ပိုင်ဆိုင်သူမရှိပါစေနှင့်ဟုလည်း မေခ ကြိတ်ကာ ဆုတောင်းလိုက်သည်။

သူမဆုတောင်းသလို မရှိဘူးပဲထား၊ မေခဆိုတဲ့သူမကို သူက ချစ်မှာတဲ့လား။

မေခဆိုတာ ဖူးသစ်နုထွေးသော အလှတွေနှင့် ပြိုင်ဆိုင်သူအင်းကာ သူမကိုမြင်သည့် ယောကျ်ားတိုင်း နှစ်ခါပြန် လှည့်မကြည့်ဘဲ မနေနိုင်အောင် လှလွန်းသည့် မိန်းကလေး။

သူမလို ရွှေစင်သွန်းတမျှ လှပလွန်းသည့် မိန်းကလေးကိုမှ မချစ်လျှင် သူ ဘယ်လိုမိန်းကလေးကို ချစ်မှာတဲ့လဲ။ အတွေးဖြင့်ဘိုလူချောပုံကို မြင်ယောင်ရင်း မေခ သူမအလှကို သူမ ယုံကြည်စွာ မထီတရီ ပြုံးလိုက်၏။

"လူကြီးရယ် ရှင်နဲ့ကျွန်မ နောက်တစ်ခါ ဆုံချင်ပါသေးတယ်"ဆိုသည့်စကားကို မေခ ရှက်ရောင်သန်းသော မျက်နှာလေးနှင့် ခပ်တိုးတိုး ဆိုလိုက်ပါတော့သည်။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com

"ဟင်...သူ"

အလုပ်ကိစ္စဖြင့် မန္တလေးကိုသွားမည့် ဒက်ဒီကို ...
လေဆိပ်လိုက်ပို့စဉ် မမျှော်လင့်ဘဲ သူမ မျက်ဝန်းထဲသို့ ဖြူနု...
ပန်းရောင်သန်းသော အသားနှင့် အရပ်မြင့်မြင့်နှင့် ချောမောသန့်...
လွန်းသော လူတစ်ယောက်၏ပုံရိပ်က ဝင်ရောက်လာသည်။

မေခမှာ သူမတွေ့ချင်သူကို တွေ့လိုက်ရတာကြော...
ဝမ်းသာသွားရကာ မျက်လုံးလေးတွေ အရောင်တဖျပ်ဖျပ်လ...
လျက် ဖူးနုစိုအိသော နှုတ်ခမ်းလုလုအစုံမှာ အံ့သြမှုတို့ဖြင့် အနည...
ငယ် ပွင့်ဟသွားရသည်။

ကြည့်စမ်း...တိုက်တိုက်ဆိုင်ဆိုင် သူနဲ့လာဆုံနေရသည်...
လား။

လူကြီး။

မေခ စိတ်အတွေးတို့ကို အချိန်ပြည့် စိုးမိုးထားသူ လူ...





...ကြီး ကိုကိုသည် သူမလိုပင် လေဆိပ်ကို ဘာကိစ္စရောက်ရှိနေရပါ...
...သည်လဲ။

သူကတော့ သူမကို မြင်ပုံမရပါ။ လူတစ်ယောက်နှင့်
...ကားတွေပြောနေလေသည်။

အသားပျော့ပျော့နှင့် အပြာနုရောင် ရှပ်လက်ရှည်ကို
...ယ်သီးအပြည့်စေ့တပ်ကာ ကလိန်စေ့ရောင် သက္ကလပ်ပျော့
...ာင်းဘီရှည် တွဲဝတ်ထားသော သူ့ရုပ်သွင်က အဝေးကကြည့်
...နှင့်ပင် ဆွဲဆောင်မှုတစ်မျိုးဖြင့် ထင်းခနဲ ပေါ်လွင်လွန်းနေရသည်။

သည်တစ်ခါတော့ သူသည် မျက်မှန်တပ်မထားပါ။
...ကြောင့် သူ၏ တောက်ပစူးရှနက်မှောင်သော မျက်ဝန်းများက
...ယ်လောက်ဆွဲဆောင်အားကောင်းကြောင်း မေခ သိလိုက်ရလေ
...သည်။

ချောလိုက်တာ၊ တကယ့်ကို ချောမောခန့်ညားတဲ့ သူပါ
...ား။ ငါ့တစ်သက်မှာ ဒီလောက်ချောတဲ့လူမျိုး သူ့ကိုပဲ တွေ့ဖူး
...သေးတယ်။

မေခမှာ သူ့ကို ငေးကြည့်နေခိုက် သူ့အကြည့်များက
...တ်ခြည်းဆိုသလို သူမရှိရာသို့ ဖျတ်ခနဲ ရောက်ရှိလာလေသည်။

"အို"

သူမအကြည့်သူခိုးလေးကို လူမိသွားရတာမို့ မေခ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လုလုလေး ရဲတောက်သွားရသည်။

နေမင်း အံ့သြသွားရသည်။

မထင်ပါ။ သူ့ကို လူတစ်ယောက်ယောက် ကြည့်နေသ
လို့ ခံစားရပေမယ့် သူ့ကိုကြည့်နေသူသည် သူမလေးဖြစ်လိမ့်မည်
နေမင်း ဘယ်လိုမှမထင်ခဲ့ပါ။

ယခုလို သိရပြန်တော့လည်း နေမင်း အံ့သြမှုတွေနှင့်အ
ရင်မှာ လှုပ်ခတ်ရပြန်လေ၏။

မထင်မှတ်ဘဲ ဆုံလိုက်ရသည့် သူ့အကြည့်ကြောင့်
လေးသည် တယ်လောက်ထိ ရှက်နေရှာသည်မသိပါ။

နှင်းဆီနီပန်းခင်းလေးလို ရဲနေသည့် မျက်နှာလုလု
နှင့် အကြည့်များ လွှဲသွားသော သူမလေးကိုကြည့်ပြီး နေမင်
မှာ ကြိတ်ကာ ပြုံးလိုက်မိသည်။

မေခမှာလည်း သူမကို မှတ်မိသွားရသည့် သူ့အကြ
များကြောင့် ရင်ခုန်သံတွေ မြန်ဆန်သွားရလေ၏။

သူသည်လည်း သူမကို မှတ်မိနေသည်တဲ့လားကွ
အတွေးနှင့် မေခအကြည့်များ သူ့ဆီ နောက်တစ်ကြိမ် ရော
သွားတော့...

ဘုရားရေ။

ကြည့်စမ်းပါဦး။





သူသည် သူမကို ခုချိန်ထိ ကြည့်နေဆဲပဲလား။ မေခ၏
န်သံတွေသည် စောစောကထက် အတိုင်းအဆမရှိအောင်
န်လာရလေသည်။

ထို့အတူ ခြေဖျားလက်ဖျားလေးတွေလည်း အေးစက်လာ
ည်။ ကြည့်ပါဦး သူမကို သူ ပြုံးပြလိုက်သည်တဲ့လား။

ရှက်စိတ်တို့နှင့် မေခသည် ယောင်ရမ်းကာ သူမလက်
ကို သွားဖြင့် ဖိကိုက်လျက် သူမအကြည့်များ သူ့ထံ နောက်
ကြိမ်မရောက်ရန် ကြိုးစားထိန်းနေလိုက်သည်။

ထိုစဉ်မှာပင် မန္တလေးထွက်မည့်လေယာဉ်မှ လိုက်ပါမည့်
ည်များကို ခေါ်နေပြီမို့ ဒက်ဒီသည် မေခကို နှုတ်ဆက်ကာ
ယာဉ်ပေါ် တက်သွားလေသည်။

မေခသည် ဒက်ဒီကို လက်ပြနှုတ်ဆက်ရင်း သူမအကြည့်
လူကြီးထံ ရောက်ရှိသွားတော့ သူသည်လည်း သူမလိုပင်
ယာဉ်ပေါ် တက်သွားသူအား လက်ပြနှုတ်ဆက်နေလေ၏။

မကြာလိုက် လေယာဉ်သည် လေဆိပ်မှ ထွက်ခွာသွား
သည်။

နေမင်းမှာ မေခကို တစ်ချက်ကြည့်ကာ လေဆိပ်ထဲမှ
သွားသည်။

တည်ငြိမ်လွန်းတဲ့ သူ့အကြည့်နှင့် လျှို့ဝှက်သိပ်သည်း



www.burmeseclassic.com

www.burmeseclassic.com



လွန်းသည့် သူ့အပြုံးတို့ကြောင့် မေခရင်ထဲ မချင့်မရဲဖြစ်နေရသည်

ဖြစ်နိုင်လျှင် မေခသည် သူ့ရင်ထဲကို ထိုးဖောက်ကြည့် ပါသည်။ သူမနှင့်တွေ့သူတိုင်း လှုပ်ရှားသွားသမျှ သူကတော တခြားလူတွေနှင့် ဆန့်ကျင်ဘက်မှ တကယ့်ကို ဆန့်ကျင်ဘက်ဖြ ဖြစ်သည်။

ဟင်း…လူကြီးက ကြီးကျယ်လိုက်တာ။ သူ့ကိုယ်သ ချောတယ်ဆိုပြီး ဘယ်လိုလူကြီးလည်း မသိပါ။ အရမ်းမုန်း ကောင်းတာပဲ။

မေခမှာ နေမင်း၏ နောက်ကျောမြင့်မြင့်မားမားကြီး ကြည့်ပြီး မျက်စောင်းတွေ အခါခါထိုးကာ စိတ်မှာရှုပ်တွေ့နေတော သည်။

သူမ အံလေးကြိတ်ကာ ရှိနေစဉ်မှာပင် နေမင်းသည် လေဆိပ်မှ ထွက်ခွာသွားလေသည်။ သူ့ကားထွက်ပြီး မကြာ မေခကားလေးသည်လည်း လေဆိပ်မှ ထွက်လာခဲ့လေသည်။

မေခမောင်းလာသော ကားလေးက အရှိန်နှုန်းမှန်မှန်ဖြ လမ်းများ တစ်ခုပြီးတစ်ခု ဖြတ်ကျော်ခဲ့ရပြီဖြစ်သည်။

ကိုယ့်အတွေးနှင့်ကိုယ်မို့ မေခ ဘာကိုမှလည်း ဂရုမစိုက် မိ။ ဒီနေရာနှင့် ဒီနေရာဆိုတာက မေခအတွက် ကားကို မျက် မှိတ်မောင်းလို့ရသည့်နေရာ။





သူမအတွေးထဲရှိနေရသည်က ဒုတိယအကြိမ် လေဆိပ်မှာ ဆုံခဲ့ရပြန်သည့် ကိုလူချောကြီးအကြောင်းသာ ဖြစ်သည်။

အတွေးတွေနှင့် မောင်းလာသော မေခကားနောက်သို့ ကားလေးတစ်စီး ကပ်လိုက်ပါလာသည်ကိုတော့ သူမ သတိမထားမိပါ။

ထိုကားလေးသည် မေခကားအား ကျော်လည်းမတက်၊ သူမကားအရှိန်နှေးလျှင် ထိုကားသည် အရှိန်နှုန်းလိုက်နှေးသလို သူမကား အရှိန်နှုန်း မြန်ပါကလည်း လိုက်မြန်လေ၏။

ထိုအချိန်ထိ မေခမှာ သတိမထားမိပေ။ သို့သော် ဘယ်လိုပင် သတိမထားမိပါစေ။ သူမအတွက် သတိထားရန် အကြောင်းက ဖန်လာရပုံက မေခမောင်းလာသော ကားလေးသည် လမ်းဘေးတစ်နေရာသို့ အလိုလို ထိုးရပ်သွားရသောကြောင့်ဖြစ်သည်။

မေခမှာ မျက်နှာလေးပျက်သွားရ၏။

“ဒုက္ခပါပဲ၊ ကားဘာဖြစ်သွားတာလဲမသိဘူး၊ စိတ်ညစ်လိုက်တာ”

မချင့်မရဲလေး ညည်းရင်းက မေခကားပေါ်မှ ဆင်းလိုက်သည်။ ခက်သည်က သူမကားပေါ်ကသာ ဆင်းလာရသည်။ ဘာလုပ်ရမည်မှန်းမသိ။ သူမအနေနှင့် ကားအကြောင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



နားမလည်။ ကားဘာဖြစ်သည်ကိုလည်း မသိ။

ခက်ပြီ။ ခုမှ ခက်ပြီဟူသောအတွေးဖြင့် မျက်နှာလေးပျက်ကာ ဘာလုပ်လို့ လုပ်ရမှန်းမသိ ငိုမဲ့မဲ့လေးနှင့် ကားဖုံးကိုဖွင့်လျက် ဟိုကြည့်ဒီကြည့်နှင့် ငိုမဲ့မဲ့လေးရှိနေခိုက်...

"ကားဘာဖြစ်လို့လဲ ချာတိတ်"

"ရှင်"

"ဟင်"

မျက်ဝန်းအပြုံးသားလေးနှင့် မေခ အံ့သြသွားရသည်။ ကြည့်လေ စောစောကတင် သူမ လေဆိပ်မှာ တွေ့ခဲ့ရသည့်သူ။ ပြီးတော့ လေဆိပ်မှနေ သူမအရင် ကားမောင်းထွက်သွားသည့်သူက ဘယ်လိုကနေ ဘယ်လို အခု သူမအနား ရောက်လာရသည်တဲ့လဲ။

မေခမှာ မယုံကြည်နိုင်သော အကြည့်တွေနှင့် သူ့ကို အကြည့်...

"ဟိတ်...ကိုယ့်ကိုဘာကြည့်နေတာလဲ၊ မင်းကားဘာဖြစ်တာလဲလို့ မေးနေတယ်လေ"

ထိုအခါမှ မေခသည် သတိရသွားရသည့် လူတစ်ယောက်လို ပျာပျာသလဲ ဖြစ်သွားရပြီး...

"ရှင်...ဟို ကားဘာဖြစ်တယ်ဆိုတာ ခလည်းမပြောတတ်ဘူး၊ ဒီကအစ်ကို ကူညီနိုင်ရင် ခကို ကူညီပါနော်"





မေခမှာ အနီးကပ်မြင်နေရသည့် သူ့ရုပ်သွင်ချောချောကြီးကြောင့် စိတ်တွေလှုပ်ရှားကာ စကားတွေပင် ဘာပြောလို့ပြောရမှန်းမသိ ဖြစ်နေလေ၏။

နေမင်းမှာ ထင်တာထက်ပို၍ ကြည်စင်နုဖတ်နေရသော ခေ၏ မျက်နှာနုထွေးထွေးလေးကို တစ်ချက်စိုက်ကြည့်လိုက်ပြီး

"ဒါဆို ဖယ်၊ ကိုယ်ကြည့်ပေးမယ်"

တည်ငြိမ်သောမျက်နှာ၊ တောက်ပသော မျက်ဝန်းများနှင့် အနီးကပ်မြင်ရမှ သူ၏ ယောကျ်ားပီသစွာ ချောမောခန့်ညားမှုတွေကြောင့် မေခ ရင်ခုန်သံတွေ မြန်လာရခြင်းမှာ သူမဘဝအတွက် ပထမဦးဆုံးအကြိမ်သာ ဖြစ်ပါသည်။

သူကြည့်ပေးမည်ဆိုသောကြောင့် မေခ အသာဘေးကပ်လိုက်၏။

နေမင်းမှာ ကျွမ်းကျင်စွာ ကားစက်များကို တစ်ခုပြီးတစ်ခု ကြည့်လျက် ပြင်နေလေသည်။

မကြာလိုက်၊ သူ၏ကားပြင်ဆင်မှုက ပြီးသွားလေ၏။

"ကဲ...ကားပေါ်တက်ပြီး စက်နှိုးကြည့်လိုက်ဦး"

"ရှင်...ဟုတ်ကဲ့"

သွက်လက်စွာပင် မေခသည် ကားတံခါးကို ဖွင့်လျက်



www.burmeseclassic.com

www.burmeseclassic.com



ကားထဲသို့ ဝင်ထိုင်ကာ စက်နှိုးကြည့်လိုက်သည်။

ကားစက်မှာ အလွယ်တကူပင် နှိုးသွားလေ၏။ မေခမှာ ကားသော့ကို ပြန်ပိတ်ပြီး ကားပေါ်မှဆင်းလာကာ…

"ဒီကအစ်ကိုကို ကျေးဇူးပါပဲနော်၊ ကားစက်က နှိုးလို့ရသွားပြီ"

"မလိုပါဘူးဗျာ၊ ကြုံလို့ကူညီရတာပဲ၊ ပြီးတော့ ကားက ဘာမှသိပ်လုပ်လိုက်ရတာလည်းမဟုတ်ဘူး၊ တစ်ခါတစ်ခါ ဒီလိုပဲ ဖြစ်တတ်ပါတယ်"

ခပ်တည်တည် သူ့အပြောကြောင့် မေခသည် မသိမသာ ပခုံးလေးကို တွန့်လိုက်ရင်း…

"ဘာပဲပြောပြော ခကတော့ ကျေးဇူးတင်ပါတယ်၊ အစ်ကိုသာ ရောက်မလာရင် ခတစ်ယောက်တည်း ခုချိန် ဘယ်လောက်ဒုက္ခရောက်နေမလဲ မသိဘူး"

သူမအပြောကြောင့် သူ့မျက်နှာချောချောကြီး ပြုံးသွားရပြီး

"အဟွန်း…ချာတိတ်နာမည်က ခတဲ့လား"

"မေခပါ"

"မေခ ဟုတ်လား"

"ဟုတ်၊ ဘာဖြစ်လို့လဲဟင်"

"အဟွန်း…ဟွန်း ဘာမှမဖြစ်ပါဘူးဗျာ၊ နာမည်ထ





တစ်မျိုးလေးဆန်းပြီး လှနေလို့ပါ၊ ဘာပဲပြောပြော နာမည်နဲ့လူနဲ့ လိုက်ပါတယ်"

"ရှင်"

"ကဲ ကိုယ်သွားမယ်"

ပြောပြောဆိုဆို သူမအနားမှ လှည့်ထွက်ရန်ပြင်တော့ သူ့ကို မေခ မျက်ဝန်းနက်နက်လေးဖြင့် စိုက်ခနဲကြည့်လိုက်ပြီး…

"ခဏ"

မေခမှာ သူ့ရှေ့တွင် ရပ်လိုက်ရင်း…

"ခ ဆိုတာ ဒါပါနဲ့ဆို တတိယအကြိမ်ပေါ့နော်"

မေခစကားကြောင့် နေမင်း မျက်ခုံးကြီးမြင့်တက်သွားကာ

"ဟုတ်လား၊ ကိုယ်တော့ သတိမထားမိဘူး"

ဒါ သူညာတာဆိုတာ မေခ သိလိုက်၏။ သူ့စကားသည် မေခလို မိန်းကလေးအတွက် အခံရခက်သွားစေရမယ်ဆိုတာ သူ မသိဘူးတဲ့လား။ သူ့နေရာမှာ တခြားယောကျ်ားတစ်ယောက်ဆိုပါက သူမလို လှပချောမောလွန်းသည့် မိန်းကလေးတစ်ယောက်၏ အသိအမှတ်ပြုမှုကို အနည်းဆုံး လျစ်လျူရှုလိမ့်မည်မဟုတ်ပါ။

သည့်အပြင် သူမနှင့်ပင် ရင်းနှီးကျွမ်းဝင်အောင် ကြိုးစားမှာဖြစ်သည်။

မေခသည် မခံချင်စိတ်နှင့်အတူ သူမ၏ မိန်းမသားမာန



www.burmeseclassic.com

www.burmeseclassic.com



လေးကလည်း လစ်ခနဲ ပေါ်လာရသည်မို့…

"သတိမထားမိဘူးဆိုတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ခကတော့ သတိထားမိနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ချောလို့"

"ဟာ"

မေခ၏အပြောကြောင့် နေမင်း မျက်နှာကြီး ရဲခနဲဖြစ်သွားရသည်။

မထင်ပါ။ သူမလေး စကားကို ဒီလောက် ဖြောင့်ကျကျ ပြောလိမ့်မည်ဟု နေမင်း လုံးဝမထင်ခဲ့ပါ။

ကြည့်ရတာ သူမလေး သူ့အပေါ် မခံချင်ဖြစ်၍ ပြောလိုက်ပုံရပါ၏။ ပြောပြီး သူမလေး အနေခက်ခက်နှင့် မျက်နှာလေး နီမြန်းနေတာကိုကြည့်ပြီး နေမင်းမှာ ကလေးဆန်လွန်းသည့် မေခကို ပြုံးကြည့်ကာ…

"အဟွန်း…ကိုယ့်ကို ခုလိုချောတယ်ပြောတဲ့အတွက် ချာတိတ်ကို မုန့်ဝယ်ကျွေးရမယ်ထင်တယ်"

"အို"

မေခမှာ သူ၏ပြုံးမြမြမျက်နှာချောချောကြီးကို မကြည့်ရဲတော့ပါ။

သူ့အပေါ် စိတ်မှာ မခံချင်တာနှင့် လွှတ်ခနဲပြောလိုက်မိပြီးမှ မှားသွားမှန်းသိလိုက်ပေမယ့် အချိန်မမီတော့ပါ။





ယခုမှသိရသည့် ယောက်ျားတစ်ယောက်ကို သူမစိတ်ထဲ ရှိသည့်အတိုင်း ဘာကြောင့် ပြောလိုက်ရပါလိမ့်လို့လည်း မေခ သူမကိုယ်သူမ အပြစ်တင်လို့ မဆုံးနိုင်တော့။

နေမင်းမှာ မျက်နှာရဲရဲလေးနှင့် ခေါင်းလေးငုံ့ အရှက်သည်း နေသော မေခကိုကြည့်ကာ…

"မေခ"

"ရှင်"

သူခေါ်တော့ မေခသည် သူ့ကိုမော့ကြည့်လာလေ၏။

"ကိုယ်က နေမင်း၊ ဒါ ကိုယ့်ရဲ့ ဗစ်စတင်းကဒ်"

သူထုတ်ပေးသော ကြွေရောင်တောက်နေသည့် အဖြူရောင် ကဒ်ပြားလေးကို မေခ လှမ်းယူလိုက်သည်။

"ကဲ ကိုယ့်ကိုခွင့်ပြုဦး"

စိုက်ခနဲ သူမအားကြည့်ကာ သူသည် ကားပေါ်တက် မောင်းထွက်သွားလေသည်။

မေခမှာ သူပေးခဲ့သော ဗစ်စတင်းကဒ်လေးကို ကြည့်လိုက်သည်။

ကုမ္ပဏီအမည်နှင့်အတူ ဦးနေမင်း မန်နေးဂျင်းဒါရိုက်တာ ဟု ရေးထားတာကြောင့် သူဟာ ကုမ္ပဏီပိုင်ရှင်တစ်ယောက်ပါလား ဟု မေခ သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မေခမှာ မမျှော်လင့်ဘဲ သူမ သိချင်နေရသည့် သူ့အကြောင်းကို သိလိုက်ရပြီမို့ ရင်ထဲ ပျော်သလိုလို ကြည်နူးသလိုလိုနှင့် ဝေခွဲရခက်သော ခံစားမှုတွေက ရင်ဝယ်စီးဝင်ပျံ့နှံ့နေရတော့သည်။

● ● ●



## အခန်း (၁၀)

ဦးနေမင်း။

မေခသည် ကဒ်ပြားဖြူဖြူလေးပေါ်မှ ဦးနေမင်းဆိုသည့် စာလုံးလေးကို လက်နှင့် ခပ်ဖွဖွပွတ်သပ်ရင်း နှုတ်မှ ခပ်တိုးတိုးလေး ရေရွတ်လိုက်မိသည်။

ဘာလိုလိုနှင့် ဦးနေမင်းနှင့်သူမ မဆုံဖြစ်တာပင် အတော်ကြာပြီဖြစ်သည်။ အရင်တုန်းကမှ အမှတ်တမဲ့ ဆုံဖြစ်သေး၏။ ခုရက်တွေမှာတော့ မဆုံသလောက် ရှိနေရသည်။

တွေ့ချင်သူကို မတွေ့ရပြန်တော့လည်း ရင်ထဲ လွမ်းသလိုလို။ သူမနဲ့သူဆိုတာ ဘာဆိုင်မှတ်လို့ဟု ကိုယ့်ကိုယ်ကို အကြိမ်ကြိမ် ပြန်သတိပေးပေမယ့် သူ့ကို သတိရတာကတော့ သူမရင်ထဲ လျော့မသွား။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမင်းရယ်၊ ရှင့်ကို မတွေ့ခဲ့ရင် သိပ်ကောင်းမှာပဲဆို သည့် အတွေးများဖြင့်လည်း မေခ သူမကိုယ်သူမ အားမလိုအားမရ ဖြစ်ခဲ့ရသည်။

တစ်ဖက်သတ်ဆန်သည့် ခံစားမှုတွေကြောင့် မေခသည် နေမင်းကို မေ့ပစ်ဖို့ ကြိုးစားခဲ့ပါသေးသည်။ ခက်သည်က ဘယ်လို မှ မေ့၍မရနိုင်ခြင်းပင်။

ကြင်နာနွေးထွေးသောအသံ၊ တည်ကြည်ခန့်ညားတဲ့ရုပ် အနီးကပ်လေ ပိုချောလေဆိုတာမျိုးပါပဲ၊ မျက်ဝန်းတွေက နူးနူးညံ့ညံ့ နဲ့ တောက်ပနေပြီး နှုတ်ခမ်းက သူ့အလိုလို ပြုံးနေတဲ့သူကို ငါမေ့ပစ် ဖို့ဆိုတာ ဘယ်လိုမှ လွယ်မယ်မထင်ဘူး။

ဘုရားရေ။

သည်ပုံအတိုင်းဆို ငါ့ကို သူစိုးမိုးနေတာ သေချာနေပြီ ငါ ငါ ဘယ်လိုလုပ်ရမလဲ။

ဦးနေမင်းသည် သူမနှလုံးသားထဲ နက်ရှိုင်းစွာ နင့်ရှူးဝင် နေရသည့်အဖြစ်အတွက် မေခသည် သူမကိုယ်သူမ ပြန်၍ ကြောက်ရွံ့လာရသည်။

သို့ပေမယ့် မေခသည် ထိုအခြေအနေမှ လွတ်မြောက်ရန် ကိုတော့ မကြိုးစားပါပေ။

ယခင်က စာမှလွဲ၍ တခြားဘာကိုမှ စိတ်မဝင်စားခဲ့သော





ခုချိန်မှာတော့ သူမအတွေး သူမစိတ်ကူးမှန်သမျှထဲတွင် ဦးနေမင်း သာ ရှိနေလေသည်။

ထို့ကြောင့်လည်း မေခသည် စာကို ကောင်းကောင်း ကျက်နိုင်တော့။ အချိန်တိုင်းသာ ဦးနေမင်းက သူမကို စိုးမိုးထား သည်မဟုတ်ပါလား။

မေခသည် နေမင်း၏ ဗစ်စတင်းကဒ်လေးကို ရင်ဘတ် ပေါ်တင်ကာ မျက်ဝန်းမှိတ်လိုက်တော့ သူ့ပုံရိပ်က ပေါ်လာရသည်။

"ဦးနေမင်း...ဦးနေမင်းရယ်"

သူ့အကြောင်းတွေးနေရာမှ သူ့အား ရင်မှာ ပြင်းပြင်းပြပြ သတိရလာသည်မို့ မေခ စိတ်၏စေညွှန်းရာအတိုင်း ဦးနေမင်းနှင့် တွေ့နိုင်မည့်နည်းကို ရှာလိုက်သည်။

မကြာပါ။ မေခသည် အကြံရသွားရသလို အိပ်ရာပေါ်မှ ထခုန်ထလိုက်ပြီးနောက် အဝတ်ဗီရိုကြီးကိုဖွင့်ကာ အဝတ်အစား များ တစ်စုံပြီးတစ်စုံ ထုတ်လျက် အလုပ်ရှုပ်နေတော့သည်။

သည်နောက် သူမနှင့် လိုက်ဖက်မည့် အလှပဆုံးဝတ်စုံ ကို ဝတ်လိုက်ပြီး မှန်ရှေ့သွားရပ်ကြည့်လိုက်သည်။

မှန်ထဲတွင် ပေါ်လာသည်က သိပ်ကိုလှပနေသည့် မိန်းက လေးတစ်ယောက်။ ကော်ဖီရင့်ရင့်ဝတ်စုံလေးက ဝင်းဝါနုထွေးသော အသားအရေနှင့် လွန်စွာလိုက်ဖက်လွန်းနေရသလို ဖြူနုသော မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လှလှလေးမှာ မိတ်ကပ်ပါးပါးလေး လူးထားတာကြောင့် စိုဝင်းရှင်ပကာ အရမ်းကို လှနေရသည်။

ကျောလယ်မှာ ဝဲနေသော ဆံပင်များကို ဒီအတိုင်းပင် မေခ ဖြန့်ချထားလိုက်သည်။

အားလုံးပြင်ဆင်ပြီးသည်နှင့် မေခ မှန်ထဲ သူမကိုယ်သူမ ပြန်ကြည့်လိုက်လေ၏။

မေခမှာ မှန်ထဲမြင်နေရသည့် သူမကိုယ်သူမ ကြည့်လို့ မဝနိုင်အောင် ရှိနေရသည်။

မေခသည် အကြည့်များကို ရုပ်သိမ်းကာ ကားသော့ကို လျက် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"ကြည့်စမ်း…သမီးလေး လှလိုက်ပါလား၊ ဒါ ဘယ်သွားမလို့လဲ"

မေခ၏မာမီမှာ သိပ်လှနေသော သမီးကို ကြည့်မဝနိုင်ဖြင့် မေးလိုက်သည်။

"သမီး ဒါလီတို့နဲ့ ဈေးဝယ်ထွက်မလို့ မာမီ"

"ဟာတော့…မာမီ့သမီးတော့ ကျားသားမိုးကြိုးပါ ဘယ်တုန်းကမှ ဈေးဝယ်မထွက်တဲ့ မာမီ့သမီး၊ ခု ဈေးဝယ်ထွက်မယ်ဆိုတာ အထူးအဆန်းပါပဲလား၊ ကောင်းတယ် ကောင်းတယ် လူငယ်ပီပီ အဲလိုလေးလည်း နေဦးမှပေါ့၊ ဒါနဲ့ သမီးမှာ ပိုက်ဆံ





လုံအလောက်ပါရဲ့လား၊ နည်းရင် ယူသွားဦးလေ သမီး"

"ပါတယ် မာမီ၊ သမီး သွားတော့မယ်"

တစ်သက်နှင့်တစ်ကိုယ် မာမီ့အပေါ် တစ်ခါမှ မလိမ်ညာဖူးသော မေခ အခုတစ်ခါ လိမ်ညာရသည်ကိုပင် ကိုယ့်ကိုယ်ကို အံ့ဩ၏။ ခေါင်းရှုပ်ပြန်လျက် အနေခက်ခက်နှင့်ပင် မာမီ့ရှေ့မှ ခပ်သွက်သွက် ထွက်လာခဲ့လိုက်သည်။

ဪ…အချစ်စိတ်သည် လူတွေ၏စိတ်ကို ပြောင်းလဲစေတတ်သည်ပဲလေ။

မေခမှာ ဒါလီကိုဝင်ခေါ်ကာ ဦးနေမင်းရှိရာသို့ ထွက်လာခဲ့သည်။

သူမအတွက် ကံကောင်းသည်လို့ ပြောရမည်လားမသိပါ။ ဦးနေမင်းကုမ္ပဏီနှင့် မျက်နှာချင်းဆိုင်တွင် အဆင့်မြင့်၍ သန့်ရှင်းသပ်ရပ်သော ကော်ဖီဆိုင်တစ်ဆိုင် ဖွင့်ထားလေသည်။

"ဒါလီ…ကျွန်မတို့ ဒီဆိုင်မှာ ကော်ဖီသောက်ကြရအောင်"

မေခသည် ဒါလီအား ဦးနေမင်းနှင့်ပတ်သက်ကာ ပြောပြထားသည်။ ဒါကလည်း ဒါလီကို ယုံကြည်သောကြောင့်ဖြစ်သည်။ ဒါလီသည် နှုတ်နည်းကာ ကတိတစ်လုံးကို အသက်ထက် တန်ဖိုးထားတတ်သူ ဖြစ်သောကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



မေခ ဦးဆောင်လျက် ကော်ဖီဆိုင်ထဲသို့ ဝင်လာခဲ့၏ ဆိုင်လေးသည် အမည်တော်တော်ရသည်ထင်၏။ သူမတို့ရောက် သွားချိန်တွင် ဆိုင်မှာ ကော်ဖီလာသောက်သူများ အတော်များနေ ဖြစ်သည်။

ဆိုင်မှ ဦးနေမင်း၏ ကုမ္ပဏီကို လှမ်းမြင်ရသော စား တစ်ခုတွင် မေခ ရွေး၍ထိုင်လိုက်သည်။

သည်နေရာကကြည့်လျှင် ဦးနေမင်း၏ကုမ္ပဏီကို ကော ကောင်းမြင်ရသည်ပဲလေ။

"ဒီဆိုင်လေးရှိတာ ကျွန်မတို့အတွက် ကံကောင်းတာ နော် ခ၊ ခရဲ့လူကို ကျွန်မတို့ ဒီနေရာကနေ ဣန္ဒြေမပျက် စောင့် ရတာပေါ့"

"အဟင်း...ခရဲ့လူမဟုတ်ပါဘူး ဒါလီ၊ ခ စိတ်ဝင် တဲ့လူပါ"

မေခမှာ ဒါလီစကားကို မလုံမလဲ ရှက်ရောင်ဝဲဝဲလေး ဖြေရှင်းလိုက်တော့ ဒါလီမှာ ပြုံးကာ...

"အမယ်လေး မရွှေခရယ်၊ ကျွန်မပြောတာ ဘာများ လို့လဲ၊ ဦးနေမင်းကို မင်း စိတ်ဝင်စားမှတော့ သူဟာ မင်းလူပဲပေ

"ဒါလီနော်"

"ဘာလဲ ကျွန်မပြောတာ မဟုတ်လို့လား"





"အဟင်း...ဟင်း...ဟုတ်တယ်"

မေခ အပြုံးလေးနှင့် ကျေကျေနပ်နပ်ကြီးပြောရင်း သူမ ကြည့်များက ဦးနေမင်းကုမ္ပဏီဆီသို့ ရောက်ရှိသွားရသည်။

"ဘုရားရေ...ဟိုမှာ ဦးနေမင်းနဲ့ လူတစ်ယောက် ဒီဆိုင် ကိုလာနေပြီ ဒါလီ"

"ဘယ်မှာလဲ ခ၊ ဘယ်မှာလဲ"

"ဟိုမှာလေ...နံ့သာရောင်အင်္ကျီနဲ့ ဘောင်းဘီနက်ပြာဝတ် ထားတဲ့လူ"

"ဦးနေမင်းဆိုတာ သူလား"

"ဟုတ်တယ်"

"အရမ်းချောတာပဲနော်"

ဦးနေမင်းပုံစံက တကယ်ပဲ တည်ကြည်ချောမောနေရ သည်။

"ဒါလီ သူလာပြီ၊ ခတို့ ဘာလုပ်ကြမလဲ"

အတွေ့အကြုံမရှိသည့် မေခပုံစံက စိတ်လှုပ်ရှားနေမှန်း သာနေရသည်။ ဒါလီသည်လည်း ဘာလုပ်ရမည်ကို အကြံမပေး တော်။

"သိပ်ပြီး စိတ်လှုပ်ရှားမနေပါနဲ့ ခရယ်၊ အခြေအနေကို ကြည့်ကြတာပေါ့၊ ကျွန်မတွေးတာ မမှားဘူးဆိုရင် ကော်ဖီသောက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့အတွက် သူ ဒီကိုလာမှာပဲ''

''မလာရင်ရော ဒါလီ''

''သေချာတယ်၊ သူလာမှာပါ''

ဒါလီမှာ သေချာပေါက်ဟန်နှင့် ပြောနေတာမို့ မေခ ဘာ မပြောတော့ပါ။

သို့သော် သူမ၏မျက်ဝန်းထဲမှာကော့ မျှော်လင့်ချက် ဖြင့် တောက်ပနေရသည်။ ထို့အတူ သူလာပါစေဟူ၍လည်း ဆုတောင်းလိုက်မိသည်။

သူမဆုတောင်းပြည့်သည်လို့ ပြောရမည်လားမသိ လူတစ်ယောက်နှင့်အတူ စကားပြောရင်း ကော်ဖီဆိုင်ထဲသို့ ဦးနေ ဝင်လာလေသည်။

ဘောင်းဘီထဲ လက်နှိုက်လျှောက်လာသော ဖြောင့် သော ကိုယ်ဟန်နှင့် သူ့ပုံစံက အရမ်းကြည့်လို့ကောင်းနေရသ

''ဒါလီ သူလာနေပြီ''

''ဟုတ်တယ် ခ၊ ဦးနေမင်း ဆိုင်ထဲဝင်လာပြီ၊ ကြည့် ရှင် ညို့ယူခေါ်လိုက်တာများလား''

''အရေးထဲ မင်းက နောက်နေပြန်ပြီ ဒါလီ၊ သူ ခ ရင် နှုတ်ဆက်ပါ့မလားဟင်''

''အို...သူ နှုတ်ဆက်ဆက် မဆက်ဆက် ရှင်က





နှုတ်ဆက်ရမယ်၊ ဘာကြောင့်လဲဆိုတော့ လူကြီးနဲ့လူငယ်မှာ လူငယ်ကအရင် စနှုတ်ဆက်တာ သဘာဝပဲလေ''

ဒါလီသည် ဒီလိုနေရာမျိုးမှာတော့ သူမထက်သာသွားပြန်သည်။ ဘယ်ယောကျ်ားတစ်ယောက်အတွက်နှင့်မှ စိတ်မလှုပ်ရှားခဲ့ဖူးသော မေခ၊ ယခု ဦးနေမင်းနှင့်မှ တကယ့်ကို သည်းသည်းလှုပ်ဖြစ်နေပါရောလား။

ဦးနေမင်းဆိုင်ထဲ ဝင်လာချိန်တွင် မေခ မျက်လွှာလေး ချထားလိုက်သည်။ ဘာပဲပြောပြော ဆိုင်ဝင်ပေါက်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသော မေခကို ဦးနေမင်း တွေ့မှာက မလွဲပါ။

သူများ လာနှုတ်ဆက်လေမလားဟု ရင်ခုန်စိတ်လှုပ်ရှားစွာ တွေးနေပေမယ့် အခြေအနေကတော့ဖြင့် ဘာမှထူးမလာပေ။

ဒါလီမှာ သွက်လက်စွာပင်...

''ဦးနေမင်းကို သွားနှုတ်ဆက်လေ''

''ဖြစ်...ဖြစ်ပါ့မလား''

''ဘာလို့မဖြစ်ရမှာလဲ ခရဲ့၊ သွားပါ သွားနှုတ်ဆက်လိုက်''

လူကိုမြင်ပါရက်နှင့် မသိဟန်ဆောင်နေနိုင်လွန်းသူကို မေခ အသည်းယားယားနှင့် မခံချင်ဖြစ်လာရသည်မို့ ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ နှုတ်ခမ်းဖူးဖူးလေးကို ဖိကိုက်လိုက်ပြီးနောက် နေရာ



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်စွာထကာ...

"ဦးနေမင်း ကော်ဖီလာသောက်တာလား"

"သြော်...မင်းကို"

ယခုမှ သူမကို မြင်လေဟန်ဖြင့် တုံ့ပြန်လာသော ဦးနေမင်း၏ တုံ့ပြန်မှုကြောင့် မေခ အခံရခက်သွားရသည်။

သိပ်ကိုကြီးကျယ်တဲ့လူ။ သူမကို ဆိုင်ထဲဝင်လာကတည်းက မြင်ပါရက်နှင့် မမြင်ဟန်ဆောင်တာ အလကားဟန်ဆောင်တာ

မေခမှာ မကျေမနပ်ဖြင့် အကြည့်ခပ်စွေစွေလေးနှင့် ဦးနေမင်းအား ကြည့်လိုက်သည်။

သူမ၏ ထိုအကြည့်က နေမင်းရင်ထဲ စိုက်ဝင်သွားရသည် သို့သော် အပြင်မှာတော့ နေမင်းသည် မျက်နှာကြ တည်တည်တင်း တင်းထားလျက် မေခအကြည့် မသိဟန်ဆောင်လိုက်ပြီး...

"မင်းတို့ကော ဒီဆိုင်မှာ ကော်ဖီလာသောက်တာလား"

"ဟုတ်တယ်၊ ခတို့က ဒီဆိုင်ကကော်ဖီကြိုက်လို့ နေ့ လာသောက်တာ"

မေခ စကားကြောင့် နေမင်း မျက်ခုံးကြီးပင့်သွားရပြီး

"ဟုတ်လား၊ အရင်က မင်းတို့ကို ကိုယ်မမြင်ပါလား"

နေမင်းစကားကို မေခ မလုံမလဲဖြင့် ဖြူနုသောမျက်





လေး နီရဲသွားရသည်။

တစ်ဆက်ထည်း စိတ်ထဲတွင် ပိပိရိရိ မညာတတ်သည့် သူမကိုယ်သူမ သေလိုက်ပါတော့ဆိုသည့်စကားဖြင့် မချင့်မရဲဆိုလိုက်ရင်း...

"အရင်ရက်တွေတုန်းက ခတို့က စာမေးပွဲအတွက် မအားလို့ မရောက်တာပါ"

"သြော်...သြော်"

နေမင်းမှာ နှုတ်ခမ်းတစ်ဖက် ကွေးတက်သွားအောင် ပြုံးရင်း ခေါင်းညိတ်လိုက်သည်။

ထိုအပြုံးအမူကို မေခမှာ မကြိုက်ပါ။ သူ့ပုံစံက သူမညာပြောတာကို သိနေပါသည်လို့ ပြောနေသယောင်။

"ဟို ဦးနေမင်း ခတို့စားပွဲမှာ လာထိုင်ပါလား"

"ကျေးဇူးပဲ၊ ကိုယ့်မိတ်ဆွေပါလာတယ်၊ နောက်ကြုံဦးမှာပေါ့ ဟုတ်လား"

နားလည်ရခက်သည့် အကြည့်ဖြင့် သူမအား ခပ်စူးစူး စိုက်ကြည့်ကာ ထွက်သွားတာကြောင့် မေခ မခံချိမခံသာနှင့် ကျန်ရစ်ခဲ့ရသည်။

ဘယ်လောက်အခံရခက်တဲ့ အဖြစ်လဲနော်၊ လူတိုင်းက လှပါတယ်ဆိုတဲ့ သူမအလှက ဦးနေမင်းဆိုတဲ့သူအတွက် မလှ



www.burmeseclassic.com

www.burmeseclassic.com



လောက်လို့လား။ ဒါမှမဟုတ် သိပ်ကိုလှပါတယ်ဆိုတဲ့ သူမအလှကပဲ သူ့ကို မဆွဲဆောင်နိုင်လို့လား။ ဘာပဲပြောပြော သူ့ရဲ့ အဲဒီအပြုအမူတွေက မေခရဲ့ မာနစိတ်ကို နှိုးဆွလိုက်တာကတော့ သေချာပါသည်။

"ဦးနေမင်း ရှင် ဘယ်လောက်ထိ ကျွန်မအလှကို မသိဟန်ပြု တင်းခံနေနိုင်မှာလဲ၊ ကျွန်မဘဝမှာ အခုချိန်ထိ ကျွန်မလိုချင်တာ မရခဲ့ဘူးဆိုတာ မရှိခဲ့ဘူး၊ ဒါပေမယ့် ရှင်နဲ့တွေ့တော့ ဒါတွေအားလုံးဟာ ကျွန်မအတွက် ဆန့်ကျင်ဘက်ဖြစ်နေတယ်၊ အဲဒီအတွက် ရှင် ကျွန်မကို ပြန်ပြီး ပေးဆပ်ရလိမ့်မယ် ဦးနေမင်း"ဟု မေခစိတ်မှာ ကြိတ်၍ ကြိမ်းဝါးလိုက်သည်။

"ဘယ်လိုလဲဗျ ဦးနေမင်း၊ စောစောက ချာတိတ်မက ခင်ဗျားမိတ်ဆွေလား၊ ချာတိတ်မက ချောတာတော့ တော်တော်ချောတယ်နော်၊ ကျွန်တော်တို့နဲ့လည်း မိတ်ဆက်ပေးဦးလေဗျာ"

မေခအား ကျောပေးလျက် နေမင်း စားပွဲတစ်ခုတွင် ဝင်ထိုင်လိုက်သည်နှင့် သူနှင့်အတူပါလာသည့် ကိုဆက်နောင်မှာ ပြုံးစေ့စေ့ဖြင့် ပြောလိုက်လေသည်။

ကိုဆက်နောင်ပြောတဲ့ ခင်ဗျားချာတိတ်မဆိုတာက မေခကိုပြောတာပင်ဖြစ်သည်။

ဖြူဖွေးဝင်းမွတ်သော အသားနှင့် လိုက်ဖက်စွာ ဝတ်ထား





သည့် ဝတ်စုံလေးကလည်း သူမလေးနှင့် လွန်စွာ လိုက်ဖက်နေရလေသည်။

သည်ကောင်မလေး ဒီဆိုင်က ကော်ဖီကိုကြိုက်လို့ နေ့တိုင်းလာသောက်တယ်ဆိုတာ တကယ်မှ ဟုတ်ပါရဲ့လား။ သူမပုံစံလေးက မာကျောကျော ပေဂျစ်ဂျစ်ပုံစံ၊ ဒါကိုလည်း နေမင်း မီးပွိုင့်မှာ သူမနှင့် စဆုံကတည်းက သတိထားမိခဲ့ပါသည်။

သူ့အား အကြည့်စူးစူးလေးတွေဖြင့် ငေးမောကြည့်နေသည့် သူမ၏ မျက်ဝန်းနက်နက်လှလှလေးနှင့် ဆုံလိုက်မိစဉ်မှာပင် သူ့ရင်အစုံသည် လှိုက်ခုန်ရင်မောခဲ့ရသည်။

သူမတို့လို ငယ်ရွယ်နုနယ်သော ဆယ်ကျော်သက် မိန်းကလေးတွေ၏ စိတ်လှုပ်ရှားမှုကို သူ့အနေနှင့် အတည်မယူနိုင်ပါ။

သူမတို့အရွယ်ဆိုတာ အရာရာကို စိတ်လှုပ်ရှားလွယ်သည့် အရွယ်။ သည်တော့ သူ၏ ချောမောသော ရုပ်သွင်အပေါ်မှာ စိတ်လှုပ်ရှားကစားသည်က မဆန်း။

အဲ…ဆန်းနေသည်က သူ့စိတ်။

သူ့စိတ်သည် သူမနှင့်ပတ်သက်ကာ ဘာကြောင့် လှုပ်ရှားနေရပါသည်လဲ။ တကယ်တော့ နေမင်းဆိုသည့်သူသည် မိန်းကလေးများနှင့် ပတ်သက်လာလျှင် အတွေ့အကြုံမရှိသူမဟုတ်ပါ။

သူ့ဘဝတွင် မိန်းမချော မိန်းမလှပေါင်းများစွာနှင့် ကြုံဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆုံဘူးပါရက်နှင့် အခုမှ တွေ့ရသော ဘာမဟုတ်သည့် ချာတိတ်မလေးနှင့်မှ နေမင်း သူမနှင့်တွေ့သည့်အချိန်တိုင်း ရင်ခုန်သံတွေ မမှန်နိုင်အောင် ဖြစ်ခဲ့ရသည့်အဖြစ်။

မခဲဆိုသည့် ချာတိတ်မနှင့် ပတ်သက်ကာ ထိုသို့ ခံစားရသည်ကိုပင် နေမင်းမှာ သူ့ကိုယ်သူ မလိုလား လက်မခံနိုင်စွာ ခေါင်းကို အသာခါယမ်းပစ်လိုက်သည်။

"ဘာလဲဗျ…ခင်ဗျားက ခင်ဗျားချာတိတ်မနဲ့ မိတ်မဆက်ပေးနိုင်လို့ ခေါင်းခါနေတာလား၊ မရဘူးနော် ဦးနေမင်း၊ ခင်ဗျား ဒီလိုလျှိုလို့တော့ မရဘူး"

အရေးထဲ သူ့ကိုအထင်လွဲနေသည့် ကိုဆက်နောင်ကြောင့် နေမင်း မချိပြုံး ပြုံးလိုက်မိသည်။

"အဟွန်း…မဟုတ်ရပါဘူးဗျာ၊ အဲဒီချာတိတ်မနဲ့ ကျွန်တော်က သိတယ်ဆိုရုံပါ၊ ခင်ဗျားထင်သလိုမဟုတ်ပါဘူး ကိုဆက်နောင်"

"ဟုတ်လား၊ ဒါပေမယ့် ကျွန်တော်ကြည့်ရသလောက်ကတော့ ချာတိတ်မက ခင်ဗျားအပေါ် ရင်းရင်းနှီးနှီးပဲနော်"

သူ့စကားကို မယုံသလို ပြောနေသော ကိုဆက်နောင်ကြောင့် နေမင်း အခက်တွေ့သွားရပြီး…

"ခက်ပါလား ကိုဆက်နောင်ရယ်၊ ခင်ဗျားကို ကျွန်တော်





က ညာပါ့မလား"

"ကောင်းပြီလေ ခင်ဗျားပြောသလို ချာတိတ်မနဲ့ခင်ဗျား ဘယ်လိုမှ မပတ်သက်ဘူးဆို ခင်ဗျား ကျွန်တော့်ကို ချာတိတ်မနဲ့ မိတ်ဆက်ပေးနိုင်မလား"

"ဒါတော့မလုပ်နဲ့ ကိုဆက်နောင်၊ ကျွန်တော့်အကြောင်း ခင်ဗျားလည်းသိနေတာပဲ၊ နေမင်းဘဝမှာ မိန်းကလေးတစ်ယောက်ကို မိတ်ဆက်ခဲ့တာ မရှိဘူးဆိုတာ"

"ဘာလဲ ခင်ဗျားက ခေါင်းရှောင်တယ်ပေါ့၊ ရပါတယ်ဗျာ၊ ကျွန်တော်က ဒီလောက်တော့ သတ္တိမနည်းပါဘူး"

ကိုဆက်နောင်မှာ ပြောပြောဆိုဆို ထိုင်ရာမှထသွားတာကြောင့် နေမင်း စိုးရိမ်သွားရသည်။ ကိုဆက်နောင်ဆိုတာက လွယ်သူမဟုတ်။ မိန်းကလေးလှလှမြင်ပါက ရောချင်သည့်သူ။

ပြီးတော့ မိန်းကလေးတွေနှင့် ကင်းရှင်းသူမဟုတ်။ ပြောရလျှင် မိန်းကလေးကိစ္စနှင့် ပတ်သက်ပြီး နာမည်ပျက်ရှိသူ ကိုဆက်နောင်သည် ရုပ်ချောသလို အပြောလည်းကောင်းသူတစ်ယောက်ပင်ဖြစ်သည်။

တော်ရုံ မိန်းကလေးအဖို့ ကိုဆက်နောင် အပြောတွင်ပါလျက် နောက်ပိုင်း ဇာတ်လမ်းတွေ ရှုပ်ထွေးကုန်လေသည်။

နေမင်း စိုးရိမ်သည့်အတိုင်း ချာတိတ်မတွေက ကိုဆက်



www.burmeseclassic.com

www.burmeseclassic.com



နောင်နှင့် အဖွဲ့ကျနေလေပြီ။ သူကြည့်လိုက်မှ မေခသည် မျက်နှာလှလှလေးကို ပိုရှုံ့မြိုးချိုကာ ကိုဆက်နောင်နှင့် စကားတွေ ရယ်ရယ်မောမော ပြောနေတာမို့ နေမင်းမှာ မျက်ခုံးကြီးတွန့်ကြုတ်သွားရလေသည်။

ဒါ...သူမလေး သူ့ကိုရွဲ့တာပေါ့လေ။ ကျွတ်...ခက်တဲ့ချာတိတ်မပါလား။

မေခကိုကြည့်သည့် ကိုဆက်နောင်အကြည့်တွေက အရောင်တွေ တောက်နေရသည်။

သူမ ကိုဆက်နောင်အကြောင်း ဘယ်လောက်သိလို့ ဒီလောက်ရင်းနှီးစွာ စကားတွေပြောနေရတာပါလိမ့်။

နေမင်းမှာ ထိုမြင်ကွင်းကို စိတ်ပျက်သလို အကြည့်လွှဲကာ သက်ပြင်းကြိတ်ချလိုက်သည်။ သည်နောက် ရှေ့တွင်ရှိသော ကော်ဖီကို အချိန်ဆွဲသောက်ကာ ကိုဆက်နောင်အလာကို စောင့်နေလိုက်သည်။

မေခတို့ဝိုင်းမှ ကိုဆက်နောင်နှင့် ရင်းရင်းနှီးနှီး ရယ်မောသံများကို ကြားရလေလေ သူ့ရင်ကို ပူလောင်ရလေဖြစ်သည်။ ဒါ ဘာဖြစ်တာပါလိမ့်။ တကယ်ဆို သူနှင့်သူမဆိုတာ ဘာမှမဆိုင်။ သူမဘာသာ ဘယ်သူနှင့် စကားပြောပြော သူ့အနေနှင့် အနေသာကြီးသာဖြစ်ပါသည်။





ခက်တာက အပြစ်ကင်းစင်သည့် မျက်ဝန်းတစ်စုံက သူ့ရင်ကို စိုးရိမ်မှုတွေနှင့် စိတ်မချစေရသည့်အဖြစ်။ ခက်တော့နေလေပြီ။

ခဏကြာတော့ ကိုဆက်နောင် သူရှိရာသို့ ပြန်ရောက်လာလေသည်။

"ဦးနေမင်း ချာတိတ်မလေးတွေက မာနခဲလေးတွေပဲ၊ ဒါပေမယ့် ခင်ဖို့တော့ကောင်းပါတယ်၊ သွက်သွက်လက်လက်နဲ့ ချစ်စရာလေးတွေ၊ မေခဆိုတဲ့ ချာတိတ်မကို ကျွန်တော် ပိုသဘောကျတယ်၊ အနီးကပ်ကြည့်မှ တော်တော်လှတယ်ဗျာ"

မေခတဲ့။ နာမည်တောင် ကိုဆက်နောင် သိနေပါရောလား။ ကိုဆက်နောင်သည် မိန်းမချော မိန်းမလှလေးတွေအားလုံးကို စိတ်ဝင်စားတတ်သော ယောကျ်ားဆိုတာ မေခ သိပါရဲ့လား။

"ချာတိတ်မလေးတွေက တကယ့်အဖြူထည်လေးတွေပါဗျာ၊ ကျွန်တော့်မျက်နှာပျက်အောင်တော့ ကိုဆက်နောင် မလုပ်နဲ့နော်၊ ပြီးတော့ ဒီကို ကိုဆက်နောင်လာတာ ခဏပဲဆိုတာလည်း သတိထားဦး"

ကိုဆက်နောင်နေတာက စင်ကာပူမှာဖြစ်သည်။ ဟိုမှာက စင်ကာပူ သူ့ဇနီးလည်းရှိနေတာကို အသိမို့ နေမင်းမှာ စိတ်လွှတ်ချင်နေသော ကိုဆက်နောင်ကို သတိပေးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ…ဟဲ ကျွန်တော်ကလည်း ရိုးရိုးသားသား ခင်မင်ရင်းနှီးရုံပါဗျာ၊ ပြီးတော့ သူတို့စိတ်ဝင်စားတာလည်း ခင်ဗျားကိုဆိုတာ ကျွန်တော်သတိထားမိပါတယ်"

ကိုဆက်နောင် ဒီလိုပြောပြန်တော့ နေမင်းမျက်နှာကြီးနီမြန်းလျက် အနေခက်သွားရသည်။ ဆယ်ကျော်သက်ရွယ် မိန်းကလေးတစ်ယောက်၏ စိတ်လှုပ်ရှားမှုကို သူ ဂရုမစိုက်ချင်ပါ။

"ဒါတွေ ထားလိုက်ပါဗျာ၊ ကျွန်တော်တို့ ဒီနေ့ ကုမ္ပဏီမှာ စည့်သည်တွေနဲ့ ချိန်းထားတာ သွားစို့"

နေမင်း လက်ကနာရီကို တစ်ချက်ကြည့်ရင်း နေရာကထလိုက်သည်။ ဒီနောက် သူမတို့စားပွဲကို ဖြတ်အလျှောက်…

"သွားလိုက်ပါဦးမယ် မေခ"

ကိုဆက်နောင်၏ နှုတ်ဆက်စကားကြောင့် မေခ အကြည့်စူးစူးလေးတစ်ချက်က နေမင်းထံ ရောက်သွားရပြီး…

"ဦးနေမင်းကြည့်ရတာ ခတို့ကို ဒကာခံရမှာကြောက်လို့မသိဟန်ဆောင်နေတာများလား"

သူမအား မသိဟန်ဆောင် လျစ်လျူရှုနေနိုင်လွန်းသော နေမင်းကို မေခမှာ တမင်ပင် အသည်းယားယားနှင့် ပြောလိုက်သည်။

နေမင်းမှာ သူမစကားကြောင့် အားတုံ့အားနာဖြစ်သွားရ





ဦး…

"မဟုတ်ပါဘူး မေခ၊ ကိုယ် အလုပ်လေးတွေရှိနေလို့ပါ"

မေခ မျက်နှာလေး ကွက်ခနဲ ပျက်သွားကာ…

"ယုံပါတယ် ဦးနေမင်းက လူကြီးလူကောင်းတစ်ယောက် မလိမ်ညာတတ်ဘူးဆိုတာ ကျွန်မယုံတယ်"

ဒါ သူမလေး သူ့ကို တမင်ရွဲ့ပြောတာလား၊ အတည်ပြောကိုက်တာလားဆိုတာ သူမမျက်နှာလှလှလေးကို အကဲခတ်လိုက်တော့ ထင်တာထက်ပို၍ တည်ငြိမ်အေးစက်နေရသော မျက်နှာလေးကြောင့် အကဲခတ်ဖို့ သူပင် ခက်သွားရသည်။

ထိုခဏ နေမင်းနှင့် မေခတို့နှစ်ဦးမှာ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်နေမိကြသည်။

မေခသည် ဦးနေမင်းနှင့် အကြည့်ချင်း အတန်ကြာဆုံကာင် ကြည့်ပြီးနောက် သူမအကြည့်များကို သူ့ထံမှ ဆတ်ခနဲလွှဲလိုက်ပြီး…

"ကျွန်မတို့ကို ဒကာခံဖို့ ဦးနေမင်းမှာ ဆန္ဒရှိတယ်ဆိုတစ်နေ့ ကျွန်မတို့ ဒီမှာပြန်ဆုံကြသေးတာပေါ့"

"အိုကေ…အိုကေ ကိုယ်လည်း မေခနဲ့ ပြန်ဆုံချင်ပါသေးတယ်"

ထိုစကားကို ဦးနေမင်းသည် မေခအား စူးစူးစိုက်စိုက်



www.burmeseclassic.com

www.burmeseclassic.com



လေးကြည့်ကာ ပြောရင်း နှုတ်ဆက်ကာ ထွက်သွားလေသည်။

သူ့အကြည့်တွေကြောင့် ရင်မောစွာ ကျန်ရစ်ခဲ့ရသူမှာ မေ ဖြစ်သည်။

ရှင် ဘယ်လိုလူကြီးလည်း ဦးနေမင်းရယ်။

ကျွန်မကို ခံစားမှုတွေ ရှင် အမျိုးမျိုးပေးနိုင်လွန်းပါလား ရှင်ရယ်ဟု မေခ မချင့်မရဲသာ ဆိုမိလိုက်ပါတော့သည်။

● ● ●



## အခန်း (၁၁)

ဖုန်းကိုဖွင့်ကာ နံပါတ်တစ်ခုကို နှိပ်လိုက်ပြီးမှ ဖုန်းဆက် ...င့် မဆက်သင့် စဉ်းစားကာ ဖုန်းကို ဖွင့်လိုက်ပိတ်လိုက်နှင့် ...ကြိမ်ကြိမ်ရှိနေပေမယ့် နေမင်းရင်ထဲ သေချာသည့် ဆုံးဖြတ်ချက် ... မရှိသေးပါ။

ဆက်လို့သင့်ပါမလားဆိုသည့် အတွေးက သူ့ရင်ထဲ ရှိနေရ ...သို့ တစ်ဘက်ကလည်း သူမလေးအား နေမင်း သတိပေးစကား ...ပြောချင်နေရသည်။

ထိုကား တခြားမဟုတ်။ ကိုဆက်နောင်နှင့် ပတ်သက်လို့ ...ဖြစ်သည်။

ကိုဆက်နောင်ဆိုတာက သူကတစ်ဆင့် သူမလေးနှင့် ...နီးပတ်သက်သွားရသည့်သူ။ ဒီတော့ သူ့အနေနှင့် ဘာပဲပြော



www.burmeseclassic.com

www.burmeseclassic.com



ပြော သတိပေးစရာရှိတာကိုဖြင့် သူ သူမလေးအား သတိပေးရမည့် ဖြစ်သည်။

ထိုအတွေးဖြင့် သူ ဖုန်းကို ပြန်ကောက်ကိုင်လိုက်သည်

သူ့လက်ထဲရှိနေသည့် ငွေရောင်ကဒ်လေးတစ်ခု။

ခြေလှမ်းသွက်သည့် ကိုဆက်နောင်သည် ထိုကဒ်လေး မေခထံမှ ရရှိလာခြင်းဖြစ်သည်။ ထိုနေ့က သူမနှင့်တွေ့ပြီးပြန်အလာ ကိုဆက်နောင်၏ မျက်နှာသည် အတော်ပင် တက်ကြွလျက် ရွှင်လ နေရသည်ကို သူ သတိထားမိလိုက်သည်။

"ချာတိတ်မက တကယ်ချစ်စရာကောင်းတယ်ဗျ၊ အဖွ ကျွန်တော် မိန်းမရစောသွားလို့ပေါ့ဗျာ"

မချင့်မရဲပြောလိုက်သော ကိုဆက်နောင်ပုံစံကို နေမ ထူးထူးခြားခြား ကြည့်မရဖြစ်သွားရသည်။

ကြည့်ရတာ မေခသည် ကိုဆက်နောင်၏ မရိုးသားမှု သိပုံမရပါ။ အတွေးနှင့် နေမင်းမှာ မေခအတွက် စိုးရိမ်သွားရသည်။

"နေပါဦး၊ ခင်ဗျားက မေခဆီ ဘယ်လိုရောက်သွား လဲ"

"အဟဲ...ဒါတော့ ကျွန်တော်က တွေ့ချင်တဲ့သူ ကိုယ်တွေ့ချင်တဲ့သူဆီကို ရောက်အောင် သွားဖို့က ကျွန်တော့်တာ လေဗျာ"





"ဒါနဲ့ပဲ ခင်ဗျား မေခနဲ့ တွေ့ခဲ့တယ်ပေါ့"

"ဒါပေါ့ ဦးနေမင်းရာ၊ ချာတိတ်မက ခင်ဗျားကို မေးနေ သေးတယ်၊ ခင်ဗျား ပါမလာတာ နှာတာပဲဗျာ"

မေခသည် သူ့ကိုမေးသည်ဆိုသော စကားကြောင့် နေမင်း နှလုံးသားမှာ ဖျတ်ခနဲ လှုပ်ရှားသွားရသည်။

"စကားပြောကြည့်မှ ချာတိတ်မ ဘယ်လောက်ဖြူစင် တယ်ဆိုတာ ပိုသိခဲ့ရတယ်"

ကြည့်စမ်း...သူမတို့ ဒီလောက် ရင်းနှီးခဲ့ရသည်တဲ့လား။ နေမင်း ဒေါသတွေ ရင်မှာ ကြိတ်ဖြစ်သွားရသည်။

မေခ သူမလေးသာ အခုချိန် သူ့အနားရှိပါက နေမင်းမှာ သူမကို ခပ်ဆတ်ဆတ်လေး ရိုက်မိမည်လား မပြောတတ်ပါ။

"ဟောဒီမှာ ချာတိတ်မရဲ့ ဗစ်စတင်းကဒ်၊ ကျွန်တော့်ကို အချိန်မရွေး လာလည်နိုင်ပါတယ်တဲ့"

"ကျွတ်...အား"

ငွေရောင်ကဒ်ပြားလေးကို ထုတ်ပြကာ အောင်နိုင်သူ တစ်ယောက်၏ အပြုံးမျိုးဖြင့် ပြောလိုက်သည့် ကိုဆက်နောင်ပုံစံက နေမင်းမျက်စိထဲက ခုချိန်ထိ မထွက်နိုင်တော့ပါ။

ထိုနေ့က သူသည် ကိုဆက်နောင်မျက်နှာအား လက်သီး ဖြင့် ထိုးချင်သည့်စိတ်ကို ရင်မှာ အတင်းပင် ချုပ်တည်းထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

တိုက်တိုက်ဆိုင်ဆိုင်လို့ ပြောရမည်လားမသိပါ။ ကိုဆက်နောင်သည် သူနှင့်စကားပြောနေတုန်း စင်ကာပူမှ ကိုဆက်နောင် အမျိုးသမီး ဖုန်းလာတာကြောင့် ကိုဆက်နောင်မှာ သူ့လက်ထဲက ငွေရောင်ကတ်လေးကို မေ့ကာ စားပွဲပေါ်ထားခဲ့လေသည်။

ဖုန်းပြောပြီး ကိုဆက်နောင်သည် ဘာအရေးကြီးသည်မသိပါ။ စားပွဲပေါ်မှ ထိုကတ်ပြားလေးကိုပင် သတိမရတော့ဘဲ သူ့ကို နှုတ်ဆက်ကာ ခပ်မြန်မြန်ထွက်သွားလေသည်။

နေမင်းသည် ကိုဆက်နောင် မေ့ကျန်ခဲ့သည့် မေခ၏ ဗစ်စတင်းကတ်လေးကိုကြည့်ပြီး သူယူသိမ်းထားပိုက်သည်။ ထိုကတ်လေး ကိုဆက်နောင်ကို ပြန်ပေးဖို့ရန်တော့ နေမင်း စိတ်ထဲ မရှိတော့ပါ။

အခုတော့ သူ့ဆီ မထင်မှတ်ဘဲ ရောက်လာသည့် ထိုကတ်ပြားလေး အကူအညီနှင့်ပင် နေမင်းတစ်ယောက် မေခထံ ဖုန်းဆက်ရန် ဝေခွဲမရဖြစ်နေချိန်တွင်…

တစ်ဖက်က မေခနှင့် ဒါလီမှာလည်း

"ခစ်…ခစ်…ခစ် ကိုဆက်နောင်ကြီးတော့ ဒါလီ့ကို နှိပ်စက်တာ တော်တော်ထိသွားမှာပဲနော် ခ၊ သူက သူ့ကိုယ်သူတော့ အဟုတ်ကြီးထင်သွားမှာပဲ၊ တကယ်တော့ ဒါလီတို့က ဦးနေမင်း





အကြောင်း သိချင်လို့ရောတာကို"

ကိုဆက်နောင်နှင့် ပတ်သက်ကာ ရယ်မောစရာတစ်ခုလို ပြောနေသော ဒါလီ့စကားကို မေခ ငြိမ်သက်စွာ နားထောင်နေလေသည်။

တကယ်တော့ မေခဆိုတာ ဘယ်တုန်းကမှ ယောကျ်ားလေးတစ်ယောက်၏ ဖိတ်ခေါ်မှုကို လက်ခံခဲ့သူမဟုတ်ပါ။

တွေ့လိုက်တိုင်း သူမအပေါ် ခပ်တည်တည် မျက်နှာကြီးနှင့် ဆက်ဆံတတ်သော ဦးနေမင်းကြောင့် ဦးနေမင်း၏မိတ်ဆွေ ကိုဆက်နောင်နှင့် မထင်မှတ်ဘဲ စကားပြောခြင်းသာဖြစ်၏။

"ရှင်…ငြိမ်လှချည်လား"

"ခ စဉ်းစားနေတာ ဒါလီ၊ ကိုဆက်နောင်နဲ့ ပတ်သက်တဲ့ ကိစ္စ"

"ဘာဖြစ်လို့လဲ ခ"

"ကိုဆက်နောင်ကို ခတို့ ခုလိုအသုံးချတာ မကောင်းဘူးနဲ့တူတယ်"

"ဟင် ဘာလို့မကောင်းရမှာလဲ၊ ဒီကိစ္စ ခပဲ လက်ခံခဲ့ပြီးတော့"

"ဟုတ်တော့ ဟုတ်ပါတယ် ဒါလီ၊ ဒါကလည်း သူ့ကို စတာမင်ရွှံ့မိတာပါ၊ ဒါပေမယ့် ခုချိန် သေချာပြန်စဉ်းစားကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ခတို့လုပ်ရပ်တွေဟာ ဦးနေမင်းအတွက် အထင်သေးစရာတွေများ ဖြစ်နေမလားလို့"

"အို့ကွာ…ဘာဆိုင်လို့လဲ၊ အထင်သေးရအောင် ဒါလီတို့က ဘာလုပ်နေလို့လဲ၊ ကိုဆက်နောင်နဲ့ စကားပြောတယ်ဆိုတာက လည်း ရိုးရိုးသားသား မိတ်ဆွေတွေလို စကားပြောကြတာပဲ"

"ဒီမှာ ခ၊ ရှင့်ရဲ့ ဦးနေမင်းက သူ့ကိုယ်သူ ရုပ်ချောတယ်၊ ပိုက်ဆံရှိတယ်ဆိုပြီး သူ့ကိုယ်သူ လူတွေနဲ့ မတူသလို မတန်သလို ထင်နေတာ၊ ဒီလိုလူမျိုးကို ဒါလီတော့ ခနဲ့ သဘောမတူချင်ပါဘူး"

ဒါလီ့စကားကြောင့် မေခ ပြုံးလိုက်ရင်း…

"အဲလိုလည်း ဦးနေမင်းက မဟုတ်ပါဘူးဟယ်၊ သူ့ပုံစံက အနေတည်လို့ပါ"

"ဘုရားရေ ရှင်က ရှင့်လူ့ထိတော့ ကာကွယ်ပြောတတ် နေလိုက်တာ၊ တော်တော်ချစ်ဖို့ကောင်းတဲ့ သူငယ်ချင်းပါလား"

"အဟင်း…ဟင်း…ဟင်း ဒါလီကလည်းကွာ"

မေခမှာ ချော့သလို ဒါလီ့ပါးလေးအား မနာကျင်အောင် ခပ်ဖွဖွဆွဲဖျစ်ညှစ်လိုက်သည်။

ထိုစဉ်…

ဖုန်းခေါ်သံကြောင့် မေခသည် ဖုန်းလေးကို ကောက်ကိုင် လိုက်ပြီး…





"ဟဲလို"

"မေခလား"

"ရှင်"

ကြည်လင်ပြတ်သားလွန်းကာ နားထောင်လို့ကောင်းလွန်းသည့် ယောကျာ်းတစ်ယောက်၏အသံကြောင့် မေခ မျက်ခုံးလေး လှပစွာ ကုပ်ကွေးသွားရသည်။

မေခတဲ့။

သူမကို မေးနေတာပါလား။

ဘယ်သူများပါလိမ့်။

မေခသည် စဉ်းစားပေမယ့် အဖြေက ရှိမလာပါ။ သူမ အသိထဲ ဒီလိုအသံနှင့် ယောကျာ်းလေးမျိုး တစ်ယောက်မှ မရှိပါပေ။

ဒါဖြင့် သူ ဘယ်သူပါလိမ့်။

"ဟဲလို"

"ဟုတ်ကဲ့၊ နားထောင်နေပါတယ်"

သူမ ငြိမ်သွား၍ထင် တစ်ဖက်မှ အသံထပ်ပြုလိုက်လေသည်။

"အခုပြောနေတာ မေခ မဟုတ်လား"

"ရှင်ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှလူသည် မေခအသံကို သိနေသောကြောင့် မေခမှာ အံ့ဩသွားရလေသည်။

"မေခ မှန်းကြည့်ပါဦး၊ ဘယ်သူဖြစ်မလဲဆိုတာ"

စဉ်းစားပါသည်။ စဉ်းစားပေမယ့် အသံရှင်သည် ဘယ်သူဖြစ်မည်ဆိုတာကို စဉ်းစား၍မရသောအခါ မေခ မချင့်မရဲ ဒေါသတွေဖြစ်လာရသည်။

"ဘယ်လိုလဲ မေခ၊ ဘယ်သူလဲဆိုတာ စဉ်းစားလို့ရပြီလား"

"ဒီမှာ ရှင်ဘယ်သူလဲဆိုတာ ကျွန်မ မသိဘူး၊ ဘာကြောင့် ကျွန်မဆီ ဖုန်းဆက်တာလဲ"

"ကိုယ်ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး၊ ဒါပေမယ့် မေခကို ကိုယ် သတိပေးစရာတော့ရှိတယ်"

"ရှင်…သတိပေးစရာ ဟုတ်လား"

"ဟုတ်တယ်"

"ရှင် ဘာပြောချင်တာလဲ"

"ကိုယ်ပြောချင်တာက မင်း ကိုဆက်နောင်ကို သတိထားပြီးဆက်ဆံပါ"

"ဟင်"

"ရှင်…ရှင်"





"ဟုတ်တယ်၊ ကိုယ် နေမင်းပါ"

"အို"

ကိုယ် နေမင်းပါဆိုသည့် စကားကြောင့် မေခမှာ အံ့ဩမှုတွေနှင့် မှင်သက်သွားရလေသည်။

ကြည့်စမ်းပါဦးလေ။

သူမဘယ်လိုမှ မထင်ခဲ့သည့် ဦးနေမင်းသည် သူမဆီကို ခုလိုဖုန်းဆက်သည်တဲ့လား။

မယုံနိုင်စရာပါလားကွယ်။

"မေခ"

"ရှင်"

သူခေါ်တော့ မေခ အံ့ဩမှုတွေနှင့် ပြန်ထူးလိုက်သည်။

"ကိုယ် ဖုန်းဆက်လို့ မင်းအံ့ဩနေလား မေခ"

"မှန်တာပြောရရင် ကျွန်မ ထင်မထားဘူးလေ"

"အဟွန်း…ဟွန်း မင်းရဲ့ အဲဒီရိုးသားမှုတွေကိုပဲ ကိုယ် အသိအမှတ်ပြုတာ"

"ရှင် ခရဲ့ဖုန်းနံပါတ်ကို ဘယ်ကရလဲဟင်"

"ဘာလဲ ကိုယ်ဖုန်းဆက်တာ မကြိုက်လို့လား မေခ"

"အို…မဟုတ်ပါဘူး၊ ခ…ခက"

တိုးလျှတိမ်ဝင်သွားရသော မေခအသံကို သတိထားမိကာ



www.burmeseclassic.com

www.burmeseclassic.com



နေမင်း စိတ်မကောင်းဖြစ်သွားလေသည်။

"ဆောရီး မေခ၊ ကိုယ်ပြောချင်တာ မင်း ကိုဆက်နောင်နဲ့ ရင်းရင်းနှီးနှီးမနေပါနဲ့လို့ သတိပေးချင်တာ"

"ကိုဆက်နောင်က ကိုယ့်မိတ်ဆွေပေမယ့် ကိုယ့်လိုမဟုတ်ဘူး၊ သူက မိန်းမလှလေးတွေမြင်ရင် စိတ်ဝင်စားတတ်တဲ့သူ"

"ဒီတော့ ဘာဖြစ်လဲ ဦးနေမင်း"

သူမ၏ ခပ်ပေါ့ပေါ့အမေးကို သူ ဒေါသဖြစ်သွားပုံပင်။

"ဘာဖြစ်ရမှာလဲကွ၊ မင်းတို့လို လှပတဲ့ မိန်းကလေးမျိုး သူ စိတ်ဝင်စားတာပေါ့"

ကြည့်စမ်း…ဒါ သူ သူမကို သဝန်တိုနေတာပါလားဟု တွေးကာ သူမ တစ်ချက်ကြိတ်ကာ ရယ်လိုက်ရင်း…

"အဟင်း…ဟင်း…ဦးနေမင်းရယ်၊ သူက ယောကျ်ားတစ်ယောက်ပဲ၊ မိန်းမလှလေးတွေကို စိတ်ဝင်စားတာ ဘာဆန်းလဲ"

မေခစကားကြောင့် နေမင်းမျက်နှာကြီး နီရဲသွားရသည်။ သူမလေးပြောသလို ကိုဆက်နောင်သည် ယောကျ်ားမို့ မိန်းမလှလေးတွေကို စိတ်ဝင်စားတာမဆန်းဆိုတော့ သူကပဲ ယောကျ်ားမဟုတ်လို့ သူမလိုလှတဲ့ မိန်းကလေးကို စိတ်မဝင်စားဘူးဆိုတဲ့ သဘောလား။

"အေး…မင်းပြောသလို ယောကျ်ားမို့ မိန်းမလှတွေကို





တွေ့ရင် မဆန်းပေမယ့် ဆန်းတာက သူ့မှာမိန်းမရှိတာကိုပဲ"

"ဟင်"

ကိုဆက်နောင်ကို မိန်းမနှင့်လူတစ်ယောက်ဟု သူမတို့ လုံးဝမထင်ခဲ့ပါ။ ဦးဆက်နောင်ကိုယ်တိုင်ကလည်း သူ့ကိုယ်သူ မိန်းမ မရှိသလို။

ငြိမ်သက်သွားသော သူမအခြေအနေကို သူ အကဲခတ်မိသွားဟန်ဖြင့်…

"ဒီမှာမေခ မင်းကို သတိပေးချင်တာ အဲဒီအတွက်ပဲ၊ တော်ကြာ မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာစိုးလို့"

"ကဲ…ဒါပဲ"

"ဦးနေမင်း ရှင်"

သူမမှ မပြောရသေး ဖုန်းကိုချပစ်လိုက်တာကြောင့် မေခ စိတ်တိုတိုနှင့် နှုတ်ခမ်းဖူးဖူးလေးကို ဖိကိုက်လိုက်သည်။

ဒါလီမှာ သူမအနားသို့ ရောက်လာကာ

"ဘာလဲ ခ၊ ဦးနေမင်းက ဘာတဲ့လဲ"

မေခ သက်ပြင်းချလိုက်ရင်း…

"ကိုဆက်နောင်နဲ့ပတ်သက်ပြီး ခကို သတိပေးတာတဲ့လေ၊ ပြီးတော့ ကိုဆက်နောင်မှာ မိန်းမနဲ့တဲ့"

"ဟင်…ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

သူကိုယ်သူ ဘာအနေအထားမှ မရှိဟန်ဖြင့် ကိုဆက်နောင် ပုံစံကို မြင်ယောင်တော့ ဒါလီ အခံရခက်သွားသလို…

"ဟင်း…သူကိုယ်သူ လူပျိုလိုလိုနဲ့၊ အေးလေ ဒါက လည်း တမင် ဦးနေမင်းကို မခံချင်လို့ရွဲ့တာပဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့ ဒါလီရယ်၊ သူ ခုလို သတိပေးတာကို ခတို့ ကျေးဇူးတင်ရမယ်၊ နောက်ပြီး ဒါလီ သတိထားမိလား"

"ဘာလဲ ခ"

"ဦးနေမင်းစိတ်ထဲမှာ ခတို့ ရှိနေတယ်"

"အေးနော်…ဒီလိုကြတော့လည်း သူ့စိတ်ထဲမှာ ခ ရှိနေ သားပဲ၊ ကြည့်ရတာ ရှင့်လူလည်း ရှင့်ကို စိတ်ဝင်စားနေပြီနဲ့တူ တယ် ခ"

မေခတစ်ယောက် ရင်ခုန်သံတွေ တဒိတ်ဒိတ်နှင့် အခုန် မြန်လာရသည်။

ဒါလီပြောသလို ဦးနေမင်းသည် သူမကို စိတ်ဝင်စားနေ သည်တဲ့လား။ မဖြစ်နိုင်ပါ။ တွေ့လိုက်တိုင်းမှာ မျက်နှာကြီး ခပ်တည်တည်နှင့် သူ့မဟုတ်သလို အသည်းယားဖွယ်ကောင်းသော သူ့ပုံစံက ခုလိုကြတော့လည်း သူမအပေါ် စိုးရိမ်မှုရှိနေသည်ပဲ။

"ဒါပေမယ့် ခတော့ သူ့ကိုမကျေနပ်ဘူး ဒါလီ၊ သူ့ပုံစံ





က ခကိုတွေ့ရင် သူမဟုတ်တဲ့အတိုင်း ခပ်တည်တည်ကြီးနဲ့ မုန်းဖို့ ကောင်းတယ်"

သူမစကားကြောင့် ဒါလီမှာ ပခုံးလေးတွန့်ကာ ပြုံးလိုက် ရင်း…

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ အရင်ကနဲ့စာရင် မင်းလူရဲ့အခြေ အနေက အများကြီး တိုးတက်လာတာပဲ၊ ဒီပုံအတိုင်းဆို ဦးနေမင်း ကလည်း ချစ်တတ်တဲ့ ယောက်ျားတစ်ယောက်ဖြစ်မှာပါ"

"ရှင်ကထင်နေ ဒါလီ၊ ကိုဆက်နောင်ပြောတာ ရှင်မကြား ဘူးလား၊ ဦးနေမင်းက မိန်းမတွေနဲ့ပတ်သက်ရင် သိပ်ပြီးကင်းရှင်း တယ်တဲ့"

"အေးနော်…ဒီလောက်ချောတဲ့လူကြီးက မိန်းကလေး တွေကို စိတ်မဝင်စားတာ အံ့သြစရာပဲ"

နှုတ်ခမ်းလေးစေ့လျက် မေခ ငြိမ်သက်နေပြီးမှ…

"သူ့ဆီ ခ ဖုန်းပြန်ဆက်မယ် ဒါလီ"

"ဟင်…ဘာအတွက်လဲ ခ"

"သူ ခုလို ခကို ဖုန်းဆက်သတိပေးတာ ဘာကြောင့်လဲ လို့ မေးရမယ်၊ ဒါမှ သူ့စိတ်ကို ခ သိရမှာ"

"အင်း မင်းပြောတာလည်း ကောင်းပါတယ်၊ ဆက်လေ ခ"



www.burmeseclassic.com

www.burmeseclassic.com



မေခသည် ဦးနေမင်းပေးထားသည့် ဇစ်စတင်းကဒ်တွင် ပါသော ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

အိမ်တွင် ဒက်ဒီရော မာမီပါ မရှိ။ အလုပ်ကိစ္စကိုယ်စီနှင့် အပြင်သွားကြသည်မို့ ဒါလီနှင့် မေခမှာ လွတ်လပ်နေရသည်။

"တူ…တ်ူ…တူ"

ဦးနေမင်းဖုန်းကို တော်တော်နှင့် ကိုင်မည့်သူမရှိ။ အတန်ကြာမှ ဖုန်းကို လာကိုင်လေသည်။

"ဟဲလို…နေမင်း ပြောနေပါတယ်"

"မေခပါ"

"ဟင်"

နေမင်း အံ့သြသွားရသည်။ မေခ သူမ သူ့ဆီ ဘာကြောင့် ဖုန်းဆက်တာလဲ။

"ဦးနေမင်း"

"ပြောလေ ခ၊ ကိုယ် နားထောင်နေတယ်"

သူ့အသံက မေခ သူ့ဆီ ဖုန်းဆက်သည်ကို အံ့သြမှုမရှိသလို။ ဒါကိုပင် မေခသည် ရင်မှာ အခံရခက်ရသည်မို့…

"ခ ဖုန်းဆက်တာကို ရှင် မအံ့သြဘူးလား ဦးနေမင်း"

တစ်ဖက်မှ ဦးနေမင်းသည် မေခ၏ ကလေးဆန်ဆန် အမေးကြောင့် ပြုံးသွားရပြီး…





"အဟွန်း…ဟွန်း ခက အံ့သြစေချင်ရင် ကိုယ်အံ့သြရမှာပေါ့"

"အို"

မေခမှာ သူမ၏ ကလေးဆန်သွားရမှုအပေါ် ပြန်၍ ရှက်ရွံ့သွားရသည်။

"ခ ဦးနေမင်းကို မေးစရာရှိလို့"

"ထူးထူးဆန်းဆန်းပါလား၊ ကဲ ပြောပါဦး ခ ကိုယ့်ကို ဘာမေးမှာလဲဆိုတာ"

မေခသည် ရုတ်တရက်မပြောပါ။ အတန်ကြာ ငြိမ်သက်သွားပြီးမှ…

"ဦးနေမင်း ခကို သတိပေးတဲ့ကိစ္စလေ"

"အင်း…ဘာဖြစ်လို့လဲ၊ ကိုယ်ပြောတဲ့စကားထဲမှာ အမှားအယွင်းပါသွားလို့လား"

"ဟင့်အင်း မပါပါဘူး ဦးနေမင်း၊ ဒါပေမယ့် ခသိချင်တာက ဦးနေမင်း ခကို ဘာကြောင့် အခုလို သတိပေးရလဲဆိုတာပါ"

"ဟင်"

သူမအမေးက နေမင်းရင်ကို လှုပ်ရှားသွားရသည်။

သည်ချာတိတ်မသည် သူမသိချင်သည့်ကိစ္စတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



အဖြေရမှ ကျေနပ်တတ်သူဖြစ်ပုံရပါ၏။

တစ်နည်းအားဖြင့် သူမသည် သူ့စိတ်ကို စမ်းလိုက်တာပါပဲ။ အမှန်အတိုင်းပြောရလျှင် နေမင်း သူမအတွက် စိတ်ပူ၍သာဖြစ်သည်။ ဒါပေမယ့် ထိုသို့ပြော၍ကား မဖြစ်ပေ။

"ဦးနေမင်း ခ မေးတာကို မဖြေသေးဘူးနော်"

သူမအသံကြောင့် သူ သက်ပြင်းကို ကြိတ်ချလိုက်ရင်း

"ဒါကရှင်းပါတယ် ခ၊ မင်းကို ကိုယ်နဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ မဖြစ်စေချင်လို့ပါ"

သူမလိုချင်သည်က ဒီအဖြေမဟုတ်ပါ။ သို့သော် ဦးနေမင်းလိုလူတစ်ယောက်က သူမလိုချင်သည့် အဖြေကို လွယ်လွယ်နှင့်ပေးမည့်သူမဟုတ်ဆိုတာ သူမ ဘာကြောင့် မေးနေရပါလိမ့်။

"ကျေးဇူးပါပဲ ဦးနေမင်း"

"ခ"

"ရှင်"

"ကိုယ် မင်းကို ကော်ဖီတိုက်ပါရစေ"

"အို"

မထင်မှတ်သည့် သူ၏ဖိတ်ခေါ်မှုကြောင့် ခေမရင်တွေ အခုန်မြန်လာရသည်။ ဒါ သူမအတွက် အခွင့်အရေးဆိုပေမယ့် ဒီအခွင့်အရေးကို မေခ ငြင်းလိုက်ရမည်လား။





"ကိုယ့်ဖိတ်ခေါ်မှုကို မင်း လက်မခံနိုင်ဘူးလား ခ"

"မဟုတ်ပါဘူး"

"ဒါဆို"

"ခ လက်ခံပါတယ်"

"ကောင်းပြီ၊ ဒါဆို ကိုယ် မနက်ကော်ဖီဆိုင်မှာ စောင့်နေမယ်"

"ဟုတ်ကဲ့"

ပြောပြီး မေခ ဖုန်းကိုချလိုက်၏။ အပြုံးတွေဝေနေသော ခေါ်မျက်နှာလှလှလေးကို ကြည့်ပြီး ဒါလီမှာ အခြေအနေကောင်းသည်ကို ရိပ်မိလိုက်တာမို့…

"ဘာလဲ အိုကေတဲ့လား"

"မနက်ဖြန် သူ ကော်ဖီဆိုင်မှာ ခကို စောင့်နေမယ်တဲ့"

"ကြည့်စမ်း သွက်မယ့်သွက်တော့လည်း ဦးနေမင်းခြေလှမ်းတွေ ထင်တာထက်ကို အရမ်းသွက်နေပါရောလား"

"မနက်ဖြန် ဒါလီ လိုက်ခဲ့နော်"

"မလုပ်ပါနဲ့နော်၊ တော်ကြာ ဆေးရိုးသည် ကန့်လန့်ဖြစ်ပါဦးမယ်"

"ဒါလီကလည်းကွာ"

ဒါလီမှာ အကြောင်းသိမို့ စလိုက်ရာ မေခ ရှက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ထိုရုက်စိတ်လေးသည် သူမရင်ထဲက ကြည်နူး ကိုတော့ မဖုံးလွှမ်းနိုင်ပါ။

ဘာပဲပြောပြော မေခရင်ထဲ ခုချိန် အပျော်မြစ်လေး စီး နေသည်မှာ အမှန်ပင်ဖြစ်တော့သည်။

● ● ●



## အခန်း (၁၂)

"ဟင်…မင်းသူငယ်ချင်း မပါဘူးလား"

မေခကို တစ်ယောက်တည်း တွေ့လိုက်ရတာကြောင့် သူ ၏မှောင်ဆတ်ခနဲတွန့်ကာ မေးလိုက်၏။

သူမသည် ပခုံးတစ်ချက်ကို လှလှပပတွန့်လိုက်ရင်းက "ဘာလဲ…ခတစ်ယောက်တည်း လာလို့မရဘူးလား"

နှုတ်ခမ်းဖူးဖူးလေးကို ခပ်စူစူထားကာ အကြည့်စွေစွေလေး ဖြင့် မေးလိုက်သည့် သူမစကားကြောင့် သူ၏တည်ငြိမ်နေသော မျက်နှာထားမှာ လှုပ်ခတ်သွားရသည်။

သူ့စကားကို သူမလေး တစ်မျိုးထင်သွားပါလားဆိုသော အတွေးနှင့်ကြည့်ရင်း…

"ကိုယ့်စကားကို မင်း တစ်မျိုးထင်သွားပြီနဲ့တူတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောတာ မင်းနဲ့ကိုယ် နှစ်ယောက်တည်းဆိုရင် တစ်မျိုးထင်နေ စိုးလို့ပြောတာ''

မေခသည် ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီလှမ်းကြည့်ပြီး နောက် သူ့ကိုပြန်ကြည့်ကာ...

''ဒီအနီးအနားပတ်ဝန်းကျင်မှာ ဦးနေမင်းရဲ့ အမျိုးသမီး တော့ မရှိပါဘူးနော်''

''ဟာကွာ မင်း''

ဖြူသော သူ့မျက်နှာမှာ နီရဲသွားလျက် သူမ၏နဖူးဆံ ကို မချင့်မရဲဟန် လက်သီးနှင့် ခပ်ဖွဖွရွယ်ကာ...

''ကိုယ်ပြောတာ မင်းအတွက်ဗျ''

''ခအတွက် ဟုတ်လား''

''အင်း''

''ခအတွက်လို့ ဘာကြောင့် ဦးနေမင်းက ပြောရတာလဲ ဒီခေတ်ကြီးမှာ ယောကျ်ားနဲ့မိန်းမ နှစ်ယောက်အတူ အလု သဘောအရ သွားရလာရ စကားပြောကြတာတွေ ရှိတာပဲ''

သည်ချာတိတ်မ အတော်စကားတတ်ပါလားဟု တွေးရင်း သူမ၏အတွေးနှင့် ပွင့်လင်းရိုးသားမှုကို သဘောကျသွားရသည်။

''မင်းက ကိုယ်ထင်တာထက် ပိုပြီး ရိုးရှင်းပွင့်လင်းလှ တယ်''





''အဟင်း...အဲဒီလိုထင်တဲ့အတွက် ကျေးဇူးပဲ ဦးနေမင်း၊ ဒါပေမယ့် တချို့လူတွေကတော့ ဒီလိုပွင့်လင်းမှုကို အထင်သေး တတ်ကြတယ်လေ''

''ဒါခေတ်အမြင် မရှိသူတွေရဲ့ အတွေးဖြစ်ပါလိမ့်မယ်၊ ကိုယ်ကတော့ ဒီလို ပွင့်ပွင့်လင်းလင်းလူငယ်တွေကို သဘောကျ တယ်၊ ဒါကြောင့် ကိုယ့်ကုမ္ပဏီမှာ လူငယ်တွေချည်းပဲ ခန့်ထား တယ်''

''ဒါဆိုလည်း ဦးနေမင်းကုမ္ပဏီမှာ အလုပ်လာလုပ်မှနဲ့ တူဟယ်''

မျက်ဝန်းအိမ်ကျယ်ကျယ်နှင့် မျက်ခုံးလေးပင့်ကာ ကလေး ဆန်စွာ ပြောလိုက်သော မေခ စကားကြောင့် နေမင်း ပြုံးလိုက်မိ သည်။

ထို့နောက် သူ ခေါင်းကိုအသာခါယမ်းလိုက်ကာ...

''ကိုယ့်ကုမ္ပဏီက မင်းတို့လို သူဌေးသမီးလေးတွေ အတွက် အပျော်လုပ်ငန်းမဟုတ်တာတော့ သေချာတယ်''

''ဟင်''

ဒါ သူမကို သူ ယဉ်ကျေးစွာ ငြင်းပယ်လိုက်တာပေါ့။

နေမင်းမှာ နောက်ဆုံးပေါ်ကားကို ကိုယ်တိုင်မောင်းကာ သူနှင့်တွေ့တိုင်း တန်ဖိုးရှိ အဝတ်အစားများ မရိုးအောင်ဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



တတ်သော သူမကို ဘယ်သူဘယ်ဝါရယ်လို့ မသိခင်ကပင် သူမသည် မြင့်မားသော အသိုင်းအဝိုင်းမှ ဆင်းသက်လာသည့် သူဌေးသမီးလေးမှန်း မပြောဘဲသိနေပါ၏။

မေခမှာ သူမကို ဒီလိုငြင်းပယ်ရပါ့မလားဆိုကာ မကျေနပ်နိုင်ဘဲ…

"ဒါတော့ ဦးနေမင်း ခကို အထင်သေးတာပဲ၊ ခုခေတ်မှာ ဆင်းရဲရဲ ချမ်းသာသာ အားလုံးအတူတူ အလုပ်လုပ်နေကြတာပဲ"

"မင်းပြောတာလည်း မမှားပါဘူး ခ၊ ဒါပေမယ့် ချမ်းသာတဲ့ မိန်းကလေးအချို့က လုပ်ငန်းခွင်မှာ အပျော်လာလုပ်တာမျိုးလည်း ရှိတာပဲလေ"

"ခက ဦးနေမင်းပြောတဲ့သူမျိုးထဲမှာ မပါဘူးဆိုရင်ကော"

နေမင်းအား မေခသည် ခပ်စူးစူးလေးကြည့်ကာ မေးလိုက်လေ။

"ကောင်းပြီလေ ခ၊ မင်းတကယ်လုပ်ချင်တယ်ဆိုရင် ကိုယ် စဉ်းစားပါ့မယ်"

ထိုအဖြေကြောင့် မေခမှာ ကျေနပ်သွားရသလို ပြုံးလိုက်ပြီး…





"ကျေးဇူးပဲ ဦးနေမင်း၊ ကော်ဖီသောက်လိုက်ပါဦး"

လိုချင်တာ ရသွားသည့်ကလေးငယ်လို ကျေနပ်သွားရသော မေခကိုကြည့်ပြီး နေဗလ သူ့ရှေ့က ကော်ဖီကို ယူသောက်လိုက်သည်။

"ဦးနေမင်း"

"ဟင်"

ကော်ဖီသောက်နေရင်းမှ သူမ ခေါ်လိုက်တာကြောင့် နေမင်းမှာ မေးဆတ်ကာ ထူးလိုက်မိသည်။ သူမသည် သူ့ကို တောက်ပသောအပြုံးတွေနှင့် ကြည့်လျက်…

"ခကို ဦးနေမင်းမိတ်ဆွေလို အသိအမှတ်ပြုရဲ့လားဟင်"

"အင်း…ပြုပါတယ် ခ"

"အဟင်း…ဒါဆို ဦးနေမင်းကုမ္ပဏီကို ခ အလည်လာမယ်ဆိုရင်ကော"

"ရပါတယ်၊ ဒါပေမယ့် ကိုယ်မအားတဲ့အချိန်နဲ့တွေ့ရင်တော့ မတတ်နိုင်ဘူးနော်"

"ကိစ္စမရှိပါဘူး ဦးနေမင်း၊ ခဘက်က ဒီလောက်နားလည်မှုတော့ရှိပါတယ်၊ ခ လာလို့ ဦးနေမင်းမအားရင် ထိုင်စောင့်နေမှာပေါ့"

"အဟွန်း…မင်းက တကယ့်ကလေးပဲ ခ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီမှ အပြုံးကိုမြင်ရတော့ မေခရင်မှာ ပျော်ရွှင်သွားရသည်။ တစ်ဆက်တည်း ဦးနေမင်းသည် ဒီလိုဆိုတော့လည်း သဘောကောင်းသူတစ်ယောက်ပါလားဟု တွေးလိုက်လေသည်။

စကားအတန်ကြာပြောပြီး နှစ်ယောက်သား လမ်းခွဲကြတော့…

''ကဲ ကိုယ်သွားမယ်''

''ဟုတ်''

သူမခေါင်းညိတ်ပြကာ ကျန်ခဲ့သည်။ ခပ်လှမ်းလှမ်းရောက်မှ နေမင်း သူမကို ပြန်လှည့်ကြည့်လိုက်တော့…

''ဟင်''

နေရာမှ ခုချိန်ထိမရွေ့သေးဘဲ သူ့အား ရပ်လျှက်ငေးကြည့်နေသော မေခကြောင့် နေမင်း လှမ်းလက်စခြေလှမ်းများ ရပ်တန့်သွားရသည်။

သည်နောက် သူသည် ခြေလှမ်းကျဲကြီးများနှင့် သူမအနားသို့ ပြန်လည်ရောက်ရှိလာကာ…

''မင်းမပြန်ရသေးဘူးလား''

''ဟင့်အင်း ဦးနေမင်းသွားတာကို ခ ကြည့်ချင်သေးတယ်''

ချာတိတ်ရယ်။ မင်း ကိုယ့်ကို ဘာကြောင့် နှောင်ဖွဲ့တဲ့





စကားတွေ ပြောရတာလဲဗျာ။ သူ သက်ပြင်းတစ်ချက် ကြိတ်ချရင်း စိတ်ထဲကပြောနေမိသည်။

''ဒီနေ့လိုပဲ မနက်ဖြန်မှာလည်း ကိုယ်နဲ့အတူ မင်း အခုလို ကော်ဖီလာသောက်နိုင်ဦးမလား ခ''

''ဦးနေမင်းအတွက် အနှောင့်အယှက်မဖြစ်ဘူးဆို ခ လာခဲ့ပါ့မယ်''

''ဒါဆို ကိုယ်သွားမယ်၊ မင်းလည်း သွားတော့နော် ခ''

သူမအတွက် စိတ်မချသလို မှာနေသည့် ဦးနေမင်းကို မေခ ခေါင်းညိတ်ပြရင်း ကားထဲ ဝင်ထိုင်လိုက်သည်။

သည်တစ်ခါတော့ သူမကားလေး ထွက်သွားမှ သူလှည့်ထွက်လာခဲ့သည်။

မနက်ဖြန်လာခဲ့နော်တဲ့။

ဟင့်အင်း…မလာဘူး ဦးနေမင်း၊ ရှင် ခကို မနက်ဖြန် တစ်နေ့လုံး စောင့်နေပေတော့။

မေခ လျှို့ဝှက်သိပ်သည်းသော အပြုံးဖြင့် သိုသိပ်စွာပြုံးရင်း ကားကို ခပ်ကြမ်းကြမ်းလေး မောင်းထွက်ခဲ့လိုက်သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အချိန်ကို ကုန်ဆုံးစေချင်သူအတွက် အချိန်သည် ကုန်ဆုံးခဲလွန်းလှပါသည်။

ဒီနေ့တော့ဖြင့် မေခသည် ဦးနေမင်းနှင့် ချိန်းထားသည့် ကော်ဖီဆိုင်သို့ မသွားခဲ့ပါ။

မျှော်ရသူတစ်ယောက်၏ ခံစားချက်ကို ဦးနေမင်း သိချင်ပါသည်။ ဒါကြောင့်လည်း မေခသည် သူချိန်းထားသည့်နေရာသို့ တမင်မသွားခဲ့ခြင်းဖြစ်သည်။

ထို့အတွက် သူ့အားတွေ့ချင်နေသည့် သူမစိတ်ကိုလည်း သူမ အတော်ထိန်းခဲ့ရပါ၏။

ဦးနေမင်းဆိုတာက သူမနှလုံးသားထဲမှာ နင့်စူးနေသည့် လူတစ်ယောက်။ ဒီလိုလူတစ်ယောက်ကို မတွေ့ဖို့ ထိန်းချုပ်ရသည်





ဆိုတာ မေခအနေနှင့် လွယ်ကူသည့်အလုပ်တော့ဖြင့် မဟုတ်ပါပေ။

သို့သော်...သူမအပေါ် သူ၏လေးနက်မှုကို သိချင်သောကြောင့် မေခ ထိုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်သည်။

မေခသည် ထိုနေ့တစ်နေ့တာ အချိန်ကုန်ဆုံးဖို့ကို သူမအနေနှင့် အတော်ပင် ခက်ခက်ခဲခဲ ဖြတ်သန်းလိုက်ရသည်။

ညရောက်တော့ သူ့ဆီ ဖုန်းဆက်ချင်နေရသည့်စိတ်ကို မေခ အတင်းပင် ချိုးနှိမ်ကာ သူမစိတ်ကို သူမ အနိုင်ပြန်ယူလျက် ထိုညကို ဖြတ်ကျော်ခဲ့လိုက်သည်။

ထိုညက အိပ်မက်ထဲတွင ဦးနေမင်းနှင့်တွေ့တော့ ဦးနေမင်းသည် သူမကို စိတ်ဆိုးနေသည်တဲ့လေ။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ရောက်တော့ မေခ အတော်ကြီးနိုးနေလေသည်။ ပြောရမည်ဆိုလျှင် မေခအနေနှင့် တစ်ညလုံးအိပ်၍ မပျော်ခဲ့ပါ။

ဒါကြောင့် မနက်မိုးလင်းပြီးဆိုတာနှင့် မေခသည် ဦးနေမင်းထံသို့ သွားရန်ပြင်ဆင်ခဲ့သည်။

ပန်းသွေးရောင် ဝတ်စုံလေးက သူမ၏အချိုးကျသော ခန္ဓာကိုယ်လေးပေါ် ချပ်ချပ်ရပ်ရပ်နှင့် လှပနေရသည်။

မျက်နှာဝင်းဝင်းပပလေးကို မိတ်ကပ်ခပ်ပါးပါး လူးထားတာကြောင့် စိုဝင်းလက်နေရသည်။

မေခသည် နာရီကို ကြည့်နေလိုက်သည်။ ဦးနေမင်း ကုမ္ပဏီကိုရောက်ချိန်နှင့် မှန်းကာ မေခအိမ်မှ ထွက်လာခဲ့သည်။

ကုမ္ပဏီသို့ သူရောက်သည်ဆိုရင်ပဲ ပန်းသွေးနုရောင်ဝတ်စုံလေးနှင့် လွန်စွာလှပနေသော မေခကို ကုမ္ပဏီရှိ ဝန်ထမ်းများ၏ အကြည့်က အားကျငေးမောစွာ ကြည့်လာ၏။





"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ ခင်ဗျာ"

ကုမ္ပဏီဝတ်စုံဝတ်ထားသည့် လူရွယ်မှာ မေခအား မေးလာတော့...

"ကျွန်မ ဦးနေမင်းနဲ့ တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့၊ ဆရာနဲ့တွေ့ဖို့ ကြိုပြီးချိန်းထားပါသလား ခင်ဗျာ"

"ဟင့်အင်း"

"ဒါဆို ခဏစောင့်ပါနော်၊ ဘယ်သူလို့ပြောလိုက်ရမလဲ ခင်ဗျာ"

"မေခဆို သူသိပါတယ်"

"ဟုတ်ကဲ့"

သူနှင့်တွေ့ရဖို့အရေး မေးခွန်းတွေ အဆင့်ဆင့်ဖြေနေရသည့်အဖြစ်ကို မေခသည် စိတ်မရှည်သလို ရှိလာရသည်။

မကြာလိုက် စောစောက ကုမ္ပဏီဝန်ထမ်းသည် သူမအနားသို့ ပြန်လည်ရောက်ရှိလာပြီး...

"စိတ်မရှိပါနဲ့ခင်ဗျာ၊ အလုပ်အရေးမေးရတာပါ၊ ဆရာ့ရုံးခန်းကို ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

သူမအတွက် ကံကောင်းသည်ဟု ဆိုရမည်လား မသိပါ။ ဦးနေမင်း၏ ကုမ္ပဏီရုံးခန်းသို့ သူမရောက်ချိန်တွင် မည်သည့်

www.burmeseclassic.com



ညွှဲသည်မှ ရှိမနေပါ။

ဦးနေမင်းမှာ မေခဝင်လာတော့ အံ့သြသလို မျက်ခုံးထူထူ ကြီးကို ခပ်ပြေပြေတွန့်ကာ ကြည့်ရင်း…

"မေခ"

သူမနာမည်ကို ခပ်တိုးတိုးခေါ်လိုက်သည့် သူ့မျက်ဝန်း တွေ လက်ခနဲ တောက်ပသွားလျက် သူမကို လှစ်ခနဲ ပြုံးပြရင်း

"ကိုယ်က မင်း မနေ့က လာမယ်ထင်နေတာ"

ထိုစကားကြောင့် မေခသည် သူ့အား တောင်းပန်သလို ကြည့်လျက် ပြုံးလိုက်ပြီး…

"ဆောရီး ဦးနေမင်း၊ မနေ့က မလာဖြစ်တဲ့အတွက် ခဘက်က ကတိပျက်သလို ဖြစ်သွားတာ"

"အဟွန်း…ကိုယ် မိန်းကလေးတွေရဲ့စိတ်ကို သိပ်နားမ လည်ဘူး၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ကဲ ထိုင်"

ကျယ်ဝန်းလှသည့် သူ့ကုမ္ပဏီရုံးခန်းကို မေခကြည့်ရင်း သူနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

နေမင်းမှာ သူ့ရှေ့တွင် ထိုင်နေသည့် ကြွေရုပ်လေးလို့ သိပ်လှနေရသော မေခကို စူးရှစိုလက်သော မျက်ဝန်းများဖြင့် ခပ်ပြုံးပြုံးစိုက်ကြည့်ရင်းက…

"အဟွန်း…ကဲ ပြောပါဦး၊ ကိုယ့်ဆီကို ခ ဘာကြောင့်





ရောက်လာရတယ်ဆိုတာ"

"ခလာတဲ့အတွက် ဦးနေမင်း အနှောင့်အယှက်မဖြစ်ပါဘူး နော်"

သူ ခေါင်းအသာခါယမ်းလိုက်၏။

"ခက ကိုယ့်အတွက် အနှောင့်အယှက်ဖြစ်စရာလူမှ မဟုတ်ဘဲ"

"တော်သေးတာပေါ့၊ ခက ဦးနေမင်း ခကြောင့် အလုပ် ပျက်မှာ စိုးရိမ်တာ"

နေမင်း ပြုံးလိုက်သည်။

"ကိုယ် ဘယ်လောက်အလုပ်များများ မင်းက ကိုယ့် ဧည့်သည်ပဲလေ"

ထိုစကားကြောင့် မေခ ဝမ်းသာသွားရကာ…

"ကျေးဇူးပဲ ဦးနေမင်း၊ ဒီလိုကြတော့လည်း ဦးနေမင်း က သဘောကောင်းသားပဲနော်"

"ဟောဗျာ…မင်းပြောပုံက ကိုယ်ကပဲ အရင်က သဘော ဆိုးသလိုလို"

"အို…ဆောရီး၊ ဆောရီး၊ ခပြောချင်တာက ဒီလိုသဘော မဟုတ်ပါဘူး၊ ဟိုလေ ဦးနေမင်းက ခနဲ့တွေ့တဲ့အချိန်တိုင်း မျက်နှာကြီး အရှမ်းတည်နေတယ်မဟုတ်လား"

www.burmeseclassic.com



"သေပါတော့ကွာ၊ ကိုယ်က အဲဒီလိုမနေလို့ လှတိုင်း ရယ်ပြနေရမှာလား"

"အို…ဦးနေမင်းကလဲ"

အချိန်ခဏလေးအတွင်းမှာပင် မေခသည် ဦးနေမင်းအ အရင်ကထက် ခင်မင်ရင်းနှီးမှုတွေ ပိုသွားကာ စကားတွေပြော သွားရ၏။

ကြည့်စမ်း ဦးနေမင်း ဒီလိုဆိုတော့လည်း သူက သဘော ကောင်းသူပါလား။

"သြော်…ဒါနဲ့ ကိုဆက်နောင်က မင်းကို နှုတ်ဆက်သွား တယ်၊ သူ မနေ့ကပဲ စင်ကာပူပြန်သွားပြီ"

"ဟုတ်လား"

ကိုဆက်နောင် ပြန်သွားသည်ကို သူ ဘာသဘော ပြောလိုက်သည်မသိပေမယ့် မေခ ဒီထက်ပို၍ သူ့အကြောင်း စိတ်မဝင်စားပါ။ မေခ စိတ်ဝင်စားမိသည်က သူမရှေ့က ဦးနေမင်း

"ဦးနေမင်းကော ဘယ်မှမသွားဘူးလား"

"ဘာလဲ ခင်ဗျားလေးက ကိုယ့်ကို သွားစေချင်နေ လား"

"ဟင် မဟုတ်ပါဘူး၊ ခက ဦးနေမင်းကို ဘယ်သွား ချင်ရမှာလဲ"





"တကယ်လား"

"အဟွန်း…ဟွန်း…ဟွန်း"

မေခမှာ သူ့စကားကို ရက်ရက်နှင့် ရယ်တော့ သူလည်း လိုက်ရယ်လေသည်။

ပန်းသွေးရောင်သန်းနေသော မျက်နှာလေးနှင့် ရက်လွှန့် လွှန့်လေး ရယ်နေသော မေခကို နေမင်း စိုက်ကြည့်လိုက်ပြီး…

"ခရယ် မင်း တကယ့်ကလေးလိုပဲ၊ ကဲ ချာတိတ်ကို မုန့်လိုက်ကျွေးမယ်ဟုတ်လား"

"အို"

"ဘာလဲ မစားဘူးလား ခ"

"ဟင့်အင်း စားမှာပေါ့"

"မင်းတော့ကွာ"

နေမင်း မချင့်မရဲနှင့် သူမကို လက်သီးဆုပ်ဖြင့် နဖူးကို ခပ်ဖွဖွထုဖို့ ရည်ရွယ်ပြီးမှ သူပြန်ရုပ်သိမ်းလိုက်သည်။

ဘယ်မိန်းကလေးနှင့်မှ ရင်းနှီးစွာ မဆက်ဆံခဲ့ပေမယ့် ဒီချာတိတ်မနှင့်တော့ သူဘယ်လိုမှ ခပ်စိမ်းစိမ်းနေလို့မရအောင် ရှိနေရသည်က သူမလေး၏ ထူးခြားသည့် ဆွဲဆောင်မှုကြောင့်ပင် ဖြစ်သည်။

နေမင်းနှင့်အတူ ယှဉ်တွဲလျှောက်လာသော မေခကို



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီဝန်ထမ်းများက အထူးအဆန်းလို ကြည့်နေကြ၏။ တကယ်တော့ သူတို့ဆရာ ဒီလိုမိန်းမချောလေးနှင့် မတွဲဘူးတာကြောင့် အံ့သြနေတာလည်းဖြစ်သည်။

နေမင်းသည် သူမအတွက် ကားတံခါးကို သူကိုယ်တိုင် ဖွင့်ပေးလိုက်သည်။ သူ၏ဂရုစိုက်မှုကြောင့် မေခ ရှက်စိတ်တို့နှင့် ရင်ဝယ် ကြည်နူးကျေနပ်နေရသည်။

"ကဲ ချာတိတ် ဘယ်မှာစားချင်လဲပြော"

"ဟင့်အင်း...ဦးနေမင်းသဘောပဲ"

"ကောင်းပြီ၊ ဒါဆို ကိုယ်တို့ အစားအသောက်ကောင်းကောင်းနဲ့ အေးအေးဆေးဆေးရှိတဲ့နေရာကို သွားမယ်ဟုတ်လား"

မေခ ခေါင်းလေး ဆတ်ခနဲ ညိတ်ပြလိုက်သည်။ နေမင်း ကားကို ဖြည်းဖြည်းမှန်မှန် မောင်းလာခဲ့သည်။

မေခသည် သူ့ဘေးတွင် လိုက်ပါလာရင်းက သူမကိုယ်သူမလည်း အံ့သြနေရသည်။ ကဲ သူမအဖြစ်က ဘယ်လောက်အံ့သြဖို့ကောင်းလိုက်သည်လဲနော်။

သူမစိတ်ကူးထဲ တိတ်တခိုး မျှော်လင့်နေသူ လူချောကြီးနှင့်အတူ ယှဉ်တွဲကာရှိနေရလိမ့်မည်လို့ သူမကိုယ်သူမလည်း မထင်ခဲ့ပါ။

သူက ဝါးပင်တွေ အုပ်အုပ်ဆိုင်းဆိုင်းနှင့် ခြံကျယ်ကြီးတစ်ခုထဲသို့ ကားကို ချိုးကွေ့ဝင်လိုက်သည်။

မြက်ခင်းစိမ်းစိမ်းများပေါ်၌ စားပွဲတွေချထားသည်။ ဘေးမှာတော့ ပြာလဲ့ကြည်စင်နေသော ရေကန်တစ်ခု၊ အားလုံး သဘာဝရှုခင်းအတိုင်းသာဖြစ်သည်။

"ဒီနေရာလေးက သိပ်သာယာတာပဲနော်"

"အင်း...ပတ်ဝန်းကျင်ကလည်း အေးချမ်းတယ်၊ ပြီးတော့ အစားအသောက်ကလည်း ကောင်းတယ်လေ၊ ဒါကြောင့် မင်းကို ဒီခေါ်လာတာ၊ ချာတိတ် ဘာစားမှာလဲ၊ ကြိုက်တာမှာ"

"ခ မမှာတတ်ဘူး၊ ဦးနေမင်းမှာပေါ့"

ဘုရားရေ ကြည့်စမ်း၊ သူမ သူ့အပေါ် မထင်မှတ်ဘဲ ချွဲနွဲ့သလို ဖြစ်နေပါလားနော်။ သူမမျက်နှာလေးမှာ နီမြန်းသွားရသလို သူ့အကြည့်ရှူးရှူးတွေကလည်း သူမထံ ရောက်ရှိလာပြီး...

"ကိုယ်မှာပေးတာ မင်းမကြိုက်ရင် ဘယ်လိုလုပ်မလဲ"

"ဦးနေမင်းမှာတာတွေကို ခ ကြိုက်မှာသေချာပါတယ်"

ကဲ အဲဒီစကားဟာ သူမ သူ့အပေါ် ဘယ်လောက်ထိ ယုံကြည်မှုရှိလဲဆိုတာ ပြလိုက်တာပါပဲ။ သူမ၏ ထိုစကားတစ်ခွန်းနှင့်ပင် နေမင်းရင်မှာ ကြည်နူးသွားရသည်။

နေမင်းသည် စားသောက်ဖွယ်ရာများကို မှာလိုက်သည်။

"မင်းကံကောင်းတယ် သိလား၊ ကိုယ့်ဆီ ပထမဦးဆုံး







www.burmeseclassic.com

www.burmeseclassic.com



အလည်လာခွင့်ရတဲ့ မိန်းကလေးက မင်းပဲ"

ထိုအတွက် မေခသည် သူမကိုယ်သူမ ဂုဏ်ယူရမလို။ မေခမှာလည်း သူမသည် ဘယ်လိုမိန်းကလေးမျိုးဆိုတာ ဦးနေမင်း သိစေချင်လေ၏။

"အဲဒီအတွက် ခ ဂုဏ်ယူရမှာပေါ့"

"ယူနိုင်ပါတယ်"

"အဟင်း…ခအတွက်လည်း ယောကျ်ားတစ်ယောက်ဆို ပထမဦးဆုံး လာခဲ့ဖူးတာဆိုလို့ ဦးနေမင်းပါပဲ"

"တကယ်လား ခ"

သူမမျက်ဝန်းလှလှလေးထဲကို အဖြေရှာသလို စိုက်ကြည့် ရင်း ဦးနေမင်း မေးလိုက်သည်။

မေခသည် ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်တော့ နေမင်း လှစ်ခနဲပြုံးကာ…

"မင်းကို ခင်ချင်တဲ့ ယောကျ်ားတွေတော့ အများကြီး ရှိမှာပေါ့နော်"

"သေချာတယ်၊ ဒါပေမယ့် ခက ကိုယ်တကယ်မခင်နိုင် ဘဲနဲ့ ဘယ်ယောကျ်ားကိုမှ ခင်ဖို့ မကြိုးစားဘူး"

"ဒါဆို ခ ကိုယ့်ကို ခင်တယ်ဆိုတာ တကယ်ပေါ့နော်"

သည်တစ်ခါတော့ မေခ သူ့အကြည့်တွေကို ရင်မဆိုင်ရဲ





တော့ပါ။ စူးရှတောက်ပလွန်းသည့် နေမင်း၏ အကြည့်များကို ရှောင်လွှဲရင်းက 'အင်း' ဟု ဖြေလိုက်ချိန်မှာတော့ ရင်ထဲ တစ်စုံ တစ်ရာ နင့်စူးစိုက်ဝင်သွားရသလိုပင်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ညသည် တဖြည်းဖြည်း မှောင်မိုက်ကာ တိတ်ဆိတ်လာပေမယ့် မေခ အိပ်မပျော်နိုင်ခဲ့ပါ။

တစ်ယောက်တည်း အထီးကျန်သလိုရှိနေချိန်တွင် သူမရင်ထဲ ဦးနေမင်းကို ပို၍သတိရလာရသည်။

တစ်ယောက်တည်း တိတ်ဆိတ်နေသော အခန်းထဲတွင် မေခရင်ထဲ အထီးကျန်မှုတွေနှင့် ဘာလုပ်ရမည်မသိ။ ရင်မှာ တစ်ဦးတစ်ယောက်ကိုပဲ သတိရ လွမ်းဆွတ်နေရသလိုလို။

သူမ ဘယ်သူ့ကို သတိရလွမ်းဆွတ်နေပါသည်လဲ။

ထိုခဏ သူမမျက်ဝန်းထဲသို့ တည်ကြည်ခန့်ညားသော ရုပ်သွင်နှင့် ဦးနေမင်း၏ မျက်နှာချောချောကြီးက ပေါ်လာရသည်။

ခုချိန် ဦးနေမင်းရော သူမကို သတိရနေမည်တဲ့လား။





ဟင့်အင်း မထင်ပါ။ မေခဆိုသော သူမသည် ဦးနေမင်းရင်ထဲ ရှိနေလိမ့်မည်မဟုတ်။

ဦးနေမင်းမျက်ဝန်းထဲတွင် သူမအပေါ် ခင်မင်ရင်းနှီးမှုထက် ပိုသည့် အရိပ်အရောင်များ မမြင်ခဲ့ရပါ။

သည့်အတွက် မေခရင်ထဲ နာကျင်ရပါသည်။ သို့သော် နာကျင်တာကတခြား၊ သူ့အပေါ် သူမသတိရလွမ်းဆွတ်နေသည်က တခြားပင်ဖြစ်သည်။

သတိရစိတ်ကြောင့်လည်း သူ့ဆီဖုန်းဆက်ရန် သူမ စိတ်ကူးလိုက်သည်။

သူမဦးနောက်ထဲတွင် အလွတ်ရနေပြီဖြစ်သော ဖုန်းနံပါတ်ကို မေခ နှိပ်လိုက်သည်။

"ဟဲလို"

ကံကောင်းစွာပင် မေခသည် ဦးနေမင်းနှင့် တွေ့ရလေသည်။

"ဦးနေမင်း"

"ဟင် ခ"

သည်တစ်ခါတော့ သူက သူမအသံကို ချက်ချင်းမှတ်မိနေလေသည်။

"ဟုတ်ပါတယ် ဦးနေမင်း ခပါ၊ ဘာလဲ ခဒီအချိန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်လို့ ဦးနေမင်း အံ့သြနေတာလား"

"အင်း မှန်တာပြောရင် အံ့သြမိတယ်၊ ခ ဘာကိစ္စရှိလို့လဲ ဟင်"

"ကိစ္စရှိမှ ဦးနေမင်းဆီ ခ ဖုန်းဆက်ရမှာလား"

"ဟာ မဟုတ်ပါဘူး၊ ကိုယ်က ဒီအချိန်ကြီး ခ တကူး တက ဖုန်းဆက်လို့ မေးကြည့်တာပါ"

"ဟုတ်တယ်နော် ခကြောင့် ဦးနေမင်း အိပ်ရေးပျက်သွားရပြီ"

"ကိုယ့်စကားကို ခ တစ်မျိုးထင်သွားပြီနဲ့တူတယ်၊ ကိုယ် ပြောတာက ခ ဘာများဖြစ်လဲလို့ သိချင်လို့ပါ"

"ဟင်း ဟင်း၊ အလကားပါ ဦးနေမင်းရယ်၊ ခ အိပ် မပျော်တာနဲ့ ဦးနေမင်းကို သတိရလာလို့ ဖုန်းဆက်လိုက်တာပါ"

"ဟင် ခ ဒီအချိန်ထိ မအိပ်ရသေးဘူး ဟုတ်လား"

"အင်း ဟုတ်တယ်"

"ခရယ်"

မေခဆိုသော မိန်းကလေးသည် ဒီအချိန်ထိ မအိပ်ရအောင် သူမရင်ထဲ ဘာတွေဘယ်လိုများ ခံစားနေရပါလိမ့်ဟူသောအတွေး ဖြင့် နေမင်းသည် သနားစိတ်နှင့် ကရုဏာသက်သွားရသည်။

"အိပ်မပျော်နိုင်အောင် ခမှာ ဘယ်လိုသောကတွေရှိနေလဲ





ဆိုတာ ကိုယ် မသိရဘူးလား ခ"

ဦးနေမင်း၏အပြောကြောင့် မေခ တစ်ဖက်မှ ပြုံးလိုက် ပြီး

"ဦးနေမင်းက ခအကြောင်း စိတ်ဝင်စားလို့လား"

"ခက ကိုယ့်မိတ်ဆွေပဲ၊ စိတ်ဝင်စားတာပေါ့"

"မိတ်ဆွေ ဟုတ်လား"

"မဟုတ်လို့လား"

သူ့စကားကြောင့် မေခ နှုတ်ခမ်းလေးဖိကိုက်ကာ ငြိမ်သက် သွားပြီးမှ

"အင်း ဟုတ်ပါတယ်လေ၊ ခတို့က မိတ်ဆွေပဲနော်၊ ခ ပြောရင် ဦးနေမင်း ယုံမလားပဲ၊ ခ အိပ်မပျော်နိုင်တာ လူတစ်ယောက် ကို သတိရနေလို့"

"အဲဒီလူဟာ ဘယ်သူလဲဆိုတာ ကိုယ် သိခွင့်ရှိမလား ခ"

"ရှိပါတယ် ဦးနေမင်း၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူဟာ ဦးနေမင်း ဖြစ်နေလို့ပါပဲ"

မေခပြောပြီး ဖုန်းကို ချပစ်လိုက်သည်။ ဦးနေမင်း ဘယ်လို ခံစားသည် မသိပေမယ့် မေခမှာတော့ ရင်ထဲ လှုပ်ရှားမောပန်းနေရ သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ သူမကို ဘယ်လိုထင်မည်လဲ။ ဦးနေမင်း သူလည်း ခုချိန်လောက်ဆို သူမရင်ထဲက ခံစားမှုကို နားလည်နေလိမ့်မည်လား။

ညဏ်အမှောင်ထုသည် ပိုမိုနက်ရှိုင်းလာရသည်။ ထိုအချိန်ထိ မေခမှာ အိပ်မပျော်နိုင်သေးပါ။

ရင်ထဲတွင် ခံစားမှုတွေ ရှုပ်ထွေးနေလျက် စိတ်မှာ မွန်းမွန်းကြပ်ကြပ် ဖြစ်လာရသည်မို့ ဝရန်တာတံခါးကိုဖွင့်လျက် လသာဆောင်သို့ ထွက်လာခဲ့လိုက်သည်နှင့်...

''ဟင်''

ရုတ်တရက်တော့ မေခ သူမမျက်စိကို သူမ မယုံနိုင်အောင် ဖြစ်သွားရသည်။

လသာဆောင်နှင့်တည့်တည့် သူမတို့တိုက်ရှေ့တွင် ဦးနေမင်း၏ ကားအကောင်းစားကြီး ရပ်ထားသလို ထိုကားဘေး၌ ဦးနေမင်းသည် ကားကိုမှီလျက် လက်ပိုက်ကာ သူမတို့တိုက်ကို ငေးကြည့်နေလေသည်။

မြတ်စွာဘုရား။

ဦးနေမင်း သူဘယ်လိုလုပ် ညကြီးအချိန်မတော် သူမတို့တိုက်ရှေ့ ရောက်နေရပါသည်လဲ။

စောစောကပင် သူမနှင့် ဖုန်းပြောပြီး သိပ်မကြာခင်မှာပင်





ဦးနေမင်းသည် ယခု သူမတို့တိုက်ရှေ့ ရောက်နေသည်မှာ မယုံနိုင်စရာပင်ဖြစ်သည်။

သူမသာ ဝရန်တာတံခါးကို ဖွင့်မကြည့်ခဲ့လျှင် ဦးနေမင်း သူမတို့တိုက်ရှေ့ ရောက်နေသည်ဆိုတာလည်း မေခ သိရလိမ့်မည်မဟုတ်။

ညဏ်လေပြေကြောင့် ဆံပင်ရှည်များ လေမှာတလွင့်လွင့် မျောလျက် ညဝတ်အင်္ကျီပန်းနုရောင်လေးဖြင့် ဝရန်တာတွင် ရပ်နေသော သူမကို ဦးနေမင်းသည်လည်း မြင်တွေ့သွားဟန်တူပါ၏။ သူမအား လက်လှမ်းပြနေလေသည်။

မေခသည် သူ့အား လက်လေးပြန်ပြရင်း သူမအခန်းထဲသို့ ပြန်ဝင်ကာ ဖုန်းလေးကို ယူလာခဲ့လိုက်သည်။

သည်နောက် ဦးနေမင်း ဟန်းဖုန်းနံပါတ်ကိုနှိပ်ကာ ဦးနေမင်းအား ကြည့်လိုက်သည်။

''ဦးနေမင်း''

''ခ''

''ရှင်ဘယ်လိုလုပ်ပြီး ခတို့တိုက်ရှေ့ ရောက်နေတာလဲ ဟင်''

''အဟွန်း ဟွန်း၊ ဘာလဲ ခက ကိုယ့်ကိုတွေ့လို့ အံ့သြနေတာလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ခ ဦးနေမင်းကို အခုလို ရောက်လာလိမ့်မယ်လို့ မထင်ဘူးလေ"

သူမစကားကြောင့် နေမင်းသည် ဖုန်းထဲမှာပင် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောပြီး

"ခရယ် ကိုယ်လာတာ မင်းအတွက် ဘာထူးဆန်းလို့လဲ။ ခပဲပြောတယ်လေ ကိုယ့်ကို သတိရနေတာဆို"

"အို"

သူ မမြင်နိုင်ပေမယ့် မေခ မျက်နှာလှလှလေး ရဲရဲတွတ်နီမြန်းတောက်သွားရသည်အထိ ရှက်စိတ်တွေ ရင်မှာကြီးစိုးသွားရသည်။

ရှက်စိတ်ကြောင့် မေခ သူ့အား စကားပြန်မပြောမိပါ။

"ခ"

သူခေါ်ပေမယ့် ခ မထူးပါ။

ထိုအခါ နေမင်းသည် ရင်မှာပို၍ မချင့်မရဲဖြစ်သွားပြီး

"ခ ကိုယ်ခေါ်တာ ဘာလို့မထူးတာလဲ၊ အေးဗျ ခ ဒီလိုမထူးရင်တော့ ခနဲ့ မျက်နှာချင်းဆိုင် ကိုယ်လာတွေ့ရလိမ့်မယ်"

"အို"

သူ့စကားကြောင့် မေခ လန့်သွားရ၏။ မလန့်ဘဲနေမည်တဲ့လားလေ။ ဦးနေမင်းဆိုတဲ့သူသည် အခုတောင် သူမရှိရာနေရာကို





ရောက်ရှိနေရပြီမဟုတ်ပါလား။

"ဦးနေမင်းနော်၊ ရှင် အဲဒီလိုမလုပ်နဲ့ သိလား၊ ဒီအချိန်က အားလုံး လူတွေအိပ်နေပြီ"

"ဒါဖြင့် ခက ဘာလို့ မအိပ်သေးတာလဲ"

"အို"

"မှန်တာပြောရင် ခ ဖုန်းဆက်တဲ့အချိန်က ကိုယ်လည်း ခကို သတိရနေတာ"

"ဟင်"

မေခ အံ့သြသွားရသည်။

ကြည့်စမ်း ဘယ်လောက် ထူးဆန်းလိုက်ပါသည်လဲ။ သူလည်း ခကို သတိရနေသည်တဲ့လား။

"ခရယ် ကိုယ်လည်း မညာချင်တော့ပါဘူး၊ ကိုယ် ကိုယ် ခကို ချစ်နေမိပြီ"

"အို"

မေခလက်ထဲတွင် ကိုင်ထားသည့်ဖုန်းလေးမှာ လွတ်ကျမတတ်ဖြစ်သွားရသည်။ သူ့ဆီက သူမ ဘယ်လိုမှ မမျှော်လင့်သည့် စကားကို မေခ ကြားလိုက်ရပြီပဲလေ။

ရင်ထဲတွင် လှိုက်မောတုန်ယင်သော ခံစားမှုမွှေးမွှေးများနှင့် မေခ သူမကိုယ်သူမ ဆောက်တည်ရာမရချင်။



www.burmeseclassic.com

www.burmeseclassic.com



ခစ်ဝါးဝါးကျနေသည့် မီးအလင်းရောင်အောက်တွင် မေခနှင်နေမင်းသည် တစ်ယောက်ကိုတစ်ယောက် အဝေးမှပင် မျက်ဝန်းတွေမလွှဲ အကြည့်တွေစူးစူးစိုက်စိုက်ဖြင့် ငေးမောစိုက်ကြည့်နေမိသည်။

"ခ"

"ရှင်"

"မင်းလည်း ကိုယ့်လိုပဲ ကိုယ့်ကိုချစ်တယ်မဟုတ်လား ခ"

သူမရင်ထဲကအဖြေကို သူသည် ကြိုသိနေသလိုမျိုး သူမအား မလှုပ်သာအောင် အပိုင်မေးလိုက်သည့် ဦးနေမင်း စကားကြောင့် မေခ ရှက်စိတ်တွေနှင့် နှုတ်ခမ်းလေး စူသွားရပြီး

"မချစ်ဘူးဆိုရင်ကော"

"သေချာလား"

"အို-ရှင်နော်"

"အဟွန်း မညာတတ်ဘဲနဲ့ မညာချင်စမ်းပါနဲ့ မိန်းကလေးရယ်၊ မင်းမျက်လုံးထဲကအဖြေကို ကိုယ် အဝေးက လှမ်းပြီးမြင်နေရတယ်"

"ဘာတဲ့လဲ"

"ကိုယ့်ကို ချစ်တယ်တဲ့လေ"





"အို"

ယောင်ရမ်းကာ မေခတစ်ယောက် သူမမျက်ဝန်းလေးကို ချက်ခြင်း မှိတ်ပစ်လိုက်သည်။ ထိုခဏ သူမရင်ထဲက သိမ့်သိမ့်လှိုက်ခုန်သည့် ရင်ခုန်သံတွေနှင့် နွေးထွေးသွားရသည်။

ဦးနေမင်းရယ်။ ရှင် ခအပေါ် အမျိုးမျိုး ညှို့ယူဖမ်းစားနိုင်လွန်းပါလား ရှင်ရယ်ဟု မေခစိတ်မှာ တိတ်တဆိတ် ဆိုလိုက်မိသည်။

ထိုစဉ် ဦးနေမင်းအသံက ဖုန်းထဲမှ ထွက်ပေါ်လာရပြန်၏။

"ဒီညလေး ခ ဘယ်တော့မှ မမေ့နဲ့နော်"

"ဘာအတွက်လဲ ဦးနေမင်း"

"မေခဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို ကိုယ်ပိုင်ဆိုင်ခွင့်ရလိုက်လို့လေ"

"ဟင် ဘယ်သူက ဦးနေမင်းကို ချစ်တယ်ပြောလို့လဲ"

"ဒါဖြင့် ပြောစမ်း၊ မင်းလေး ကိုယ့်ကို မချစ်ဘူးလား ဆိုတာ"

"အဟင်း ဟင်း ဟင်း ချစ်တယ်"

"ခရယ်"

"အဟွန်း ဟွန်း ဟွန်း"

ဖုန်းလေးထဲမှ နေမင်းနှင့် မေခတို့၏ ကြည်နူးမှုရယ်သံ



www.burmeseclassic.com

www.burmeseclassic.com



လေးများသည် သူတို့နှစ်ဦး၏ နှလုံးသားထိအောင် လွင့်ပျံ့ရောက်ရှိ သွားရသည်။

ဩော် ဒီညသည် ချစ်တတ်တဲ့သူတို့နှစ်ဦးအတွက် ရင်ခုန် အပျော်တွေ ကြည်နူးမှုတွေနှင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကောင်းသည့် အချစ်ညလေးပင်ဖြစ်တော့သည်။

● ● ●



## အခန်း (၁၅)

အခန်းထဲသို့ နေရောင်ခြည် ထိုးဖောက်ဝင်ရောက်လာ ကြောင့် မေခ မျက်ဝန်းများ ဖျတ်ခနဲ ပွင့်လာရသည်။

"ဟင်"

မနက်ရှစ်နာရီတောင် ထိုးပါရောလား။ မေခသည် စားပွဲ နာရီလေးထက်မှ အကြည့်များကို ရွှေ့ရင်း လူက အိပ်ရာမှ သေးဘဲ ညကအဖြစ်များကို ပြန်၍စဉ်းစားတွေးလိုက်မိသည်။

ညက ဦးနေမင်း သူမတိုက်ရှေ့သို့ ရောက်လာသည်။ တော့ ဖုန်းထဲမှာပင် ဦးနေမင်းနှင့်သူမ ချစ်သူတွေဖြစ်ခဲ့ကြသည်။

"အို"

မေခ ပါးလေးနှစ်ဖက် ရဲတက်သွားရသည်။ ဒီအဖြစ်တွေ တကယ်ပေပဲလား။ ဦးနေမင်းနှင့် သူမသည် တကယ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရည်စားများဖြစ်ခဲ့ကြသည်တဲ့လား။

မယုံနိုင်စရာပါပဲလား။

ယောကျ်ားတစ်ယောက်နှင့်သူမ ချစ်သူဖြစ်ခဲ့ရခြင်း

လူခြေတိတ်ဆိတ်သည့် ညအချိန် ဖုန်းထဲမှတစ်ဆင့် ချစ်သူဖြစ်

သည်တဲ့လား။

ဘာပဲပြောပြော မေခသည် ဒီအဖြစ်အတွက် နောင်တ

ပေ။

ဦးနေမင်းကို ချစ်အဖြေပေးလိုက်ရသည့်အတွက် သူမ

ယခုအချိန်ထိအောင် ရင်ခုန်သံတွေ တဒိတ်ဒိတ်နှင့် ရင်မှာလှိုက်

နေရဆဲဖြစ်သည်။

ဘာလိုလိုနှင့် သူမသည် ဦးနေမင်း၏ချစ်သူ ဖြစ်ခဲ့ရပြီ

သည်။ အတွေးနှင့် မေခရင်မှာ ကြည်နူးနေဆဲ

"တူ တူ တူ"

မေခသည် ဖုန်းလေးကိုယူကာ နံပါတ်ကြည့်လိုက်

ဘုရားရေ…

ဦးနေမင်းရဲ့ဖုန်းပါလား။

မေခ အိပ်ရာထက်မှ ဝုန်းခနဲ ထထိုင်လိုက်ပြီး ဖုန်းလေး

ဖွင့်ကာ

"ဟဲလို"

သူမအသံလေးမှာ မငံ့မရဲဖြစ်နေရသည်ကို မေခ သူမကိုယ်

သိသလို ဦးနေမင်းလည်း သိနေပုံရ၏။ ဖုန်းထဲမှနေ ခပ်လွှန့်လွှန့်

ရင်း

"ကောင်မလေး ခုချိန်ထိ အိပ်ရာကမထသေးဘူးလား"

"အို"

မေခ ပါးလေးရဲတက်သွားရသည်။

သူမအိပ်ရာမှ မထသေးသည်ကို ဦးနေမင်း ဘယ်လိုလုပ်

တာပါလိမ့်။

ဘယ်သူမှ မမြင်နိုင်ပေမယ့် မေခသည် သူမကိုယ်သူမ

မလေးဖြစ်သွားရသည်။

"ခ တိတ်လှချည်လား၊ ဘာလဲ ကိုယ်ပြောတာမှန်နေလို့

"ဦးနေမင်းနော်"

မမြင်နိုင်ပေမယ့် မေခသည် သူ့အား ရှက်မျက်စောင်းလေး

လိုက်ရင်းက သူ အစောကြီး ဖုန်းဆက်သည့်အတွက်လည်း

အံ့သြနေရသည်။

ထို့ကြောင့် သိချင်စိတ်ကို ရင်မှာ မချုပ်ထိန်းနိုင်ဘဲ

"ဦးနေမင်း ခဆီကို ဘာလို့ ဖုန်းအစောကြီးဆက်တာလဲ"

"ကြည့်စမ်း မင်းလေး ကိုယ့်ကို ဘယ်လိုမေးလိုက်တာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်း၊ မင်းနဲ့ကိုယ့်ပတ်သက်မှုက ဘာလဲဆိုတာ''

''ရှင်''

သူ့စကားကို မေခ ရုတ်တရက် နားမလည်ပါ။

''ကျုပ် မင်းတော့ နာတော့မှာပဲကွာ၊ ခင်ဗျားလေးနဲ့ကျ
က အရင်လို မိတ်ဆွေအဆင့် မဟုတ်တော့ဘူးဆိုတာလည်း သင်
ဦးလေဗျာ''

''အို''

သူ ဘာကိုဆိုလိုသည်ကို မေခ ခုမှသဘောပေါက်ရတော့
သည်။ ဟုတ်ပါရဲ့။ ဦးနေမင်းဆိုတာ သူမအတွက် မိတ်ဆွေအဆင့်
မဟုတ်တော့ပါ။ နှလုံးသားတစ်ခုလုံး ပုံအပ်ထားသည့် ချစ်သူ
ပဲလေ။

''ခကို ကိုယ်တွေ့ချင်တယ်''

''ရှင်''

''မင်းတော့ကွာ ဘာဖြစ်နေတာလဲ၊ တရှင် ရှင်နဲ့၊ ကိုယ်
ပြောတာ မင်းကို ကိုယ်တွေ့ချင်တဲ့အကြောင်း ပြောနေတာ''

ပြောရင်းက ဦးနေမင်းအသံက စိတ်မရှည်တော့ဟန်
မေခ မျက်ဝန်းလေး ပြုံးကျယ်သွားရပြီး…

''ခ ခလည်း ဦးနေမင်းကို တွေ့ချင်ပါတယ်''

''အဟွန်း ထင်ပါတယ်လေ၊ ခလည်း ကိုယ့်ကိုတွေ့ချင်





မယ်ဆိုတာ''

တစ်ဆိတ်လွန်ပြီထင်ပါရဲ့။

သူမနှင့်ပတ်သက်လာလျှင် ဦးနေမင်းသည် သူ့ကိုယ်သူ
ဒီလောက် အထင်ကြီးလွန်းနေရသည်တဲ့လား။

''ခ ကိုယ်ပြောတာ ကြားလား''

''ဟို ဘာပြောလိုက်တာလဲ ဦးနေမင်း''

''ဘာဖြစ်နေတာလဲ၊ ဘာလဲ ကိုယ်နဲ့ ခ မတွေ့ချင်ဘူး
လား''

အတွေးလွန်သွားရသည့် မေခမှာ သူဘာပြောလိုက်သည်
ကို မကြားလိုက်ပါ။ ထိုအတွက် ဂရုမစိုက်သလို ဖြစ်သွားရသည့်
သူမအပြုအမူအတွက် သူ့ကို အားနာသွားရပြီး

''ခ တောင်းပန်ပါတယ်၊ ဦးနေမင်းကို ခ တွေ့ချင်ပါ
တယ်''

''ကိုယ်နဲ့ဆုံနေကျ ကော်ဖီဆိုင်လေးမှာ ခကို ကိုယ်စောင့်
နေမယ်၊ ခု ထွက်ခဲ့နော်''

''ဟုတ်ကဲ့''

''ခကို သိပ်ချစ်တယ်''

''အို''

တိုးရှလွန်းသည့် သူ၏ချစ်စကားသံတိုးတိုးလေးက မေခ



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားကို တုန်ခါသွားစေရသည်။

မေခမှာ သူ၏ချစ်စကားကြောင့် ခြေဖျား၊ လက်ဖျားလေးတွေ အေးစက်လျက် ဖုန်းလေးချသွားသည်အထိ ရင်ခုန်သံတွေ ပူနွေးနေရသည်။

သို့သော် ထိုခံစားမှုကို မေခရင်ထဲ ကြာကြာမသိမ်းဆည်းထားနိုင်အားပါ။ သူမကို စောင့်နေမည့် သူ့ကို သတိရလိုက်တော့ မေခသည် ရေချိုးခန်းထဲသို့ ပြေးဝင်ကာ ရေချိုးလိုက်ပြီး သူမကိုယ်သူမ အမြန်ပြုပြင်လိုက်လေသည်။

မကြာလိုက် ပန်းခရမ်းရောင်ဝတ်စုံလေးနှင့် မေခသည် အလှကြီးလှသွားပါလေသည်။

မေခသည် မှန်ထဲတွင် သူမကိုယ်သူမ စိတ်ကျေနပ်သလို ကြည့်ပြီးနောက် ဦးနေမင်း စောင့်နေသည်ဆိုသောအသိဖြင့် အောက်ထပ်သို့ အပြေးလေးဆင်းလာခဲ့လိုက်သည်။

"ဟဲ့ ဟဲ့ ဖြည်းဖြည်း ဖြည်းဖြည်း၊ ဒီကလေး ဘယ်လိုဖြစ်နေတာလဲ၊ ခုတလော ပျာယာခတ်နေတယ်နော်၊ ဒါ ဘယ်လဲ"

ပြောနေသည့်ကြားက ကားသော့ကိုဆွဲယူကာ အပြင်ထွက်ရန် ပြင်နေသည့် သမီးဖြစ်သူကို မိခင်ဒေါ်မိမိအောင်မှာ မေခအားချစ်စနိုးကြည့်ရင်း မေးလိုက်သည်။

"သမီးသူငယ်ချင်းတွေနဲ့ ချိန်းထားလို့ မာမီ၊ အဲဒါနောက်ကျမှာစိုးလို့ သွားပြီနော်"





မေခ ပြောလည်းပြော၊ ကားကို ခြံထဲမှ မောင်းထွက်လာခဲ့လိုက်သည်။ သူမ ဦးတည်ရာက ဦးနေမင်းစောင့်နေမည့် ကော်ဖီဆိုင်ရှိရာသို့ဖြစ်သည်။

မေခရောက်သွားချိန်တွင် ဦးနေမင်းသည် သူမအား ကော်ဖီသောက်ရင်း စောင့်နေလေသည်။

"ခ"

"ဦးနေမင်း"

သူ့ရှေ့ရောက်လာသော မေခကို နေမင်းသည် တစ်ခါမှမမြင်တွေ့ဘူးသည့် လူတစ်ယောက်လို မျက်ဝန်းရူးရူးစိုစိုများဖြင့် စိုက်ကြည့်လာတာမို့ မေခမှာ သူ့ရှေ့တွင် အနေခက်သလိုရှိသွားရသည်။

"ဟို ခလာတာ နောက်ကျသွားလို့လားဟင်"

"ဟင့်အင်း"

"ဟို ဒါဖြင့်"

"အဟွန်း ဒီနေ့ ခ သိပ်လှနေလို့"

"အို"

ရှက်ပါသည်ဆိုမှ သူ့စကားကြောင့် မေခ မနေတတ်တော့ပါ။ ရှက်စိတ်နှင့် ဖြစ်နိုင်လျှင် မေခ သူ့အပါးကနေ အဝေးသို့



www.burmeseclassic.com

www.burmeseclassic.com



သာ ထွက်ပြေးသွားချင်ပါတော့သည်။

သို့သော် ထိုအဖြစ်ကို သူမ၏နှလုံးသားက ခွင့်မပြုပေ။ နေမင်း၏ အကြည့်များအောက်တွင် မေခ ပါးပြင်နုနု ပန်းရောင်သန်းလာရပြီး

"ခ ခကို ဘာလို့ အဲလောက်ကြည့်နေရတာလဲ"

"လှလို့၊ ခက သိပ်လှနေလို့"

"ဦးနေမင်း"

"ဟိတ် ဟိတ် နေဦး၊ ခင်ဗျားလေးနဲ့ကျုပ် အဲဒီပြဿနာ ရှင်းရဦးမယ်"

"ဘာလဲ ဘာပြဿနာလဲဟင် ဦးနေမင်း"

"အေး ကိုယ့်ကို အဲဒီလို ဦးနေမင်းလို့ ခေါ်နေတဲ့ကိစ္စပဲ"

"ရှင်"

ကြည်စင်သော မျက်ဝန်းလေးမှာ အံ့သြမှုတွေ ဖြာဝေသွားရသည်။ နေမင်းမှာ ထိုအဖြစ်ကို မသိဟန်ပြုကာ…

"ပြောစမ်း မင်းနဲ့ကိုယ်က ခုချိန်မှာ ဘာလဲဆိုတာ"

"ရှင်"

"ဟာကွာ…လာပြန်ပြီလား ဒီရှင်ကြီးက၊ ပြောစမ်း မင်းကို အဲဒါ ဘယ်သူသင်လိုက်တာလဲ၊ ဒီမှာ ခ၊ မင်းသိထားရမှာက ခုချိန်မှာ မင်းနဲ့ကိုယ့်ရဲ့ ပတ်သက်မှုက သာမန်အဆင့်မဟုတ်တော့ဘူး၊ ချစ်သူရည်းစားဖြစ်နေပြီဗျ၊ ရှင်းရှင်းပြောရရင် မင်းက ကိုယ့်ချစ်သူ၊ ဒီတော့ ကိုယ့်ချစ်သူကို ဘယ်လိုခေါ်ရမယ်ဆိုတာ မင်းစဉ်းစား"





"အို"

သူ ဘာကြောင့် ဒေါသတွေ ဒီလောက်ကြီးပြီး ရှူးရှူးရှားရှား ဖြစ်နေရသည်ကို မေခ ယခုမှ သဘောပေါက်သိရလေတော့သည်။

မေခ မျက်နှာလေးမှာ ပြုံးသွားရလေ၏။

"ဟော့…ဟော့ မင်းဘာပြုံးတာလဲ ခ"

"အို…ပြုံးမှတော့ ပြုံးစရာရှိလို့ပေါ့"

"ဘာလဲ မင်း ကိုယ့်ကိုလှောင်တာပေါ့"

"မလှောင်ရဲပါဘူးရှင်၊ ဦးနေမင်းကို ခ ကြောက်ပါတယ်"

"ဒါဘာစကားလဲကွ၊ ကျုပ်က မင်းအတွက် ကြောက်စရာလူလား ပြောစမ်း၊ ကိုယ်က မင်းအတွက် ကြောက်စရာလူလားဆိုတာ"

ရော…ဒီလူကြီး ဘယ်လိုဖြစ်နေတာပါလိမ့်။ စကားကို နည်းနည်းမှ အမှားမခံနိုင်အောင် အလကားနေ ဒေါသတွေ ဖွတ်ကြီးနေပါရောလား၊ သူ ဒါဘာဖြစ်တာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးထူထူကြီး တွန့်ချိုးကာ မျက်ဝန်းတည်တည်စူးစူးကြီးနှင့် ဘာတွေအလိုမကျ ဖြစ်နေသည်မသိသော ဦးနေမင်းကို မေခ ဘယ်လိုနားလည်ရမှန်းမသိတော့ပါ။

မေခသိတာက သူ့အပြုအမူတွေကြောင့် စိတ်ညစ်လာရခြင်းပင်။

ထို့ကြောင့် မျက်နှာလှလှလေးမှာ မှုန်မှုန်မှိုင်းမှိုင်းလေးဖြစ်လာရ၏။ သူမလေး၏ ထိုအဖြစ်ကို နေမင်းမှာ သတိထားမိကာ သူမအပေါ် မချင့်မရဲဖြစ်နေရသည့် သူ့စိတ်ကို သူပြန်လျှော့လိုက်ပြီး

"လာ…ခ ကိုယ်တို့တခြားသွားရအောင်"

သူမမှ ဘာမှမပြောရသေး၊ နေမင်းသည် မေခ လက်လေးကို ဆတ်ခနဲ ဆွဲယူကာ ဆိုင်ထဲမှ ထွက်လာခဲ့လိုက်သည်။

သည်နောက် မေခလက်ထဲမှ ကားသော့ကို လှမ်းယူကာ

"ခ ကားပေါ်တက်"ဟုဆိုပြီး နေမင်းသည် သူမကားလေးကို ထိုနေရာမှ မောင်းထွက်လာခဲ့သည်။

မေခသည် နေမင်းအား ဘယ်ကိုသွား၍ ဘယ်မောင်းနေသည်ဆိုတာ မမေး။

သူ့အားတွင် တိတ်ဆိတ်စွာပင် ပါလာခဲ့သည်။ နေမင်းမောင်းသည့် ကားလေးက နေရာများ တစ်နေရာပြီး တစ်နေရာဖြတ်ကျော်ခဲ့ပြီးသည့်အခါမှာတော့…





"ကျွီး"

"အို"

ရုတ်ခြည်းအရှိန်ပြင်းပြင်းနှင့် ကားဘရိတ်အုပ်လိုက်တာကြောင့် မေခကိုယ်လေး ရှေ့သို့ ငိုက်ကျသွားရသည်။

"ဆောရီး…ခ"

သူတောင်းပန်စကားကို မေခသည် ဂရုမစိုက်သည့်နှယ် ဘာမှပြန်မပြောဘဲ ပတ်ဝန်းကျင်ကို ကြည့်မိလိုက်တော့…

"ဟင်"

ကားလေးသည် မြို့အပြင် လူရှင်းသော လမ်းဘေးတစ်နေရာ ရပ်သွားရခြင်းဖြစ်သည်။

ဦးနေမင်း ကားကို ဘာကြောင့် ဒီလောက်အဝေးကြီးမောင်းလာရတာပါလိမ့်။ အတွေးနှင့် မေခ သူ့ကိုကြည့်လိုက်တော့

ဘုရားရေ။

သူ ခကို စူးစူးစိုက်စိုက်ကြီး ကြည့်နေပါရောလား။

"ခ"

မထူးပါ။ မေခ မျက်လွှာလေးချလျက် ငြိမ်သက်နေလေသည်။ နေမင်းသည် မေခ၏ လက်လေးကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး…

"ကိုယ့်ကိုကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း မကြည့်ရဲပါ။ ခုချိန် သူ့အကြည့်တွေနှင့် ဆုံရမှာကို မေခ ကြောက်ပါသည်။

မေခသည် နေမင်းလက်ထဲမှ သူမလက်လေးကို ရုန်းယူလိုက်တော့…

"ကိုယ်ပြောနေတယ်လေ ခ၊ ကိုယ့်ကိုကြည့်ဆိုတာ"

သူ့စကားသံသည် အမိန့်သံဆန်နေပေမယ့် နားထောင်လို့တော့ ကောင်းနေရပါသည်။

ထိုအချိန်ထိ မေခသည် သူ့ကိုမကြည့်ပေ။ သူမ၏ ထိုပုံစံလေးကိုကြည့်ကာ နေမင်း မချင့်မရဲကြီးဖြစ်လာရသည်။

ချာတိတ်မ ရှက်နေသည်ဆိုတာ သူသိပါ၏။

သိ၍လည်း သူ့ရင်မှာ ပို၍ မချင့်မရဲဖြစ်နေရခြင်းဖြစ်သည်။

"ခရယ်"

ချစ်စိတ်တွေနှင့် နေမင်းသည် မေခကိုယ်လေးကို သူ့ရင်ခွင်ထဲသို့ ဆွဲပွေ့လိုက်လေသည်။ ဒီနောက် မေခ၏ နဖူးဝင်းဝင်းလေးကို ခပ်ဖွဖွရှိုက်နမ်းလိုက်ပြီး…

"ချစ်တယ်ခရယ်၊ မင်းလေးကို ကိုယ်သိပ်ချစ်တယ်"

"အို"

သူမ နားသယ်လေးကို သူ့နှုတ်ခမ်းအစုံဖြင့် ဖိကပ်နမ်းရှိုက်ရင်းဆိုလိုက်သည့် သူ့ချစ်စကားများက မေခ နှလုံးသားတစ်ခုလုံးကို ပြန့်ကြွေလုမတတ် တုန်ခါစေရတော့သည်။





ရှက်ရွံ့မှု၊ ကြောက်လန့်မှုတွေနှင့် မေခသည် နေမင်းရင်ခွင်ထဲက ရှက်မျက်နှာရဲရဲလေးနှင့် ရုန်းထွက်လိုက်သည်။

"လွှတ်…ခကိုလွှတ်ပါ"

နေမင်းမှာ မလွှတ်ပါ။

မေခအား တင်းတင်းကြပ်ကြပ်လေး ပိုတိုးဖက်လိုက်ပြီးနောက်…

"ခ ကိုယ့်ကိုချစ်လား"

နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့လျက် မေခ မဖြေတော့။ နေမင်း အသည်းယားယားနှင့် သူမကိုယ်လေးအား ဖျစ်ညှစ်လိုက်ပြီး…

"ခနော် ကိုယ်မေးနေတယ်၊ ကိုယ့်ကိုချစ်လားဆိုတာ"

"လူတစ်ယောက်လုံး သူ့ရင်ခွင်ထဲ ရောက်နေတာ ဖြေဖို့လိုသေးလို့လား"

ထိုစကားကို မေခ ရှက်လွန့်လွန့်အမူအရာလေးနှင့် မျက်လွှာလေးချကာ ဖြေလိုက်သည်။

"အဟွန်း လိုတာပေါ့ဗျာ၊ ဘယ့်နှယ်ပြောပါလိမ့်၊ ကိုယ့်ချစ်သူဆီက ချစ်တယ်ဆိုတဲ့စကား ဘယ်သူမကြားချင်ဘဲ ရှိပါ့မလဲနော့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မေခသည် သူ့အား မျက်နှာရဲရဲလေးနှင့် မော့ကြည့်လာပြီး…

"ဦးနေမင်းကရော ခကိုချစ်လို့လား"

"ကြည့်စမ်း…ဒါ မင်း ကိုယ့်အချစ်ကို အထင်သေးတာ ပေါ့လေ"

"ဟင့်အင်း…ခ မယုံရဲတာ"

"ဘယ်လို ပြောပါဦး၊ ကိုယ့်အချစ်ကို ခ မယုံရဲဘူး ဟုတ်လား"

"အင်း"

မေခ ခေါင်းလေးညိတ်ပြလိုက်တော့ နေဗလ မျက်မှောင် ကြီး ပိုတွန့်ကြုတ်သွားကာ…

"ကိုယ့်အချစ်ကို ခ ဘာကြောင့် မယုံရဲရတာလဲ"

"ခပြောရင် ဦးနေမင်း မရယ်နဲ့နော်၊ ဦးနေမင်းက သိပ်ချော နေလို့ သိလား"

"ဟောဗျာ"

မရယ်ပါနှင့်ဆိုဝေမယ့် နေမင်း အော်ဟစ်၍သာ ရယ်လိုက် ချင်ပါတော့သည်။ ကြိုကြိုဖန်ဖန် သူသိပ်ချော၍ သူ့အချစ်ကို မယုံရဲ ပါဆိုသည့် ချာတိတ်မကို နေမင်း ဘယ်လိုပြောရမှန်းမသိသည့် ရင်မှာလည်း ဖြူစင်လွန်းသည့် သူမလေးအပေါ် သူ့အချစ်စိတ်တွေ





ဆထက်ပိုတိုးသွားရသည်။

နေမင်းသည် မေခ၏ မျက်နှာဖူးဖူးဥဥလှလှလေးကို ကြင်နာမြတ်နိုးမှုတွေနှင့် ခပ်ပြုံးပြုံးစိုက်ကြည့်ကာ…

"အဲဒီစကား ခကို ကိုယ်ကပြောရမှာဗျ"

"ဟင်…ခက ဘာဖြစ်လို့လဲ"

မျက်နက်ဝန်းလှလှလေးနှင့် မေခ သူ့ကိုကြည့်ကာ မေး လိုက်သည်။

"ဘာဖြစ်ရမှာလဲဗျ၊ ခက သိပ်လှပြီး ချစ်စရာကောင်း ဘယ်မဟုတ်လား၊ ပြီးတော့ ကိုယ့်ထက်လည်း ငယ်တယ်၊ ဒီတော့ ခကို ကိုယ်ဘယ်လိုစိတ်ချရမလဲ"

"ဒါတော့ ဦးနေမင်း စိုးရိမ်တာပါနော်၊ ခကို သေချာ ကြည့်ပါဦး၊ မေခဆိုတဲ့ မိန်းကလေးဟာ ဦးနေမင်းကလွဲပြီး တခြား ယောက်ျားတစ်ယောက်ကို ချစ်မယ့်သူလားဆိုတာ"

"ခ ဒီစကား တကယ်ပြောတာလားဟင်၊ ကိုယ်ကလွဲပြီး တခြားဘယ်ယောကျ်ားကိုမှ မချစ်ဘူးဆိုတာ"

"ခပြောတာ ဦးနေမင်းက မယုံဘူးလား"

"အဟွန်း…ဟွန်း ယုံပါတယ် ခရယ်၊ ခစကားကို ကိုယ် အကြွင်းမဲ့ယုံပါတယ်၊ ပြီးတော့ ချစ်လည်းချစ်တယ်"

"အို ဦးနေမင်းရယ်"

www.burmeseclassic.com



"ဦးနေမင်းမဟုတ်ဘူး၊ ကိုကို ခရဲ့ကိုကို"

"ဟင့်အင်း ဦးနေမင်းနော်၊ လွှတ်ဆို၊ အို…အို ရှင်

သူ့မျက်နှာလေးထက် အုပ်မိုးကျရောက်လာသော ဦး မင်း မျက်နှာချောချောကြီးကို မေခ ဘယ်လိုပင် ရှောင်နေ အချစ်ဆိပ်တွေ ပျံ့နေရပြီဖြစ်တဲ့ နေမင်းကတော့ မရပါတော့။ မျက်နှာလေးထက် အနမ်းတွေ ကျဲချရင်း မေခကိုယ်လေးသည် လည်း နေမင်းရင်ခွင်ထဲ ရုန်းလို့မရပါတော့။ ရင်ခုန်စိတ်လှုပ် က နှစ်ဦးစလုံး၏ရင်တွင် ဖြစ်ပေါ်နေရသည်က နေမင်းနှင့် တို့အတွက် ငြင်း၍မရပဲလေ။

● ● ●



## အခန်း (၁၆)

"ကိုကို"

"ဗျို့"

"ကိုကိုနော်"

"ခနော်"

"ကိုကိုနော်၊ ခ စိတ်ဆိုးလာပြီသိလား"

ပြုံးစိစိမျက်နှာနှင့် မေခပြောသမျှ သူမနည်းတူ လိုက်ပြော သော နေမင်းကို မေခသည် မျက်စောင်းလေးရွယ်လျက် နှုတ်ခမ်း လေးစူကာ ပြောလိုက်သည်။

ထိုအခါမှ နေမင်းသည် မေခအား ချော့သလိုဟန်နှင့် အား ကျောခိုင်းထားသော မေခကိုယ်လေးကို သူ့ဘက်သို့ လှည့်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ခ"

"ဖယ်ပါ"

"အဟွန်း…ဟွန်း…ဟွန်း မဖယ်ပါရစေနဲ့ ခရယ်"

"မသိဘူး၊ သွား…သွား"

"ဟိတ် ဘယ်နှယ့် လူကိုတွန်းထုတ်နေရတာလဲကွ၊ ကို ခကို စကားပြောမလို့"

"မပြောနဲ့"

"မပြောလို့မရဘူး"

"ဒါဆို တခြားလူကိုသွားပြော"

"အေးဗျ ကိုကို့ချစ်သူက ခပဲ၊ ခကို ကိုကိုက မပြောလို့ တခြားဘယ်သူ့ကို ကိုကိုသွားပြောရမှာလဲ"

သူ့စကားကြောင့် မေခ ငြိမ်သွားရ၏။

နေမင်းသည် မေခနှင့် မျက်နှာချင်းဆိုင်လျက် သူမမျက် လှလှလေးကို သေချာစိုက်ကြည့်လိုက်ပြီး…

"သိပ်ချစ်တယ် ခရယ်"ဟု ခပ်ညည်းညည်းဆိုရင်း ကိုယ်လေးကို သူ့ရင်ခွင်ထဲသို့ သိမ်းကျုံးဆွဲပွေ့ကာ ရင်ချင်းဆွဲ ပစ်လိုက်သည်။

ထိုအခါ မေခသည်လည်း နေမင်းကိုယ်ကြီးကို သူမ လေးနှင့် ပြန်လည်သိုင်းဖက်လိုက်ပြီး…





"ခလည်း ကိုကို့ကို သိပ်ချစ်ပါတယ်"ဆိုသည့် စကား နှင့် နေမင်းရင်ခွင်ထဲ မျက်နှာအပ်လိုက်လေသည်။

ဘာလိုလိုနှင့် မေခနှင့် နေမင်းတို့၏ ချစ်သက်တမ်းရက် များသည်လည်း ရှည်ကြာခဲ့ပြီဖြစ်သည်။

ချစ်ရက်လေးတွေ ကြာလာသည်နှင့်အမျှ မေခနှင့် နေမင်းတို့၏ အချစ်သည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုခိုင်မြဲလာ ပြီဖြစ်သည်။

ထို့ကြောင့်လည်း နှစ်ယောက်သား တစ်ဦးကိုတစ်ဦး က်စိအောက်က အပျောက်မခံနိုင်ကြ။

ချစ်မိပြီဆိုတော့လည်း ချစ်တဲ့သူအနား အမြဲမခွာ မခွဲရှိနေ ချင်သည်က ချစ်သူတို့၏ သဘာဝပင်ဖြစ်သည်။

အခုလည်း နေမင်းနှင့် မေခမှာ သိပ်ချစ်ကြသည့် ချစ်သူတို့ ၏ ထုံးစံအတိုင်း နေမင်းသည် အလုပ်အားသည်နှင့် ချစ်သူလေး အနား ရောက်နေရပြီဖြစ်သည်။

ချစ်သူကိုယ်နွေးနွေးလေးကို ရင်ခွင်မှာ ထွေးပွေ့ရင်းက တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက် ချစ်စကားတွေ ပြောဦးသားပြောလို့မကုန်နိုင်တော့ပါ။

ထို့အတူ ချစ်သူ၏ ဆိုးနွဲ့မှုလေးများကိုလည်း နေမင်းမှာ ကြည်နူးစွာ ချော့မော့လို့မဆုံး။



www.burmeseclassic.com

www.burmeseclassic.com



ချော့သူကချော့တော့ စိတ်ကောက်သည့်သူကလည်း စိတ်ကောက်လို့မဆုံး။ ဒါကလည်း မေခသည် သူမကို နေမင်း ချစ်သည်ဆိုတာ သိနေသောကြောင့်ဖြစ်သည်။

မေခ ထိုသို့သိအောင်လည်း နေမင်း အချစ်တွေက သူမ အပေါ် လွှမ်းကဲစွာ သိသာနေရလေသည်။

နေမင်း သူ့ကိုယ်သူလည်း အံ့ဩရပါသည်။ မေခကို သူ ဒီလောက်ထိ ချစ်မိသွားလိမ့်မည်ဟု မထင်ခဲ့ပါ။

အချစ်ဆိုတာကို သေချာမသိခဲ့သည့် နေမင်း ယခုသိရပြီ တော့လည်း သူ့အတွေး သူ့အာရုံထဲ မေခသည်သာ အချိန်ပြည့် နေလျက် ချစ်သူမျက်နှာလှလှလေးကိုသာ မြင်ယောင်နေရလေ သည်။

သူသိပ်ချစ်မှန်းသိ၍လည်း မေခသည် သူ့အပေါ် ဆိုးနွဲ့၏။ ထိုဆိုးနွဲ့မှုကိုပင် နေမင်းရင်မှာ ကြည်နူးကြည်မွေ့လျက်ရှိနေ သူဖြစ်သည်။

အခုလည်း နေမင်းသည် မေခကိုယ်လေးကို ရင်ခွင်ထဲ ထွေးပွေ့ထားရင်းက…

"ခ"

"ကိုကို"

"ခ ကိုကို့ကို ဘယ်လောက်ချစ်လဲ"





"ကိုကို့ကိုချစ်တဲ့ ခရဲ့အချစ်တွေက ဘယ်အရာမျိုးနဲ့မှ နှိုင်းလို့မရဘူးဆိုတာ ကိုကိုယုံလားဟင်"

"ခရယ်"

နေမင်း မေခစကားကို အကြွင်းမဲ့ယုံပါသည်။ မေခသည် သူတွေ့ဖူးသမျှ မိန်းကလေးများထဲတွင် အဖြူစင်ဆုံးနှင့် ရိုးရှင်းကာ သူ့အား တကယ်ပင် ချစ်သည့်သူလေးဖြစ်သည်။

ဒါကြောင့်မို့လည်း သူမလေးကို သူပိုချစ်ရခြင်းဖြစ်သည်။

"ကိုကိုတော့ ခနဲ့ မခွဲချင်တော့ဘူး ခရယ်"

ခလည်း ကိုကို့လိုပဲဆိုသည့် စကားကိုတော့ မေခ ရင်ထဲ မှသာ ကြိတ်ဆိုလိုက်ပါတော့သည်။

"ခ"

"ရှင်"

"ကိုကို ခကို လက်ထပ်ရင် ခမိဘတွေက ဘာပြော မလဲ"

နေမင်းစကားက သူမ တစ်ခါမှ ကြိုမတွေးထားဖူးသည့် စကားမို့ အဖြေမရှိသလို သူမ ငြိမ်သက်သွားရသည်။

"အဟွန်း…ကိုကိုထင်ပါတယ်လေ၊ ခ မိဘတွေက ခကို ကိုကို့နဲ့ လက်ထပ်ခွင့်ပြုမှာမဟုတ်ဘူးဆိုတာ"

"ဒါက ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုသိပါတယ် ခ၊ ဘယ်မိဘမဆို သူတို့သားသမီးကို ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုစေချင်မှာ မဟုတ်ဘူးဆိုတာ"

"ဒါပေမယ့် ကိုကိုရယ်"

"ခ ဘာပြောမယ်ဆိုတာ ကိုကိုသိတယ် ခ၊ ဒါကြောင့် ကိုကိုပြောတာကိုလည်း ခ နားထောင်ရမယ်"

နေမင်းရုပ်သွင်မှာ တည်ကြည်လေးနက်သွားတာမို့ မေခ ပြောမည့်စကားများ ရပ်တန့်သွားရသည်။

"ကိုကို နိုင်ငံခြားကို သွားတော့မယ်"

"ရှင်"

"ဟုတ်တယ် ခ၊ ကိုကို့မိသားစုအားလုံး ဟိုမှာရောက်နေတာကြာပြီ၊ ဒီမှာကျန်ခဲ့တဲ့သူဆိုလို့ ကိုကိုတစ်ယောက်တည်းပဲရှိတော့တာ၊ သူတို့က ကိုကို့ကို လှမ်းခေါ်နေပြီလေ၊ ပြီးတော့ ဒါတွေအားလုံး ခနဲ့မတွေ့ခင်က ဆုံးဖြတ်ခဲ့တာတွေ၊ ခု အဲဒီဆုံးဖြတ်ချက်တွေ အကောင်အထည်ပေါ်လာပြီ၊ အဲဒီအတွက် ကိုကို့မိသားစုရှိတဲ့နေရာကို သွားရတော့မယ်"

"ဟင်...ဟင့်အင်း...ဟင့်အင်း ကိုကို၊ ကိုကိုမသွားရဘူး ခကိုထားပြီး ကိုကိုမသွားရဘူး၊ ခ ခ ကိုကို့ကိုချစ်တယ်"

မေခမှာ ဘယ်လိုမှမယုံကြည်နိုင်သည့် စကားမို့ ထိတ်လန့်ချောက်ချားစွာ နေမင်းကိုယ်ကြီးအား တင်းတင်းကြီး ဖက်ထားလိုက်





လေသည်။

နေမင်းမှာ သူမကိုယ်လေးကို ပြန်လည်ပွေ့ဖက်ရင်း...

"ကိုကို ဆုံးဖြတ်ပြီးသွားပြီ ခ"

"အို...ကိုကို၊ ကိုကိုမသွားရဘူး၊ ကိုကို ခကိုချစ်တယ်ဆို"

"ချစ်ပါတယ် ခ၊ ကိုကို ခကိုသိပ်ချစ်ပါတယ်"

"ခကိုချစ်ရင် ကိုကိုမသွားပါနဲ့နော်"

နေမင်း အံကိုတင်းတင်း စေ့ကြိတ်လိုက်ရင်း...

"ကိုကို့ကိုခွင့်လွှတ်ပါ ခ၊ ခကို ကိုကိုသိပ်ချစ်တာကိုတော့ ခ ယုံပါ"

"ယုံရမယ်ဟုတ်လား၊ ခကို ယုံစေချင်ရင် ကိုကို့ဆုံးဖြတ်ချက်ကိုလည်း ပြင်လိုက်ပါ ကိုကိုရယ်နော်"

မျက်ရည်တွေက ပါးပြင်ထက် ပိုးပိုးပေါက်ပေါက်ကျလျက် မေခသည် နေမင်းကိုယ်ကြီးကို သူမလက်လေးနှင့် ဆွဲကိုင်လှုပ်ကာ ပြောလိုက်သည်။

နေမင်းသည် မေခကိုမကြည့်၊ အဝေးတစ်နေရာကို လှမ်းမျှော်ကြည့်ရင်း...

"နောက်ကျသွားပြီ ခ၊ ကိုကို အားလုံးဆုံးဖြတ်ပြီးသွားပြီ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခကိုကော ခကို ကိုကိုမစဉ်းစားတော့ဘူးလား၊ ကိုကို့ဘဝမှာ ကိုကို့ကိုသိပ်ချစ်တဲ့ ခဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိနေသေးတယ်လေ"

"ဝမ်းနည်းပါတယ် ခ၊ မိန်းမတစ်ယောက်အတွက်နဲ့ ကိုကို့ဘဝရဲ့ ရည်ရွယ်ချက်တွေကို အပျက်မခံပါရစေနဲ့"

"ရှင်"

"ကိုကို ခကိုသိပ်ချစ်ပါတယ်၊ ခကိုချစ်ခဲ့တဲ့ အချစ်မျိုးနဲ့ ကိုကို့ဘဝမှာ ဘယ်မိန်းကလေးတစ်ဦးတစ်ယောက်ကိုမှ မချစ်ခဲ့သေးဘူးဆိုတာလည်း ကိုကိုဝန်ခံတယ်၊ ဒါပေမယ့် ကိုကို့ဘဝရဲ့ ရည်ရွယ်ချက်အောင်မြင်မှုတွေကိုလည်း ကိုကို မစွန့်လွှတ်နိုင်ဘူး"

"ဒါဖြင့် ကိုကို ခကို ချစ်တယ်ဆိုတာ"

"ကိုကို့ကိုခွင့်လွှတ်ပါ ခ၊ အချစ်နဲ့ဘဝကို မဖြစ်မနေ ရွေးရမယ်ဆိုရင် ဘဝကိုပဲ ကိုကို ရွေးချယ်ရလိမ့်မယ်"

"ဟင်"

ရုတ်ခြည်း မေခကိုယ်လေးမှာ အင်အားယုတ်လျော့သွား သူတစ်ယောက်လို ယိုင်ထိုးသွားရသည်။

ဒါ သူမကို သိပ်ချစ်ပါသည်ဆိုတဲ့ ယောကျာ်းတစ်ယောက် ရဲ့ စကားတွေတဲ့လားကွယ်။

ထိုခဏ နေမင်းနှင့် မေခ တစ်ယောက်ကိုတစ်ယောက်





ခံစားမှုကိုယ်စီနှင့် အတန်ကြာ စိုက်ကြည့်နေပါသည်။ ဒါဟာ မကြာခင် ခွဲခွာရတော့မည့် သိပ်ချစ်ကြပါသည်ဆိုတဲ့ ချစ်သူနှစ်ဦး၏ ကြိုတင်နှုတ်ဆက်အကြည့်များလား။

ဖူးဥနုထွေးနေရပါသည့် မေခ နှုတ်ခမ်းသားလေးများ တဆတ်ဆတ် တုန်ခါနေရသည်။ ကြည်လင်ပြာလဲ့သည့် မျက်ဝန်း အိမ်အတွင်းမှာတော့ ဘယ်ကဘယ်လို ရောက်ရှိလာသည်မသိသော မျက်ရည်စများက သူမ၏ မျက်ဝန်းအိမ်တွင် ပြည့်လျှံနေရသည်။

မျက်ရည်များဖြင့် ပြည့်လျှံနေသည့် သူမမျက်ဝန်းအကြည့် ထဲမှာတော့ နေမင်းအား ခွဲမသွားပါနှင့်ဟု တောင်းပန်တိုးလျှိုးသော အကြည့်များဖြင့် ရှိနေရသည်။

နေမင်း သူမအကြည့်ကို နားလည်လိုက်တော့ သူ့ရင်အစုံ သည် စူးခနဲ နာကျင်သွားကာ မျက်ဝန်းများ စိုစွတ်လာလျက် နင့်သည်းသော ရင်အစုံဖြင့် အံကိုကြိတ်ရင်း လက်နှစ်ဖက်ကို တင်းတင်းကျပ်ကျပ်ကြီး ဆုပ်ထားလိုက်သည်။

မေခမှာ နာကျင်မှုတွေနှင့် နေမင်းအဖြစ်ကို မကြည့်ရက် နိုင်သည့်အဆုံး...

"ကိုကိုရယ်၊ အဟင့် ဟင့် ဟင့်"

ဝမ်းနည်းကြေကွဲရမှုတွေနှင့် မေခ နေမင်းရင်ခွင်ထဲ တိုးဝင် ရှိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခ…ခရယ်"

မေခ မျက်ရည်စတွေက နေမင်းပါးပြင်ချောချောကြီးသို့ ကူးစက်သွားရသည်။ ထိုအတူ တစ်ဦးနှင့်တစ်ဦးလည်း တင်းကျပ်စွာ ပွေ့ဖက်ထားမိသည်။

နှစ်ဦးသား စကားမပြောဘဲ အတန်ကြာအောင် ပွေ့ဖက်ထားပြီးနောက် နေမင်းသည် မေခကိုယ်လေးကို ရင်ခွင်ထဲမှခွာကာ သူမမျက်နှာလေးကို စိုက်ကြည့်လိုက်ပြီး…

"ကုမ္ပဏီကိစ္စတွေ ပြတ်တာနဲ့ ကိုကိုသွားတော့မယ် ခ"

"တကယ်ပဲ ကိုကို ဆုံးဖြတ်ပြီးသွားပြီပေါ့နော်"

"ခရယ်"

နာကျင်လှိုက်မောသည့် ကိုကို့အသံကိုလည်း မေခ မကြားလိုတော့ပါ။ မေခ သိပ်ချစ်သည့် ကိုကို့မျက်ဝန်းထဲတွင် ဆုံးဖြတ်ချက်ကို မပြင်တော့သည့် အရိပ်များတွေ့လိုက်ရပြီမို့ ကိုကိုနှင့်ပတ်သက်ကာ မေခရင်ဝယ် ကြေကွဲနာကျင်မှုတွေကလွဲလို့ တခြားဘာမှ မရှိနိုင်တော့အောင် သူမနှလုံးသားနုနုသည် နာကြည်းမှု ဒဏ်ရာဒဏ်ချက်တွေနှင့် မွမွကြေကွဲပျက်သုဉ်းခဲ့ရလေတော့သည်။

◉ ◉ ◉



## အခန်း (၁၇)

နှစ်တွေ ဘယ်လောက်ကြာကြာ အတိတ်မှအရိပ်တို့ကို နာကြည်းမှုတွေနှင့် မေ့ထားပါသည်ဆိုတဲ့ကြားက တစ်ခါတစ်ရံ သူနှင့်ပတ်သက်သည့် သတိရစရာအကြောင်းများ တိုက်ဆိုင်လာပါက မေခရင်ထဲ ခံစားရမှုဝေဒနာသည် အဟောင်းကအသစ်ဖြစ်ရလေသည်။

ဦးနေမင်းပေးခဲ့သည့် နှလုံးသား၏ ဒဏ်ရာဒဏ်ချက်က မေခ၏နှလုံးသားကိုသာမက သူမဘဝကိုပါ ခါးသီးစွာ ခံစားခဲ့ရလေသည်။

တစ်နေ့ ထူးချွန်ထက်မြက်သည့် ဆရာဝန်ဖြစ်ရမည်ဟု ရည်ရွယ်ချက်ထားခဲ့သော မေခ၊ ထိုရည်ရွယ်ချက်တွေအတိုင်းလည်း ကြိုးစားခဲ့ပါသော မေခတစ်ယောက် နေမင်းကြောင့် နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာ အလူးအလဲခံရသောအခါ သူမဘဝတွင် တစ်ခါမှ မဖြစ်ခဲ့ဘူးသည့် ကျရှုံးခြင်းဆိုသည့်အဖြစ်ကို ရင်ဆိုင်ခဲ့ရလေသည်။

ထိုနှစ်မှာ မေခတစ်ယောက် ဆယ်တန်းစာမေးပွဲကို ကျရှုံးခဲ့သလို ဒါလီသုည် သူမမိဘများနှင့်အတူ စင်ကာပူသို့ အပြီးထွက်သွားခဲ့လေသည်။ မေခတစ်ယောက် သူမမိဘနှင့် အသိုင်းအဝိုင်းကြားတွင် ခေါင်းမဖော်ရဲအောင် အရှက်ရလျက် ဝမ်းနည်းကြေကွဲမှုတွေနှင့် သိမ်ငယ်စွာ ခံစားခဲ့ရလေသည်။

မေခ ထိုအဖြစ်ကို သင်ခန်းစာယူကာ နေမင်းနှင့်ပတ်သတ်၍ ဝမ်းနည်းကြေကွဲခံစားရသည့် ခံစားမှုတို့ကို နှလုံးသား၏ ထောင့်တစ်နေရာတွင် နာကြည်းမှုတွေနှင့် သော့ခတ်သိမ်းဆည်းထားလိုက်ပြီး သူမရည်ရွယ်ထားသည့်အတိုင်း နောက်နှစ်စာမေးပွဲကို ဖြေဆိုရာ သူမရည်ရွယ်ချက်အတိုင်း ဘာသာစုံဂုဏ်ထူးဖြင့် ထူးထူးချွန်ချွန် အောင်မြင်မှုရကာ ဆေးကျောင်းသူတစ်ယောက် ဖြစ်လာခဲ့ရသည်။

ယခုဆိုလျှင် မေခတစ်ယောက် နောက်ဆုံးနှစ် ဆေးကျောင်းသူတစ်ယောက် ဖြစ်နေရပြီဖြစ်သည်။

ထိုနှစ်များအတွင်းမှာ မေခဆိုသည့် သူမကို ယောကျ်ားများနှင့် ပတ်သက်လာလျှင် အသည်းမာသူ၊ နှလုံးသားမရှိသည့် ယောကျ်ားတွေကို မုန်းနေသူဟု ဘယ်လိုပင် နောက်ကွယ်တွင်





ဝေဖန်ပြောဆိုနေကြပါစေ မေခဆိုတဲ့သူကတော့ဖြင့် ဂရုမစိုက်ပါပေ။

ဦးနေမင်း ပေးထားခဲ့သည့် ဝေဒနာဒဏ်ရာဒဏ်ချက်တွေက သူမနှလုံးသားမှာ နာနာကျင်ကျင် ရှိနေရဆဲမို့ ယောကျ်ားဆိုလည်း သူမသည် အားလုံးကို ခါးသီးမုန်းတီးနေရလေသည်။

ခုတော့ သူမရင်ထဲ ထိုပျော့ညံ့မှုတွေလည်း မရှိတော့ပါ။

နှလုံးသားတစ်ခုလုံးကို အစိတ်စိတ်အမြွာမြွာ ဖြစ်စေခဲ့ပြီးကတည်းက မေခအတွက် အချစ်ဆိုတာ မရှိတော့ပါ။

အချစ်မရှိတော့ပါသည့် သူမကို ချစ်ပါရစေ၊ ကြိုက်ပါရစေဆိုသည့် ယောကျ်ားများကြောင့် မေခ စိတ်ညစ်ခဲ့ရသည်မှာလည်း အမော။

ထိုထဲတွင်တော့ ခေတ်မင်းညိုဆိုသည့်လူသည် သူမတွေ့ခဲ့ရသမျှ ယောကျ်ားများတွင် ခေါင်းမာကာ ဇွဲရှိသူဟု ဆိုရမည်လားမသိပါ။

အသားဖြူဖြူ၊ ကိုယ်ဟန်ထည်ထည်နှင့် မျက်ခုံး မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း ဘာတစ်ခုမှ ပြောစရာမရှိ ယောကျ်ားပီသကာ ချောမောသောသူသည် စက်မှုတက္ကသိုလ်ကင်းဖြစ်သည်ဆိုတာလည်း ပိုက်ပိုက်ထဲမှတစ်ဆင့် မေခ သိခဲ့ရပြီဖြစ်သည်။

လူချောတစ်ယောက်ဖြစ်သော သူ့အနားတွင် မိန်းမချောမိန်းမလှများ ဝိုင်းဝိုင်းလည်နေသည်ကိုလည်း မေခ ကြားခဲ့ပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွက် ခေတ်မင်းညိုသည် မိန်းကလေးများနှင့် ပတ်သက်လာလျှင် သူ့ကိုယ်သူ ဂုဏ်ယူစရာတစ်ခုဟု တွေးထင် ကျေနပ်ကောင်း ကျေနပ်နေပေမယ့် မေခကတော့ဖြင့် ထိုယောကျ်ား မျိုးကို မုန်းတီးလှပါသည်။

ထိုကဲ့သို့ လူမျိုးသည် မိန်းကလေးများကို ကစားစရာ အရုပ်ဟု သဘောထားကာ အချစ်ကိုလည်း တန်ဖိုးထားတတ်မည့် သူမဟုတ်ပေ။

သည်လိုလူတစ်ယောက်က သူမနောက်ကို ဇွဲရှိရှိလိုက်နေ သောအခါ မေခမှာ သူမအနား ရန်သူတစ်ယောက် တိုးလာပါလား ဆိုသော ခံယူချက်နှင့် စိတ်မှာကျဉ်းကျပ်ရပြန်၏။

ခေတ်မင်းညိုဆိုသည့် လူသည် သူမကြည့်ခဲ့ဖူးသည့် ယောကျ်ားများနှင့် ခြားနားစွာ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ် မှန်း သူ့ပုံကြည့်တာနှင့် သူမ သိနေရသည်။

သူမ သူ့အပေါ် ဘယ်လောက်ပဲ ငြင်းဆန် အသိအမှတ် မပြုဘဲနေပါစေ ခေတ်မင်းညိုဆိုသည့် သူကတော့ သူမနှင့် အနီး ပတ်ဝန်းကျင်တွင် အမြဲအရို ရှိနေတတ်သည်ကလည်း မေခ အတွက် စိတ်ပျက်စရာပင် ဖြစ်သည်။

သူနှင့်လွတ်အောင် သူမ ဘယ်လိုမှ မရှောင်နိုင်တော့ပြီ လားဟု မေခ သူမကိုယ်သူမလည်း ကျိတ်ကာ ဒေါသဖြစ်မိ





သည့်အဖြစ်တွေကလည်း အကြိမ်ကြိမ်။

သည်အတွက် မေခ သူ့ကို ရှောင်ပါသည်။ သို့သော် ဘယ်လိုပဲ သူမ ရှောင်ပါစေ ခေတ်မင်းညိုကို မေခ မရှောင်နိုင်ပါ။

သူမနှင့် အနီးဆုံးတွင်ရှိသည့် တစ်နေရာမှနေကာ မျက်ဝန်းညို စူးစူးလက်လက်ကြီးများဖြင့် ရီဝေဝေမောစွာ ကြည့်နေတတ်သော ခေတ်မင်းညိုကို မေခသည် ဖြစ်နိုင်လျှင် စိတ်ရှိလက်ရှိ သာ ထုရိုက်ပစ်လိုက်ချင်ပါတော့သည်။

သူမကို ဒီနည်းနှင့် ဘာကြောင့် စိတ်အနှောင့်အယှက် ပေးနေရတာလဲဟုလည်း မေခ သူ့အား မေးပစ်လိုက်ချင်၏။

ခက်သည်က မေခ သူ့ကို မျက်နှာချင်း မဆိုင်လိုခြင်းပင် ဖြစ်သည်။

မေခတစ်ယောက် ခေတ်မင်းညိုနှင့် ပတ်သက်သည့် အတွေးများကို ဖယ်ထုတ်ပစ်လိုက်သည်။ ဒီနောက် ရိပ်သာဝင်နေ သည့် မာမီ့အတွက် လိုအပ်တာတွေ သွားပို့ရန် မေခသည် ကားလေး ဖြင့် ထွက်လာခဲ့လိုက်သည်။

ရိပ်သာတွင် မာမီ့အား စကားအတန်ကြာ ပြောပြီး မေခ မာမီ့ကို နှုတ်ဆက်ကာ ပြန်လာခဲ့သည်။

အပြန်လမ်းတွင် မေခသည် သူမ လုပ်ရမည့် အလုပ်များ ကို ခေါင်းထဲ အစီအစဉ်ဆွဲရင်း ကားကို အေးအေးလူလူနှင့်



www.burmeseclassic.com

www.burmeseclassic.com



မောင်းလာခဲ့လိုက်သည်။

မေခတို့ နေသည့်နေရာက တိတ်ဆိတ်ကာ ငြိမ်သက်လျ
သည့် လူကုံထံများသာ သီးသန့်နေသော ရပ်ကွက်မို့ ပတ်ဝန်းကျ
တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေရသည်။

ခြံဝင်းကျယ်ကြီးများအလယ်တွင် နောက်ဆုံးပေါ် ဒီဇိုင်း
ဆန်းဆန်းနှင့် တိုက်လှလှကြီးများ ဆောက်ထားသည်မှာ တစ်တိုက်
နှင့် တစ်တိုက် ရုတ်တရက် ခေါ်၍ပင် မရနိုင်။

မေခ မောင်းလာသည့် ကားလေးက သူမတို့ လမ်း
ချိုးကွေ့ဝင်လိုက်သည့် အခါမှာတော့ ...

"ဟင်"

မျက်ခုံးလှလှလေး ခပ်ပြေပြေတွန့်လျက် ကုပ်
မြင့်တက်သွားရသည်။

ကားတစ်စီး သူမသွားမည့် လမ်းအလယ်တည့်တည့်မှာ
ပိတ်ရပ်နေပါလား။

ဘာဖြစ်တာပါလိမ့်။ ကြည့်ရတာ မောင်းရင်း ကား
ရပ်သွားတာ ဖြစ်ပါလိမ့်မယ်။ အတွေးနှင့် မေခ ကြည့်နေ
ကားပေါ်မှ လူနှစ်ယောက် ဆင်းလာသည်။

မေခမှာ ကြည့်နေဆဲ ထိုလူနှစ်ယောက်သည် သူမရှိ
ကားဆီသို့ လျှောက်လာလေသည်။ ထိုလူများကို ကြည့်ကာ မေ





မျက်နှာပျက်သွားရသည်။

ကြည့်ရတာ ဒီလူတွေသည် လူကောင်းသူကောင်းများ
တော့ ဟုတ်မည်မထင်။ ဘာအကြံဖြင့် သူမကားဆီ ရောက်လာ
ပါလိမ့်ဆိုသော အတွေးနှင့် မေခ ထိုလူများကိုအကြည့် ...

"ကဲ... မိန်းကလေး တစ်ဆိတ် ကားပေါ်က ဆင်းပါ
ဦး"

သူမ ကားတံခါးကိုဖွင့်ကာ ဆင်းခိုင်းတာမို့ မေခ မျက်နှာ
လေး ပျက်သွားရုံမက ရင်မှာလည်း ဒိန်းခနဲ ဖြစ်သွားရသည်။

"ရှင် ... ရှင်တို့ ဘယ်သူတွေလဲ၊ ဘာကိစ္စ ကျွန်မကို
ကားပေါ်ကဆင်းခိုင်းရတာလဲ"

"ဟဲ ...ဟဲ...ဟဲ ဘာကိစ္စလဲဆိုတော့ ဟောဟိုမှာ
ကြည့်လိုက်"

"ဟင်"

ရုတ်တရက်တော့ မေခ တစ်ကိုယ်လုံး အသိလွတ်သွား
သလိုပင်။

ကားပေါ်မှ ဆင်းကာ သူမ ရှိရာဆီသို့ လျှောက်လာ
သူက တစ်ခါက သူမဆီက ချစ်အဖြေကို ဖွင့်တောင်းလာမှု
ကြောင့် မေခ ပါးရိုက်ကာ ငြင်းဆန်ခဲ့သည့်လူ။

ဘုရား ... ဘုရား ...။



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ မေခသည် တစ်စုံတစ်ရာကို အလိုလို သဘော ပေါက်လာရသလို ခြေဖျားလက်ဖျားလေးတွေလည်း အေး လာရသည်။

သူမ ကြည့်နေဆဲ ထိုသူသည် သူမအနီး ရောက် ပြီး ...

"ဘယ်လိုလဲ ခ၊ ကိုယ်တို့ မတွေ့တာ ကြာပြီနော်"

ထိုလူ၏ စိမ်းလဲ့နေသော မျက်ဝန်းထဲ ကောက်ကွေး အရိပ်အယောင်များကို မြင်ရတော့ မေခ ထိတ်လန့်သွားရသည်။

သည်လူက ဘာကြံ့နှင့် သူမကို အခုလို ကြံစည်ရ သည်လဲ။ မေခမှာ ရင်မှာ ထိတ်လန့်မှုတွေနှင့် အနီးပတ်ဝန်းကျ ကို အကူအညီတောင်းရန် ကြည့်လိုက်ပေမယ့် ပတ်ဝန်းကျ တစ်ခုလုံး တိတ်ဆိတ်ကာ လမ်းသွားလမ်းလာ လူအရိပ်အယောင် ကိုလည်း မေခတစ်ယောက်မှ မတွေ့ရပါပေ။

ဒါကို ထိုသူသည်လည်း ရိပ်မိပုံ ရပါ၏။ နှုတ်ခမ်း ကွေးလျက် ခပ်မဲ့မဲ့ ပြုံးလိုက်ပြီး ...

"ဘာလဲ ပတ်ဝန်းကျင်ကို အကူအညီတောင်းဖို့ စဉ်းစား နေတာလား ခ"

"ရှင် ... ရှင် ... ဒါ ဘာသဘောလဲဟင်"

"ဟား ... ဟား ... ဟား ... ဘာသဘော





တ်လား၊ မင်း မေးတော့လည်း ဖြေရမှာပေါ့ ခ၊ ယောကျ်ား စ်ယောက်ကို လူပုံအလယ်မှာ ပါးရိုက်ပြီး အရှက်ခွဲခဲ့တဲ့ မင်းကို ပြီး ကိုယ်ချင်းစာစေချင်လို့၊ ရှင်းရှင်းပြောရရင် မင်းကို လူဆိုး တွေနဲ့ မောင်တိုင်ပင်ပြီး နိုးပြေးမလို့ ... ဟား ... ဟား ... ား"

"ဟင်...ရှင်...ရှင်"

ကြားလိုက်ရသည့် စကားကြောင့် မေခတစ်ကိုယ်လုံး န်လှုပ်သွားရသည်။ သူကြည့်လိုက်ပြန်တော့လည်း စိတ်ဖောက် န်နေသည့် လူတစ်ယောက်လို မျက်လုံးအကြည့်များ ကြောင် ောင်တောင်နှင့် မှုမမှန်စွာ တွေ့လိုက်ရတာမို့ မေခမှာ ကြောက်ရွံ့ တွေနှင့် ကိုယ်လေး တဆတ်ဆတ်တုန်ယင်ကာ ခြေမကိုင်မိ က်မကိုင်မိနှင့် ဘာလုပ်ရမည်ပင် မသိတော့။

တစ်ဆက်တည်း သူမနားထဲ ပိုက်ပိုက်တစ်ခါက ပြောသည့်စကားများလည်း ကြားယောင်လာရသည်။

ပိုက်ပိုက်ရယ်၊ မင်းပြောတဲ့ စကားတွေ ခု မှန်နေ ာလားဆိုသည့်အတွေး သူမရင်ထဲ ဝင်လာပေမယ့် မေခအတွက် ာ အချိန်မမီတော့ပါ။

ထိုလူများမှာ မေခအား ကားပေါ်မှ အတင်းပင် ဆွဲချကာ တို့ကားရှိရာသို့ သူမအား ဆွဲခေါ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လွှတ် … လွှတ် … ရှင်တို့နော်၊ လွှတ်… ကျွန်မ အော်လိုက်မယ် သိလား"

မေခသည် ထိုလူများ လက်တွင်းက အားရှိသမျှ ရုန်းကန် ပြီး ပြောလိုက်သည်။ သူမစကားကြောင့် ထိုလူများ ပြုံးသွားပြီး

"အော်လေ …အော်စမ်းပါ၊ မင်းအော်တာကို ဒီပတ်ဝန်း ကျင်က လူတွေက ကြားနိုင်မှာတဲ့လား၊ ကဲ ကြာတယ်ကွာ သူ့ကို ကားပေါ်မြန်မြန်ဆွဲခေါ်ခဲ့"

"အို .. မလိုက်ဘူး၊ မလိုက်ဘူး၊ လွှတ် …လွှတ် လွှတ်စမ်း"

ဖြစ်ချင်တော့ ထိုအချိန်ထိ လမ်းတွင် ကားတစ်စီး လူတစ်ယောက်မှ ဖြတ်သွားသည် မရှိပါ။ ဒါကပင် သူတို့အတွက် အခွင့်အရေး ရနေရသည်။

မေခမှာ သူမကို ဆွဲကိုင်ထားသည့် လူများနှင့် လမ်းချိုး ကွေ့လေးတွင် ရုန်းရင်းဆန်ခတ် ဖြစ်နေစဉ်…

"ဟိတ် … ကောင်မလေးကို ချက်ချင်းလွှတ်လိုက် စမ်း"

"ဟင်"

"ခေတ်မင်းညို"

ကားဘီးရိတ်အုပ်သံ ခပ်ပြင်းပြင်းနှင့်အတူ ကားပေါ်မှ





ဆင်းလာသူက သူမ ဘယ်လိုမှ မထင်ထားပါသည့် ခေတ်မင်းညို ပင် ဖြစ်သည်။

ဘာပဲပြောပြော မေခမှာ ခေတ်မင်းညိုကို မြင်တော့ အားတက်သွားကာ …

"ခေတ်မင်းညို…ကျွန်မကို ကယ်ပါဦး"

ပြောပြီး မေခသည် ထိုလူများလက်က ရုန်းထွက်လိုက် သည်။ ခေတ်မင်းညိုမှာ မေခကို တစ်ချက်လှမ်းကြည့်ပြီး…

"ဘာမှ မကြောက်နဲ့ ခ၊ ကျွန်တော် ရောက်လာပြီ"

ခေတ်မင်းညို၏ ထိုစကားကြောင့် တစ်ဘက်လူမှ ဒေါသ ဖြစ်သွားရသလို အစီအစဉ် အောင်မြင်ခါနီးမှ ခေတ်မင်းညိုကို တွေ့လိုက်ရတာကြောင့် မချင့်မရဲ ဗို၍ ဖြစ်သွားရပြီး…

"သြော်…ကယ်တင်ရှင်ကြီးနဲ့ လာတွေ့နေရပါလား၊ ကောင်းပြီလေ မင်းကပဲ ကယ်နိုင်မလား၊ တို့ကပဲ ကောင်မလေးကို ခေါ်သွားနိုင်မလားဆိုတာ ကြည့်ကြသေးတာပေါ့"

"ကဲကွာ"

"ခွပ်"

"အ"

"သြော် …. မင်းက ဒီလိုလား"

"ခွပ် … ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



''အား''

''ဟား''

သုံးယောက်နှင့် တစ်ယောက်ဆိုပေမယ့် ခေတ်မင်းညို လက်သီးချက်က ပြင်းထန်လှပါသည်။

ခေတ်မင်းညို လက်သီးချက်ကြောင့် သုံးယောက်လုံး မှောက်ကုန်ကာ ဒဏ်ရာတွေနှင့်ပင် ကားပေါ် ပြေးတက်ထွက်ပြေး သွားကြသည်။

ကျန်ခဲ့သူမှာ ခေတ်မင်းညိုနှင့် မေခ။

မေခမှာ သူမအဖြစ်အတွက် မငိုမရဲနှင့် ခေါင်းငုံ့ ငုံ့ဆင်းကာ ...

''ကျေးဇူးတင်ပါတယ် ခေတ်မင်းညို''

ခေတ်မင်းညိုမှာ မေခကို ကြည့်လျက် သက်ပြင်းချ လိုက်ပြီး ...

''မလိုပါဘူး ခ၊ ခ ဘာမှ မဖြစ်တာကိုပဲ ကျွန်တော် ဝမ်းသာနေရပါပြီ''

''အို''

မေခမှာ သူမကို ဘယ်လို ကြည့်ရမှန်းပင် မသိတော့ သူမအဖြစ်က ရှက်ဖွယ်လှလှ။

''ဒီအဖြစ်တွေကို မေခ စိတ်ထဲက ထုတ်ပစ်ပြီး ပြန်ပါ





မေခ၊ ခုကိစ္စကို လမ်းသွားရင်း ခလုတ်တိုက်တယ်လို့ပဲ သဘော ထားပါ''

ရှက်စိတ်နှင့်အတူ မေခ ဝမ်းနည်းသွားရသည်။ ခေတ်မင်း ညိုစကားက သူမကို လှောင်ပြောင်နေသည်လား။

အတွေးနှင့် သူ့ကို ကြည့်လိုက်တော့ ခေတ်မင်းညို မျက်နှာ သည် သူမထင်သလိုမျိုးမဟုတ်။ တည်ငြိမ်လေးနက်လွန်းနေရ သည်။

''ရှင် ... ကျွန်မကို အထင်သေးသွားပြီပေါ့နော်''

''ဟာ ... ဘာဆိုင်လို့လဲ ခ၊ ကျွန်တော် ခကို ဘာကြောင့် အထင်သေးရမှာလဲ၊ မဟုတ်တာဗျာ''

''ဘာပဲဖြစ်ဖြစ်၊ ကျွန်မ ရှက်တယ်၊ ပြီးတော့ ရှင့်ကို လည်း ကျေးဇူးတင်ပါတယ်၊ ကျွန်မ သွားမယ်''

ဖြတ်ခနဲ ကြွေကျသွားသည့် မျက်ရည်စတို့နှင့်အတူ မေခသည် ခေတ်မင်းညိုအား ကျေးဇူးတင်သည့် အကြည့်နှင့် တစ်ချက်ကြည့်ပြီး သူ့အနားမှ ကားကို ခပ်ကြမ်းကြမ်း မောင်း ထွက်ခဲ့လိုက်သည်။

သို့တိုင် မျက်ရည်စတွေက ပါးပြင်ထက် ရွှဲရွှဲစိုနေရတော့ သည်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

အိပ်မပျော်တိုင်း စီးကရက်တွေ တစ်လိပ်ပြီး တစ်လိပ် သောက်နေသည်မှာ ခေတ်မင်းညိုအနား ဆေးလိပ်တိုက မနည်းတော့။

ပါးစပ်က မှုတ်ထုတ်လိုက်သည့် စီးကရက် မီးခိုးငွေ့များနှင့်အတူ သူ မြင်ယောင်နေသည်က မေခ၏ သနားစရာ မျက်နှာလေး။

သူမလေးသည် နေ့လယ်က ကြုံခဲ့ရသည့်အဖြစ်အတွက် ဘယ်လောက်များ တုန်လှုပ်ချောက်ချားနေမည် မသိပါ။

အသည်းမာသူ၊ မျက်ရည်မလွယ်သူ၊ မာကြောသူရယ်လို့ ထင်ထားပေမယ့် တကယ်တမ်း မေခဆိုသည့် သူမလေးသည် သူထင်ထားသလို မဟုတ်မှန်းကိုလည်း ခေတ်မင်းညို ကောင်း





ကောင်းသိခဲ့ရလေပြီ။

တကယ်တော့ မေခသည် ယောက်ျားများနှင့် ပတ်သက်လာလျှင် တမင် သူမကိုယ်သူမ မာကျောချင်ယောင် ဆောင်ခဲ့သူပင် မဟုတ်ပါလား။

ယောက်ျားတွေကို ဘယ်လောက်ပဲ ဂရုမစိုက်၊ အလေးမထားပါသည်ပြောပြော တကယ်တမ်း အရေးအကြောင်းရယ် ကြုံလာပြန်တော့လည်း သူမစိတ်ထဲ ယောက်ျားဆိုတာကို အားကိုးသူရယ်ပါလို့ မြင်ထားသည်ကပင် သူမရင်ထဲ ကျန်ရှိနေသေးသည့် မိန်းမဆန်သော နူးညံ့သိမ်မွေ့သည့် ချစ်စရာကောင်းသော စိတ်လေးပင် ဖြစ်သည်။

သူမ၏ အတွင်းစိတ်လေးကို မထင်မှတ်ပဲ သူ မြင်တွေ့ခွင့်ရလိုက်ပြီမို့ ခေတ်မင်းညိုရင်ထဲ နွေးထွေးမှုတွေနှင့် လှိုက်ခုန်သွားရသည်က အမှန်။

တကယ်တော့ သူမ၏ အတွင်းစိတ်လေးကို သိရန် ကံကြမ္မာက သူ့ကို တမင်မျက်နှာသာ ပေးလိုက်သည်လား မသိပါ။ မေခဆိုသည့် သူမ၏ အရိပ်သဖွယ် ဖြစ်နေသော ခေတ်မင်းညိုသည် မေခနောက်တွင် အမြဲလို ရှိနေတတ်သူလည်း ဖြစ်သည်။

ဒီနေ့လည်း မေခသွားရာ ကားလေးနောက် သူ တကောက်ကောက် လိုက်နေရာမှ မထင်မှတ်ဘဲ သူမအား သူအခုလို ကူညီ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရလိုက်ခြင်း ဖြစ်သည်။

သည်အတွက် ခေတ်မင်းညိုသည် သူ့အား မျက်နှာသာပေးသည့် ကံကြမ္မာကိုပင် ကျေးဇူးတင်ရမည် ဖြစ်သည်။

သူ့သာ သူမကို ကူညီခွင့်မရပါက ခုချိန် သူမလေးသည်လည်း…

"ဟူး"

"ခ ရယ်"

သက်ပြင်းမောတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီးနောက် ခေတ်မင်းညိုသည် ခ နာမည်လေးအား တီးတိုးရေရွတ်လိုက်လေသည်။

ခုချိန် သူမလေး ဘယ်လိုနေရှာမည်လဲ ဆိုတာကိုလည်း ခေတ်မင်းညို ခအပေါ် သနားစိတ်နှင့် သိချင်လာရသည်။

ခေတ်မင်းညိုသည် သောက်လက်စ စီးကရက်ကို မီးသတ်လိုက်ပြီးနောက် ဖုန်းကိုဖွင့်ကာ သူသိနေသည့် မေခ၏ ဖုန်းနံပါတ်လေးကို လှမ်းခေါ်လိုက်လေသည်။

အချိန်သည် ညဆယ်နာရီကျော်၊ သို့တိုင် မေခသည်လည်း သူ့လိုပင် အိပ်မပျော်သေးဟန် တူပါ၏။ သူမဖုန်းကို အလွယ်တကူပင် ခေါ်လို့ရလေသည်။

"ဟဲလို"





သူ စိတ်ထင်လို့ပဲလား မသိပါ။ မေခ အသံလေးမှာ နွမ်းဖျော့နေရလေသည်။

"မအိပ်သေးဘူးလား ခ"

"ဟင်"

"ရှင် '… ခေတ်မင်းညိုလား"

- အံ့ဩစရာ ကောင်းသည်က မေခထံ သူသည် တစ်ခါမှ ဖုန်းမဆက်ဖူးပါဘဲ သူ့အသံကို မေခ သိနေရခြင်းပင်။

"ကိုယ့်အသံကို မှတ်မိနေတဲ့ မေခကို ကိုယ် ကျေးဇူးတင်ပါတယ်"

"အို"

ခေတ်မင်းညို စကားကြောင့် မေခသည် သူမကိုယ်သူမလည်း အံ့ဩသွားရသည်။ ဟုတ်ပါရဲ့၊ ကြည့်စမ်း ခေတ်မင်းညိုသည် သူမဆီ ဒါ ပထမဦးဆုံးအကြိမ် ဖုန်းဆက်တာ ဖြစ်ပေမယ့် သူမသည် သူ့မှန်း ဘာကြောင့်သိနေရသည်လဲ။

အံ့ဩစရာပါလားနော်။

ဒါဟာ မမြင်နိုင်တဲ့ ခေတ်မင်းညိုနဲ့ သူမကြား စိတ်၏ တိတ်တဆိတ် ဆက်သွယ်မှုကြောင့်ပဲ ထင်ပါရဲ့။

ဘုရားရေ …။

ဒါဆို သူမဟာ ခေတ်မင်းညိုရဲ့ ဆက်သွယ်မှုကို မသိ



www.burmeseclassic.com

www.burmeseclassic.com



စိတ်က ကြိုတင်ဃက်ခံထားသည်ပေါ့။

"ခ"

"ရှင်"

"ခ ဖုန်းနံပါတ် ဘယ်ကရလဲလို့ ကျွန်တော့်ကို မမေး တော့ဘူးလား"

"ဟင့်အင်း"

"ဘာလို့လဲ ခ"

"ခေတ်မင်းညိုဟာ ကျွန်မဘဝနဲ့ အရှက်ကို ကာကွယ် ပေးတဲ့ ကျေးဇူးရှင်ပဲလေ"

"အဲဒီလိုတော့ မပြောပါနဲ့ ခ၊ ကျွန်တော် ခဆီက အဲဒီ ကျေးဇူးဆိုတဲ့ စကားကြီးကို မလိုချင်ဘူး"

"ဒါဖြင့် ခေတ်မင်းညို လိုချင်တာ"

"ခဆီက ဘာမှမပါတဲ့ ခင်မင်မှု"

"ဘာဖြစ်လို့ ခုမှ ဒီစကားပြောရတာလဲ ခေတ်မင်းညို"

"ဗျာ"

"ကျွန်မကို ကူညီခဲ့တဲ့ အချိန်ကတည်းက ရှင်ဟာ ကျွန်မ ဘဝရဲ့ တစ်ယောက်တည်းသော ယောကျ်ားလေးမိတ်ဆွေ ဖြစ်သွား ပါပြီ"

"ဟာ … ဒါ တကယ်ပဲလားဗျာ"





"ဘာလဲ … ရှင်က မယုံဘူးပေါ့လေ"

"ဟာ .. မဟုတ်ပါဘူး ခ၊ ရုတ်တရက် ကျွန်တော် ဝမ်းသာသွားလို့ပါ၊ ဒါပေမယ့် ခကို ကျွန်တော် တစ်ခုတော့ ပြောချင်တယ်"

"ဘာများလဲ ခေတ်မင်းညို"

"တခြားမဟုတ်ဘူး ခ၊ ခ နောက်မှာ ကျွန်တော် အရိပ် အဖြစ် ရှိနေပါရစေ"

"အကြောင်းက"

"စိတ်မချလို့၊ ခကို ကျွန်တော် စိတ်မချလို့ပါ"

"အို"

ခေတ်မင်းညို စကားက မေခ ရင်ကို နွေးထွေးစေလျက် လုံခြုံမှုတွေ ရသွားစေရသည်။ ဒါပဲလေ မေခ ယောကျ်ား တစ်ယောက်ဆီက တမ်းတသည့်စကားက ဒီလိုမျိုး ရင်ကို နွေးထွေး လုံခြုံမှု ခွန်အားတွေ ဖြစ်စေရသည့် စကားမျိုးပဲ ဖြစ်သည်။ သို့သော် သူမ ကြားချင်သည်က ခေတ်မင်းညိုဆီကတော့ မဟုတ်။

"အသံတိတ်သွားပါလား မေခ၊ ဘာလဲ ကျွန်တော့်စကား ကို"

"ကျွန်မ လက်ခံပါတယ် ခေတ်မင်းညို"

"ဒါ … ခ တကယ်ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



''ခ အနား ယောကျ်ားလေးမိတ်ဆွေ တစ်ယောက်ရှိမှ ဖြစ်မယ်၊ အဲဒီလူဟာလည်း ခေတ်မင်းညိုပဲ ဖြစ်ရလိမ့်မယ်''

''ခ ရယ်''

မိန်းမတစ်ယောက်နှင့် ပတ်သက်ကာ တစ်သက်နှင့်တစ်ကိုယ် မခံစားဖူးသည့် ကြည်နူးမှုက ခေတ်မင်းညိုရင်ထဲ တသိမ့်သိမ့် ဖြာဝေစီးဆင်းသွားရသည်။

''ခ ကျွန်တော့်ကို မိတ်ဆွေအဖြစ် အသိအမှတ် ပြုလိုက်ပြီပေါ့နော်''

''အဲဒါ ခေတ်မင်းညိုရဲ့ ဖြူစင်တဲ့ စိတ်ထားကြောင့်ပါ''

''အဟွန်း ...ကျွန်တော်ကတော့ အဲလို မထင်ဘူး ခ''

''ပြောပါဦး၊ ခေတ်မင်းညိုရဲ့ အထင်ကို''

''ခ ရင်ထဲရှိနေတဲ့ စိတ်လေးကို ကျွန်တော်မြင်လို့နေမှာ''

''အို...ဘာဆိုင်လို့လဲ''

''ခ စဉ်းစားကြည့်လေ၊ ခက ယောကျ်ားတွေအားလုံးကို သိမ်းကျုံးမုန်းနေတယ် ဆိုပေမယ့် တကယ် ခ ရင်ထဲမှာ ခကိုယ်တိုင်တောင် မသိတဲ့ ယောကျ်ားတွေအပေါ် အားကိုးတဲ့ စိတ်အတွေးလေးကလည်း ရှိနေသေးတယ်၊ အဲဒီလိုပြောလို့ ခ ကျွန်တော့်ကို တစ်မျိုးမထင်နဲ့နော်၊ ကျွန်တော် ပြောချင်တာက ခရဲ့ အဲဒီစိတ်လေးကို''





''ကျွန်မ နားလည်ပြီ ခေတ်မင်းညို၊ ရှင် ဘာကိုပြောချင်တယ်ဆိုတာ ကျွန်မသိပြီ၊ သိလို့လည်း ကျွန်မ ရှင့်ကို မိတ်ဆွေအဖြစ် လက်ခံလိုက်တာပေါ့''

''အဟွန်း ...ဟွန် ...ဟွန်း၊ ခဟာ ထင်တာထက်ပိုပြီး လိမ္မာပါးနပ်တဲ့ မိန်းကလေးတစ်ယောက်ဆိုတာ ကျွန်တော် ခုယုံလိုက်ပြီ''

''ခေတ်မင်းညိုနော်''

သူ၏ ချီးကျူးစကားကြောင့် ရှက်ယောင်ဝဲသွားရသည့် အသံလေးဖြင့် မေခအသံလေး တိတ်သွားသည်။

ထိုညက မထင်မှတ်ဘဲ ခေတ်မင်းညိုနှင့် မေခသည် ဖုန်းလေးထဲမှတစ်ဆင့် နှစ်ဦးသား ရင်းရင်းနှီးနှီး စကားတွေ ပြောဖြစ်ခဲ့ကြသည်။

မနက် ဒီအကြောင်းတွေ ပိုက်ပိုက်အား ပြောပြတော့ ပိုက်ပိုက်မှာ မေခစကားကို မယုံကြည်နိုင်အောင် အံ့သြနေရလေသည်။

''ဟုတ်ရဲ့လား ခရယ်၊ ပိုက်တော့ ရှင်ပြောလို့သာ ယုံရတယ်၊ ယုံရခက်ခက်ပဲ သိလား''

''မယုံမရှိနဲ့ ပိုက်ပိုက်၊ သူနဲ့တွေ့ဖို့ ဒီနေ့မနက်တောင် ချိန်းထားသေးတယ်၊ ဟော ... ပြောရင်း ဟိုမှာ ခေတ်မင်းညို



www.burmeseclassic.com

www.burmeseclassic.com



လာနေပြီ''

တကယ်ပင် ခေတ်မင်းညိုသည် သူမတို့ရှိရာနေရာသို့ ရောက်လာပြီ ဖြစ်သည်။

တီရှပ်အဖြူ ကွင်းဆောင်းဘီအပြာနနှင့် ခေတ်မင်းညို ပုံစံမှာ ကြည်စင်ရှင်းသန့်ကာ ကြည့်ကောင်းလျက် လူချောတစ်ယောက်ပင် ဖြစ်သည်။

''ကျွန်တော်လာတာ နောက်မကျပါဘူးနော် ခ''

''ဟင့်အင်း ... နောက်မကျပါဘူး ခေတ်မင်းညို၊ ကျွန်မတို့လည်း ခုပဲရောက်တာပါ''

ခေတ်မင်းညိုသည် သူမနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်တော့ ကင်တင်းနဲ့ရှိ လူများ၏အကြည့်က ခတို့ဆီ ရောက်ရှိလာကြသည်။

ခမှာ ထိုအကြည့်များကို သတိမထားမိဟန်နှင့် ...

''မိတ်ဆက်ပေးရဦးမယ်၊ ဒါ... ကျွန်မရဲ့ အခင်ဆုံး သူငယ်ချင်း ပိုက်ပိုက်တဲ့''

''ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော် ခေတ်မင်းညိုပါ''

''ကျွန်မလည်း တွေ့ရတာ ဝမ်းသာပါတယ် ကိုခေတ်မင်း ညို''





''အဟွန်း... ကျွန်တော့်ကို ခေတ်မင်းညိုလို့ပဲ ရင်းရင်း နှီးနှီးခေါ်ပါ ပိုက်ပိုက်''

ထိုစကားကို ခေတ်မင်းညိုသည် အပြုံးလွှန့်လွှန့်နှင့် ပြော လိုက်လေသည်။

ပိုက်ပိုက်မှာ ထင်တာထက် ပို၍ ပွင့်လင်းသော ခေတ်မင်း ညိုကို ခင်မင်သွားရလေသည်။

ထို့ကြောင့်လည်း သုံးယောက်သား ခဏအတွင်းမှာပင် ငယ်ပေါင်းကြီးဖော် သူငယ်ချင်းများပမာ ရင်းရင်းနှီးနှီးနှင့် ခင်မင်စွာ စကားတွေ ဆိုဖြစ်လိုက်သည်။

''ခေတ်မင်းညို ပိုက်တို့ကျောင်းကို လာဘူးတယ်နဲ့ တူတယ်၊ ပိုက် ခေတ်မင်းညိုကို မြင်ဖူးသလိုပဲ''

''အဟွန်း... ပိုက်ပိုက် ပြောတာ မမှားပါဘူး၊ ကျွန်တော် လာဖူးပါတယ်''

''သြော် ...ဒါကြောင့် ရှင့်ကိုတွေ့တော့ မြင်ဖူးပါတယ်လို့ ပိုက် စဉ်းစားနေတာ၊ ခုမှ အဖြေရတော့တယ်''

ပိုက်ပိုက် စကားကြောင့် မခရော ခေတ်မင်းညိုပါ ပြုံးမိ သွားရသည်။

ယောကျာ်းတစ်ယောက်နှင့် တစ်စားပွဲထဲတွင် အတူ ထိုင်ကာ ရင်းရင်းနှီးနှီး ရယ်မောကာ စကားပြောနေသော မခ ဆီ တစ်ကျောင်းလုံးရှိ အကြည့်များက အံ့သြတူးဆန်းသည့်အကြည့်



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ရသလိုမျိုး မယုံကြည်သည့် မျက်ဝန်းများဖြင့် အား ငေးကြည့်နေသည်မှာလည်း မဆန်း။

ဆန်းနေသည်က မေခပင် ဖြစ်သည်။ မေခဆို ယောကျ်ားဆို ဘယ်ယောကျ်ား တစ်ဦးတစ်ယောက်ကိုမှ စိတ် စား အလေးထားခဲ့သူ မဟုတ်ဆိုတာ အားလုံးသိပါ၏။

ယောကျ်ားတစ်ယောက်နှင့် ပတ်သက်ကာ ပြုံးပြ ရယ်ခြင်းသည် သူမနှင့် ဘယ်လိုမှ မသက်ဆိုင်ပါလို့ ခံယူမှတ် ထားသော မေခကို အခုလို ယောကျ်ားတစ်ယောက်နှင့် ရယ် မောမော တွေ့ရသည်က မယုံကြည်နိုင်၊ မျက်စိများသည်ပင် ထင်မှတ်နေရသည်။

သူမနှင့်အတူ ထိုင်နေသူကလည်း တခြားမဟုတ် တစ်ကျောင်းလုံးတွင် ကင်းဘွဲ့ရထားသည့် စက်မှုတက္ကသိုလ် ခေတ်မင်းညိုဆိုသည့်လူ။

ထိုအခါ အားလုံး၏ အကြည့်တွေက လိုက်ဖက်ညီလှ သည့် သူမတို့နှစ်ဦးထံ အကြည့်များ မလွှဲနိုင်အောင် ရှိနေရ သည်။

အထူးသဖြင့် ယောကျ်ားများနှင့် ပတ်သက်လာလျှ နှလုံးသားမရှိသူ၊ မချစ်တတ်သည့်သူလို့ အားလုံးက သတ်မှတ် ထားသော ယောကျ်ားတွေကို ခါးသီးမုန်းတီးနေသူလို့ သိထား သည့် မေခအပေါ် လူများ၏ စိတ်ဝင်စားမှုတွေက ပိုနေရသည်





သူမ အချစ်ကိုများ တွေ့သွားပြီလားဟု စူးစမ်းသိလို သည့် အကြည့်များကို မေခ တည်ငြိမ်စွာ ရှောင်ဖယ်ရင်း ...

"ခေတ်မင်းညို ကြည့်ရတာ ဒီကျောင်းကို မကြာခဏ က်တော့မယ့်ပုံပဲ"

"ဘာဖြစ်လို့လဲ ပိုက်ပိုက်"

"သြော် ... ကျွန်မတို့ ရှိနေတော့ ခေတ်မင်းညို မိတ်ဆွေ များတယ်ဆိုပြီး ရောက်များလာမလားလို့ပါ"

"သေချာတယ်...ခ၊ ဒီကျောင်းမှာ ရှိနေသရွေ့ ကျွန်တော် က်နေဦးမယ်ဆိုတာ"

"အို"

တည်တံ့စူးရှလွန်းသော အကြည့်တွေနှင့် ညှို့ငင်ဆွဲဆောင် နိုင်းသည့် ခေတ်မင်းညို အကြည့်များကို ဒီတစ်ခါတော့ဖြင့် အကြည့်များ မလွှဲ[illegible]တော့ပါ။

သူမ ရင်ထဲတွင် ထူးဆန်းစွာ အချိန်များစွာ ပျောက် နေသည့် ယောကျ်ားတစ်ယောက်နှင့် ပတ်သက်သည့် ရင်ခုန် နှုန်းလေးက မေခရင်ထဲ တိုးသဲ့ညင်သာစွာ ရိုက်ခတ်သွားရ ဆိုတော့ မေခ သူမကိုယ်သူမ သတိထားမိလိုက်ပါတော့

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

မေခနှင့် ခေတ်မင်းညို ရင်းနှီးခဲ့ရာမှ ခေတ်မင်းညိုသည် မေခ၏ ရိုးသားပွင့်လင်းသည့် စိတ်ဓာတ်ကို ပို၍ သိလာခဲ့ရသည်။

ခေတ်မင်းညိုသည် မေခအား ဒီလောက်ထိ ရိုးသား ပွင့်လင်းကာ ချစ်စရာကောင်းသည့် စိတ်ဓာတ်ပိုင်ရှင် မိန်းကလေး ဖြစ်လိမ့်မည်ဟု မထင်ခဲ့ပါ။

လိုအပ်ပါက လူတစ်ဘက်သားအား ရက်ရက်ရောရော ကူညီပေးတတ်သော မေခသည် လူနှင့်လိုက်အောင်ပင် စိတ်ဓာ လည်း လှပသူ ဖြစ်လေသည်။

အနေရင်းနှီးမှ မေခ၏ ချစ်စရာ ပွင့်လင်းရိုးသားသည့် အပြုအမူ၊ အကျင့်စရိုက်လေးများကို ခေတ်မင်းညို ပို၍ လေ့လာ အကဲခတ်ခွင့် ရခဲ့လေသည်။





မေခနှင့် သူ၏ ခင်မင်ရင်းနှီးမှုလေးများ တစ်နေ့ထက် တစ်နေ့ တိုးလာရတာနှင့်အတူ မေခအပေါ် ဖြစ်တည်နေရသည့် သူ၏ အချစ်စိတ်များသည်လည်း ခေတ်မင်းညို၏ နှလုံးသားတွင် ပိုမိုတွယ်တာ ခိုင်မြဲလာရပြီ ဖြစ်သည်။

သို့ပေမယ့် ချစ်စကားကိုတော့ ခေတ်မင်းညိုသည် မေခ အား မပြောသေးပါ။

သူ့အား အခွင့်အရေးသမားတစ်ယောက်ရယ်လို့ သူ့အား သူမ မမြင်စေချင်ပေ။

ဒါကြောင့်လည်း ရင်မှာ ပေါက်ကွဲချင်နေရသည့် အချစ် စိတ်များကို ခေတ်မင်းညို ရင်မှာ မျိုသိပ်ထားလိုက်ရသည်။ သူ့ရစိုး သည် သူ့အဖြစ်ကိုသိတော့ ရယ်မောကာ "မင်းတော့ မေခနဲ့တွေ့မှ ကောင်းကောင်းဝဋ်လည်နေပါလား" ဆိုသည့် စကားကို ခေတ်မင်း ညို ဘာမှမတုံ့ပြန်ပဲ ကိုယ့်အကြောင်း ကိုယ်သာသိသူလို ခပ်ပြုံး ပြုံးသာ ငြိမ်နေလိုက်လေသည်။

သူ့ရစိုး ပြောသလို သူသည်လည်း သူမနှင့်တွေ့မှ ဝဋ်လည်နေပြီလား မသိပါ။ ဝင်းမှုန်နုထွေးအိစက်သော အလှ များက အနီးကပ် မြင်တွေ့ရသူ သူ့အဖို့ နှလုံးသားကို အတော်ပင် ထိန်းချုပ်ရခက်ခဲ ပင်ပန်းလွန်းပါသည်။

သို့သော် .... ခုချိန်မှာတော့ သူသည် နှလုံးသား ခံစား



www.burmeseclassic.com

www.burmeseclassic.com



ချက်ကို ဥပေက္ခာ ပြုထားလိုက်ရပေမယ့် ရင်မှာတော့ မချင့်မရဲနှင့် အခံရခက်ခက်ကြီး ဖြစ်နေရသည်က အမှန်။

''ဟင်''

''ခရယ် … ကိုယ့်အချစ်တွေကို မင်းလေး အလိုလို သိလိုက်ပါတော့ဗျာ''

ချစ်သူကို မြင်ပါရက်နှင့် မကြင်ရသည့် သူ့အဖြစ်ကို ခေတ်မင်းညို အံကြိတ်ကာ ဖြေရင်း သက်ပြင်းမောကိုသာ ကျိတ်ကာချနေလိုက်တော့သည်။

● ● ●



''ခ''

အချိန်ကြာခဲ့ပြီဆိုပေမယ့် သူမနားထဲတွင် ရင်းနှီးနေရသည့် ခေါ်သံကြောင့် မေခကိုယ်လေး ဆတ်ခနဲ တုန့်သွားကာ လှမ်းလက်စ ခြေလှမ်းကလည်း မရည်ရွယ်ပါဘဲ အလိုလို ရပ်တန့်သွားရသည်။

မေခ မျက်ခုံးလေး ခပ်ပြေပြေ တွန့်ကွေးသွားရသည်။ ဘာဖြစ်တာပါလိမ့်။ အချိန်တွေ ဒီလောက် ကြာခဲ့ပြီဖြစ်သလို ဆိုအသံရှင်သည်လည်း သူမဘဝထဲက အချိန်များစွာ ပျောက်ကွယ်ကာ သူမနှင့် အဝေးဆုံးတစ်နေရာတွင် ရှိနေပါရက်နှင့် မေခ ဘာကြောင့်များ ဒီအသံရှင်ကို စိတ်မှာ စွဲထင်အမှတ်ရနေသည်လဲ။

နင့်ခနဲ ဖြစ်သွားရသည့် နာကျင်မှုနှင့်အတူ မေခ ခေါင်းလေးကို ခါယမ်းမိလိုက်ရင်း နေရာမှ ခြေလှမ်းများဆက်ရန် အပြင်

''ခ''

ဘုရားရေ …။

သည်တစ်ခါတော့ သူမ စိတ်ထင်မှားသည်မဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ပီပီပြင်ပြင် ကြားလိုက်ရသည့် ခေါ်သံက သူ့အသံမှ သူ့အသံ ပင် ဖြစ်သည်။

"မေခ"

ဒါ .. သူမ နားကြားလွဲတာ လုံးဝ မဖြစ်နိုင်တော့ပါ။ ကြည်လင်ပြတ်သားကာ ဆွဲဆောင်နိုင်လွန်းသည့် ခေါ်သံရှင်မှ သူပါပဲဆိုသည့် အတွေးနှင့် မေခကိုယ်လေး နောက်သို့ ချာခနဲ လှည့်အကြည့် ...

"ဟင်"

ခုပဲ ငိုချလိုက်တော့မလို နှာသီးဖျားလေးတွေ နီရဲလာလျက် အံ့သြမှုတွေနှင့် မယုံကြည်နိုင်လောက်အောင် ကြည့်နေသော မျက်ဝန်းလှလှလေးထဲတွင် မျက်ရည်စများ ပြည့်အိုင်ဖွဲ့လာသော မေခကို ကြည့်ပြီး နေမင်း အရမ်းကို သနားသွားရသည်။

သူမလေး အရမ်းကို ခံစားသွားရပြီ မဟုတ်ပါလား။

"ဦးနေမင်း ...ရှင် ...ရှင်"

တရှင်ရှင်နှင့် မယုံကြည်နိုင်သလို သူ့အား လက်ညှိုးလေးထိုးလျက် ပြူးကျယ်ဝိုင်းစက်သော မျက်ဝန်းလေးနှင့် အံ့သြကြေကွဲ နာကြည်းနေရသလို ရှိနေသည့် မေခကို နေမင်း ခပ်ယဲ့ယဲ့ ပြုံးပြလိုက်ရင်း ...

"ဟုတ်ပါတယ် ခ၊ နေမင်းဆိုတဲ့ ခရဲ့ကိုကိုပါ"





"အို"

အချိန်တွေ ဘယ်လိုပြောင်းပြောင်း နွေးထွေးချိုမြကာ နားထောင်လို့ ကောင်းနေဆဲဖြစ်သော သူ့အသံက သူမ နှလုံးသားကို ယခုတိုင် လှုပ်ရှားသွားစေရလေသည်။

"ကိုကို့ကို ခွင့်လွှတ်ပါ ခ၊ ခကို ခွဲသွားပြီးကတည်းက ကိုကို တစ်နေ့မှ ခကို မေ့လို့မရခဲ့ဘူး၊ ကိုကို ခဘဝထဲ ပြန်လာခဲ့ပါရစေ"

စိမ်းလဲ့နေသော အကြည့်လေးနှင့်အတူ ပါးပြင်ထက် တစ်ပေါက်ချင်း ကြွေကျလာသည့် မျက်ရည်များနှင့် နှုတ်ခမ်းအတွင်းသားလေးကို ခပ်နာနာဖိကြိတ်ရင်း မေခ လက်လေးနှစ်ဖက်ကို တင်းတင်းလေး ဆုပ်ထားလိုက်မိသည်။

ခဘဝထဲကို ပြန်လာပါရစေတဲ့လား။

သည်စကားများကို တစ်ချိန်ကသာ သူ ဒီလိုပြောခဲ့ပါက မေခနှလုံးသားနုနုတွင်လည်း ဒီနေ့ ဒီအချိန်ခါမှာ ဘာခံစားချက်၊ ဘာနာကြည်းချက်မှ ရှိနေလိမ့်မည် မဟုတ်ပါ။

ခုတော့ သူမ နှလုံးသားတွင် ဒဏ်ရာဒဏ်ချက်တွေနှင့် ပြည့်သိပ်နေရကာ အလိုမရှိပါက အလွယ်တကူ ဖွင့်ပစ်ရန် ဝန်လေး တတ်သလို အလိုရှိလာပါကလည်း ပြန်လည် ချုပ်ကပ်ရန် ခေတ်ခဲ တတ်သည့် ဒီယောက်ျားကို မေခ နာကြည်းမှုနှင့်အတူ သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောက်သွားခဲ့ရပါပြီ။

သူမ နှလုံးသားအား နာကြည်းအောင် လုပ်ခဲ့သူမှာ သူ မဟုတ်သလို သူမအနား ပြန်လည်ချဉ်းကပ်ရန် ကြိုးစားသော ဦးနေမင်းကို မွန်းကြပ်နာကြည်းသော ခံစားမှုတွေနှင့် အံတင်းတင်းလေး ကြိတ်လျက် မျက်ဝန်းများ မေးကျဉ်းကာ စိမ်းလဲ့နေသော မျက်ဝန်းအကြည့်လေးနှင့် နာကြည်းစွာ ကြည့်လိုက်သည်။

"ရှင် ပြောစမ်းပါ ဦးနေမင်း၊ ကျွန်မအနားကို ရှင် ဘာရည်ရွယ်ချက်နဲ့ ပြန်ပြီး ချဉ်းကပ်ဖို့ ကြိုးစားရတာလဲဆိုတာ"

မေခ၏ မထီတရီမျက်နှာ၊ သူ့နှလုံးသားကို ထိုးနက် နာကျင်စေသည့် စကားကြောင့် နေမင်းရင်ဝယ် နာကျင်မှုတို့ဖြင့် ခံရခက်သွားရသည်။

မေခ၏ မျက်နှာလှလှလေးထက် သူ့အပေါ် နာကြည်း စိမ်းလဲ့နေသည့် အရိပ်အယောင်များ မြင်ရတော့ နေမင်းသည် သူ့စိတ်ကို လျှော့ချပစ်လိုက်ပြီး ...

"အချစ် ...အချစ်တစ်ခုအတွက်ပဲပေါ့ ခ"

"အဟင်း ... ဟင်း ... ဟင်း ... ဒီစကား ကျွန်မ နားကြားလွဲတာတော့ မဟုတ်ပါဘူးနော်"

ပန်းလေးတွန့်လျက် မခိုးမခန့်ရယ်ကာ လှောင်ပြောင် သရော်သလို ရှိနေသော မေခပုံစံကြောင့် နေမင်း ခံပြင်းသွားရ





သည်။

ကြည့်စမ်း ...သူနှင့် ဝေးကွာနေသည့် အချိန်များမှာ မေခသည် သူ မထင်မှတ်လောက်အောင် အရမ်းကို ပြောင်းလဲ သွားပါရောလား။

မေခဆိုသော သူ၏ ချစ်သူလေးသည် ဟိုယခင်ကထက် လှသွေးများ ပိုကြွယ်နေရသလို ထိုအလှများနှင့် ဆန့်ကျင်ဘက် သူမပုံစံ၊ သူမအမူအရာလေးများသည် သူနှင့်တွေ့စဉ် တစ်ချိန်ကလို နူးညံ့သိမ်မွေ့မနေတော့ဘဲ ခေါင်းမာမာနှင့် လောကကြီးကို အရွဲ့ တိုက်နေသူတစ်ယောက်၏ ပုံစံ၊ ကြွပ်ဆတ်ဆတ် မာကျောကျောနှင့် သူ့ အင်မတန် သဘောကျ နှစ်ခြိုက်ခဲ့ပါသည်ဆိုသော မျက်နက်ဝန်း လှလှလေးနှင့် သူမအကြည့်တို့သည်လည်း ယခုတော့ဖြင့် စိမ်းတောက်နေရသည်မှာ မယုံချင်စရာပင်။

ဒါတွေအားလုံးသည် သူ့ကြောင့်ပေပဲလားဆိုသည့် အတွေး နှင့် နေမင်းနှလုံးသား ထုံကျင်အေးစက်သွားရသည်။

"ကိုယ့်အမှားတွေပါ ခ၊ အားလုံး ကိုယ့်အမှားတွေပါ၊ တကယ်ဆို ခကို ကိုယ်ဘယ်လိုမှ မခွဲနိုင်ဘူးဆိုတာ သိရက်နဲ့ ခွဲသွားခဲ့တာကိုက ကိုယ့်အမှားပါ"

"မကြားချင်ဘူး၊ ဒီစကားတွေ ကျွန်မ ဘာမှမကြားချင် ဘူး ဦးနေမင်း၊ ရှင်ဟာ ရှင့်ရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်ထားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ရဲ့အတွက်ကိုပဲ ကြည့်တဲ့လူ၊ ရှင်ဟာ ကျွန်မဘဝထဲမှာ မရှိတော့ဘူး။ ပြီးတော့ ရှင့်ကို ကျွန်မ မမြင်ချင်ဘူး''

မေခမှာ ပြတ်သားစိမ်းတောက်နေသော စကားတို့ဖြင့် နာနာကျင်ကျင်ဆိုရင်း နေမင်းရှေ့က သူမကိုယ်လေး ဆတ်ခနဲ လှည့်ထွက်သည်ဆိုရင်ပဲ ...

''ခ''

''ရှင် .. ရှင်''

''ဖြန်း''

''ဒီမယ် ရှင်သိအောင် တစ်ခါတည်း ပြောလိုက်မယ်၊ ကျွန်မဘဝထဲမှာ ကျွန်မ သိပ်ချစ်ခဲ့တဲ့ ဦးနေမင်းဆိုတာ ရှင် ကျွန်မကို ထားသွားတဲ့ အချိန်ကတည်းက သေဆုံးသွားခဲ့ပြီ၊ သေဆုံးသွားတဲ့ လူတစ်ယောက်ဟာလည်း ဘယ်တော့မှ ပြန်ပြီးရှင်သန်လာမှာ မဟုတ်ဘူး၊ ဒါကို ရှင့်ခေါင်းထဲမှာ မြဲမြဲမှတ်ထားလိုက်ပါ''

ပြောပြီး မေခ သူ့အနားမှ ချာခနဲ လှည့်ထွက်သွားလေသည်။

''ခ ... ခရယ်''

နေမင်းမှာ ထိခိုက်ကြေကွဲရလွန်းသောကြောင့် စကားပင် မဆိုနိုင်တော့ပါ။ နောင်တတွေ တပွေ့တပိုက်ကြီးနှင့် ပြန်လာသည့် သူ့ကို မေခ ဆီးကြိုလိုက်ပုံက သူ့နှလုံးသားကို သွေးစိမ်း





ရှင်ရှင် ကျစေရသည့်အဖြစ်။

မေခ သူ့အပေါ် နာကြည်းမည်ဆိုလည်း တကယ်တော့ နာကြည်းသင့်ပါသည်။ တကယ်တမ်း လွန်ခဲ့သူသည် သူဖြစ်သလို အပြစ်အားလုံး၏ တရားခံမှာလည်း သူသာ ဖြစ်ပါသည်။

သူသာ မေခကို ရက်စက်စွာ ဥပေက္ခာ မပြုခဲ့ပါက မေခဆိုသည့် သူမလေးသည်လည်း ဒီလိုမျိုး ပြောင်းလဲမှုတွေနှင့် ကြုံရလိမ့်မည် မဟုတ်။

ခုတော့ အားလုံး သူ့ကြောင့် ဖြစ်ပျက်ပြောင်းလဲခဲ့ရပြီ ဖြစ်သည်။ ဒီအဖြစ်ကို နေမင်း သူ့ကိုယ်သူလည်း ခွင့်မလွှတ်နိုင်။

မှားခဲ့သည့် သူ၏ အမှားများအတွက် မေခအပေါ် သူ ဘယ်လိုပင် တောင်းပန်ရ တောင်းပန်ရ သူမလေး ကျေနပ်သည် အထိ နေမင်း တောင်းပန်ရမည် ဖြစ်သည်။

သည့်အတွက် မေခ သူ့ကို ကြိုက်သလို အပြစ်ပေးနိုင်ပါ၏။ မေခ ပေးလာမည့် အပြစ်ကိုလည်း နေမင်း ကြည်ဖြူစွာ ခံယူပါမည်။

နှလုံးသား၏ လှည့်ဖြားမှုကြောင့် ချစ်သူကို ကျောခိုင်းသလိုဖြစ်ခဲ့သော သူ့အပြစ်တွေက တောင်းပန်လို့မှ ကျေနိုင်မည် မဟုတ်။

တစ်ချိန်က ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



၏ အချစ်ကို အထင်သေး လျှော့တွက်ခဲ့ကာ စော်ကားသလို ရှိခဲ့သော နေမင်း၏ အမှားတွေ မေခအတွက် နာကြည်းစရာ ဖြစ်နေလိမ့်မည်ဆိုတာ နေမင်း မစဉ်းစားမိခဲ့ပေ။

စဉ်းစားမိလိုက်သည့် အချိန်မှာတော့ နေမင်း မှားပြီဟူသောအသိနှင့် အကြီးအကျယ် တုန်လှုပ်ချောက်ချားခဲ့ရလေသည်။

သူ မေခကို ဘယ်လောက်များ စိတ်ထိခိုက်အောင် လုပ်ခဲ့ပါသည်လဲ။ နေမင်းဆိုသည့် သူသည် ကိုယ့်ထက် များစွာငယ်ရွယ်သော သူ့အား အရူးအမူး ချစ်ခဲ့သည့် ဖြူစင်နုငယ်လွန်းသည့် မိန်းကလေးတစ်ယောက်၏ နှလုံးသားကို မညှာမတာ ရက်စက်ခဲ့သူ ဖြစ်သည်။

သူ့ကြောင့် သူမလေး ဘယ်လိုခံစား ကျန်ရစ်ခဲ့မည်ကို မစဉ်းစားခဲ့။ ဒါကိုကပင် သူ့ရဲ့အတ္တ လွန်ကဲမှုနှင့် တစ်ကိုယ်ကောင်းဆန်မှုတို့ပင် ဖြစ်သည်။

နေမင်းရင်ထဲ မေခနှင့် ပတ်သက်သည့် ထိုအတွေးများဝင်လာရလေ သူ့ရင်သည် ပြင်းပြစွာ နာကျင်ကြေကွဲခြင်းတို့နှင့် မေခအပေါ် သနားကြင်နာစိတ်များ ဖြစ်ပေါ်လာရလေ ဖြစ်သည်။ ဖြစ်နိုင်လျှင် နေမင်း မေခရှိရာကို ချက်ချင်း ပြန်သွားကာ သူ့အမှားများကို တောင်းပန်ချင်ပေမယ့် ထိုအခွင့်အရေးက သူ့ကို မပေးခဲ့ပါပေ။

နိုင်ငံခြားတွင် မိဘနှစ်ပါးလုံး ကားအက်စီးဒင့် ဖြစ်ကာ ကွယ်လွန်သွားခဲ့သလို တစ်ဦးတည်း ညီမငယ်အတွက် မိဘများ ထားခဲ့သည့် အောင်မြင်သည့် စီးပွားရေး လုပ်ငန်းများကို သူကပင် ဦးဆောင်လုပ်နေရသည့်မို့ နေမင်းအတွက် အချိန်တွေ မကြာသင့်ဘဲ ကြာခဲ့ရလေသည်။

ထိုအတွက် မေခ သူ့အပေါ် ပို၍ စိတ်နာကောင်းစိတ်နာနေပါလိမ့်မည်။ အချစ်ဆိုတာ ဘဝလောက် အရေးမပါပါဘူးလို့ ကိုယ့်ကိုကိုယ် ထင်မှတ်ခဲ့သော နေမင်း သူမလေးနှင့် ခွဲနေရတော့မှ သူ့အချစ်များ သူမလေးအပေါ် ဘယ်လောက်လေးနက်မှန်းလည်း နေမင်း သိလာခဲ့ရသည်။

နေမင်းသည် မေခကို တစ်နေ့တစ်ရက်မှ မေ့မရခဲ့ပါ။ မေခဆိုသော သူမလေးသည် သူ့ရင်မှာ အချိန်ပြည့် ရှိနေခဲ့သည်ကိုတော့ သူမလေး သိလိမ့်မည်မဟုတ်။

အထင်လွဲ နာကြည်းနေသည့် မေခကို နေမင်း ခုချိန်မှာ အကြောင်းတွေ ရှင်းပြလို့ကလည်း သူမလေး ယုံကြည်လက်ခံပေးလိမ့်မည်မဟုတ်။

လက်မခံသည့်အပြင် သူ့စကားများကို သူမလေး ရယ်စရာဟု၍ပင် ထင်မှတ်ကောင်း ထင်မှတ်သွားပါလိမ့်မည်။

www.burmeseclassic.com



သည့်အဖြစ်ကို နေမင်း အဖြစ်မခံနိုင်ပါ။ သူများ အချစ်ကို စော်ကားခဲ့စဉ်တုန်းက ခံစားရမည့်သူ ဘယ်လိုကျန်ခဲ့မည်ကို မသိပေမယ့် အခု သူ့အချစ်ကိုတော့ နေမင်း နည်းနည်းမှ အစော်ကား မခံချင်တာက အချစ်၏ နက်ရှိုင်းလေးနက်မှုကို သူ သိသွားသောကြောင့် ဖြစ်သည်။

"ခရယ် .. တစ်ချိန်က ကိုယ့်အမှားတွေအတွက် ခ မာနတွေ ကျိုးမဲ့ကြေမွခဲ့ရသလို ကိုယ့်ကြောင့် ခ ဘယ်လောက် ထိ နာကျင်ခံစားရမလဲဆိုတာ ကိုယ် ကိုယ်ချင်းစာတတ်ပါပြီဗျာ အဲဒီအတွက် ကိုယ့်ကို ခ ခွင့်လွှတ်ပါ"

သူ့အမှားတွေအတွက် နေမင်း ထိခိုက်သော ရင်အစုံဖြင့် ကြေကွဲစွာ စိတ်မှာကျိတ်၍ မေခအား တောင်းပန်လိုက်သည်။ အချစ်နှင့်မာနကို စော်ကားသလို ဖြစ်ခဲ့သည့် သူ့အမှားများကို မေခသည် လွယ်လွယ်နှင့် ခွင့်လွှတ်နိုင်ပါဦးမည်လား မသိပါ။ ဘာပဲပြောပြော သူ့ဘက်ကတော့ ချစ်သူလေး ကျေနပ်စေရန် သူမ စိတ်ကျေနပ်သည်အထိ တောင်းပန်ရန် ဆုံးဖြတ်လိုက်လေသည်။

● ● ●



## အခန်း (၂၀)

မေခ အိမ်ပြန်ရောက်ချိန်တွင် သူမအဖြစ်တွေကို သူမ မယုံရဲအောင် ရှိနေတော့သည်။

စိတ်လှုပ်ရှားမှုတို့ကြောင့် မေခမှာ ထိုင်လို့လည်းမရ၊ သူမ အခန်းလေးထဲတွင် လက်နောက်ပစ်လျက် ခေါက်တုန့် ခေါက်ပြန် သမ်းလျှောက်ရင်း ဦးနေမင်းနှင့် ဆုံခဲ့ရသည့် အဖြစ်ကို မယုံနိုင်အောင် ဖြစ်နေရသည်။

ဦးနေမင်း တကယ်ပဲ မြန်မာပြည်ကို ပြန်လာသည် တဲ့လား။ ပြီးတော့ သူ ပြောသည့် စကားများ။

မေခ ဘဝထဲ ပြန်လာပါရစေတဲ့။

မေခမှာ နှုတ်ခမ်းလေး တွန့်ကွေးကာ ပြုံးလိုက်မိသည်။ အချစ်နှင့် ဘဝကို မလဲနိုင်ပါဆိုသော သူလို လူတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



သူမဘဝထဲ ပြန်လာပါရစေတော့လား။

ရယ်တော့ အတော် ရယ်စရာ ကောင်းပါသည်။ သူ့စကား များသည် မေခအတွက် နားထောင်လို့ကောင်းသည့် ရယ်စရာ စကားများဆိုတာ ဦးနေမင်း သိမှာတဲ့လား။

မချိပြုံးနှင့်အတူ မေခ မျက်နှာလှလှလေးမှာ အေးစက် တင်းမာသွားရသည်။

သူဟာ ခရဲ့ အချစ်နှင့်မာနကို စော်ကားခဲ့သူ တစ်ယောက် ဖြူစင်ရိုးသားသော ဆယ်ကျော်သက်အရွယ် မိန်းကလေး၏ ရင်ထဲ က အချစ်တွေကို အထင်သေး စော်ကားခဲ့မှုတွေက မေခနှလုံးသား ဒီနေ့ထိတိုင် စူးနင့်စွာ ခံစားနေရဆဲ ဖြစ်သည်။

ထားရစ်ခဲ့စဉ်တုန်းက သူမကို နောက်ပြန်လှည့်မကြည့် စတမ်း ရက်ရက်စက်စက် ကျောခိုင်းခဲ့သူမှာလည်း ဦးနေမင်းသာ ဖြစ်ပါသည်။

သည့်အတွက် မေခ သူ့ကို ခွင့်မလွှတ်နိုင်ပါ။ သို့သော် မေခသည် သူ့ကို မထင်မှတ်ဘဲ တွေ့လိုက်ရသည့် အခိုက်မှာလည်း တည်ငြိမ်ပါပြီဟု ထင်ခဲ့သည့် သူမ၏ ရင်ခုန်မှုတွေက ဟိုယခင်က အတိုင်း ရင်ခုန်သံတွေ တဒိတ်ဒိတ်နှင့် မြန်ဆန်လာရသည်။

သူနှင့် ပတ်သက်ကာ မေခရင်ထဲ ဒီခံစားချက်တွေ ဘာကြောင့် ရှိနေရသေးတာပါလိမ့်။





အတွေးနှင့် မေခ သူမအဖြစ်ကို သူမ သဘောမတွေ့ အလိုမကျသလို ခေါင်းလေးကို ခါယမ်းကာ ဦးနေမင်းနှင့် ပတ်သက်သည့် အတွေးခံစားချက်များကို ရင်ထဲမှ ဖယ်ထုတ်ပစ် လိုက်သည်။

"ဦးနေမင်းရယ်၊ ရှင့်ကို ခ ဒီနေ့ထိ သတိရနေသေးတာ ရင်ထဲမှာ ဒီနာကြည်းမှုတွေလည်း ပါတယ်ဆိုတာ ရှင်သိမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် သေချာတာ တစ်ခုကတော့ ခ ရင်ထဲက နာကျင်မှု အမုန်းတွေကို ရှင် ဘယ်လိုနည်းနဲ့မှ ချေဖျက်လို့ ရမှာ မဟုတ်ဘူး၊ အဲဒီအတွက် ရှင့်ကို ခဘဝထဲ နောက်တစ်ကြိမ် ဝင်လာ ခွင့်ပြုမှာ မဟုတ်ဘူးဆိုတာလည်း ဦးနေမင်း ရှင် သိထားလိုက် ပါတော့ရှင်"

မေခသည် နေမင်းနှင့်ပတ်သက်ကာ တစ်ချိန်က နာကြည်းမှုအမုန်းများ ရင်ထဲ ဘယ်လိုမှ ဖြေဖျောက်လို့ မရနိုင် သေးသည်မို့ နာကြည်းမှု အတွေးတွေနှင့်ပင် မေခသည် ရင်မှာ တိတ်တဆိတ် ကြေကွဲစွာ ဆိုလိုက်မိပါတော့သည်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

"မေခကို ကြည့်ရတာ ခုတလော တစ်မျိုး ဖြစ်နေတယ်လို့ ပိုက်ပိုက် မထင်ဘူးလား"

ဆုံနေကြနေရာတွင် ခေတ်မင်းညို ပိုက်ပိုက်နှင့် ဆုံမိချိန်မှာ ခေတ်မင်းညိုသည် ပိုက်ပိုက်အား ထိုစကား မေးလိုက်ခြင်း ဖြစ်သည်။

"ခေတ်မင်းညို ထင်တာ မမှားပါဘူး၊ မေခ ရင်ထဲမှာ တစ်ဦးတစ်ယောက်နဲ့ ပတ်သက်ပြီး ဝေဒနာတွေ ခံစားနေရတာ အမှန်ပဲလေ"

"အဲဒါ ဘာလဲဆိုတာ ကျွန်တော် သိခွင့်မရှိဘူးလား ပိုက်ပိုက်"

"သိရပါတယ် ခေတ်မင်းညို၊ ပိုက်ပိုက်တောင်မှ ဒီအကြောင်းတွေကို မနေ့တစ်နေ့ကမှ သိခဲ့ရတာ၊ အဲဒါလေ မေခ ရင်ထဲ ခံစားမှုတွေက အရမ်းမွန်းကြပ်နေလို့ ပိုက်ပိုက်ကို သူ ရင်ဖွင့်ခဲ့လို့ သိရတာ" ဟု အစချီကာ ပိုက်ပိုက်သည် ဦးနေမင်း





နှင့် ပတ်သက်သည့် မေခ၏ ရင်ဖွင့်ခံစားမှုတို့ကို ခေတ်မင်းညိုအား ရှင်းနှီးသူပီပီ ပြောပြလိုက်သည်။

"အဲဒါပဲ ခေတ်မင်းညို၊ အခု ဦးနေမင်း မြန်မာပြည်ကို ပြန်ရောက်နေပြီလေ၊ ပြီးတော့ သူ မေခ အနားကို အတင်းပြန်ပြီး ချဉ်းကပ်နေတယ်၊ ပြောရရင် မေခအချစ်ကို သူပြန်ရဖို့ ကြိုးစားနေတယ်ပေါ့"

"ခရယ်"

ခကြောင့် ခေတ်မင်းညို ရင်မောသွားရသည်။ တခြားမိန်းကလေးများနှင့်မတူ တွေ့စကတည်းက ထူးခြားပါသည်လို့ ထင်မှတ်ခဲ့သော မေခသည် ယောကျ်ားတစ်ယောက်နှင့် ပတ်သက်ကာ သူမရင်ထဲ ခံစားမှု ဝေဒနာများ နက်ရှိုင်းစွာ ရှိနေခဲ့ရသည်တဲ့လား။

ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်အတွက် ချစ်သူ၏ ဥပေက္ခာပြု ကျောခိုင်းထားရက်ခဲ့ခြင်းကို သူမလေး ဘယ်လောက်များ ခံစားခဲ့ရသည်တဲ့လဲ။

ရင်မှာ နင့်သည်းသည့် နက်ရှိုင်းခံစားမှုတွေက ခေတ်မင်းညို နှလုံးသားကို သနားကရုဏာစိတ်တို့ဖြင့် နာကျင်လှိုက်မောသွားစေရသည်။

ဦးနေမင်းဆိုသည့် လူကို မေခ သိပ်ချစ်ခဲ့မှန်း ပိုက်ပိုက်



www.burmeseclassic.com

www.burmeseclassic.com



စကားအရ သူသိခဲ့ရပါသည်။

ယောကျ်ားတစ်ယောက်ကို သိပ်ချစ်တတ်ခဲ့သလို သိပ်ကို နာကြည်းမုန်းတီးခဲ့ရသည့် သူမကို ခေတ်မင်းညို ဘယ်လို နှစ်သိမ့်ရမည်နည်း။

ဦးနေမင်းကို အကြောင်းပြုကာ ယောကျ်ားအားလုံးကို သိမ်းကြုံးမုန်းတီးခဲ့သော မေခသည် သူ့ကိုတော့ဖြင့် ထိုယောကျ်ားများထဲမှ ထူးထူးခြားခြား မိတ်ဆွေအဖြစ် ခင်မင်အသိအမှတ်ပြုခံခဲ့ရသူဆိုလျှင် မမှားပါ။

ထိုအတွက် မေခ၏ ခင်မင်မှုကိုရသည့် ခေတ်မင်းညိုသည် သူ့ကိုယ်သူ ဂုဏ်ယူကျေနပ်ရမလို။

ထို့ကြောင့်လည်း ခင်မင်မှုကို အခွင့်အရေးယူသူ တစ်ယောက်အနေနှင့် မဖြစ်လိုသည်မို့ ခေတ်မင်းညိုသည် မေခကို ရင်မှာ ပထမဦးဆုံး ဖြစ်ပေါ်ခဲ့ရသည့် အချစ်ဖြင့် နက်ရှိုင်းစွာ ချစ်ခဲ့မိပေမယ့် သူ့အနေဖြင့် သူမလေးအား ချစ်သည်လို့ ဖွင့်မပြောခဲ့ပေ။

ဖွင့်ပြောလို့ သူ့အချစ်ကို သူမနားလည်ရင် တော်ပါရဲ့။ နားမလည်ပါက သူ့အား အခွင့်အရေးယူသူဟု ထင်ကာ လက်ရှိ ခင်မင်မှုလေးပါ ပျောက်ကွယ်သွားမှာကိုတော့ ခေတ်မင်းညို အနေနှင့် အဖြစ်မခံနိုင်ခဲ့ပါ။





ထို့ကြောင့်လည်း ခေတ်မင်းညိုသည် သူ့ရင်ထဲက အချစ်တို့ကို ရင်မှာပင် တိတ်တခိုး ကျိတ်မှိတ်မျိုသိပ်ခဲ့လေသမျှ ခုတော့ မထင်မှတ်ပဲ မေခ ဘဝထဲသို့ တစ်ချိန်က သူမ နှင့်နှင့်သည်းသည်း ချစ်ခဲ့ဖူးသော လူသည် မထင်မှတ်ဘဲ ပြန်လည်ရောက်ရှိလာပြီ ဆိုသောအခါ ခေတ်မင်းညို၏ အချစ်ပွဲက မပြိုင်ခင်က ရှုံးခဲ့ရပြီလား မသိတော့ပါ။

"ခရယ် ... မင်းကို သိပ်ချစ်ခဲ့ရတဲ့ ကိုယ့်အချစ်တွေကို မင်းလေးသိအောင် ကိုယ့်အနေနဲ့ ဖွင့်ပြောခွင့်မှ ရှိနိုင်ပါဦးမလားဗျာ"

ခေတ်မင်းညိုသည် နှလုံးသားမှ ခံစားချက်ပြင်းပြင်းနှင့် ပေါက်ကွဲချင်နေရသည့် သူ့အချစ်စိတ်တို့ကို ဟန်လုပ်ကာ မျိုသိပ်ရင်းက ပိုက်ပိုက်အား မချိပြုံးတစ်ချက် ပြုံးလိုက်ရင်း ...

"ပိုက်ပိုက်"

"ပြောလေ ခေတ်မင်းညို"

"ခကို မမြင်ပါလား"

"ဟုတ်တယ် ခေတ်မင်းညို၊ ပိုက်ပိုက်ဆီ ဖုန်းဆက်တယ်၊ သူဒီနေ့ မလာနိုင်ဘူးတဲ့လေ"

"ဘာဖြစ်လို့လဲ ပိုက်ပိုက်"

"အင်း ... ပြောရမယ်ဆိုရင် ဦးနေမင်းကြောင့်ပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မင်းညို''

''ဘယ်လို ပိုက်ပိုက်၊ ဦးနေမင်းကြောင့် ဟုတ်လား''

''ဟုတ်တယ် ခေတ်မင်းညို၊ ဦးနေမင်း သူ့အမှားတွေအတွက် သူ့ နောင်တတွေနဲ့ ခအနားမှာ ခရဲ့အရိပ်လို ရှိနေတယ်လေ၊ ခဘက်ကတော့ ပြတ်ပါတယ်၊ ကျောခိုင်းခဲ့စဉ်တုန်းက နောက်ပြန်လှည့်မကြည့်စမ်း ကျောခိုင်းတဲ့ခဲ့ ဦးနေမင်းကို ခက သူ့ဘဝထဲ မဝင်ခံတော့ဘူးလေ၊ ဒါပေမယ့် မရတာ ဦးနေမင်း၊ သူ ခအနားမှာ အရမ်းတွယ်ကပ်လွန်းနေလို့ ခလည်း စိတ်ညစ်နေတာပေါ့ ခေတ်မင်းညို''

''ဟင်း''

''ခရယ်''

ခေတ်မင်းညို သက်မချရင်း မချင့်မရဲ ညည်းညူမိလိုက်သည်။

သည်ပုံအတိုင်းဆို မေခ ဦးနေမင်းကို လွတ်အောင် ရှောင်နေရသည့် သဘောမျိုး။ ဒီအဖြစ်ကို မေခအနေနှင့် ဘယ်လောက်ကြာကြာ ရှောင်နေနိုင်မှာတဲ့လဲ။

ခေတ်မင်းညို မေခကို ကူညီချင်ပေမယ့် အခု အခြေအနေက သူ့လို ဘေးလူတစ်ယောက်အနေနှင့် သူမ၏ ကိုယ်ရေးကိုယ်တာထဲ ဝင်ပါသင့်သည့်ကိစ္စမဟုတ်။





ပြီးတော့ မေခဆိုတာ သူချစ်နေမိရသည့် မိန်းကလေး။

''ခေတ်မင်းညို''

''ဟင်''

''ခုချိန်မှာ ပိုက်တို့ဘက်က ခကို ဘယ်လိုကူညီနိုင်မလဲ ဟင်''

ပိုက်ပိုက်စကားကြောင့် ခေတ်မင်းညို ငိုင်သွားပါလေသည်။ တစ်ဆက်တည်း စိတ်အတွေးထဲတွင်လည်း ပိုက်ပိုက်အား နှလုံးသားကိစ္စဆိုတာ ဘယ်သူကူညီလို့မှ မရနိုင်သည့်အကြောင်း စိတ်မှာ ဆိုလိုက်မိပါသည်။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ခ"

"ဟင်"

"သူ…ဦးနေမင်း"

"ကျွတ်…ဒီလူတော့"

မေခမှာ ဦးနေမင်းကို တွေ့ရသောကြောင့် စိတ်ရှုပ်စိတ်ညစ်သွားရသလို မျက်နှာလှလှလေးမှာ ခပ်မှုန်မှုန်လေး ဖြစ်သွားသည်။

မေခသည် ဦးနေမင်းကို ရှောင်ကွင်းသွားရန် ကြိုးစားပေမယ့် မအောင်မြင်ပါ။ သူမရှေ့တည့်တည့် ပိတ်ရပ်လာသည့်လူကြောင့် ခုမေခ မော့ကြည့်လိုက်သည်။

ထိုအခါ သူမအား စူးနင့်လွမ်းမောသည့် တောင်းပန်





ရိပ်များသည်းနေသော အကြည့်ဖြင့် ကြည့်နေပါသည့် ဦးနေမင်း။

မျက်နှာလှလှလေးမှာ အလိုလိုပင် တင်းမာအေးစက်သွားရသူက မေခ။

သည်လူတစ်ယောက်ကို မမြင်မတွေ့ချင်ပါ၍ မေခ ကြိုးစားရှောင်နေသည့် ကြားကပင် သူမအနေနှင့် ရှောင်လွှဲလို့မရအောင် လာဆုံနေရသည့်အဖြစ်။

ထိုအဖြစ်အတွက် မေခစိတ်မှာ များစွာ အနှောင့်အယှက်ဖြစ်ရသည်ကို သူ မသိဘူးတဲ့လား။

တွေးရင်းက မေခ မျက်ခုံးလှလှလေး တွန့်သွားရသည်။

သူ့အကြည့်များကိုလည်း မေခသည် ရင်မဆိုင်ချင်သလို လွှဲပစ်လိုက်တော့ နေမင်းရင်မှာ နာကျင်သွားရ၏။

သူမလေး သူ့အပေါ် သိပ်ကို နာကျင်နေပါလားဆိုသော အသိသည် နေမင်းနှလုံးသားကို သံချွန်နှင့် ထိုးခံရသလို ထိနိုက်နာကျင်သွားရလေသည်။

"ကိုကို့မျက်နှာကို ခ တကယ်ပဲ မမြင်ချင် မတွေ့ချင်တော့ဘူးလား"

သူ့စကားကြောင့် မေခ နှုတ်ခမ်းလေးကို ဖိကိုက်လိုက်သည်။

သည်လူတစ်ယောက်ဆိုတာက တစ်ချိန်က မေခ အသည်း



www.burmeseclassic.com

www.burmeseclassic.com



ထက်ပင် ချစ်မြတ်နိုးခဲ့ရသည့်လူ။

ခုချိန်မှာ သူသည် မေခ နှလုံးသားထဲက ထုတ်ဖယ်ထားပြီးသည့်သူ။

သို့အတွက် မေခ သူ့ကို မမြင်မတွေ့ချင်တော့ပါ။ သူမ နှလုံးသားကို နာကျင်မှုများနှင့် နင့်သည်းစွာ ခံစားစေခဲ့သည့် သူ့ကို မေခ ဘာအတွက်နှင့်မှ မျက်နှာချင်း မဆိုင်လိုတော့ပါ။

"ပြောစမ်းပါ ခ၊ မင်း ကိုကို့ကို တကယ်ပဲ မမြင်မတွေ့ချင်တော့ဘူးလားဆိုတာ"

မေခ အံလေးစေ့ကြိတ်ပစ်လိုက်သည်။

သည်နောက် စိမ်းလဲ့နေသော အကြည့်ရူးရူးလေး တစ်ချက်က နေမင်းထံ ရောက်ရှိသွားပြီး ..

"ရှင်ဟာ ကျွန်မဘဝထဲကို ပြန်မလာသင့်သူပါ ဦးနေမင်း"

"နောင်တတွေ အများတွေနဲ့ ခပေးမယ့် အပြစ်ကို ခံယူဖို့ ရောက်လာတဲ့ ကိုယ့်ကို ဒီလိုတော့ မပြောသင့်ပါဘူးဗျာ"

မေခမှာ နေမင်းအား ရူးခနဲ တစ်ချက်စိုက်ကြည့်လျက် မချိပြုံး ပြုံးလိုက်သည်။

"အဟင်း ... ဒီစကားတွေ ကျွန်မ မပြောသင့်ပါဘူး ဟုတ်လား၊ အဟင်း... ဟင်း.. ဟင်း တော်တော်လည်း တရားကျ





ဖို့ကောင်းပါလား ဦးနေမင်း၊ ကျောခိုင်းသူနဲ့ ကျောခိုင်းခံခဲ့ရသူ၊ ကျွန်ရစ်သူနဲ့ ထားသွားရက်သူ ဒီလူနှစ်ယောက်မှာ ဘယ်သူက ဘယ်သူ့အပေါ် မှားလဲဆိုတာ ရှင် စဉ်းစားမိမှာပေါ့နော်"

"ပြောပါ ခ၊ ပြောပါ၊ ခပြောသလို အားလုံး ကိုယ့်အမှားတွေပါ၊ အဲဒီအမှားတွေအတွက်လည်း ခကို ကိုယ် တောင်းပန်နေတာပေါ့၊ ကိုယ့်ကို ခွင့်လွှတ်ပါဗျာ"

"ခွင့်လွှတ်ရမယ် ဟုတ်လား"

မေခသည် မခိုးမခန့် မျက်နှာလေးနှင့် နေမင်းအား ကြည့်လိုက်သည်။

သူမအကြည့်ကို နေမင်းသည် ခပ်တည်တည်နှင့် စေ့စေ့ရူးရူးကြီး စိုက်ကြည့်နေလေသည်။

ဒီအကြည့်ကြောင့် မေခနှလုံးသားလေးပင် တုန်ခါသွားချင်သလို။

ထိုအဖြစ်ကို မေခသည် မလိုလားစွာ သူမ နှလုံးသားကို သူမ ပြန်သတိပေး တင်းထားလိုက်ရင်းက ..

"ရှင်နဲ့ ကျွန်မကြားမှာ ဒီစကားပြောဖို့ လိုသေးလို့လား ဦးနေမင်း"

"ခ...ခရယ်"

နာကျင်မှုတွေနှင့် ဆိုလာသည့် မေခ စကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နေမင်း တုန်လှုပ်သွားရသည်။

"ကျွန်မ နှလုံးသားထဲမှာ နေမင်းဆိုတဲ့လူ မရှိတော့ဘူး၊ အဲဒီအစား ကျွန်မနှလုံးသားထဲမှာ ရှိနေတဲ့ ခါးသီးနာကြည်းမှုတွေ အဲဒီအရာတွေကို ရှင် ဘာနဲ့လဲလှယ်မလဲ ပြောပါဦး ဦးနေမင်း ရှင်ပြောစမ်းပါ"

"ကိုယ့်ကို အလိုမရှိတော့ပါဘူးဆိုတဲ့ မိန်းမတစ်ယောက်ကို ရှင် ခုလိုနှောင့်ယှက်နေတာ ဘာသဘောလဲ ဦးနေမင်း"

"ရှင်းပါတယ် ခ၊ ကိုယ် ခကို ချစ်တယ်"

"ကဲဟယ်… အဲဒါ ချစ်ဦး"

"ဖြန်း"

နာကျင်မောဟိုက်နေသော အသံဖြင့် နာနာကျင်ကျင် ရေရွတ်ရင်းက မေခ၏ လက်လေးတစ်ဖက်က နေမင်းပါးပြင်ပေါ် အရှိန်နှင့် ကျရောက်သွားရသည်။

"ကျေနပ်ပြီလား ခ၊ မကျေနပ်ရင် ခ ကိုယ့်ကို ထပ်ရိုက်နိုင်သေးတယ်၊ ကိုယ့်အပြစ်တွေက ခအပေါ် ဒီထက်လွန်ခဲ့တာပဲလေ"

"အဟင်း…ဟင်း… ဟင်း…၊ ရှင် ရှင် သွားပါတော့၊ ကျွန်မရှေ့က ရှင်ထွက်သွားပါတော့ရှင၊ အဟင့် … ဟင့်…ဟင့်"

"ခရယ်"





သွားဆိုပေမယ့် နေမင်းမှာ မသွားနိုင်ပါ။ မျက်ရည်တွေ ပါးပြင်ထက် ဖြိုင်ဖြိုင်ကြွေကျလာအောင် အီးခနဲ ကလေးတစ်ယောက်လို ငိုချလိုက်သော မေခ ကိုယ်လေးကို နေမင်းသည် အနီးရှိ သူ့ကားထဲသို့ ဆွဲသွင်းလိုက်တော့ မေခကိုယ်လေးသည် လည်း အလိုက်သင့် ပါလာလေသည်။

မပါလို့လည်း မရပါ။

အနီးဝန်းကျင်ရှိ လူများက သူတို့နှစ်ဦး၏အဖြစ်ကို စိတ်ဝင်စားသလို ကြည့်နေကြပြီ ဖြစ်သည်။

ထို့ကြောင့် နေမင်းသည် သူ့ကားလေးကို လူတွေအကြည့်နှင့် ဝေးရာဆီသို့ မောင်းလာခဲ့လိုက်သည်။

မေခ သူမကိုယ်သူမလည်း အံ့သြနေရသည်။ ဦးနေမင်းဆိုတာ သူမ သိပ်မုန်းသူရယ်ပါလို့ ဆိုထားသူ။ မုန်းပါသည်၊ နာကြည်းပါသည်၊ ဒီလူတစ်ယောက်ကြောင့် နှလုံးသားမှာ ခါးသီးမှုတွေနှင့် ကြေကွဲပါသည်ဆိုသည့်လူကို သူမ ယခုလို ရိုက်မိရုံနှင့် ဘာကြောင့် နှလုံးသားမှာ မခံမရပ်နိုင်အောင် နာကျင်သွားရလျက် မျက်ရည်များကျအောင် ငိုမိသွားရတာပါလိမ့်။

မေခသည် ပျော့ညံ့ချင်သွားရသည့် သူမနှလုံးသားအတွက် သူမ စိုးထိတ်သွားကာ မျက်ရည်များကို သုတ်လျက် ပတ်ဝန်းကျင်ကို ကြည့်မိလိုက်တော့ …



www.burmeseclassic.com

www.burmeseclassic.com



"အို"

နေမင်း မောင်းလာသည့် ကားလေးက ကန်တော်ကြီး တစ်နေရာတွင် ထိုးရပ်သွားရပြီ ဖြစ်သည်။

သည်နောက် နေမင်းသည် မေခ၏ အငိုမျက်နှာလေး ကို စူးခနဲ တစ်ချက်ကြည့်ပြီးနောက် ...

"ခ...ခရယ်ဗျာ"

"အို"

ရုတ်ခြည်းဆိုသလို မေခတစ်ကိုယ်လုံး သူ့ရင်ခွင်ကျယ် နွေးနွေးကြီးထဲသို့ ဖျတ်ခနဲ ရောက်ရှိသွားရသည်မှာ မေခ ဘယ်လို မှပင် ငြင်းဆန်ချိန် မရှိလိုက်။

တင်းကြပ်လွန်းသော အပွေ့အဖက်များနှင့်အတူ လှိုက်မော ရင်ခုန်ဖွယ် ကောင်းသည့် အနမ်းတို့က မေခမျက်နှာလေးထက် ဆီမှတစ်ဆင့် သူမတစ်ကိုယ်လုံး သည်းသည်းလှုပ် ကျရောက်နေ ရသည်။

စက္ကန့်လေးတွေ ကြာသည်နှင့်အမျှ မွန်းကြပ်လွန်းသည့် နေမင်းအနမ်းတို့ကို မေခသည် ခေါင်းလေးတခါခါနှင့် ဘယ်ညာ တိမ်းရှောင်ရင်းက သူ့ရင်ခွင်ကျယ်ကြီးထဲက သူမကိုယ်လေး အသည် သလောက် ရုန်းထွက်လိုက်သည်။

"လွှတ် ... လွှတ် ... ကျွန်မကိုလွှတ်၊ ရှင့်ကို ကျွန်





မုန်းတယ်၊ ရှင် ကျွန်မအသားကို မထိနဲ့"

မေခစကားနှင့် ငြင်းဆန်မှုကို နေမင်းကတော့ နည်းနည်းမှ ဂရုမစိုက်ပါ။ မျက်နှာရဲရဲလေးနှင့် သူ့ရင်ခွင်ထဲက ရုန်းထွက်နေသည့် မေခကိုယ်လေးကို မချင့်မရဲဟန် ပိုပြီးတင်းတင်းကျပ်ကျပ် တိုးဖက် ကာ ပူနွေးပြင်းရှသည့် အနမ်းနွေးနွေးတို့ကလည်း မေခ မျက်နှာ လှလှလေးထက် အဆက်မပြတ် ကျရောက် ရောက်ရှိနေရတော့ သည်။

"ဖယ်နော် ... လွှတ်ဆို၊ ရှင့်မျက်နှာကို မမြင်ချင်ဘူး၊ ရှင့်ကို သိပ်မုန်းတယ်"

မေခသည် နေမင်းကိုယ်ကြီးအား တွန်းထိုးထုရိုက်ရင်းက ပြောလိုက်သည်။

"မင်းပြောချင်တာ ပြောလို့ပြီးပြီလား ခ"

"ဟင်"

"ကိုကို ခကို ဘယ်လောက်တောင် လွမ်းနေလဲဆိုတာ ခ သိရဲ့လား"

"ဟုတ်လား"

"ဒါ ကိုကို့ကို ခနဲ့တာလား ခ"

နေမင်းမှာ သူ့စကားကို အရွဲ့တိုက်ကာ ဂရုမစိုက်သလို နေသည့် မေခကို မချင့်မရဲကြီး ဖြစ်သွားရသည်မို့ သူမ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လေးကို တင်းခနဲ ဖျစ်ညှစ်လိုက်ပြီး …

"ခ ကိုကို့ စကားတွေကို ယုံမှာ မဟုတ်ဘူးဆိုတာ သိတယ်၊ ဒါပေမယ့် ခ ကိုကို့စကားကို ယုံယုံ မယုံယုံ ကိုကို ခကို သိပ်လွမ်းနေတာကတော့ တကယ်ပါ ခ"

မေခ အောက်နှုတ်ခမ်းဖူးဖူးလေးကို အပေါ်သွားနှင့် တင်းတင်းလေး ဖိကိုက်လိုက်သည်။ သည်နောက် စိမ်းလဲ့နေသော မျက်ဝန်းပြာကြီးနှင့် နေမင်းကို တစ်ချက်ကြည့်ကာ …

"ရှင်ပြောတဲ့ စကားတွေကို ယုံဖို့ ကျွန်မ တော်တော် ကြိုးစားရဦးမယ်"

"ခ"

နေမင်းမျက်နှာ ပျက်သွားရကာ ကိုယ်ကြီး ဆတ်ခနဲ တွန့်တုန့်သွားရသည်။

သူမ စကားတွေသည် သူ့နှလုံးသားကို ဓားသွားချွန်ချွန် နှင့် ထိုးစိုက်လိုက်သလို မဟုတ်ပါလား။

မေခသည် သူ့ကို ဂရုမစိုက် ကားပေါ်မှဆင်းရန် ပြင်လိုက် တော့ …

"မင်း မသွားရဘူး ခ"

"ဟင်…ရှင်"

ကားပေါ်က ဆင်းရန် ပြင်နေသည့် မေခ ကိုယ်လေးကို





နေမင်းသည် သူမခါးကျဉ်းကျဉ်းလေးမှ ဆွဲယူသိမ်းပွေ့လျက် ရင်ချင်း ခပ်တင်းတင်း ဆွဲကပ်ပစ်လိုက်တော့ မေခ သူ့ရင်ခွင်ထဲ တွင် ခါးလေးကော့ ခေါင်းလေးမော့ ဖြစ်သွားရသည်။

"လွှတ် … လွှတ်ပါ"

"ဟင့်အင်း"

"ဘာ"

"ချစ်တယ် … ခကို သိပ်ချစ်တယ်၊ ပြီးတော့ အရမ်း လွမ်းတယ်၊ ခရယ် ကိုကို တောင်းပန်ပါတယ်ဗျာ၊ ကိုကို့ကို တစ်ယောက်တည်း ပစ်မထားပါနဲ့"

"အို"

သူ့ထံမှ ဒီလိုစကားမျိုး ကြားရပြန်တော့ မေခမှာ မယုံ ကြည်နိုင်အောင် အံ့သြမှုတို့နှင့်အတူ ရင်ခုန်သံများ မြန်လာကာ ရင်မှာ သိမ့်ခနဲ ဖြစ်သွားရသည်။

အချစ်ကို မကိုးကွယ်သည့် ဦးနေမင်း။ ခုတော့ တကယ် ပင် အချစ်ကို သိသွားခဲ့ပြီလား။

သူ ဒါ ဟန်ဆောင်နေတာပါဟု မေခ ဘာကြောင့် မထင် ဘော့ပါလိမ့်။

သေချာသည်ကတော့ မေခသည် ဦးနေမင်းဆိုသည့် သူ့ကို ခါးသီးမှုတွေနှင့် နာကြည်းမုန်းတီးနေသည့်ကြားက သူမ နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



၏ ထောင့်တစ်နေရာတွင် သူသည် ခုချိန်ထိ ရှိနေသေးသောကြောင့် ဖြစ်သည်။

မေခမှာ ထိုအသိနှင့်အတူ သူမကိုယ်သူမ ထိတ်လန့်လာသဲ နေမင်းသည် မေခ ပါးပြင်ပြောင်ပြောင်လေးကို တရှိုက်မက်မက် နမ်းလိုက်ပြီး...

"ခ ကိုကို့ကို ကြိုက်သလို အပြစ်ပေးပါ၊ ဒါပေမယ့် မုန်းတော့ မမုန်းလိုက်ပါနဲ့ ခရယ်"

ဘုရားရေ ...။

ဒါ သူမကို ရက်ရက်စက်စက် ကျောခိုင်းခဲ့တဲ့ ဦးနေမင်းတဲ့လား။ ကျောခိုင်းခံခဲ့ရတဲ့ သူတစ်ယောက်ရဲ့ ခံစားချက်ကို သူ သိပြီတဲ့လား။

မျက်နှာလှလှလေးက တင်းမာလျက် မေခ သူ့အနားက အတင်းပင် ထွက်သွားရန် ကြိုးစားလိုက်သည်။

"ဟိတ် ... ဒါ ဘယ်လဲကွ"

"ဖယ် ... ကျွန်မပြန်မယ်"

ပြောပြီး မေခ ကျောခိုင်းလျှက် ကားပေါ်ဆင်းရန် ပြင်တော့ နေမင်းသည် သူမလက်ကို အတင်းဆွဲထားသည်။

"လွှတ်ဆို .. ရှင် ကျွန်မအသားကို မထိနဲ့၊ ရှင့်လို မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို တန်ဖိုးမထားတတ်တဲ့လူကို





မုန်းတယ်"

"ဟာ"

နေမင်းမှာ လန့်သွားသည်။

သူမလေး သူ့ကို တကယ်ပဲ စိတ်ဆိုးနာကြည်း ခါးသီး မုန်းတီးလှသည်တဲ့လား။

တကယ်တော့ လွန်ခဲ့သည်ကလည်း သူသာ ဖြစ်ပါသည်။ မေခနှင့် ဝေးချိန်ကြမှ သူ သူမလေးကို ဘယ်လောက်ထိ ချစ်ရမှန်း သူကိုယ်သူ သိလာရသည်။

ကြည်စင်နုထွေးသော မျက်နှာလေးနှင့် ချစ်စဖွယ် စကား တီတီတာတာ ဆိုတတ်သော မေခသည် တကယ့်ပီဘိ ချာတိတ်မလေးအသွင် အပြုအမူများက ကလေးဆန်လျက် ထိုအပြုအမူလေးများကပင် သူ့စိတ်အာရုံကို စိုးမိုးလွှမ်းမိုးလွန်းနေ ရသည်။

ခံစားဘူးမှ သိသည်ဆိုသည့်စကားကို နေမင်း ကိုယ်တွေ့ကြုံမှ ယုံရပါသည်။ ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်၏ ရင်ထဲကအချစ်ကို နေမင်းဥပေက္ခာ ပြုခဲ့သည့်အတွက် ထိုအပြစ်ဒဏ်ကို သူလည်း ခုပြန်၍ ကောင်းကောင်းခံစားနေရပြီ ဖြစ်သည်။

သူ့ဘဝတွင် မေခဆိုသည့် သူမလေး မရှိ၍မဖြစ်ပါ။ မေခ မရှိပါက သူ့ဘဝသည် အသက်ရှင်လျက်နှင့် သေဆုံးသွားမည်ကို သူဝန်ခံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေခကို သူ သိပ်ချစ်သည်။

သူမကို သိပ်ချစ်နေမှန်းလည်း နေမင်း သူ့ကိုယ်သူသိပြီမို့ ခုချိန်တွင် သူမအချစ်ကို ပြန်၍ ပိုင်ဆိုင်ဖို့ကလွဲပြီး သူ တခြားဘာကိုမှ ဂရုမစိုက်ချင်တော့ပါ။ ထိုအတွက် သူ ဘာကိုပဲ တိုက်ရတိုက်ရ ခိုက်ရခိုက်ရ သူမလေးအချစ်ကိုသာ သူ ပြန်လည်ပိုင်ဆိုင်ခွင့် ရမည်ဆိုပါက နေမင်း တခြားမမှုနိုင်တော့ပါ။

နိုင်မာနေပြီဖြစ်တဲ့ သူ့ရင်ထဲက ဆုံးဖြတ်ချက် အတွေးများကို မေခဆိုသည့် သူမလေးကတော့ဖြင့် သိနိုင်မည်မဟုတ်။

မျက်ရည်အဝဲသားနှင့် ကားပေါ်က ဆင်းရန် ပြင်နေသော မေခကြောင့် သူ့ရင်မှာ စိုးရိမ်မှုပိုလာရပြီး သူမလက်လေးကို အတင်းဆွဲထားရာမှနောက် သူမတစ်ကိုယ်လုံးကို ရင်ခွင်ထဲ ဆွဲသွင်းကာ အနမ်းကြမ်းကြမ်းတွေက ထိန်းမရတော့။

မေခ သူ့ရင်ခွင်ထဲတွင် ခေါင်းမဖော်ပါတော့။

"ခ ..ကိုကို့ကို စိတ်ဆိုးသွားလား"

အသံလေးကတော့ဖြင့် ထွက်မလာပါ။

ရဲပနေသော မျက်နှာလေးကိုသာ ဖုံးကွယ်ငုံ့ထားလေသည်။ တကယ်တော့ မေခသည် ရှက်နေရခြင်းသာ ဖြစ်ပါသည်။

ရှက်စိတ် ရင်ခုန်စိတ်လှုပ်ရှားမှုတို့နှင့်အတူ မေခ သူ့မျက်နှာချောချောကြီးကို သူမ ဘယ်လိုမှ မကြည့်ရဲခြင်းသာ ဖြစ်ပါတယ်။





ဒါကိုပင် နေမင်း မချင့်မရဲပိုဖြစ်ရကာ သူမနှင့် ခေါင်းချင်းတေ့လိုက်ပြီး ...

"ပြောလေ... ခ၊ ပြောပါ အချစ်ရယ်၊ ကိုကို့ကို စိတ်ဆိုးသွားပြီလားဆိုတာ"

မဆိုးပါဟု မေခ ဘယ်လိုပြောရမလဲ။ သူမဆိုတာက နေမင်းကို မုန်းနေသည့်လူ။ ဒီလူတစ်ယောက်၏ အနမ်းတွေကို သူမအနေနှင့် ဘယ်လိုကြည်ဖြူစွာ ခံယူနိုင်မှာတဲ့လဲလေ။

မေခမှာ နှုတ်ခမ်းလေးရှုလျက် ရှက်မျက်စောင်းလေး ထိုးလိုက်ပြီး ..

"ဖယ်ပါ ...လူကို ခေါ်လာပြီး အခုလို အထင်တသေး ဆက်ဆံတာ ကောင်းလား"

"စိတ်မဆိုးပါနဲ့ဗျာ၊ ခကို ကိုကို သိပ်လွမ်းနေတာ၊ ပြီးတော့ အရမ်းလည်း ချစ်တယ်"

"အို .. မသိဘူး၊ ဖယ် ...ဖယ်.. ရှင် ကျွန်မအသားကို မထိနဲ့၊ ကျွန်မ ပြန်မယ်"

"အား ...အဲဒီလိုတော့ မပြောပါနဲ့ခရယ်၊ ခလေသံတွေက ပြင်းထန်လွန်းတယ်၊ ကိုကို မခံနိုင်ဘူး"

နေမင်း ထိုစကားကို တကယ်ပင် ပြောလိုက်ခြင်း ဖြစ်သည်။ သူမ၏ ရှင်နှင့် ကျွန်မဆိုသော စကားများသည် နေမင်းရင်



www.burmeseclassic.com

www.burmeseclassic.com



အား နားကျင်စေရသလို သူ့အနေနှင့်လည်း ခံနိုင်ရည်မရှိနိုင်ပါ။

သူလိုချင်သည်က တစ်ချိန်က မေခ၏ သူ့အပေါ် ချွဲနွဲ့ခဲ့သည့် ချစ်စဖွယ်ခေါ်သံ တီတီတာတာလေးများသာ ဖြစ်ပါသည်။

နေမင်းမှာ မျက်နှာပျက်ပျက်နှင့် မေခစကားများကို ခံနိုင်ရည် မရှိသည့်အလား သူမကိုယ်လုံး နွေးနွေးအိအိလေးကို သူ့ရင်ခွင်ထဲ သိမ်းကျုံးဆွဲပွေ့ ဖက်လိုက်ပြီးနောက် ပါးစပ်မှလည်း တတွတ်တွတ်နှင့် မေခအား ချော့မော့နေပါတော့သည်။

"ခရယ် …ကိုကို တောင်းပန်ပါတယ်ဗျာ၊ ကိုကို့အပေါ် စိတ်ဆိုးပြေပါတော့နော် အသက်၊ ကိုကို့အပေါ် အဲလိုကြီးတော့ တင်းမာမထားပါနဲ့"

"အို…ဖယ်စမ်းပါ"

ရုန်းလိုက်ပေမယ့် မေခ၏ ရုန်းကန်မှုသည် ဒီတစ်ခါတော့ဖြင့် နေမင်းရင်ခွင်ထဲမှ အားမပါတော့ပါ။

ဒါကို နေမင်းမှာ သတိထားမိလိုက်လေသည်။ ဒီနောက် သူ့မျက်နှာချောချောကြီးမှာ ပြုံးသွားကာ ရင်ခွင်ထဲမှ မေခမျက်နှာလေးကို ငုံ့မိုးစိုက်ကြည့်လိုက်ပြီး …

"ခ"

"ခ"

"ခ"





မေခ ပြန်မထူးသရွေ့ နေမင်းသည် အရွဲ့တိုက်တာ ခေါ်နေလိုက်လေသည်။

"အို ‥ ဘာလို့ လူကို ခဏခဏ ခေါ်နေရတာလဲ"

နေမင်းသည် မေခ ပါးပြင်လေးကို ဖွတ်ခနဲ ငုံ့နမ်းလိုက်ပြီး

"အပွန်း တော်သေးတာပေါ့ဗျာ၊ ခ ပြန်ထူးလို့၊ မဟုတ်ရင် ကိုကိုက တစ်လောကလုံး ကြားအောင် အော်ခေါ်မလို့ဗျ"

"သွား"

သူ့ကိုယ်ကြီးကို တွန်းထုတ်ကာ မေခ နှုတ်ခမ်းစူလိုက်မိသည်။ ထိုစူတူတူ နှုတ်ခမ်းလေးကိုပင် နေမင်း ပြုံးလျက်စိုက်ကြည့်လိုက်ပြီးနောက် …

"နှုတ်ခမ်းတော့ မစူလိုက်ပါနဲ့ဗျာ၊ ခ ကိုကို့ကို ခွင့်လွှတ်တယ်လို့ ပြောစမ်းပါ၊ အေးဗျ ‥ မဟုတ်ရင်တော့ ခ ကိုကို့ရင်ခွင်ထဲက သွားရမယ်မထင်ဘူး"

"လွှတ်ပါဦး၊ အို"

မေခသည် နေမင်းကိုယ်ကြီးကို တဗုန်းဗုန်းနှင့်သာ ထုရိုက်နေတော့သည်။ ထုရိုက်နေရင်းက ပါးစပ်မှလည်း …

"ဦးနေမင်းနော်…အဲလိုအနိုင်မယူနဲ့သိလား၊ အို‥ ရှင်နော်"

ရှက်ရှောင်ဝဲနေသည့် လှိုက်သံလေးကြောင့် နေမင်း



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကို သူပြန်ထိန်းလိုက်ပြီး …

"စိတ်ဆိုးပြေတော့ ခရယ်၊ ကိုကို သိပ်ချစ်တဲ့ ချစ်သူလေးကို ရင်ခွင်ထဲထားပြီး ချော့နေရမှတော့ ကိုကိုဘယ်လိုလုပ်ပြီး ခံနိုင်ရည်ရှိတော့မှာလဲ"

ထိုစကားကြောင့် နေမင်းရင်ခွင်ထဲက မေခမှာ မျက်နှာလေးရဲလျက် အနေခက်သွားရသည်။

တစ်ဆက်တည်း သူမ ရင်ထဲလည်း အချစ်ကြမ်းလွန်းသည့် နေမင်းကို ကြောက်စိတ်များ ဝင်သွားရ၏။

သူမနှင့် ပတ်သက်လာလျှင် သူသည် ခံနိုင်ရည်ရှိသူမဟုတ်ပါလားဆိုသော အသိနှင့်အတူ မေခရင်ထဲ သူ့အပေါ် နားကြည်းမှု အမုန်းစိတ်လေးများ တဖြည်းဖြည်း ပျောက်ကွယ်လာခဲ့ရပြီကိုလည်း မေခ သူမကိုယ်သူမ သိလာသည်။

"ခရယ်…ကိုကို ဝန်ခံပါတယ်၊ တစ်ချိန်က ခ အချစ်တွေကို ဂရုမစိုက် အလေးမထားခဲ့တဲ့ ကိုကိုဟာ ခုတော့ တကယ့်အချစ်စစ်ဆိုတာကို ကိုကိုနားလည်ပါပြီ၊ နားလည်မှုနဲ့အတူ ခကို ကိုကို သိပ်ချစ်မှန်းလည်း သိလာရတယ်၊ ချစ်တယ် ခရယ်၊ သိပ်ချစ်တယ်၊ တကယ်ချစ်လာတော့ ချစ်တဲ့သူကို လက်လွှတ်ဆုံးရှုံးရမှာကြောက်တယ်၊ ကိုကို ဘယ်လိုလုပ်ရမလဲ ပြောစမ်းပါ ခ၊ ကိုကို့ကိုမင်း ပြောစမ်းပါဦးဗျာ"





"ကျွန်မ မသိဘူး၊ မသိဘူး၊ ကျွန်မသိတာ ရှင့်ကိုမုန်းတယ်၊ သိပ်မုန်းတယ်"

ပြောလည်းပြော၊ ဒိုလည်းဒိုနှင့် နေမင်းကိုယ်ကြီးကို သူမလက်သီးဆုပ်လေးများနှင့် အတင်းပင် တွန်းထိုးထုရိုက်ရင်းက မေခသည် နေမင်းရင်ခွင်ထဲ မျက်နှာအပ်လျက် ငိုရှိုက်မိလိုက်ပါတော့သည်။

နေမင်းမှာ ချစ်သူလေးအဖြစ်ကို နားလည်စွာ ရင်မှာနာကျင်မှုတို့နှင့် မေခ ကိုယ်လေးအား ရင်မှာ တင်းတင်းကျပ်ကျပ် မလွှတ်တမ်း ထွေးပွေ့ထားလိုက်သည်။

သည်လူတစ်ယောက်ကို ပါးစပ်မှ ဘယ်လိုပင် မုန်းပါသည်ပြောပြော နောက်ဆုံး မေခသည် ဒီယောကျ်ား၏ ရင်ခွင်ထဲမှာပင် အရှုံးပေးလိုက်ရခြင်းမှာ အချစ်ကြောင့်ပင် ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဘာပြောတယ် ခေတ်မင်းညို၊ မင်း ခကို စွန့်လွှတ်လိုက်တော့မယ် ဟုတ်လား"

"ဟုတ်တယ် သူရ၊ ဒါ ခရဲ့အချစ်ကို ရယူဖို့ မကြိုးစားတော့ဘူး"

"ခေတ်မင်းညို၊ ခု မင်းကိုယ်မင်း ဘာစကားတွေ ပြောနေတာလဲဆိုတာရော သတိထားမိရဲ့လား"

သူရစိုးမှာ မခံချင်သလို ဆိုလိုက်သည်။

ထင်တာထက်ပင် အကဲခတ်လို့ မရအောင် ခေတ်မင်းညို ပုံစံက အရမ်းတည်ငြိမ်လွန်းနေရသည်။

"ငါ ဆုံးဖြတ်ပြီးပြီ သူရ၊ ခရဲ့အချစ်ကို ငါ ရယူဖို့ မကြိုးစားတော့ဘူး"

ခေတ်မင်းညိုသည် ထိုစကားကို ဆိုလိုက်ရပေမယ့် သူ့ရင်





ထဲမှာတော့ နာကျင်နေရသည်က အမှန်။

ကိုယ့်အသက်နှင့် ထပ်တူ ချစ်မြတ်နိုးရသော မိန်းကလေးတစ်ယောက်ကို ကိုယ်သိပ်ချစ်ပါရက်နှင့် ချစ်ခွင့်မယူနိုင်က စွန့်လွှတ်လိုက်ရသည့်အဖြစ်က ဘယ်လောက်များ ရင်နာစရာကောင်းလိုက်ပါသည်လဲလေ။

ချစ်သူကို စွန့်လွှတ်၍ ခံစားရသော ဝေဒနာသည် ခံစားဖူးသူမှသာ ကိုယ်ချင်းစာ သိနားလည်ပါလိမ့်မည်။

ခုချိန်တွင် သူ ခံစားနေရသည်က ရင်မှာ နက်ရှိုင်း စူးနင့်လွန်းသည့်ခံစားမှု ဝေဒနာများ။

သည်ဝေဒနာတွေအတွက် မေခ၏ အချစ်ရေးကိုလည်း သူ့ကြောင့်မပျက်ပြားစေလို။

နှလုံးသားမှာ ဒဏ်ရာဒဏ်ချက်ပေါင်းများစွာနှင့် အချိန်ကြာမြင့်စွာ ခံစားခဲ့ရသော မေခကို ခေတ်မင်းညို သူ့ကြောင့် ထပ်ပြီး မခံစားစေလိုတော့ပါ။

အချစ်ဆိုသည်မှာ ရယူခြင်းမှမဟုတ်။ စွန့်လွှတ်အနစ်နာခံခြင်းသည်လည်း အချစ်ပေပဲမို့ ခေတ်မင်းညိုသည် သူ့အချစ်များကို စွန့်လွှတ်အနစ်နာခံခြင်းဖြင့်သာ အဆုံးသတ်ပါပေ တော့မည်။

ယခုမှ ပြေလည်စပြုနေသည့် မေခနှင့် နေမင်း၏ အချစ်ရေးထဲ သူသည် ကြားထဲမှ ဆူးငြောင့်ခလုတ် မဖြစ်စေချင်တော့ပါ။

ချစ်သူစိတ်ချမ်းသာလျှင် သူသည်လည်း စိတ်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



သည်မို့ ခေတ်မင်းညို မချိုသည့်အပြုံး၊ ကြေကွဲရသည့် နှလုံးသား တို့ဖြင့် ချစ်သူပျော်ရွှင်ရေးအတွက် အနစ်နာခံရန် ဆုံးဖြတ်ခဲ့သည်က မေခကို သူသိပ်ချစ်သောကြောင့် ဖြစ်ပါတယ်။

ဒါကိုပင် သူရစိုးသည်လည်း သူ့အပေါ် အားမလိုအားမ ရ ဖြစ်နေလေသည်။ ယောကျ်ားတစ်ယောက်အနေနှင့် ကိုယ်ချစ် သည့် မိန်းကလေးကို ချစ်သည့်အကြောင်း ဖွင့်ပြောရမည်ဟု ခံယူ ထားသူလည်း ဖြစ်သည်။

ဒါက ချစ်သူမရှိသည့် မိန်းကလေးအတွက် ပြဿနာ မဟုတ်ပေမယ့် နှလုံးသားမှာ အချိန်ကြာမြင့်စွာ စွဲထင်နေသည့် မေခအတွက်ကတော့ သူ၏ ချစ်စကားသည် သူမအတွက် စိတ် အနှောင့်အယှက် ဖြစ်စေရုံကလွဲလို့ သူ့အတွက်အဖြေက ရှိလာမည် မဟုတ်။

အကြောင်းကား သူမရင်ထဲတွင် ဦးနေမင်း ရှိနေသော ကြောင့် ဖြစ်သည်။

"ခေတ်မင်းညို"

"မင်း ဘာပြောမယ်ဆိုတာ ငါ သိတယ် သူရ"

"ဒါနဲ့များကွာ မင်း"

"နေဦး သူရ ..၊ ခုကိစ္စက နှလုံးသားကိစ္စ၊ နှလုံးသား ကိစ္စဆိုတာ အင်မတန် နူးညံ့တယ်၊ ပြီးတော့ ဘယ်သူ့ကို ချစ်ပါ၊ ဘယ်သူ့ကို မချစ်ပါနဲ့လို့လည်း နှလုံးသားက စေခိုင်းလို့ရတာ





မဟုတ်ဘူး၊ ခမှာ ချစ်သူရှိတယ်"

"ဒါ ဘာဆန်းလဲ ခေတ်မင်းညို၊ ခလို သိပ်လှတဲ့ မိန်းက လေးတစ်ယောက်မှာ ချစ်သူရှိခဲ့တာ မဆန်းပါဘူး၊ အေး ဆန်းနေ တာက မင်း သူ့ကို လက်လွှတ်ခံနိုင်တာကိုပဲ"

"မင်း သူ့ကို မချစ်ဘူးလား ခေတ်မင်းညို"

ခေတ်မင်းညို ဖြည်းညင်းစွာ ခေါင်းခါလိုက်သည်။ ဒီနောက် သက်ပြင်းတစ်ချက်ကို ချကာ ...

"ငါ့ဘဝမှာ ခကို ချစ်တဲ့ အချစ်မျိုးနဲ့ ဘယ်မိန်းကလေး ကိုမှ ချစ်နိုင်တော့မှာ မဟုတ်ဘူး သူရ"

"ဒါနဲ့များကွာ"

"ငါ သူ့ကိုချစ်တယ်"

"ဘာ"

"ခကို သိပ်ချစ်လွန်းလို့ ငါ ဒီဆုံးဖြတ်ချက်ချမိတာ"

"မင်းရူးနေလား ခေတ်မင်းညို၊ ဘယ်သူမဆို ချစ်ရင် ချစ်တဲ့သူကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားရမယ်လေကွာ"

"ငါ ခကို သိပ်ချစ်တယ် မှန်တယ်၊ ချစ်လို့လည်း ငါ့ စိတ်ချမ်းသာမှုထက် သူ့စိတ်ချမ်းသာမှုကိုပဲ ငါ မြင်ချင်တွေ့ချင် တယ်၊ ဒါ ငါ သူ့အပေါ်မှာထားတဲ့ စေတနာပဲ သူရ"

"ကျွတ် .. မင်းဟာ မဟုတ်သေးပါဘူး ခေတ်မင်းညို၊ မင်း ဒီပုံစံနဲ့ဆို ခကို တကယ်ပဲ လက်လွှတ်ဆုံးရှုံးသွားလိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



သိရဲ့လား''

ခေတ်မင်းညို ငိုင်သွားလေသည်။

သူရစိုး ပြောသလို သူ မသိ၍မဟုတ်၊ သိပါသည်။ သိပေမယ့် ခု စိတ်ချမ်းသာမှုကိုသာ သူ အလေးထားမိပါ၏။ ချစ်သူပျော်ပါက သူသည် ကျေနပ်နေမည့်သူသာ ဖြစ်သည်။

''မင်း သူ့ကို မပြောရဲရင် ငါ သွားပြောပေးမယ် ခေတ်မင်းညို''

သည်စကားသည် သူရစိုး သူ့အပေါ်ထားသည့် စေတ… စကားဆိုတာ သိပေမယ့် ခေတ်မင်းညို လက်မခံနိုင်ပါ။

မိန်းကလေးများနှင့် ပတ်သက်လာလျှင် အပွဲပွဲ နွှဲလာသ… မေခနှင့်မှ သူ ခံရပါ့မလားဆိုသော မချင့်မရဲစိတ်နှင့် သူရ… ထိုစကားကို ပြောလိုက်ခြင်းသာ ဖြစ်ပါသည်။

တကယ်တော့ နှစ်လုံးသားကိစ္စဆိုတာ ကြားလူဝင်… ကောင်းသည့် ကိစ္စမဟုတ်။ ဒါကိုလည်း သူရစိုး သိပါသည်။

ခုဟာက ခေတ်မင်းညို၏ ခံစားမှုတွေကို သိနေသူ… ရင်မှာ သူငယ်ချင်းအတွက် သနားကရုဏာစိတ်နှင့် မချင့်မရဲ အ… ခက်ခက်နှင့် အားမလိုအားမရ ပြောမိသည့်စကား။

''မင်းစေတနာတွေကို ငါ နားလည်ပါတယ် သူရ။ ဒါ… မယ့် ဒါတွေ ထားလိုက်ပါတော့''

ခေတ်မင်းညိုအသံက ဖျော့တော့နေသည်။ ဖျော့…





သွက်လက်စွာ ပေါ့ပါးစွာနေထိုင်တတ်သည့် ခေတ်မင်းညို၊ စိတ်ညစ်စိတ်ပျက်တာဆိုတာ သူ့ဘဝအတွက် ချိန့်လားလို့တောင် မေးယူရမည်အထိ စိတ်သောက ကင်းရှင်းစွာ နေထိုင်ခဲ့သူ၊ ထိုလူ တစ်ယောက်တော့ ခုလို ငေးငိုင်ကာ နှလုံးသားဝေဒနာကို လူမသိ သူမသိ နင့်သည်းစွာ ခံစားနေရသည်ကို သူငယ်ချင်းတစ်ယောက် အနေနှင့် သူရစိုး ဘယ်လိုလက်ပိုက်ကြည့်နေနိုင်မှာတဲ့လဲ။

သို့ပေမယ့် မကြည့်လို့ကလည်း မရ။

ခေတ်မင်းညိုဆိုတာ သူ့ခွင့်ပြုချက်မရပဲ သူ့ကိစ္စဝင်ပါလို့ ရသူမဟုတ်။ မှားခဲ့ရင်တောင် စေတနာအမှား ဆိုပေမယ့် ခေတ်မင်း ညိုကတော့ ခွင့်လွှတ်လိမ့်မည်မဟုတ်။

တစ်သက်လုံး ခင်မင်လာခဲ့သည့် သူငယ်ချင်း သံယောဇဉ် ကြိုးကို သူရစိုးအနေနှင့် လွယ်လွယ်နှင့်လည်း အဖြတ်မခံနိုင်ပေ။

ခေတ်မင်းညိုနှင့် ပတ်သက်ကာ သူ့အနေနှင့် ဆုတောင်း မှုတစ်ခုသာ ရှိပါတော့သည်။ ထိုကား အခြားမဟုတ်။ မေခသည် ခေတ်မင်းညို ရင်ထဲက အချစ်တွေကို အလိုလိုသာ သူမ သိမြင် နိုင်ပါစေတော့ဆိုသည့် ဆုတောင်းသာ ဖြစ်ပါတော့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ခနဲ့ ဦးနေမင်း ပြန်ပြီး အဆင်ပြေသွားပြီပေါ့နော်၊ ဟုတ်လား ခ"

ပိုက်ပိုက်၏ အမေးကို မေခသည် ရှက်ပြုံးလေးနှင့် ခေါင်းညိတ်ဖြေလိုက်သည်။

"ဟယ် ...ဝမ်းသာလိုက်တာ ခရယ်၊ သိပ်ဝမ်းသာတာပဲ တကယ်၊ ဘာပဲပြောပြော ပိုက်သူငယ်ချင်း အခုလို ပျော်နေတာပဲ မြင်ချင်တယ် သိလား"

ပိုက်ပိုက်မျက်နှာလေးမှာ သူငယ်ချင်းဖြစ်သူအတွက် ကြည်နူးကျေနပ်ရိပ်တွေနှင့် ဝမ်းသာစွာ ပြုံးရွှင်နေရလေသည်။

"သူက သူ့အမှားတွေအတွက် ခကို တောင်းပန်တယ်လေ၊ ပြီးတော့ သူ တကယ်ချစ်တာကိုလည်း ခ သိတယ်"

"သူချစ်တာကို သိတာဆိုတော့ ခကရော ဦးနေမင်းကို မချစ်ဘူးလား"

"အဟင်း...ပိုက်နော်"





"ဘာလဲ...မချစ်ဘူးပေါ့"

"ချစ်တယ်"

"ဟင်း...ဟင်း...ဟင်း"

ကြည်မွေ့စွာ နှစ်ဦးသား ရယ်မိကြသည်။

ခရင်ထဲတွင် ဒဏ်ရာဒဏ်ချက်တွေနှင့် ခံစားနာကျင်ကြေကွဲနေတာနှင့်စာလျှင် သူငယ်ချင်းဖြစ်သူ ခုလို ပြုံးပျော်နေတာကိုပင် ပိုက်ပိုက် မြင်တွေ့ချင်သူ ဖြစ်ပါတယ်။

ခပျော်တော့ သူ့မရင်ထဲ ထိုအပျော်လေးတွေကလည်း ကူးစက်လာရသည်ပဲ။

"ဒါနဲ့ ခေတ်မင်းညိုတစ်ယောက် ခုတလော ပျောက်ချက်သားကောင်းနေတယ်နော် ပိုက်"

ခေတ်မင်းညိုဆိုတာနှင့် မေခမျက်နှာလေး တည်ငြိမ်သွားရသည်။

ခေတ်မင်းညို ရင်ထဲ ဘာတွေ ခံစားနေရသည် ဆိုတာကို သူ့သူငယ်ချင်း သူရစိုး ပြောပြ၍ ပိုက်ပိုက် အားလုံးသိခဲ့ရပြီ ဖြစ်သည်။

ခေတ်မင်းညိုသည် မေခကို တစ်ဖက်သတ် ကျိတ်ချစ်နေသူတစ်ဦးဆိုတာ ပိုက်ပိုက် အစောကတည်းက ရိပ်မိပါ၏။

အံ့ဩစရာ ကောင်းသည်က ခေတ်မင်းညိုသည် သူ့



www.burmeseclassic.com

www.burmeseclassic.com



အချစ်များကို မျိုသိပ်ထိန်းချုပ်နိုင်စွမ်းလွန်းခြင်းပင်။

မေခအပေါ် ခေတ်မင်းညို ထိုထိ လေးနက် နက်ရှိုင်းစွာ ချစ်နေမိလိမ့်မည်ဟု ပိုက်ပိုက်ကိုယ်တိုင်က မထင်ခဲ့ပေ။

ခေတ်မင်းညိုဆိုတာ မိန်းကလေးတွေ ထည်လဲတွဲနေသူ ပီပီ မေခအပေါ်မှာလည်း သူတွဲခဲ့သည့် မိန်းကလေးများလို သဘောထားလိမ့်မည်ဟု ပိုက်ပိုက်ကပင် ထင်ခဲ့ပါသည်။

ပိုက်ပိုက်အထင်နှင့် အမြင်သည် လွဲခဲ့လေသည်။ ခေတ်မင်းညိုသည် တခြားမိန်းကလေးတွေနှင့်အတူ မေခကို တကယ်ပင် စွဲစွဲလန်းလန်း ချစ်နေသည်ကို သိရတော့ သူမ အံ့ဩမှုနှင့်အတူ သူ့အချစ်ကိုလည်း အထင်မသေးရဲတော့ပါ။

မေခအပေါ် တကယ်ချစ်ခဲ့သလို သူမအပေါ် ချစ်ခွင့်လည်း ဆိုနိုင်ပါရက်နှင့် သူ့အချစ်များကို မျိုသိပ်ထိန်းချုပ်နိုင်လွန်းသည့် ခေတ်မင်းညိုကို ပိုက်ပိုက် ချီးကျူးရမည်လား၊ အပြစ်ပြောရမည်လား မသိပါ။

သည်အဖြစ်တွေကို မေခကတော့ ဘာမှမသိ။ ခေတ်မင်းညို သူမအပေါ် ရိုးရိုးသားသား ခင်မင်သူလို့သာ သိနေသူဖြစ်သည်။

မေခ စိတ်ချမ်းသာမှုအတွက် သူ့အချစ်တွေကို ရင်ထဲ မျိုသိပ်ခဲ့သော ခေတ်မင်းညိုသည် သူ့ရင်ထဲက ခံစားမှုတွေ မေခ





သိမှာကိုလည်း မလိုလားသူ တစ်ယောက် ဖြစ်သည်။

"ခေတ်မင်းညိုက ဒီအကြောင်းတွေ မေခကို မသိစေချင်ဘူး၊ ကျွန်တော် သူ့ကိုယ်စား၊ မချင့်မရဲနဲ့ အားမရ ဖြစ်လွန်းလို့ ပိုက်ပိုက်ကို ခုလို လာဖွင့်ပြောရတာ၊ ရှင်းရှင်းပြောရရင် ခေတ်မင်းညို မေခနဲ့ ပတ်သက်ပြီး ခံစားနေရတာ ကျွန်တော် မကြည့်ရက်ဘူး၊ ဒါပေမယ့် ကျွန်တော့်ကို ကတိတစ်ခုပေးပါ ပိုက်ပိုက်၊ ဒီအကြောင်း မေခကို ဖွင့်မပြောပါဘူးဆိုတဲ့ ကတိ"

သူရစိုး တောင်းသွားသည့် ကတိကြောင့်ပင် ပိုက်ပိုက်သည် သူမနှင့် ပတ်သက်သည့် ခေတ်မင်းညိုအကြောင်း မေခအား ဖွင့်မပြော ဖြစ်တော့ပါ။

ခေတ်မင်းညို ခံစားနေရသည်ကို သိပေမယ့် သူမအနေနှင့် ပေးပြီးသား ကတိကိုတော့ တည်ရမည် ဖြစ်သည်။

"ပိုက်ပိုက်...ရှင် ဘာဖြစ်နေတာလဲ၊ ခ ပြောတာကြားရဲ့လား"

"ဟင်...အင်း"

"ဘာလဲ ခ၊ ခ ဘာပြောလိုက်တာလဲ"

ခေတ်မင်းညိုအကြောင်း အတွေးလွန်သွားရသော ပိုက်ပိုက်မှာ မေခ အသံကြားမှ အသိဝင်လာသူ တစ်ယောက်နှယ် ရှိလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကလည်း ခပြောနေတာ သေချာ နားမထောင်ဘူး၊ ကိုကိုက ပြောတယ်၊ ခကို အမြန်ဆုံး လက်ထပ်ချင်ပြီတဲ့"

"အဲဒီတော့ ခက ဘာပြန်ပြောလဲ"

"ခဘဝမှာ သူ့ကြောင့် အချိန်တွေ အများကြီး ခံစားခဲ့ရပြီးပြီဆိုတော့ ဒီတစ်ခါ ခ အဲဒီဝေဒနာတွေကို မခံစားချင်တော့ဘူး၊ ဒါကြောင့် ခ ကိုကို့ လက်ထပ်ခွင့်ကို ခေါင်းညိတ်လိုက်တယ်၊ ဒါ ခ မှားလားဟင် ပိုက်"

"မမှားပါဘူး ခရယ်၊ ချစ်သူနှစ်ဦး ချစ်ကြပြီဆိုမှတော့ တစ်နေ့မှာ ဘဝတစ်ခုကို နှစ်ဦးအတူ တည်ဆောက်ရမှာ သဘာဝပဲ၊ ပြီးတော့ မင်းတို့ နှစ်ယောက်က သိပ်ချစ်ကြတဲ့ ချစ်သူတွေလေ၊ ခ ဆုံးဖြတ်တာ မှန်ပါတယ်"

လူကြီးလေးတစ်ယောက်လို ပြောနေသည့် ပိုက်ပိုက်၏ စကားများကို ကြားရတော့ မေခသည် သူမ ဆုံးဖြတ်ချက်အတွက် ကျေနပ်သွားရလေသည်။

ဘာပဲပြောပြော သူမသည်လည်း ချစ်သော ကိုကို၏ ရင်ခွင်မှာပင် သူမ ခံစားခဲ့ရသည့် နာကြည်းခါးသီးမှု အမုန်းတွေကို နားခိုဖြေဖျောက်ချင်ပါသည်။ ထိုဆုံးဖြတ်ချက်ကြောင့်လည်း မေခ နေမင်းကို လက်ထပ်ရန် ဆုံးဖြတ်ခဲ့ခြင်း မဟုတ်ပါလား။

ဪ … ချစ်သော ကိုကိုနှင့် သူမသည် ဘဝတစ်ခု





ကို အချစ်များဖြင့် တကယ်ပင် တည်ဆောက်ရတော့မှာပါလား ဆိုသော အတွေးနှင့် မေခရင်ထဲ သိမ့်ခနဲ လှိုက်ဖိုကြည်နူးသွားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ခ မပျော်ဘူးလားဟင်"

"ပျော်ပါတယ် ကိုကိုရယ်"

"အဟွန်း…ပျော်တယ်လည်း ဆိုသေးတယ်ကွာ၊ မျက်နှာလှလှကလည်း ညှိုးလို့ပါလား"

"ဟင်…မဟုတ်ပါဘူးနော်"

"ဟုတ်ပါတယ်ဗျာ၊ ကိုကိုက ခကို ချစ်လွန်းလို့ ခမျက်နှာလေးကို အရိပ်လို အမြဲကြည့်နေတဲ့သူပဲ သိတာပေါ့၊ ခစိတ်မှာ ဘာတွေအလိုမကျ ဖြစ်နေတာလဲ"

"ခရဲ့ အခင်ဆုံးသူငယ်ချင်းတွေဖြစ်တဲ့ ပိုက်ပိုက်နဲ့ ခေတ်မင်းညို မလာသေးလို့"

မေခ မိတ်ဆက်ပေး၍ ပိုက်ပိုက်ကို နေမင်း မြင်ဖူးသလို





ခေတ်မင်းညိုဆိုသည့် ချာတိတ်ကိုလည်း နေမင်း မေခ အပြောနှင့်ပင် သိနေကာ လူကို မမြင်ဘူးပေမယ့် နာမည်ကိုတော့ ရင်းနှီးနေရပြီ ဖြစ်သည်။

ယခုလည်း သူမ၏ အခင်မင်ရဆုံးသော သူငယ်ချင်းတွေဖြစ်သည့် ပိုက်ပိုက်နှင့် ခေတ်မင်းညို မလာသေးတာနှင့် မျက်နှာညှိုးနေသော မေခကို နေမင်းသည် ချော့သလိုအပြုံးနှင့် ကြည့်ပြီး…

"လာမှာပေါ့ ခရယ်၊ ရောက်လာမှာပါ"

"ခ သူတို့ကို သေချာမှာထားတာ၊ မင်္ဂလာပွဲ မစခင် လာပါလို့၊ ခေတ်မင်းညိုလည်း ခုထိ မလာသေးဘူး၊ ဖိတ်စာမရလို့ များလား၊ ဟင့်အင်း … ဒါလည်း မဖြစ်နိုင်ဘူး၊ ခ ဒီရက်တွေ အလုပ်များလို့ ခေတ်မင်းညိုနဲ့ မတွေ့ရပေမယ့် ပိုက်ပိုက်ကို ဖိတ်စာ ပေးပြီး ခကိုယ်တိုင် သေချာဖိတ်ခိုင်းထားတာပဲ၊ သူ လာရမှာပေါ့"

ဒါလည်းပွဲ၊ ဝမ်းလည်းနည်းနှင့် မေခ မျက်ရည်လေးများပင် လည်ချင်လာရသည်။

တကယ်ဆို ခုချိန် သူမအနားတွင် သူမ၏ အခင်မင်ဆုံးသော သူငယ်ချင်းဖြစ်သည့် ပိုက်ပိုက်နှင့် ခေတ်မင်းညို ရှိနေရမည့်အချိန်။

"ကဲပါ ခရယ်၊ သူငယ်ချင်းတွေ မတွေ့လို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ညှိုးမနေပါနဲ့၊ ဒီအချိန်က ကိုကိုရဲ့ သတို့သမီးလေး အလှဆုံး ပြုံးပျော်နေရမယ့် အချိန်လေ၊ ခ ပြင်လို့ ဆင်လို့ပြီးရင် အခမ်းအနား စတဲ့ နေရာသွားရတော့မယ်၊ မျက်နှာကြီး ဒီလိုလုပ်မထားနဲ့တော့ဗျ''

''အို''

ကိုကိုတို့ ကဲမည့် ကဲတော့လည်း အနားမှာ ရှိနေသည့် အလှပြင်သူကိုပင် မရှောင်။ ပန်းသွေးရောင်တောက်နေသော မျက်နှာလေးနှင့် အရမ်းလှနေသော သူ၏ သတို့သမီးဖြစ်သော မေခ၏ ပါးပြင်လေးကို အလှပြင်သူများအလစ်တွင် လှစ်ခနဲ နိုးနမ်းကာ အခန်းထဲမှ ထွက်သွားလေသည်။

ရှက်ပြုံးလေးနှင့် ရင်ဖိုစွာ ကျန်ခဲ့သူက မေခ။ မချစ်မချစ်နှင့် ချစ်တတ်တော့လည်း နေမင်းသည် မေခ၏ ရင်ခုန်သံတွေကို အစဉ်အမြဲလို လှုပ်ရှားမြန်ဆန်အောင် တယုတယနှင့် အချစ်ပိုတတ်သူ ဖြစ်သည်။

နေမင်းဆိုသည့် ကိုကို့ကြောင့် မေခ ရင်ခုန်စိတ်လှုပ်ရှားခဲ့သည့် အဖြစ်များလည်း မနည်းတော့။

ကိုကို့ကြောင့် သူမ စောစောက အလိုမကျဖြစ်ခဲ့ရသော စိတ်သည်ပင် ဘယ်ဆီလွင့်ပြယ်သွားမှန်း မသိတော့ပါ။

မေခ ထိုမင်္ဂလာပွဲကို ရန်ကုန်မြို့ရှိ အခမ်းနားဆုံးနှင့် အကြီးကျယ်ဆုံးသော မင်္ဂလာခန်းမကြီးတွင် ဂုဏ်သရေရှိ ဧည့်ပရိသတ်





ပေါင်းများစွာနှင့် ကျင်းပနေခြင်း ဖြစ်သည်။

သည်နေ့ မင်္ဂလာဧည့်ခံပွဲကို ကျင်းပပြီး နောက်နေ့မနက် လေယာဉ်နှင့် မြန်မာပြည်အနှံ့ ဟန်းနီးမွန်းထွက်မည် ဖြစ်သည်။

''ကြည့်စမ်း ကိုကို့သတို့သမီးလေးက အရမ်းလှတာပဲ၊ လှလိုက်တာဗျာ၊ ကိုကိုတော့ ကိုကို့ သတို့သမီးလေးကို ဒီအတိုင်းပဲ ထိုင်ကြည့်ချင်တော့တယ်''

''ကိုကိုနော်...မပိုနဲ့ သိလား''

သူမ အလှပြင်နေသည့် အခန်းထဲသို့ ပြန်ရောက်လာကာ ပန်းနုရောင် မင်္ဂလာဝတ်စုံလေးနှင့် သိပ်လှနေသော မေခကို သတို့သားဖြစ်သူ နေမင်းသည် ရူးရှတောက်ပသည့် ချစ်ရည်ရွှန်းလဲ့သော အကြည့်တို့ဖြင့် ခပ်ရူးရူးလေး ကြည့်ကာ ပြောလိုက်သည်ကို မေခမှာ ရှက်စိတ်တို့ဖြင့် ကဲရန်ကောဟူသော အကြည့်လေးနှင့် နေမင်းအား မျက်စောင်းလေးရွယ်ကာ ကြည့်လျက် ဆိုလိုက်သည်။

မေခ၏ ထိုအကြည့်ကြောင့် နေမင်းသည် အသည်းယားသွားရကာ နှုတ်ခမ်းကို ခပ်ဖွဖွ ဇောက်ကိုက်လိုက်ပြီး ...

''အေးဗျ .. ပိုတာ မဟုတ်ဘူး၊ ကိုကို တကယ်ပြောနေတာ၊ ခ သိပ်လှတာ လူတိုင်းသိတယ်''

တကယ်လည်း ခ သိပ်လှနေပါသည်။ ကြိုးကြိုး ချိတ်ပန်းနုရောင် ထိုင်မသိမ်းဝတ်စုံလေးနှင့် မြန်မာဆန်ဆန် နန်းတွင်း



www.burmeseclassic.com

www.burmeseclassic.com



သုံလေးတစ်ယောက်လို သိပ်လှနေသော မေခပုံစံလေး နေမင်း မျက်ဝန်းထဲ ကြည့်လို့မဝနိုင်အောင် ရှိနေရသည်။

သည်မိန်းကလေးသည် သူ၏ ချစ်ဇနီးလေး ဖြစ်တော့မှာပါလားဆိုသော အသိက နေမင်းရင်ခုန်သံတွေကို ပို၍ မြန်ဆန်သွားစေရသည်။

"ခရယ်...သိပ်လှတယ်၊ အရမ်းချစ်တယ်"

ရင်မှာ လှိုက်ခနဲ ပို၍နွေးဆူဝေသွားရသည့် ရင်ခုန်သံတို့ကို နေမင်း ပြန်လည်ထိန်းချုပ်ရင်း မေခ၏ လက်လေးကို နေမင်းသည် ခပ်တင်းတင်းလေး ဆွဲယူဖျစ်ညှစ်ကာ ...

"ခ"

"ကိုကို"

"မင်္ဂလာအခမ်းအနား စနေပြီ သွားကြရအောင်နော်"

"ဟုတ်ကဲ့"

မေခသည် မှန်ထဲတွင် မြင်နေရသည့် သူမ၏ သတို့သမီး မျက်နှာလေးကို တစ်ချက်ကြည့်လိုက်ပြီး...

"ကိုကို"

"ဘာလဲ ခ"

"ပိုက်ပိုက်တို့ မလာသေးဘူးလားဟင်"

"လာမှာပေါ့ ခရယ်၊ ဟော .. ဟိုမှာ ပြောရင်း ဆိုရင်း





ခ သူငယ်ချင်း ပိုက်ပိုက် လာပါပြီ"

"ပိုက်ပိုက်"

"ခ"

"ဘာလို့ နောက်ကျနေတာလဲ ပိုက်ရယ်၊ ခေတ်မင်းညို ရော သူ မပါဘူးလား"

သူမ အမေးကြောင့် ပိုက်ပိုက် မျက်နှာလေး ညှိုးလျှော်သွားရသည်။ မေခသည် သတိထားမိလိုက်တော့ ...

"ပိုက် ... ရှင် ဘာဖြစ်နေတာလဲဟင်၊ မျက်နှာလည်း မကောင်းပါလား"

"ဘာမှ မဖြစ်ပါဘူး ခရယ်"

အမြဲလို ရွှင်လန်းတက်ကြွနေတတ်သော ပိုက်ပိုက်၏ အမူအရာနှင့် စကားသံတို့က မရွှင်ပျလှပါ။ သူမပုံစံက တစ်ခုခုကို ဟန်ဆောင်ဖုံးကွယ်ထားသည့်ပုံ။

"ပိုက်"

"ဟင်"

"ခေတ်မင်းညို မလာဘူးလား၊ သူ့ကို ရှင် ဖိတ်စာ သေသေချာချာ ပေးလိုက်တယ် မဟုတ်လား"

မေခ သူမကိုယ်သူမလည်း အံ့သြနေရသည်။ ဒီနေ့ ဘာဖြစ်ရသည် မသိပါ။ သူမ စိတ်တွင် ခေတ်မင်းညိုကို သတိတရ



www.burmeseclassic.com

www.burmeseclassic.com



နှင့် အရမ်းကို တွေ့ချင်နေရသည်။

ပြောရလျှင် သူမစိတ်ထဲ ခေတ်မင်းညိုကို ခုချိန် သူမနား ရှိစေချင်နေရသည်။ ခေတ်မင်းညို သူမအနား ရှိနေသည်လို့လည်း မေခ စိတ်မှာ ထင်နေရ၏။

ပိုက်ပိုက်မှာ ပျက်ယွင်းသွားသော မျက်နှာလေးကို အမြန် ပြင်လိုက်ရင်း ...

"ပိုက်ကိုယ်တိုင် ခေတ်မင်းညိုလက်ထဲ ဖိတ်စာ သေချာ ပေးခဲ့ပါတယ် ခ၊ ပြီးတော့ ခရဲ့ မင်္ဂလာပွဲကို ခေတ်မင်းညို လာစေ ချင်တဲ့အကြောင်းလည်း ပိုက် ပြောခဲ့ပါသေးတယ်"

"ဒါနဲ့တောင် ခေတ်မင်းညို ခုထိ မလာသေးဘူးနော်"

"လာမှာပေါ့ ခရယ်" ဟု ပိုက်ပိုက်မှာ မေခကို မပြော ဖြစ်တော့ပါ။ ပြောရန်လည်း သူမတွင် အင်အားမရှိ။

တကယ်တော့ ပိုက်ပိုက်ကိုယ်တိုင်က မေခ၏ မင်္ဂလာပွဲ ကို အားယူကာ မနည်းလာခဲ့ရခြင်း ဖြစ်ပါသည်။

တော်ရုံ ခင်မင်မှုမျိုးနှင့်ဆိုပါက ပိုက်ပိုက်သည် ဒီမင်္ဂလာပွဲ ကို ခုလိုရောက်လာဖြစ်လိမ့်မည် မဟုတ်။

ရင်ထဲတွင် နာကျင်စို့နစ် ကြေကွဲခံစားနေရသည်က ခေတ်မင်းညိုအတွက်ပင်။

ဖြစ်နိုင်လျှင် ပိုက်ပိုက် ခုချိန် သူမအခန်းထဲတွင်





တစ်ယောက်တည်း အားရပါးရ အော်ဟစ်၍ ငိုပစ်လိုက်ချင် ပါသည်။

သူမရင်ထဲ ခံစားရသည့် ဝေဒနာတွေက ရင်မှာ ပေါက်ကွဲ မတတ်။ ဒီခံစားမှုတွေကို မေခအား ပိုက်ပိုက် ဘယ်လိုရှင်းပြရက် ပါမည်နည်း။

မေခ၏ မင်္ဂလာပွဲကို သွားရမည်ဆိုသော အပျော်စိတ် လေးနှင့် ပိုက်ပိုက် တစ်ညလုံး အိပ်၍ပင် မပျော်ခဲ့။

မနက်စောစော သူမ အိပ်ရာမှ မထသေး သူမ နာမည် နှင့် ဖုန်းလာတာမို့ ပိုက်ပိုက် နားထောင်လိုက်တော့...

"ပိုက်ပိုက်လား ... ကျွန်တော် သူရဲစိုးပါ၊ ခေတ်မင်းညို ဆုံးပြီ" ဟူသော စကားက ပိုက်ပိုက်အား ရုတ်ခြည်းဆောက်တည် ရာ မဲ့သွားစေရလေသည်။

မေခပေါ် တစ်ဖက်သတ် အချစ်နှင့် အသည်းကွဲသမား ကြီးလုံးလုံး ဖြစ်ခဲ့ရသော ခေတ်မင်းညိုသည် မေခနှင့် တကယ်ဝေး ရတော့မည်ဟူသော အသိဖြင့် မခံစားနိုင်တော့သည်မို့ အရက်တွေ အလွန်အကျွံသောက်ပြီး မူးမူးနှင့် အိမ်အပြန် သူမောင်းလာသည့် ကားက တစ်ဘက်မှ မောင်းလာသည့်ကားတစ်စီးကို ရှောင်ရင်း သမ်းဆောသစ်ပင်နှင့် ဝင်တိုက်မိကာ ဒဏ်ရာအပြင်းအထန်နှင့် ဆေးရုံရောက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မင်းညိုရှိရာ ဆေးရုံသို့ သူရစိုး ရောက်သွားချိန်တွင် ခေတ်မင်းညိုသည် စကားယဲ့ယဲ့သာ ပြောနိုင်လေတော့သည်။

တိုးဖျော့သည့် စကားသံကို အားစိုက် နားထောင်ရင်း သူ့အိတ်ထဲမှ ထုတ်ပေးလာသည့် ပစ္စည်းလေးကို သူရစိုး လက်ခံယူလိုက်စဉ်မှာပင် ခေတ်မင်းညိုသည်လည်း ပြင်းထန်သော ဒဏ်ရာတွေနှင့် သူ့လက်ထဲမှာပင် ဆုံးသွားခဲ့လေသည်။

ပိုက်ပိုက် လိုက်သွားချိန်တွင် ခေတ်မင်းညို အသက်မရှိ မမီတော့ပါ။ အသက်မဲ့နေသော ခေတ်မင်းညိုကသာ သူ့ကို ကြိုဆိုနေလေ၏။

ခေတ်မင်းညိုအဖြစ်က မြင်ရက်စရာ မရှိပါ။ မျက်ရည်ကျ နိုင်ပါသည်ဟု ထင်ခဲ့သည့် ပိုက်ပိုက်သည်ပင် ခေတ်မင်းညိုကို ကြည့်ကာ မျက်ရည်တွေ မဆည်နိုင်အောင် ကျခဲ့ရလေသည်။

မျက်ရည်တွေနှင့်အတူ ရင်မှာ နာကျင်ကြေကွဲမှုတွေ ကလည်း ပိုက်ပိုက်အတွက် နှလုံးသားမှာ မချိနိုင်အောင်ပင်။

တစ်ဖက်သတ် အချစ်သမားကြီးဘဝနှင့် အဆုံးသတ် သွားရှာသော ခေတ်မင်းညိုအဖြစ်က ဖြေလို့မှပင် ဖြေနိုင်စရာ အကြောင်းမရှိခဲ့။

''ခေတ်မင်းညို မေခကို ဘယ်လောက် ချစ်သလဲဆိုတာ သူ ဒီနည်းနဲ့ သက်သေပြလိုက်တာပဲ ပိုက်ပိုက်၊ သူ့အချစ်တွေ





ဖွင့်ပြောလိုက်ရင် အသင်ပြေနေပြီဖြစ်တဲ့ မေခနဲ့ ဦးနေမင်းရဲ့ အချစ်ရေးသူကြောင့် ထိခိုက်သွားမှာ၊ မေခ သူ့အတွက် စိတ်ဆင်းရဲသွားမှာ ဒါတွေကို သူ မလိုချင်ဘူးလေ၊ ဒါကြောင့် သူ့အချစ်တွေကို မျိုသိပ်ရင်း ခုလိုအဖြစ်မျိုး ကြုံရတာ''

မချိတင်ကဲ သူရစိုး ပြောရင်းက ခေတ်မင်းညိုအတွက် မခံစားနိုင်သလို နီရဲစိုစွတ်နေသော မျက်ဝန်းဖြင့် လက်နှစ်ဖက်ကို တင်းတင်းဆုပ်ရင်းက အံကြိတ်ကာ ပြောလိုက်သည်။

''ဒီပစ္စည်းလေးက မေခအတွက် လက်ဖွဲ့ခဲ့တဲ့ သူ နောက်ဆုံးပေးခဲ့တဲ့ပစ္စည်း၊ မေခအတွက်တဲ့လေ''

ပိုက်ပိုက်မှာ သူ့မလက်ထဲ ရောက်လာသည့် အသည်းပုံ နှစ်ထပ်လော့ကတ်နှင့် ဆွဲကြိုးလေးကို ကြည့်ရင်း မျက်ရည်တွေက ဝဲးပြင်ထက် ဘာယ်လိုမှ အတားအဆီး မရှိနိုင်ခဲ့ပါ။

ခေတ်မင်းညိုသည် လူချင်းမပေါင်းဆုံ လိုက်ရပေမယ့် သူ့အသည်းနှလုံးကိုတော့ မေခ၏ နှလုံးသားနှင့် အနီးကပ်ဆုံး နေရာတွင် ဒီနည်းနှင့်အတူ ရှိစေခဲ့ရသည်တဲ့လား။

ရင်မှာ နာကျင်လွန်းရသောကြောင့် ပိုက်ပိုက်သည် စကားပင် ပြောမထွက်နိုင်တော့ပါ။

ဒါကြောင့်လည်း မေခ မင်္ဂလာပွဲကို သူနောက်ကျမှ ရောက်ရှိလာရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေခကတော့ ဒီအဖြစ်တွေကို ဘာမှမသိ။ ချစ်သော ချစ်သူနှင့်အတူ ရွှေလက်တွဲ ပေါင်းဆုံခွင့်ရပြီမို့ သူမမျက်နှာလှလှလေးထက် ကြည်နူးမှု အပြုံးတွေနှင့် ပျော်ရွှင်လန်းဆန်းနေရသည်။

ပျော်ပါ သူငယ်ချင်းရယ် ... ပျော်ပါ၊ မင်း ပျော်ချိန်မှာ ခေတ်မင်းညိုဆိုတဲ့ လူတစ်ယောက်ကတော့ လောကကြီးထဲကနေ နာကျင်မှုအရှုံးတွေနဲ့ တိတ်တဆိတ် ထွက်ခွာသွားခဲ့ပါပြီ။

နှုတ်ဆက်စကားတစ်ခွန်းရယ်မှလည်း မဆိုဘဲ လောကကြီးထဲကနေ တိတ်တဆိတ် ကျောခိုင်းထွက်ခွာသွားတဲ့ ခေတ်မင်းညိုကို အပြစ်ရယ်လို့လည်း မင်းမဆိုပါနဲ့ ခရယ်၊ ခုချိန် ခေတ်မင်းညိုရဲ့ ဝိညာဉ်လေးဟာလည်း မင်းအနားမှာ မင်းနဲ့အတူ ရှိနေမှာပါ ဟင်း ...။

ပိုက်ပိုက်သည် နာကျင်မောလျှစွာ သက်ပြင်းချလိုက်ပြီးနောက် သူမ အကြည့်များက မင်္ဂလာခန်းမ ကျယ်ကြီးအတွင်း လက်ချင်းချိတ်ကာ ရပ်ခံနေသည့် မင်္ဂလာသတို့သားနှင့် သတို့သမီးထံ အကြည့်လေး ရောက်ရှိသွားရသည်။

သူတို့နှစ်ဦးကို ကြည့်ရင်းက သူမ မျက်ဝန်းထဲ ပေါ်လာရသူက ခေတ်မင်းညို။

ပိုက်ပိုက် မျက်ဝန်းအစုံကို ယောင်ရမ်းကာ မှိတ်ပစ်လိုက်သည်။ ရင်မှာ ရှူးနင့်သည့် ဝေဒနာက မခံမရပ်နိုင်အောင် နာကျင်





လာရကာ ငိုချင်နေသည့် စိတ်ကိုလည်း အနိုင်နိုင် သူမကိုယ်သူမ ပြန်၍ ချုပ်တည်းထားလိုက်ရသည်။

ရင်မှာ နာကျင်မှု၊ ကြေကွဲမှုတွေနှင့် ဗလောင်ဆူနေခဲ့ရပေမယ့် အချိန်တွေသည်လည်း တရွေ့ရွေ့ ကုန်ဆုံးလျက် မင်္ဂလာအခမ်းအနားသည်လည်း ပြီးဆုံးခဲ့လေသည်။

“ပိုက်ပိုက်”

“အင်...ဟင်...ဘာလဲ ခ”

အပူရုပ်ကို ဟန်လုပ်ထားပေမယ့် သိပ်ပြီး မပီရိလို့များထားမသိ။ အကင်းပါးသော မေခသည် အကဲခတ်မိပြီး ...

“ရှင် ဘာဖြစ်နေတာလဲ ပိုက်၊ ခ ရှင့်ကို တစ်ချိန်လုံးကြည့်နေတာ၊ မျက်နှာလည်း မကောင်းဘူး၊ ပြီးတော့ ခေတ်မင်းညို ခ မင်္ဂလာပွဲသာ ပြီးသွားတယ်၊ သူ လာလည်းမလာဘူး၊ သူလာတာ ပိုက် တွေ့မိသေးလား”

ခေတ်မင်းညို မလာနိုင်တော့ပေမယ့် သူ့ရဲ့ ဝိညာဉ်လေးကတော့ မင်းရဲ့မင်္ဂလာပွဲကို ရောက်နေမှာပါဆိုတဲ့စကား ပိုက်ပိုက်ရင်မှာသာ ဆိုလိုက်မိသည်။

“ခေတ်မင်းညို မလာနိုင်တော့ဘူး ခ”

“ဟင် ...ရှင့်စကားက တစ်မျိုးကြီးပဲ၊ သူ ခ မင်္ဂလာပွဲကို လာနိုင်ရအောင် ဘယ်သွားနေလို့လဲ၊ ဘာလဲ ခနဲ့မတွေ့တဲ့ ဒီရက်



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ သူ နိုင်ငံခြားကို ထွက်သွားလို့လား''

သူမ မင်္ဂလာပွဲကို မလာရပါ့မလားဆိုသည့် စိတ်လေးနှင့် ဒေါပွနေသော မေခ၏ ခနဲ့တဲ့တဲ့ ရွဲ့တဲ့တဲ့စကားကို ပိုက်ပိုက်သည် ဘာမှ ပြန်မဖြေဘဲ ခေါင်းလေး ငုံ့လိုက်ပြီး ...

''ဒီမှာ ခ၊ မင်းအတွက် ခေတ်မင်းညိုရဲ့ မင်္ဂလာလက်ဖွဲ့''

''မယူချင်ဘူး ပိုက်၊ ခ သူ့ကိုမျှော်တာ သူ့ဆီက မင်္ဂလာလက်ဖွဲ့ လိုချင်လို့မှ မဟုတ်ဘဲ''

မေခသည် ပိုက်ပိုက်လက်ထဲမှ ပစ္စည်းလေးကို မယူဘဲ ကလေးတစ်ယောက်၏ စိတ်ဆိုးနေသည့်အသွင် နှုတ်ခမ်းလေး စူကာ မျက်နှာလေး လွှဲပစ်တော့ ...

''ယူပါ ခ၊ ဒါ ခေတ်မင်းညိုရဲ့ နောက်ဆုံးအမှတ်တရ ပစ္စည်းလေးပါ၊ ပြီးတော့ သူက မှာခဲ့သေးတယ်၊ ဒီဆွဲကြိုးလေးကို မင်းနှလုံးသားနဲ့ အနီးကပ်ဆုံးနေရာမှာ ထားပါတဲ့၊ ဒါကြောင့် ဒီဆွဲကြိုးလေးကို ခေတ်မင်းညိုရဲ့ အမှတ်တရပစ္စည်းလေးအနေနဲ့ မင်း ထာဝရဆွဲထားလိုက်ပါ''

ပိုက်ပိုက် စကားတွေက တစ်မျိုးပင်။

မေခမှာ ပိုက်ပိုက်ထံမှ စကားအဆန်းတွေ ကြားနေရသည်မို့ မျက်ခုံးလေး ကုပ်ကွေးလျက် ပိုက်ပိုက်မျက်နှာအား အဖြေရှာသလို ကြည့်လိုက်ပြီး...





''ရှင် တစ်ခုခု ဖြစ်နေတာ သေချာတယ် ပိုက်၊ အဲဒါ ဘာလဲဆိုတာ ခကို ရှင်ပြောရမယ်''

ပိုက်ပိုက်သည် ထိုအခါမှ အသိဝင်လာသူလို မျက်နှာ အမြန်ပြင်လိုက်ပြီး ...

''အဟင်း ...ဟင်း...ဟင်း၊ ဘာလဲ ပိုက် ဘာဖြစ်ရမှာလဲ၊ ဘာမှမဖြစ်ပါဘူး၊ ပိုက်က ခေတ်မင်းညို မှာသွားတဲ့အတိုင်း ပြောနေတာ''

''နေပါဦး ပိုက်၊ ခေတ်မင်းညို မှာသွားတဲ့အတိုင်း ဆိုတော့ သူက တကယ်ပဲ နိုင်ငံခြား ထွက်သွားလို့လား''

''အင်း ... အင်း ... ဟုတ်တယ်၊ ဟုတ်တယ် ခ၊ သူ နိုင်ငံခြား ထွက်သွားပြီ၊ အဟင်း ... ဟင်း ... ပိုက်တို့ကိုတောင် သူ နှုတ်မဆက်သွားဘူးနော် ခ၊ တော်တော် မုန်းဖို့ကောင်းတဲ့ ခေတ်မင်းညို''

အဲဒီမျက်နှာကို ဟန်လုပ်ကာ ပြောလိုက်ရပေမယ့် သေချာကြည့်မည်ဆိုပါက ပိုက်ပိုက် မျက်ဝန်းထဲတွင် မျက်ရည်စတွေနှင့် ဖြစ်သည်။

သည်အဖြစ်ကို မေခသည် သတိမထားမိလိုက်ပါပေ။

''ကြည့်စမ်း... ခေတ်မင်းညို တော်တော်ဆိုးတဲ့ လူပါ ... သူ နိုင်ငံခြားသွားတာ ခတို့ကိုတောင် နှုတ်မဆက်သွားဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တော်ပြီ ခတို့အပေါ် ဒီလောက်စိုးတဲ့သူ့ကို မုန်းတယ်''

နာကျင်တာနှင့် စာလျှင် အထင်လွဲတာက ခံစားရတာ တော်သေးပါရဲ့ဆိုသော စိတ်နှင့် ပိုက်ပိုက် မေခအား ဘာမှ မပြောတော့ပါ။

ခုချိန်က မေခအတွက် မင်္ဂလာဦးအချိန်၊ မင်္ဂလာဦးအချိန်မှာ မေခကို ဘာအတွက်နှင့်မှ သူမ စိတ်မထိခိုက်၊ မခံစားစေလိုပါ။

မေခဆိုတာက အချိန်များစွာ နှစ်ပေါင်းများစွာ နှလုံးသားမှာ ဒဏ်ရာဒဏ်ချက်တွေနှင့် နာကျင်စွာ ခံစားလာရသူတစ်ဦး။

သူမအတွက် ခုမှ ပျော်ရွှင်ရမည့် အချိန်လေးမှာ သူမအား စိတ်ထိခိုက်စရာ ကြေကွဲစရာ စကားတွေကို မပြောဖြစ်သည်က မေခအပေါ်ထားသည့် သူမ၏ စေတနာသာ ဖြစ်ပါသည်။

တစ်ချိန် သူမဘာသာ သူမ ဒီအကြောင်းတွေကို သိကလည်း သိပါစေဆိုသည့် စိတ်နှင့်ပင် ပိုက်ပိုက်သည် မေခအား နှုတ်ဆက်လိုက်သည်။

''ပိုက် ပြန်တော့မယ် ခ''

ထိုစဉ် ...

သူ့မိတ်ဆွေအချို့ကို သွားနှုတ်ဆက်နေသော ဦးနေမင်းသည်လည်း သူမတို့အနား ပြန်ရောက်လာသည်။

''ဘယ်လိုလဲ... သူငယ်ချင်းနှစ်ယောက် စကားပြောလို့





မကုန်နိုင်တော့ဘူးနဲ့တူတယ်''

''ဟုတ်တယ် ဦးနေမင်း၊ ဦးနေမင်း သတို့သမီးက သိပ်ဆိုးတာပဲနော်၊ ဦးနေမင်း သူ့ကို သိပ်အလိုမလိုက်နဲ့ သိလား''

''အဟွန်း...ဟွန်း...ဟွန်း၊ ဟုတ်တယ်၊ ကျွန်တော်ကတော့ စဉ်းစားထားတယ် ပိုက်ပိုက်''

''ဘာများလဲ ဦးနေမင်း''

''သူ့ကို ပြောလို့မရရင်တော့ တုတ်နဲ့ ခပ်နာနာ ရိုက်ဖို့လေ''

''အို...ကြည့်စမ်း''

''အဟွန်း...ဟွန်း''

''အဟင်း...ဟင်း''

မေခ မျက်နှာလေးမှာ မဲ့သွားရသည်ကို နေမင်းနှင့် ပိုက်ပိုက် သဘောကျစွာ ရယ်မောလိုက်၏။

''ကဲ ... ဦးနေမင်းနဲ့ ခ ပိုက်ကို ခွင့်ပြုပါဦးနော်၊ သြော်... ခ ပိုက်ပေးခဲ့တဲ့ ဆွဲကြိုးလေးကို မင်းအမြဲဆွဲထားရမယ်နော်''

ခေတ်မင်းညို ပေးခဲ့သည့် ဆွဲကြိုးလေးကို မေခ လက်ထဲ တင်းတင်းဆုပ်ကိုင်လိုက်ပြီး...

''စိတ်ချ ပိုက်၊ ခ အမုန်းဆုံးလူက ပေးခဲ့တဲ့ ပစ္စည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရအနေနဲ့ အမြဲ ဆွဲထားမယ်ဆိုတာ ခ ကတိပေးတယ်"

မေခ အသံသည် အဖျားခတ် တုန်ယင်သွားမှန်း သူမရော ပိုက်ပိုက်ပါ သတိထားလိုက်မိသည်။

မင်္ဂလာပွဲပြီး၍ အိမ်ပြန်ရောက်သည်နှင့် မေခသည် သူမ ကိုယ်ပေါ်မှ မင်္ဂလာဝတ်စုံကို လဲလှယ်သည်။ ဒီနောက် မျက်နှာ ပေါ်မှ မိတ်ကပ်များကိုပါ ဖျက်လိုက်ပြီးနောက် သနပ်ခါး ရေကျဲ လေးလူးလျက် အိမ်နေရင်း ချည်ထည်ပြာလွင်လွင် ဝတ်စုံလေး ကို ဝတ်လိုက်သည်။

သည်နောက် မှန်ထဲတွင် မြင်နေရသည့် သူမမျက်နှာ လေးကို သူမ ကြည့်လိုက်ပြီးနောက် လည်တိုင်ဝင်းဝင်းလေးတွင် ဆွဲထားသည့် အသည်းပုံနှစ်ထပ်ပါ ဆွဲကြိုးလေးဆီသို့ အကြည့်များ ရောက်ရှိသွားရသည်။

သူမအား နှုတ်မဆက်ဘဲ ထွက်သွားသည့် ခေတ်မင်းညို ကို မေခ သိပ်မုန်းပါသည်။ မုန်း၍လည်း မေခသည် သူပေးခဲ့ သည့် ဒီဆွဲကြိုးလေးကို အမှတ်တရဖြစ်အောင် ဆွဲထားလိုက်ခြင်း ဖြစ်သည်။

မေခသည် မှန်ရှေ့တွင် ထိုင်ကာ သူမလည်တိုင်မှ ဆွဲထား သည့် ဆွဲကြိုးလေးကို စူးစူးစိုက်စိုက် ကြည့်နေဆဲ နေမင်းသည် အခန်းထဲသို့ ဝင်လာလေသည်။





"အပွန်း …ပြောစမ်း ..ကိုကို့မိန်းမ မှန်ရှေ့မှာထိုင်ပြီး ဘာလုပ်နေတာလဲဆိုတာ"

သူမ ခါးကျဉ်းကျဉ်းလေးကို နောက်မှနေ သိမ်းကျုံး ဆွဲပွေ့ပြီး သူမဂုတ်သား ဝင်းဝင်းလေးကို သူ့နှုတ်ခမ်းနှင့် ဖိကပ်ကာ မေးလိုက်သည့် နေမင်းကြောင့် မေခ သူ့ရင်ခွင်ထဲတွင် အနေ ခက်သလို ရှက်မျက်နှာလေးနှင့် လွန့်လူးလိုက်ပြီး …

"လွှတ် …ကိုကိုနော်"

"မလွှတ်ဘူး"

ပြောလည်းပြော နေမင်းသည် မေခကိုယ်လေးကို ကလေး တစ်ယောက်လို ဖွေ့ခနဲချီကာ မင်္ဂလာခုတင်ကြီးပေါ် တင်လိုက် သည်။

"ဟင့်အင်း … ကိုကိုနော်၊ လွှတ်ဆို"

ရဲပခေါင်းခတ်နေသော မျက်နှာလေးနှင့် သူ့ကို မကြည့်ဘဲ သူ့ရင်ခွင်ထဲက အတင်းရုန်းထွက်နေသူလေးကို နေမင်း အသည်း ယားယားနှင့် တင်းတင်းကြီးပို၍ ဖျစ်ညှစ်ထားလိုက်ပြီး …

"ခနော် ..ဘာလို့ ကိုကို့ရင်ခွင်ထဲက ရုန်းနေရတာလဲ၊ ကိုကိုနဲ့ ခက လင်မယားဖြစ်နေပြီဗျ"

"ဟာ… ကိုကိုနော်၊ ဘာတွေ ပြောနေတာလဲ၊ ခ မသိ ဘူး၊ သွား"



www.burmeseclassic.com

www.burmeseclassic.com



မေခသည် သူ့ကိုယ်ကြီးကို သူမလက်ကလေးနှင့် တကယ်ပင် တွန်းထုတ်နေလေသည်။

သူမလေး ဆိုးပုံနှင့် ဒီအတိုင်း မဖြစ်တော့သည်မို့ နေမင်း မျက်နှာကြီး ရှုတည်တည်ထားလိုက်ပြီး …

"အေးကွ …မင်းလေး ကိုကို့ကို သိပ်ပြီး အသည်းယားအောင် မလုပ်နဲ့နော် ခ၊ မင်းလေး ဒီလိုလုပ်နေပုံနဲ့ ကြာရင် ကိုကို စိတ်ထိန်းနိုင်မှာ မဟုတ်ဘူး"

"အို"

"ကိုကိုနော်"

သည်လိုဆိုတော့လည်း မေခသည် ရှက်လန့်စိတ်လေးနှင့် ဘယ်လောက်တောင် အကြောက်ပိုသွားရသည် မသိပါ။ သူ့ရင်ခွင်ထဲတွင် မျက်နှာရဲရဲလေးနှင့် ငြိမ်သွားရသည်။

"အဟွန်း…ဟွန်း"

နေမင်းမှာ သူမ အကြောက်ပိုပုံလေးကို သဘောကျစွာ ပြုံးလိုက်သည်။ သူ့အပြုံးကိုမြင်တော့ မေခ မျက်စောင်းလေး ထိုးလိုက်ပြီး …

"တော်တော် ပျော်နေတယ်ပေါ့လေ"

"အေးကွ… ကိုယ့်ချစ်သူနဲ့ ပေါင်းရတာ မပျော် ဘယ်သူရှိပါ့မလဲ၊ ပြောစမ်း ခင်ဗျားလေးရော မပျော်ဘူးလားဆို





တာ"

နဖူးဝင်းဝင်းလေးကို ဖျတ်ခနဲ ငုံနမ်းရင်းက နေမင်းသည် ပြုံးလွှန့်လွှန့် မျက်နှာကြီးနှင့် မေးလိုက်သည်။

"ကိုကို့ကို မကျေနပ်ဘူး သိလား"

"ဟောဗျာ…ဒါ ဘာဖြစ်ရပြန်တာလဲ"

"ဘာဖြစ်ရမှာလဲ… ကိုကို ပိုက်ရှေ့မှာ ခကို ဘာပြောခဲ့လဲ"

"ဟင်…ဘာပါလိမ့်"

နေမင်းသည် စဉ်းစားသလို မျက်ခုံးကြီးတစ်ချက် တွန့်ကြုတ်သွားတော့ မေခမှာ အသည်းယားသွားရပြီး …

"ကိုကိုနော်… ခုမှ ဘာမေ့ချင်ယောင်ဆောင်တာလဲ၊ ကိုကို့ပဲ ခကို တုတ်နဲ့ရိုက်မယ်ဆို၊ အဲဒါ တကယ်လား"

"အဟွန်း…ဟွန်း…ဟွန်း …ကြည့်စမ်း၊ ကိုကို မေ့သွားတယ်၊ ခက ဒီစကားမှတ်ထားတာကိုး"

"မှတ်တာပေါ့…ပြောတော့ ခကို ချစ်တယ်၊ သိပ်ချစ်ပါတယ်နဲ့၊ ပြီးတော့ လူကို ခုကတည်းက ရိုက်ချင်နေတဲ့လူ၊ သွား ကိုကို့ကို မုန်းတယ်"

မေခ သူ့အား ကျောခိုင်းပစ်လိုက်သည်။

နေမင်းမှာ ချစ်ဇနီးလေးကို အသည်းယားစွာ စိုက်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ခနော် ချစ်တောင် မချစ်ရသေးဘူး၊ မုန်းတယ်ဆိုတဲ့ စကား ကိုကို့ကို မင်းလေးမဆိုနဲ့ဗျာ၊ ကိုကို ခကို ဘယ်လောက် ချစ်သလဲဆိုတာ ခ မသိသေးဘူးလား"

ပြောပြီး နေမင်းသည် မေခကိုယ်လေးကို သူ့ဘက်ကို ဆွဲလှည့်လိုက်သည်။

"ဖယ်ပါ၊ လူကို မထိနဲ့"

"မထိလို့ မရဘူးဗျ၊ ခက ကိုကို့မိန်းမပဲ"

"ရှင်နော်"

"ရှင်မဟုတ်ဘူး၊ ကိုကို"

"စိတ်မဆိုးပါနဲ့ ခရယ်၊ ခကို ကိုကိုက စတာပါ၊ ကိုကို သိပ်ချစ်လွန်းလို့ အရယူထားတဲ့ ကိုကို့မိန်းမကို ကိုကို တကယ် ရိုက်ရက်ပါ့မလား"

နေမင်းသည် မေခကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်ထားရင်းက ပါးစပ်မှလည်း တတွတ်တွတ်နှင့် ချော့နေလေသည်။

"ခရယ် ...ကိုကိုတောင်းပန်ပါတယ်၊ ကိုကို့ကို စိတ်မဆိုးပါနဲ့ ဟုတ်လား"

"အို... ဖယ်ဆို"

ရုန်းရင်းဖက်ရင်း နှစ်ယောက်သား အိပ်ရာပေါ် လုံးထွေးကျသွားရသည်။





"ဖယ်လို့ ပြောနေတယ်နော်"

သူမ မျက်နှာလေးအား အုပ်မိုးထားသည့် နေမင်း မျက်နှာကြီးကို ဖယ်ရှားရင်းက မေခဆိုတော့ နေမင်းသည် မချင့်မရဲ တိုးဖက်လိုက်ကာ သူမ မျက်နှာလေးကို အထပ်ထပ်နမ်းရှိုက်ပစ်လိုက်သည်။

ကြာတော့ မေခ သူ့ရင်ခွင်ထဲတွင် အသက်ရှူမွန်းကြပ်လာရသလို ရင်ခုန်သံတွေကလည်း မမှန်နိုင်တော့ပါ။

ကိုကို၏ အချစ်များအောက်တွင် မေခ ကိုယ်လေးမှာ ပျော့ပျောင်းလာရသည်။

တစ်ကယ်တော့ မေခသည် ကိုကို့ကို စိတ်မဆိုးပါ။ သူမအပေါ် ကိုကို ချစ်မှန်းသိ၍ မေခ တမင်ဆိုးနေခြင်းသာ ဖြစ်ပါသည်။

ကိုကို့နည်းတူ မေခသည်လည်း ကိုကို့ကို သိပ်ချစ်ရသည် မဟုတ်ပါလား။

မေခသည် ကိုကို့ ကျောပြင်ကြီးကို သူမ လက်လေးနှင့် ပြန်လည်၍ မမီမကမ်း သိုင်းဖက်လိုက်တော့ နေမင်းရင်ထဲဝယ် ကြည်နူးပီတိများ လွှမ်းခြုံသွားကာ...

"ခ"

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို ချစ်တယ်နော်"

"ချစ်သက်ဆယ်ကမ္ဘာတိုင်အောင်ပါ ကိုကိုရယ်"

"ခရယ်"

နူးညံ့ညင်သာလွန်းသော ကိုကို့အနမ်းတွေက မေခ နှလုံးသားတွင် မေ့ရက်စရာ မရှိတော့ပါ။

မေခသည် ချစ်ခင်ပွန်း ကိုကို၏ ရင်ခွင်ကျယ်ကြီးတွင် သူမ မျက်နှာလေးအပ်လျက် နားခိုလိုက်တော့ သူမလည်တိုင်တွင် ဆွဲထားသည့် ဆွဲကြိုးလေးက တလှုပ်လှုပ်နှင့် အနားတွင် ခေတ်မင်း ညို့ ဝိညာဉ်လေး ရှိနေသယောင်။

မေခကတော့ ဒီအဖြစ်ကို သတိမထားမိပါ။ ချစ်သူ၏ ရင်ခွင်သည်သာ သူမအတွက် အနွေးထွေးဆုံးနှင့် အလုံခြုံဆုံး ရင်ခွင်အဖြစ် ရင်မှာ ကြည်နူးခြင်း အတိနှင့်သာ နေမင်းကိုယ်ကြီးကို အားကိုးတကြီး ဖက်ထားမိလိုက်ပါတော့သည်။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။
ချစ်ခြင်းမေတ္တာဖြင့်
မြပုလဲသွယ်



BURMESE CLASSIC
www.burmeseclassic.com